www.burmeseclassic.com

BURMESE CLASSIC .com

မြသန်းတင့်



# A VERY EASY DEATH

SIMONE DE BEAUVOIR

www.burmeseclassic.com

www.burmeseclassic.com

[တန်ဖိုး - ၁၅၀-ကျပ် ]

www.burmeseclassic.com

ဘာသာပြန် ရသစာစု

မြသန်းတင့်

# ရေပွက်ပမာ

# A VERY EASY DEATH

SIMONE DE BEAUVOIR

(ဒုတိယအကြိမ်)

[illegible]
[illegible]
[illegible]

www.burmeseclassic.com

စာအုပ်စာနယ်ဇင်း
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
**[၄၈၈/၉၇(၉)]**
စာအုပ်စာတမ်း မျက်နှာဖုံး
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
**[၅၀၃/၉၇(၁၀)]**

**မျက်နှာဖုံးသရုပ်ဖော်ဖန်တီးမှု**
ပန်းချီ **တင်မောင်မျင့်**
ကာလခွဲ - **Lucky**

**စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း**
၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ (၁၀၀၀)၊ ပထမအကြိမ်

**ထုတ်ဝေသူ**
မောင်ဟန် (၀၈၇၆)၊ ကမ္ဘာလုံးစာပေ၊
၂၅၉၊ န၀ဒေးလမ်း၊ ၀ါဆိုရပ်ကွက်၊ ဒေါပုံ၊
ရန်ကုန်မြို့။

**ပုံနှိပ်သူ**
မျက်နှာဖုံးနှင့်အတွင်း
ဒေါ်ရွှေ၊ သုခပုံနှိပ်တိုက် (၀၂၀၇၉)
၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်မြို့

**စာအုပ်ချုပ်** - ကိုမြင့်

**ကွန်ပျူတာ** - မြ

**အတွင်းဖလင်**
ကိုဇင်ဦးနှင့်ညီများ

ယနေ့မန္တလေးစာအုပ်တိုက်

www.burmeseclassic.com

(က)

## မြန်မာပြန်သူ၏ အမှာ

ဤစာအုပ်ကို ရေးသူစာရေးဆရာမ ဆီမွန်ဒီဗူးဗွားသည် ခေတ်သစ် ပြင်သစ်စာပေလောကတွင် ထင်ရှားသူတစ်ဦး ဖြစ်သည်။ ထင်ရှားသော အကြောင်းမှာ သူ၏ အရေးအသားများနှင့် သူ၏ အတွေးအခေါ် အယူအဆများကြောင့် ဖြစ်သည်။

ဒီဗူးဗွားသည် ပါရီမြို့တွင် ၁၉၀၈ခုနှစ်က မွေးဖွားခဲ့သည်။ သူ့အဖေမှာရှေ့ဆန်သည့် ရှေ့နေတစ်ဦးဖြစ်သည် သူသည် ၁၉၂၉ခုနှစ်တွင် ဆိုဗွန်းတက္ကသိုလ်မှ ဒဿနိက အဓိကဖြင့် ဘွဲ့ရရှိခဲ့သည်။ ထိုနှစ်က ထိုဘာသာရပ်တွင် သူက ဒုတိယ အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့ပြီး စာရေးဆရာ ဒဿနပညာရှင် ယန်းပေါ်ဆာ့တ်မှာ ပထမ အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့သည်။ နောက်တွင် ဆာ့တ်သည် ဒီဗူးဗွား၏ ရာသက်ပန်မိတ်ဆွေဖြစ်လာခဲ့သည်

www.burmeseclassic.com

(ခ)

သူတို့နှစ်ယောက်၏ ဆက်ဆံရေးသည် ပြင်သစ်ပြည်နှင့် အနောက်နိုင်ငံ စာပေလောကတွင် လူပြောများခဲ့သော ဆက်ဆံရေးဖြစ်သည်။ သူတို့နှစ်ဦးသည် တရားဥပဒေက ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များ၊ လူ့အဖွဲ့အစည်းက လက်ခံထားသော ထုံးစံဓလေ့များကို ဘေးချိန်ပြီး တစ်သက်လုံး အတူတကွနေထိုင်ခဲ့ကြသည်။ ဒီဗူးဗွားသည် ၁၉၃၁ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ မာဆေးမြို့ လိုင်ဆီ ကျောင်းတော်တွင် စာပေများကို ပို့ချခဲ့ပြီး ၁၉၃၈ ခုနှစ် နောက်ပိုင်းတွင် ပါရီမြို့ရှိ တက္ကသိုလ်များတွင် စာပေများကို ပို့ချခဲ့သည်။ စစ်ပြီးသောအခါ၌ ဒီဗူးဗွားသည် ဖြစ်တည်မှုပဓါနဝါဒ ဒဿနဂိုဏ်းတွင် ထင်ရှားသော ခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့သည်။

သူ၏ပထမဆုံးဝတ္ထုဖြစ်သော 'သူလာရောက်နေထိုင်သည်'ဆိုသော ဝတ္ထုကို ၁၉၃၃ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ပြီး ဖြစ်တည်မှုပဓါနဝါဒနှင့် ပတ်သက်သော စာတမ်းငယ် အမြောက်အမြားကိုလည်းရေးသားခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် 'အခြားသူများ၏ သွေး' ဆိုသည့် ဝတ္ထုရှည်တစ်ပုဒ်ကို ထုတ်ဝေခဲ့ပြန်သည်။ ထို့နောက် 'ဒုတိယလိင်'ဆိုသည့် မိန်းမတို့အကြောင်းနှင့် ပတ်သက်သော ဣတ္ထိဘာဝ ကျမ်းနှစ်ကျမ်းတွဲကို ရေးခဲ့သည်။ မွေးလာသည်မှစ၍ အပျိုဘော်ဝင်အရွယ် အလယ်အဘွားအိုကြီးဖြစ်သည်အထိ မိန်းမတို့၏ စိတ္တဗေဒ၊ မိန်းမတို့၏ အတွေးအခေါ်တို့ကို

www.burmeseclassic.com

(ဂ)

အသေးစိတ်ရေးခြယ်ပြထားသဖြင့် မိန်းမစိတ်ကျမ်း တစ်ကျမ်း အဖြစ် နာမည်ကျော်ခဲ့သည်။ ထို့နောက် 'မန်ဒရင်း'၊ 'ခရီးရှည်ချီတက်ပွဲ' စသည့် ဝတ္ထုများကို ရေးခဲ့သည်။ ၁၉၆၀ ခု တဝိုက်တွင် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိသုံးတွဲကို ထုတ်ဝေခဲ့သည်။ ယင်းတို့မှာ 'ဝတ္တရားကျေသော သမီးတစ်ယောက်၏ မှတ်တမ်းများ'၊ 'ဘဝ၏ပန်း အပွင့်လန်းဆုံးအချိန်' နှင့် 'ပတ်ဝန်းကျင်၏ စေ့ဆော်မှု' စသည်တို့ဖြစ်သည်။

ယခုမြန်မာပြန်ဆိုထားသည့် 'ရေပွက်ပမာ' ဝတ္ထုကို ၁၉၆၅ ခုနှစ်တွင်ရေးပြီး နောက်ဆုံးဝတ္ထုဖြစ်သော 'ဇရာ'ဆိုသည့်ဝတ္ထုကို ၁၉၇၂ ခုနှစ်တွင် ရေးသားခဲ့သည်။

သူနှင့်ဆာ့တ်တို့ ဆက်ဆံရေးနှင့်ပတ်သက်၍ ဒီဗူးဗွားက ဤသို့ ရေးခဲ့သည်။

"ကျွန်မဘဝတွင် သံသယရှိစရာမလိုသော အောင်မြင်မှု တစ်ခုကား ရှိခဲ့ပါသည်။ ယင်းမှာ ကျွန်မနှင့် ဆာ့တ်တို့၏ ဆက်ဆံရေးဖြစ်ပါသည်။ သူနှင့် အနှစ် သုံးဆယ်ကျော် ပေါင်းသင်းနေထိုင်ခဲ့သည့် ကာလ၌ ကျွန်မတို့သည် တစ်ညသာ ခွဲခွာခဲ့ကြဖူးပါသည်။ ထိုမျှ နှစ်ပေါင်းများစွာ အတူနေထိုင်ခဲ့ကြသော်လည်း ကျွန်မတို့ နှစ်ယောက်သည် တစ်ဦး၏ စကားတွင် တစ်ဦး စိတ်ဝင်စားမှု လျော့ပါးခြင်းမရှိခဲ့ကြပါ။ ကျွန်မတို့နှစ်ယောက်သည် တစ်ယောက်

(ဃ)

ပြောသည့်စကားကို တစ်ယောက် အလေးအနက် စိတ်ဝင်စားစွာ နားထောင်ကြသည်ဟု အမျိုးသမီးမိတ်ဆွေတစ်ဦးက မှတ်ချက်ချဖူးပါသည်။ သို့တိုင်အောင် ကျွန်မတို့နှစ်ယောက်သည်တစ်ဦး၏ အတွေးများကို တစ်ဦးက ဝေဖန်ထောက်ပြခြင်း၊ ပြင်ဆင်ပေးခြင်း၊ ရှင်းလင်းအောင် အတည်ပြုပေးခြင်း စသည်တို့ လုပ်ခဲ့သည့် အခါများလည်း ရှိပါသည်။ ကျွန်မတို့တွင် တူညီသော အမှတ်ရစရာတွေ ရှိပါသည်။ တူညီသော ဉာဏ်ရည် ရှိကြပါသည်။ တူညီသော အတိတ်ရုပ်ပုံလွှာတွေ ရှိကြပါသည်။ ကျွန်မတို့နှစ်ဦးသည် တူညီသော လက်နက်တန်ဆာပလာများဖြင့် ကမ္ဘာ့လောကကြီးကို နားလည်အောင် ကြိုးစားဆုပ်ကိုင်ခဲ့ကြပါသည်။ တူညီသော ဘောင်အတွင်းတွင် ရပ်ခဲ့ကြပါသည်။ တူညီသော မှတ်ကျောက်ဖြင့် စစ်ဆေးကြည့်ခဲ့ကြပါသည်။ ကျွန်မတို့နှစ်ယောက်သည် စကားပြောလျှင် တစ်ယောက်က ဝါကျအစကိုပြောပြီး တစ်ယောက်က ဝါကျကို အဆုံးသတ်ပေးတတ်ပါသည်။ တစ်ယောက်ယောက်က မေးခွန်းတစ်ခုကို မေးလိုက်လျှင် ကျွန်မတို့ အဖြေများသည် တစ်ထပ်တည်း ကျနေတတ်ကြပါသည်။ စကားတစ်ခွန်း၊ အာရုံတစ်ခု၊ အရိပ်အမြွက်တစ်စရလိုက်သည်နှင့် ကျွန်မတို့ နှစ်ယောက်သည်တစ်လမ်းတည်းသွားနေသည်ကို တွေ့ရတတ်ပါသည်။ နိဂုံးတစ်ခုတည်းသို့ ရောက်နေတတ်ကြပါသည်။ ထိုအဖြစ်သည် အခြားသူတစ်ယောက် အနေဖြင့် နားလည်

(၄)

နိုင်ဖွယ်ပင် မရှိပါ။ စာရေးရာမှာပင် တစ်ခါတစ်ရံ တစ်ယောက်နှင့်တစ်ယောက် အတွေးချင်း ထပ်နေကြကာ ထိုအတွေးကို အတူတူရေးမိလျက်သား ဖြစ်နေတတ်ကြပါသည်။ ၁၉၅၂ ခုနှစ်တုန်းက ဆာ့တ်ရေးခဲ့သည့် မှတ်တမ်းတစ်ခုကို မကြာသေးမီက ကျွန်မ ဖတ်ခဲ့ရပါသည်။ ထိုမှတ်တမ်းကို ယခင်တစ်ခါမျှ ကျွန်မ မဖတ်ခဲ့ဖူးပါ။ ထိုမှတ်တမ်းထဲတွင် နောင်ဆယ်နှစ်အကြာတွင် ကျွန်မ ရေးခဲ့သည့် 'ကိုယ်ရေးမှတ်တမ်းများ' ထဲတွင်ပါဝင်သည့် စာတစ်ပုဒ်နှင့် စကားလုံးက အစတိုက်ဆိုင်နေသည်ကို သွားတွေ့ရပါသည်။ တချို့က ကျွန်မစာအုပ်များကို ဆာ့တ်ရေးပေးသည်ဟုပင် ပြောကြပါသည်။ ကျွန်မစာပေဆုရစဉ်က မိတ်ဆွေတစ်ယောက်က ဒီတစ်ခါ သတင်းစာနှင့် အင်တာဗျူးလုပ်ရင် မန်ဒရင်းဝတ္ထုကို မင်းကိုယ်တိုင် ရေးတယ်ဆိုတာ သေသေချာချာ ထည့်ပြောစမ်းပါ။ လူတွေက မင့်ကို ဘယ်လို ပြောနေကြတယ် မှတ်သလဲ၊ ဆုရမှာပေါ့တဲ့၊ သူ့နောက်က ဆာ့တ်က ရေးပေးတာကိုးတဲ့'ဟု စေတနာဖြင့် ပြောဖူးပါသည်။ မှန်ပါသည်။ ဆာ့တ်ကြောင့် ကျွန်မ စာရေးဆရာ ဖြစ်အောင် သူ လုပ်ပေးဖူးသည့် အချစ်တစ်ချက်တော့ ရှိပါသည်။ ယင်းမှာ ကျွန်မစာမူကို ထုတ်ဝေသူထံယူသွားပြီး စကားပြောပေးခြင်း ဖြစ်ပါသည်။ ထိုကိစ္စမှာပင် တစ်အုပ်မှာ ထုတ်ဝေသူက ငြင်းလိုက်သဖြင့် နောက်မှ ထုတ်ဝေရပါသည်။

www.burmeseclassic.com

(စ)

ထားပါတော့။ မိန်းမသားဆိုသည်မှာ ဒုတိယတန်းသတ္တဝါ၊ ကစားစရာ ပစ္စည်း၊ အရာရာအရေးကြီးသည့် မဟာဖိုတို့ကို မှီတွယ်နေရသည့် ကပ်ပါးပိုးဟူသော အစွဲသည် ကျွန်မတို့ ပြင်သစ်လူ့အဖွဲ့အစည်းတွင် အမြစ်တွယ်နေသော အယူအဆ ဖြစ်ပါသည်။

ဒီဗူးဗွားသည် သူနှင့် ဆာ့တ်တို့၏ ဆက်ဆံရေးကို ထိုသို့ ရေးခဲ့သည်။

ဒီဗူးဗွား၏ ကိုယ်ရေးမှတ်တမ်း အတွဲ သုံးတွဲသည် ဆာ့တ်နှင့် သူတို့ ရှေ့ဆောင်ဖြစ်ခံသော ဖြစ်တည်မှု ပဓာနဝါကို အတော် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြနိုင်သော စာအုပ်များ ဖြစ်လေသည်။

ယခု မြန်မာပြန်ဆိုသည့် 'ရေပွတ်ပမာ' ကားသူ့အမေ ကွန်လွန်သည့်အကြောင်းကို ရေးထားခြင်းဖြစ်သည်။ သို့ရာတွင် ထိုမျှမကပါ။ သေခြင်းတရားနှင့် ပတ်သက်သော ဖြစ်တည်မှု ပဓာနဝါဒ၏ အမြင်ဟုလည်း ဆိုနိုင်လိမ့်မည် ထင်ပါသည်။

**မြသန်းတင့်**

www.burmeseclassic.com



(၁)

၁၉၆၃ ခု အောက်တိုဘာလ ၂၄ ရက် ကြာသပတေးနေ့ ညနေ လေးနာရီအချိန်တွင် ကျွန်မသည် ရောမမြို့ မီနာဗာဟိုတယ်က ကျွန်မအခန်းထဲတွင် ရှိနေသည်။ နောက်တစ်နေ့တွင် အိမ်သို့ပြန်မည်ဖြစ်သဖြင့် စာရွက်စာတမ်းများကို သိမ်းဆည်းနေစဉ် တယ်လီဖုန်းခေါင်းလောင်းသံမြည်လာ၏။ ဘိုစ်က ပါရီမှ လှမ်းခေါ်နေခြင်းဖြစ်သည်။ 'ခင်ဗျားအမေမတော်တဆ ထိခိုက်မိလို့'ဟု သူကပြောသည်။ မော်တော်ကားတိုက်တာပဲ ဖြစ်မည်ဟု ကျွန်မထင်လိုက်သည်။ အမေသည် တောင်ဝှေးတစ်ချောင်းဖြင့် လမ်းမမှ စင်္ကြံပေါ်သို့ ခက်ခက်ခဲခဲ တက်မည်။ ထိုစဉ် မော်တော်ကား ဝင်တိုက်သွားပုံရသည်။ 'ရေချိုးခန်းထဲမှာ ချော်လဲတာ တင်ပဆုံ ရိုးကျိုးသွားတယ်'ဟု ဘိုစ်က ပြောသည်။ ဘိုစ်သည် အမေနှင့် တစ်တိုက်တည်းနေသူဖြစ်၏။ မနေ့ည ဆယ်နာရီလောက်က သူနှင့် အော်လဂါတို့ အပေါ်ထပ်သို့

www.burmeseclassic.com



တက်သွားကြောင်း၊ သူတို့အရင်လူသုံးဦး ရောက်နေသည်ကို တွေ့ရကြောင်း၊ အမျိုးသမီးတစ်ယောက်နှင့် ရဲနှစ်ယောက် တို့ဖြစ်ကြောင်း။ 'ဒုတိယထပ်အထက်က လှေကားထစ် ပေါ်မှာ'ဟု အမျိုးသမီးက ပြောနေသည်။ မဒမ်ဒီဗူးဗွား တစ်ခုခု ဖြစ်သလားဟု စုံစမ်းကြည့်ကြောင်း၊ လဲကျလို့ဟု ပြောကြောင်း၊ မဒမ်ဒီဗူးဗွားသည် နှစ်နာရီကြာမျှ ကြမ်းပြင် ပေါ်တွင် ဝမ်းလျားထိုးကာ တယ်လီဖုန်းဆီသို့ လာရကြောင်း၊ သူ့အသိမဒမ်ကာဂျူးကို ခေါ်ပြီးအပြင်မှနေ၍ တံခါးကို ဖျက်အဝင်ခိုင်းကြောင်း၊ ဘိုစ်နှင့်အော်လဂါတို့လည်း သူတို့နှင့် အတူ အပေါ်ထပ်သို့ လိုက်သွားကြကြောင်း၊ အနီရောင် ချည်ကတ္တီပါညဝတ်အင်္ကျီကိုဝတ်လျက် ကြမ်းပြင် ပေါ်တွင် လဲကျနေသည်ကို တွေ့ရကြောင်း၊ တစ်တိုက်တည်းနေသော အမျိုးသမီးဆရာဝန် ဒေါက်တာလာကရိုးက တင်ပဆုံရိုး ကျိုးသွားသည်ဟု ပြောကြောင်း၊ သူနာပြုကားဖြင့် ဗျူစီကိုး ဆေးရုံသို့ ပို့လိုက်ကြောင်း၊ ထိုညတစ်ညလုံးဆေးရုံ သာမန် အခန်းတွင် ထားရကြောင်း။

'ဒါနဲ့ ကျွန်တော်က အပြင်ဆေးတိုက် တစ်တိုက်ကို ပို့လိုက်တယ်၊ အဲဒီမှာ ဆရာဘီရှိတယ်လေ၊ အရိုးကုမှာတော့ အကောင်းဆုံးမဟုတ်လား။ အဘွားကြီးကတော့ မပို့ပါနဲ့လို့ အတင်းပြောတယ်၊ ခင်ဗျားမှာ ပိုက်ဆံအကုန်အကျသိပ်များ နေလိမ့်မယ်တဲ့၊ မနည်းကြီးပြောမှ လက်ခံတယ်' ဟု ဘိုစ်က ပြောသည်။

www.burmeseclassic.com



ဩော် ဖြစ်မှဖြစ်ရလေအမေရယ်။ လွန်ခဲ့သည့် ငါးပတ်ကျွန်မ မော်စကိုမှ ပြန်ရောက်ခါစက အမေနှင့် အတူသွား၍ နေ့လယ်စာ စားခဲ့သေးသည်။ အမေ့ကို ကြည့်ရသည်မှာ ထုံးစံအတိုင်း ချည့်ချည့်နဲ့နဲ့။ တလောတုန်းကမူ သူ့ကိုယ်သူ အရွယ်နှင့် စာလျှင် နုသေးသည်ဟုဆိုကာ ပီတိတွေဖြစ်ခဲ့သေးသည်။ သို့ရာတွင် ယခုမူ သူ့ကိုယ်သူ မလှည့်စားနိုင်တော့။ အမေသည် အသက်ခုနစ်ဆယ်ခုနစ်နှစ် ရှိပြီ။ အိုစာကျရှာပြီ။ စစ်ပြီးကတည်းကဖြစ်ခဲ့သော အဆစ်အမြစ်ကိုက်သည့်ရောဂါကလည်း တစ်နှစ်ထက်တစ်နှစ် ဆိုးလာသည်။ အနှိပ်သည်တွေ ဆေးတွေ ကုခဲ့သော်လည်း ဘာမျှမထူး။ သူနေသည့် တိုက်တန်းကို တစ်ပတ်လောက် လှည့်လျှောက်လျှင်ပင် တစ်နာရီလောက် လျှောက်ရသည်။ အကိုက်အခဲအားကြီးသဖြင့် အက်စပရင် ခြောက်ပြားလောက် သောက်သည့်တိုင် ညညတွင် ကောင်းကောင်းမအိပ်နိုင်။ လွန်ခဲ့သည့် နှစ်နှစ်သုံးနှစ် အထူးသဖြင့် လွန်ခဲ့သည့် ဆောင်းတွင်းတုန်းကမူ မျက်ကွင်းကြီးတွေ မဲညိုနေကာ မျက်နှာကလည်း အတော်ချုံးကျသွားသည်။ နှာခေါင်းတစ်ဝိုက်ကလည်း ကျုံ့ဝင်သွားသည်။ သူ့ဆရာဝန် ဖြစ်သူဒေါက်တာဒီကမူ အသည်းချွတ်ယွင်းပြီး ဝမ်းချုပ်လို့ဖြစ်တာ၊ ကိစ္စမရှိဟု ပြောသည်။ ဆရာသည် အမေ့ကို ဆေးအမျိုးမျိုးပေး၏ ။ ဝမ်းချုပ်သည့်အတွက် မန်ကျည်းယိုကို အစားခိုင်း၏။ ထိုနေ့က အမေ ကောင်းကောင်း မကျန်းမာသည်ကို တွေ့ရသည့်အခါတွင်

www.burmeseclassic.com



ကျွန်မအံ့သြခြင်းမဖြစ်။ အမေသည် နွေရာသီတွင် အနားမယူဖြစ်ခဲ့သည့်အတွက်သာ ကျွန်မစိတ်မကောင်းဖြစ်မိသည်။ တကယ်ဆိုလျှင် အမေသည် ကျေးလက်က စခန်းကလေးတစ်ခုတွင် ဖြစ်ဖြစ်၊ မယ်သီလရှင်ဇရပ်တွင်ဖြစ်ဖြစ် သွား၍ အနားယူဖို့ကောင်း၏ ။ သို့ရာတွင် မေရီနက်တွင်ရှိသည့် ကျွန်မညီမဝမ်းကွဲ ဂျင်းကခေါ်မည်လား၊ ရှာရက်ဘာဂျင်ရှိ ကျွန်မညီမက ခေါ်မည်လားဟု မျှော်နေပုံရသည်။ သူတို့နှစ်ယောက်စလုံးက မခေါ်ဖြစ်သည့်အခါတွင် အမေသည် ပါရီတွင် သောင်တင်နေရစ်ခဲ့၏။ မိုးကလည်း ရွာလိုက်သည့်ဖြစ်ခြင်း။ ပါရီတစ်မြို့လုံးလည်း လူသူကင်းရှင်းလျက်။ ‘ငါ ဘယ်တုန်းကမှ အားမငယ်တတ်ဘူးအေ။ ဒါပေမယ့် အဲဒီတုန်းကတော့ တော်တော်အားငယ်တယ်’ ဟု အမေကပြောသည်။ကံအားလျော်စွာကျွန်မနှင့်တွေ့ပြီးမကြာခင်မှာပင် ညီမဖြစ်သူက အယ်ဇေနေယ်သို့ ခေါ်သွားသည်။ ယခုဆိုလျှင် သူ့အပေါင်းအသင်းတွေလည်း ပါရီသို့ ပြန်ရောက်ကုန်ကြပြီ။ ကျွန်မလည်း ကမ္ဘာအနှံ့ခရီး ထွက် နေရာမှ ပြန်လာပြီ။ တင်ပဆုံရိုးကျိုးသည်မှအပအမေ့ကျန်းမာရေးသည်အကောင်းပကတိ။ နှလုံးအခြေအနေ ကလည်းကောင်း၊ သွေးပေါင်ချိန်ကလည်း ငယ်ငယ်ရွယ်ရွယ် မိန်းမပျိုကလေး တစ်ယောက်အတိုင်းပင်။ ရုတ်တရက်ချက်ချင်း သည်လိုအဖြစ်မျိုးနှင့်တွေ့လိမ့်မည်ဟု ဘယ်တုန်းကမှ ကျွန်မ မထင်ခဲ့။

ညနေခြောက်နာရီတွင် အမေရှိရာ အပြင်ဆေးကုခန်း

**ယနေ့မန္တလေးစာအုပ်တိုက်**

www.burmeseclassic.com



သို့ ကျွန်မ တယ်လီဖုန်း ဆက်၍စကားပြောသည်။ ကျွန်မလည်းအိမ်သို့ ပြန်လာတော့မည်ဖြစ်ကြောင်း၊ ရောက်လျှင်ရောက်ချင်း အမေ့ဆီလာခဲ့မည် ဖြစ်ကြောင်း ပြောလိုက်၏။ အမေက မယုံမရဲ၊ အသံတုန်တုန်ဖြင့် စကားတွေ ပြန်ပြော၏။ ဒေါက်တာဘီက တယ်လီဖုန်းကို ကောက်ကိုင်ပြီး စနေနေ့မနက်တွင် အမေ့အရိုးကို ခွဲစိတ်ကုသမည်ဟု ဆိုသည်။

ပြန်ရောက်၍ သူ့ခုတင်အနီးသို့ ကျွန်မရောက်သွားသည့်အခါတွင် 'နေနိုင်လိုက်တာအေ၊ နှစ်လလုံးလုံး စာကလေး တစ်စောင်တောင် ရေးဖော်မရဘူး'ဟု ပြောသည်။

ကျွန်မက မကြာသေးမီကမှ ခွဲခဲ့ရခြင်းဖြစ်ကြောင်း၊ ရောမမှာနေ၍ စာတစ်စောင်ထည့်လိုက်သေးကြောင်း ပြန်ပြောသည့်အခါတွင် အမေသည် ကျွန်မစကားကို မယုံသည့်ဟန်ဖြင့် နားထောင်နေသည်။ သူ့လက်နှင့် နဖူးမှာ ချစ်ချစ်တောက်လျက်။ ပါးစပ်ကလည်း နည်းနည်းရွဲ့နေသည်။ စကားပြောတော့လည်း မပီမသ ဗလုံးဗထွေး။ သတိလည်းသိပ်မကောင်းချင်။ လဲကျသွားစဉ်က လန့်သွားသဖြင့် ထိုသို့ဖြစ်နေသလောမသိ။ သို့မဟုတ်လျှင်လည်း နည်းနည်းပါးပါး လေဖြတ်သောကြောင့် လဲကျသွားခြင်းလောမဆိုနိုင်။ အမေသည် အမြဲတမ်းအကြောဆွဲနေတတ်သည်။ (အမြဲတမ်းချည်းတော့ မဟုတ်ပါ။ ကြာတော့ကြာပါပြီ။ ဘယ်တုန်းက ဖြစ်ခဲ့သည်ကို ကျွန်မမမှတ်မိတော့)။ အမေသည် မျက်လုံးကို မကြာခဏစုံမှိတ်တတ်၏။ မျက်ခုံးသည်

အထက်သို့ တက်သွားပြီး နဖူးတွန့်သွားတတ်၏ ။ သူ့အနား သို့ ကျွန်မရောက်ကတည်းက တချိန်လုံးထိုအတိုင်း ဖြစ်နေသည်။ တစ်စက္ကန့်ကလေးမျှ မရပ်။ ပြေချောဝိုင်းဝန်းသည့် မျက်ခွံများအောက်သို့ ကျလာသည့်အခါတွင် မျက်လုံးကို လုံးဝဖုံးသွားတတ်သည်။ လက်ထောက်ဆရာဝန်ဖြစ်သည့် ဒေါက်တာဂျေ လာကြည့်ပြီး ခွဲစိတ်ကုသဖို့ မလိုကြောင်း။ တင်ပဆုံရိုး ကျိုးသွားခြင်းမဟုတ်ဘဲ ရွေ့သွားခြင်းသာ ဖြစ်ကြောင်း၊ သုံးလလောက်အတွင်းတွင် ပြန်ကောင်းသွားမည်ဖြစ်ကြောင်းဖြင့် ပြောသည်။ အမေသည် စိတ်သက်သာရာရသွားပုံရ၏ တယ်လီဖုန်းနားသို့ ရောက်အောင် ဘယ်လိုပင်ပန်းတကြီးသွားရပုံ၊ သူဘယ်လို စိုးရိမ်ပုံစသည်တို့ကို မပီမသဖြင့် ပြောသည်။ ဘိုစ်နှင့် အော်လဂါတို့က သူ့ကို ဘယ်လိုစောင့်ရှောက်ပုံတို့ကိုလည်း မပီမသဖြင့် ပြောသည်။ အမေ့ကို ဆေးရုံသို့ပို့လိုက်စဉ်က ညဝတ်အင်္ကျီဖြင့်ဖြစ်ပြီး ဘာအဝတ်အစားမျှ ပါမလာ။ နောက်တစ်နေ့တွင်မှ အော်လဂါက သွားတိုက်ဆေး၊ သွားပွတ်တံစသည့် ရေအိမ်သုံးပစ္စည်းများ၊ အော်ဒီကလုံး ရေမွှေးပုလင်းနှင့် အိပ်ရာထဲတွင် ဝတ်သည့် အဖြူရောင်သိုးမွှေးဆွယ်တာ လှလှကလေးကို လာပို့သည်။ အော်လဂါကို ကျေးဇူးတင်ကြောင်း ပြောသည့် အခါတွင် အော်လဂါက 'မလိုပါဘူး အန်တီရယ်၊ ကျွန်မက အန်တီ့ကို ချစ်လို့လုပ်ပေးတာဟုပြောသည်။ အမေသည် ထိုအကြောင်းကို တွေးရင်း'ချစ်လို့လုပ်ပေးတာတဲ့' ဟု

www.burmeseclassic.com



မကြာခဏ ပြောတတ်သည်။

ထိုနေ့ ညနေတွင် အော်လဂါက

'သူများတွေအပေါ်မှာ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေမှာကို စိုးတယ်တဲ့၊ စိတ်မကောင်းဘူးတဲ့၊ သူ့အတွက် တစ်ခုခု လုပ်ပေးရင်ကျေးဇူးတင်လို့ မဆုံးတော့ဘူး၊ မင်းသာမြင်ရင် ရင်ကွဲမှာ'ဟု ပြောပါသည်။

အော်လဂါသည် ဒေါက်တာဒီကိုလည်း မကျေမနပ် ဖြစ်နေသည်။ သူ့ကို မခေါ်ဘဲဒေါက်တာ လာကရိုးကို ခေါ်သဖြင့် ဒေါက်တာဒီစိတ်ကောက်နေကြောင်း၊ ထို့ကြောင့် ကြာသပတေးနေ့က ဆေးရုံသို့လာမကြည့်ခြင်းဖြစ်ကြောင်း ပြောသည်။

'ကိုယ် တယ်လီဖုန်းနဲ့ မိနစ်နှစ်ဆယ်လောက်ပြောတယ်၊ လဲလို့ လန့်သွားတုန်းကရော၊ ဆေးရုံတင်တဲ့အခါမှာရော သူ လာကြည့်ပြီး အားပေးဖို့ ကောင်းတာပေါ့၊ ဒါပေမယ့် မလာဘူး ဆရာ'

ဘိုစ်ကမူ အမေ့ကို လေဖြတ်သည်ဟုမထင်။ လဲကျ၍ သူသွားထူစဉ်က အမေသည် လန့်သွားသလိုလို ဖြစ်သော်လည်း သတိကောင်းကောင်း ရနေကြောင်း၊ သို့ရာတွင် သုံးလအတွင်း ပြန်ကောင်းမည် ဆိုသည်ကိုမူ သံသယ ရှိကြောင်းဖြင့်ပြောသည်။ တင်ပဆုံရိုး ကျိုးသည့်ကိစ္စသည် အသေးအဖွဲမျှသာ ဖြစ်၏။ သို့ရာတွင် အိပ်ရာထဲတွင် ကြာရှည်စွာ လှဲနေရသဖြင့် အိပ်ရာပူမိကာ အနာတွေ

www.burmeseclassic.com



ပေါက်နိုင်သည်။ အသက်ကြီးသူများဆိုလျှင် တော်တော်နှင့် မပျောက်တော့။ လဲနေရခြင်းသည် အဆုတ်များအတွက် ပင်ပန်းလှသည်။ ထိုစဉ် အဆုတ်ရောင်ရောဂါ ဝင်လာကာ ကိစ္စချောတတ်သည်။ ကျွန်မကား သည်လောက် စိတ်ထိခိုက်ခြင်း မဖြစ်ပါ။ အမေသည် ကြည့်တော့သာ ပါးပါးလှပ်လှပ်ကလေးဖြစ်သော်လည်း အလွန်စိတ်ခိုင်သူ ဖြစ်ပါသည်။ သည်အသက် သည်အရွယ်ရောက်မှ သေမည်ဆိုလျှင်လည်း သေပျော်သည့်အရွယ်သို့ ရောက်ပါပြီ။

ဘိုစ်က တယ်လီဖုန်းဆက်ထားသဖြင့် ကျွန်မညီမလည်း သိနေလေပြီ။ ကျွန်မသည် သူ့ထံ တယ်လီဖုန်းဆက်၏။ 'သူတစ်ယောက်တည်းနေရတာကို နည်းနည်းမှ စိတ်မချဘူး' ဟု သူကပြောသည်။ သူတို့ဆီတွင် လာနေစဉ်က အမေသည် အိုစာကျုသွားကာ ချည့်နဲ့သွားသဖြင့် 'အဘွားကြီး ဒီဆောင်းတွင်းမှ ခံပါ့မလား မသိဘူး' ဟု သူ့ယောကျ်ား လီယွန်နယ်ကိုပင် ပြောမိသေးသည်။ တစ်ညတွင်မူအမေ သည် အကြီးအကျယ်ဗိုက်နာ၏။ ဆေးရုံသို့ပို့ရတော့မလိုပင် ဖြစ်ခဲ့သည်။ သို့ရာတွင် မနက် ရောက်သည့်အခါတွင် သက်သာသွားခဲ့၏။ အမေ့ကို ကားဖြင့် ပါရီသို့ ပြန်ပို့ပေး သည့်အခါတွင် အမေသည် ရွှင်လန်းကျန်းမာနေသည်ကို တွေ့ရ၏။ စိတ်ထဲမှာ ကြည်ပြီး ပေါ့ပါးနေတာပဲဟုပင် ပြောလိုက်သေးသည် ဆို၏။ သို့ရာတွင် ချော်မလဲမီ ဆယ်ရက်လောက်အလို အောက်တိုဘာလလယ်လောက်

www.burmeseclassic.com



တွင်မှု ဖရန်စိုင်းဒိုင်တဲတို့က ကျွန်မထံ တယ်လီဖုန်းဆက်သည်။

'ခုပဲ မင်းအမေ နေ့လယ်စာစားပြီး ပြန်လာတယ်၊ သူ့ ကျန်းမာရေးကြည့်ရတာ ကိုယ် အားမရဘူး၊ မင်းတို့ကို သတိပေးဖို့ လိုတယ် ထင်လို့ ဖုန်းကောက်ဆက်တာ'ဟု ပြောသည်။ ကျွန်မ ညီမသည် အကြောင်းတစ်ခုကို ရမယ်ရှာကာ ပါရီသို့ ချက်ချင်း ဆင်းလာခဲ့ပြီး အမေ့ကို ဓာတ်မှန်ပါရဂူတစ်ဦးထံ ခေါ်သွားသည်။ ဓာတ်မှန်ပြား များကို စစ်ဆေးပြီးသည့်နောက်တွင် ဓာတ်မှန်ပါရဂူက 'ဘာမှမစိုးရိမ်ပါနဲ့၊ အူထဲမှာ အလုံးတစ်ခုဖြစ်ပြီး ပိတ်နေတယ်၊ အူ ပိနေတော့ ဝမ်းတို့ဘာတို့ ကောင်းကောင်း သွားလို့ မရတော့ဘူးပေါ့၊ အမေကြီးက အစာတို့ဘာတို့ ကောင်းကောင်းမစားတော့ အာဟာရဓာတ်ချို့တဲ့နေတာပေါ့။ ကိစ္စမရှိပါဘူး' ဟု သေသေချာချာပြောလိုက်သည်။ အမေ့ကို အစာကောင်းကောင်း စားရန် ပြောပြီး အစွမ်းထက်သည့် ဆေးများကိုလည်း ပေးလိုက်သည်။ ညီမဖြစ်သူ ပိုပေးကမူ 'ကျွန်မကတော့ စိုးရိမ်နေတယ်၊ တစ်ယောက်ယောက် ခေါ်အိပ်ဖို့ ပြောတာပဲ၊ ဒါပေမယ့် သူ့အခန်းထဲမှာ ဆွေမတော် မျိုးမစပ် မိန်းမတစ်ယောက်နဲ့ မအိပ်ချင်ဘူးတဲ့' ပြောသည်။ သို့ဖြင့် ကျွန်မ ပရတ်သို့ မသွားမီ အမေ့ကို ပါရီသို့ ခေါ်ထားရန် ကျွန်မတို့ ညီအစ်မနှစ်ယောက်တိုင်ပင်ကြသည်။

နောက်တစ်နေ့တွင်လည်း အမေ့ပါးစပ်မှာ ရွှဲမြဲရွှဲနေပြီး

www.burmeseclassic.com



စကားပြောရာတွင်လည်း မပီမသဖြစ်နေသည်။ ဝန်းဝိုင်းသော မျက်ခွံများသည် မျက်လုံးပေါ်သို့ တွဲကျကာ မျက်လုံးသည် တကယ်လိုက်ဆင်းလိုက် ဖြစ်နေသည်။ လွန်ခဲ့သည့် အနှစ် နှစ်ဆယ်လောက်က ဘိုင်စကယ်စီးရင်း လဲကျ၍ ကျိုးသွားသော ညာဘက်လက်မှာ ပြန်မကောင်းတော့ပြီ။ ထိုအထဲတွင် ယခုတစ်ကြိမ်တွင် လဲကျသဖြင့် ဘယ်ဘက်လက်လည်း နာနေရာ လက်နှစ်ဖက်လုံး မလှုပ်နိုင်တော့ပြီ။ သို့ရာတွင် ကံကောင်းသဖြင့် အမေသည် ပြုစုယုယမှုကို ကောင်းစွာ ရရှိပါသည်။ ဆေးတိုက်က သူ့အခန်းမှာ လမ်းမနှင့် ဝေးသဖြင့် အသံဗလံတို့လည်း တိတ်ဆိတ်သည်။ ရှေ့တွင် ပန်းခြံတစ်ခုလည်းရှိသဖြင့် ရှုခင်းကောင်းသည်။ ခုတင်ကို နံရံအနီးသို့ ရွှေ့ပေးထားသဖြင့် နံရံတွင် တပ်ထားသော တယ်လီဖုန်းနှင့်လည်း နီးသည်။ အမေသည် လှဲနေသည်ဟု မရှိ။ ခေါင်းအုံးကို ခုကာထိုင်နေတတ်သည်။ သို့ ထိုင်နေခြင်းဖြင့် အဆုတ်များ အလုပ်လုပ်ရ လွယ်ကူစေသည်။ အမေ၏ လေမွှေ့ရာမှာ လျှပ်စစ်စက်တစ်ခုဖြင့် ဆက်သွယ်ထားသဖြင့် ဖောင်းလိုက် ပိန်လိုက် ဖြစ်နေသောကြောင့် အနှိပ်ခံရသည့်နှယ် ဖြစ်နေသည်။ အိပ်ရာပူ အနာများ မဖြစ်အောင်စီမံထားခြင်းဖြစ်သည်။ မနက်တုန်းကအမေ့ထံသို့ အကြောပါရဂူတစ်ဦး ရောက်လာပြီး ခြေထောက်များကို လေ့ကျင့်ခန်း လုပ်စေပါသည်။ ဤသို့ လုပ်ခြင်းဖြင့် ဘိုစ်ပြောသလို လေဖြတ်သည့်ရောဂါမှ ကာကွယ်ခြင်း ဖြစ်ပုံ

www.burmeseclassic.com



ရသည်။ သူ့အား အဖော်တစ်ဦးက အမဲသားစသည်တို့ကို လှီးပေးပြီး အစာကျွေးကြောင်း၊ အစာမှာ ကောင်းမွန်ကြောင်းဖြင့် အမေက မပီဝိုးဝါးဖြင့် ကျွန်မကို ပြောပြသည်။ အမှန်အားဖြင့်မူ ဆေးရုံတွင် ထိုအစာများကို မကျွေးပါ။ ပူတင်းအကြမ်းနှင့် အာလူးလောက်ကိုသာ ကျွေးပါသည်။ လူမမာတွေကို ပူတင်းကြမ်း ကျွေးသည်ကို ကျွန်မအံ့သြနေပါသည်။ နောက်တစ်နေ့တွင် အမေသည် ခါတိုင်းထက် စကားပီလာပါသည်။ ထိုနေ့က တယ်လီဖုန်းရှိရာသို့ ရောက်အောင် ကြမ်းပြင်ပေါ်တွင် နှစ်နာရီလောက် တွားသွားရပုံကို အမေ ပြန်ပြောတတ်သည်။

'အနားမှာ တယ်လီဖုန်းရှိတာ တော်သေးတာပေါ့လို့၊ ငါ့လိုပဲတစ်ယောက်တည်းနေတဲ့ မဒမ်မာရှန်းကို ပြောပြရသေးတယ်၊ မတတ်နိုင်ဘူးလေ၊ တယ်လီဖုန်းဆီတော့ ရောက်အောင် သွားရတာပေါ့'ဟု ပြောတတ်သည်။ အမေသည် ထိုစကားလုံးကို မကြာခဏ ပြောတတ်ပါသည်။

'အဲဒီတယ်လီဖုန်းနားသာ ရောက်အောင်မသွားနိုင်ခဲ့ရင် အဲဒီနေ့က ငါသေမှာပဲ'

အမေသည် တယ်လီဖုန်းပြောမည့်သာပြောသော်လည်း တစ်ဖက်က ကြားအောင် အော်နိုင်မည်မထင်။ ကျွန်မသည် အမေ့ဒုက္ခကို တွေးကြည့်နေမိလေသည်။ အမေသည် ဘာသာတရားကို ကိုင်းရှိုင်းသူဖြစ်ပါသည်။ သို့ရာတွင် အသက်ကြီး၍ ချည့်နဲ့ကာ အိုမင်းတွင်းဆုံးကျလုနီးသည့်တိုင်

www.burmeseclassic.com



လူ့ဘ၀ကြီးကို အလွန်အမင် ခုံမင်တွယ်တာသူ ဖြစ်သည်။ တိရစ္ဆာန်များ သေရာမှာကို ကြောက်သလို သေရမည်ကို အလွန်ကြောက်သူဖြစ်ပါသည်။ အမေသည် သူမကြာခဏ မက်ဖူးသော ခြောက်အိမ်မက်တစ်ခု အကြောင်းကို ကျွန်မ ညီမအား ပြောပြတတ်၏ ။

'ငါ့ကို နောက်က လိုက်လာလို့ ပြေးလိုက်ရတာအေ၊ လူ့ကိုမောနေတာပဲနောက်ဆုံးတော့ နံရံကြီးတစ်ခုတွေ့တာနဲ့ ငါလဲ နံရံကြီးပေါ်ကို တက်ပြေးရတော့တာပေါ့၊ ဒီနံရံကြီး ပေါ်က နေပြီး တစ်ဖက်ကို ခုန်ချမလို့တဲ့၊ နောက်က လိုက်လာတာ ဘာမှန်းတော့မသိဘူး၊ ကြောက်လိုက်တာအေ၊ မပြောပါနဲ့တော့၊ သေရမှာကို ဒီလောက် မကြောက်ပါဘူး၊ ခုန်ချလိုက်ရမှာကို ကြောက်တာ'

အမေက ကျွန်မ ညီမကို ပြောပြပါသည်။ ကြမ်းပေါ်တွင် ဝမ်းလျားထိုး သွားနေစဉ်က သူ ခုန်ချဖို့ အချိန်သည် ရောက်လာပြီကို အမေ ထင်ပုံရသည်။

'အမေ လဲကျသွားတုန်းက တော်တော်နာသွားတယ် ထင်တယ်' ကျွန်မက မေးသည်။

'ဟင့် အင်း မနာပါဘူး၊ လဲကျသွားမှန်းတောင် မသိလိုက်ဘူး'

အမေသည် သတိလက်လွတ်သွားဟန် တူပါသည်။ ခေါင်းထဲတွင် တရိပ်ရိပ်မူးသည်ကိုမူ အမေမှတ်မိလိုက်၏။ ဆရာဝန်ပေးသည့်ဆေးတွေကို သောက်ပြီးသည့်အခါတွင်

www.burmeseclassic.com



ဒူးတွေ ညွှတ်ညွှတ်သွားသည်ကို သတိထားမိကြောင်းဖြင့် ပြောပြ၏။ ဒူးတွေညွှတ်သွားသဖြင့် ကွပ်ပျစ်ကလေးပေါ်တွင် ခဏလှဲနေလိုက်ရသည်။ ကျွန်မတို့ ညီမဝမ်းကွဲ မာသီက သူ့အခန်းမှ ဆေးပုလင်းများကို ယူလာသည့်အခါတွင် ဆေးပုလင်းများကို မသက်ာသဖြင့် ကျွန်မယူကြည့်မိသည်။ အမေက ထိုဆေးများကိုပင် ဆက်သောက်ချင်သည်။ ကျွန်မကမူ ထိုဆေးများကို မသောက်စေချင်တော့ပါ။

ထိုနေ့ညနေတွင် ပါမောက္ခ ဘီ အမေ့ကို လာကြည့်သည်။ ဆရာထွက်သွားသည့်အခါတွင် ကျွန်မသည် ဆရာ့နောက်မှ လိုက်လာခဲ့၏။ နေပြန်ကောင်းလာလျှင် အလျင်တုန်းကလိုပင် လျှောက်နိုင်မည်ဟု ဆရာက ပြောပြသည်။

'အရင်ကလိုပဲ တောက်တောက်တောက်တောက်နဲ့ သွားနိုင်မှာပါ'ဟု ဆရာကပြောသည်။ အမေသည် အားနည်း၍ မူးမေ့လဲကျခြင်းဖြစ်သည်ဟု ဆရာ ထင်ပုံရသည်။ ဝမ်းဗိုက်မကောင်းကြောင်းကို ပြောပြသည့်အခါတွင်လည်း ဆရာသည် အရေးတကြီး ထားပုံမရ။ ဆိုင်ရာတို့က တင်ပဆုံရိုး ပြုတ်သည်ဟု မှတ်ချက်ရေးထားသည့်အတွက် ဆရာကလည်း ထိုအတိုင်းပင် လက်ခံထားပါသည်။ နောက်မှ သမားတော်တစ်ဦးနှင့် စစ်ဆေးကြည့်ရမည်ဟု ဆိုပါသည်။

'နေပြန်ကောင်းသွားရင် အမေ အရင်ကလိုပဲ လမ်းပြန်

www.burmeseclassic.com



လျှောက်နိုင်မှာပါ။ အဲဒီတော့ ပုံမှန်ပြန်ဖြစ်သွားမှာပေါ့'

'အို၊ တော်ပြီ တော်ပြီ၊ ငါ ဒီအခန်းကို ဘယ်တော့မှ ပြန်မသွားတော့ဘူး၊ ဒီအခန်းကိုလဲ မကြည့်ချင်တော့ဘူး၊ အလကား နေပါဆိုတောင် မနေဘူး'

အမေသည် သူ့တိုက်ခန်းကလေးကို တော်တော် သဘောကျပါသည်။ မူလက နေခဲ့သည့် ရှုးဒီနီလမ်းက တိုက်ခန်းကို တော်တော် မုန်းပါသည်။ အသက်ကြီး လာပြီးသည့်အခါတွင် စိတ်တိုလာသည့်အတွက်ကြောင့် တစ်ကြောင်း၊ သူ့စိတ်အားငယ်သည့် ရောဂါဆိုးလာသည့် အတွက်ကြောင့် တစ်ကြောင်း ထိုအခန်းလေးမှာ အဖေ၏ အော်ဟစ်ငေါက်ငမ်းသံတို့ဖြင့် ညံနေတတ်ပါသည်။ အဖေနှင့် ကျွန်မအဘွားတို့ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ပြီးသည့် နောက်တွင် အမေသည် သူ့အတိတ်ဟောင်းနှင့် လမ်းခွဲချင်ပုံ ရပါသည်။ သူ့အသိတစ်ယောက်မှာ ခေတ်ဆန်ဆန် တိုက်ခန်းကလေးတစ်ခုကို ငှားနေရာ အမေသည် ထိုခေတ် ဆန်ဆန်တိုက်ခန်းကလေးကို တော်တော် သဘောကျနေ သည်။ ထိုနှစ်မှာ ၁၉၄၂ ခုနှစ်ဖြစ်ရာ ထိုစဉ်က ယခု လောက် နေရာထိုင်ခင်း မရှားသေးသဖြင့် အမေသည် သူ့စိတ်ကြိုက် ခေတ်ဆန်ဆန် တိုက်ကလေး တစ်ခုသို့ ပြောင်းနေနိုင်ခဲ့သည်။ အမေသည် အရင်အိမ်တုန်းက သုံးသည့် သပြေသီးမှည့်ရောင် သစ်တော်သား စားပွဲကြီး၊ ဒုတိယဟင်နရီဘုရင်ခေတ်သုံး ထမင်းစားခန်းကုလားထိုင်

www.burmeseclassic.com



စားပွဲများ၊ နှစ်ယောက်အိပ်ခုတင်ကြီးနှင့် ဂရင်းပီယာနိုကြီးကို ရောင်းပစ်ခဲ့သည်။ ကျန်ပရိဘောဂများနှင့် ကော်ဇောအနီ အဟောင်းကြီးကိုမူ ယူလာခဲ့၏ ။ ကျွန်မ ညီမ ဆွဲသည့် ပန်းချီကားများကို နံရံတွင် ချိတ်၏ ။ အိပ်ခန်းထဲတွင် ကွပ်ပျစ်တစ်လုံးကို ထား၏ ။ အမေသည် အတွင်းလှေကားကို ဆင်းလိုက် တက်လိုက်ဖြင့် ပျော်နေသည်။ ကျွန်မကမူ ထိုနေရာကို သိပ်မကြိုက်လှပါ။ သူ့အခန်းမှာ ဒုတိယထပ် တွင်ရှိပြီး ပြတင်းပေါက်များရှိသည့်တိုင် အလင်းရောင် ကောင်းကောင်းမရချင်။ အိပ်ခန်း၊ မီးဖိုခန်းနှင့် ရေချိုးခန်း စသည့် အပေါ်ထပ်အခန်းများမှာ အမြဲလိုလိုမှောင်နေတတ်ပြီး တက်ရဆင်းရခက်သဖြင့် အမေသည် ထိုအခန်းများမှာပင် တစ်နေ့လုံး အချိန်ကုန်တတ်သည်။ ထိုအခန်းတွင် အမေ နေလာခဲ့သည်မှာ အနှစ်နှစ်ဆယ်လောက်ရှိပြီ ဖြစ်သဖြင့် နံရံများ၊ ပရိဘောဂများနှင့် ကော်ဇောကြီးမှာလည်း စုတ်ပြတ် ညစ်ပတ်နေလေပြီ။ ၁၉၆၀ခုနှစ်တွင် တိုက်ပိုင်ရှင် ပြောင်း၍ လူငှားများကို နှင်မည်ဟု ကြားသည့်အခါ အမေသည် သီလရှင်ဇရပ်တစ်ခုတွင် သွား၍ နေမည်ဟု စိတ်ကူးသေး၏။ သို့ရာတွင် သူ့စိတ်ကြိုက်ဇရပ်ကလည်း ရှာမတွေ့နိုင်ပါ။ သူ့နေရာဟောင်းကိုလည်း သူတွယ်တာနေလေပြီ၊ အိမ်ငှားကို အလွယ်တကူ နှင်မချနိုင်ကြောင်း သိရသောအခါတွင်ကား အမေသည် ဘယ်ကိုမှ မပြောင်းတော့ဘဲ ထိုအခန်းမှာပင် ဆက်နေခဲ့သည်။ သူနေပြန်ကောင်း လာလျှင် သက်သောင့်

www.burmeseclassic.com



သက်သာနေနိုင်မည့် ဇရပ်တစ်ဆောင်ကို လိုက်ရှာရမည်။

'စိတ်ချပါ အမေရယ်၊ ဒီတိုက်ခန်းကို အမေပြန်မသွားရပါဘူး၊ ကျွန်မရှာပေးပါ့မယ်'ဟု ကျွန်မက ပြောရသည်။

တနင်္ဂနွေနေ့ အထိ သူ့မျက်ခွံများမှာ မျက်လုံးပေါ်သို့ တွဲကျနေဆဲ။ သတိကလည်းမကောင်းချင်သေး၊ စကားပြောသည့်အခါတွင်လည်း ခပ်လေးလေးဖြစ်နေသည်။ အမေသည် သူ့နောက်က အလိုက်ခံရကြောင်းကို နောက်တစ်ကြိမ် ပြောပြန်သည်။ သို့ရာတွင် ဆေးတိုက်သို့ ပို့ထားသည့်အတွက်မူ သူစိတ်သက်သာရာရသည်။ အမေသည် အပြင်ဆေးကုခန်းကို တော်တော်အားကိုးဟန်တူ၏ ။

'ဆေးရုံမှာ ဆိုရင် ငါ့ကို မနေ့ကတည်းက ခွဲစိတ်ပြီးလောက်ပြီ၊ ခုဆေးခန်းကတော့ ပါရီမှာ အကောင်းဆုံးဆေးခန်းလို့ ထင်တာပဲ'ဟု အမေက ပြောသည်။ အမေသည် တစ်စုံတစ်ခုကို ချီးမွမ်းချင်လျှင် အခြား တစ်စုံတစ်ခုကို ကဲ့ရဲ့ပြစ်တင်မှ ပြည့်စုံသည်ဟု ထင်သလောမပြောတတ်။ အနီးရှိ ဆေးတိုက်တစ်ခုကိုလည်း ကဲ့ရဲ့လိုက်သေးသည်။

'ဒီဆေးခန်းက ဂျီဆေးခန်းထက် ကောင်းတယ်ဆိုပဲ၊ ဂျီဆေးခန်းကတော့ အလကားပဲတဲ့'

တနလာင်္နေ့ ကျွန်မ ရောက်သွားသည့်အခါတွင် 'ငါ အိပ်မပျော်တာဘယ်နှစ်ကမ္ဘာလောက်များ ရှိပြီလဲမသိဘူး' ဟု ပြောပါသည်။ အမေ့ကို ကြည့်ရသည်မှာ ပုံမှန် ပြန်ဖြစ်လာပါသည်။။ အသံက ကြည်လင်ပီသ၍ မျက်လုံးများက

www.burmeseclassic.com



လည်း အနီးပတ်ဝန်းကျင်ကို ကောင်းကောင်းသတိပြုမိပါသည်။

'ဒေါက်တာလာကရိုးဆီကို ပန်းစည်းကလေးတစ်စည်းလောက်တော့ ပို့ဖို့ကောင်းတယ်'ဟု ပြောသဖြင့် ပို့ပေးမည်ဖြစ်ကြောင်း ကျွန်မက ပြောရသည်။

'ပြီးတော့ ငါ့ကို လာကြည့်တဲ့ ရဲသားတွေကိုရော တစ်ခုခုပေးဖို့ကောင်းတယ်၊ သူတို့ခမျာ ငါ့အတွက် တော်တော်ဒုက္ခခံကြရရှာတာ'

မလိုကြောင်း ကျွန်မက မနည်း ပြောယူရသည်။

အမေသည် ခေါင်းအုံးကို ကျောမှီလိုက်ပြီးနောက် ကျွန်မကို စေ့စေ့ကြည့်ကာ ပြတ်သားစွာ ပြောသည်။

'ငါ့ခန္ဓာကိုယ်ကြီးကို တော်တော် အလုပ်ပေးခဲ့ပြီးပြီ၊ ငါလဲ မောလှပြီ၊ သိပ်မခံနိုင်တော့ဘူး၊ အိုမင်းမစွမ်းတော့ မဟုတ်သေးပါဘူး၊ ဒါပေမဲ့ ကိုယ့်အခြေအနေကိုယ်သိမှ ဖြစ်မယ်လေ၊ နောက်ဆယ့်လေးငါးရက်ဆိုရင် ငါအသက် ၇၈နှစ်ပြည့်တော့မယ်၊ ၇၈နှစ်ဆိုတာ နည်းတဲ့အသက် မဟုတ်ဘူး၊ ဒီတော့ ကိုယ့်တာသာကိုယ် ဆင်ဆင်ခြင်ခြင်နေမှ ဖြစ်မယ်၊ အခန်းသစ်တစ်ခန်းစရတော့မှာပေါ့အေ'

ကျွန်မသည် အမေ့ကို မြတ်နိုးစွာ ကြည့်နေမိပါသည်။ ယခင်က အမေသည် သူ့ကိုယ်သူ ကြီးသည်ဟု မထင်၊ ခပ်ငယ်ငယ်ဟုပင် အောက်မေ့ခဲ့၏ ။ တစ်ခါတွင် သူ့

www.burmeseclassic.com



သမက်က သူ့ကိုသတိပေးရာ အမေသည် စိတ်ဆိုး မာန်ဆိုးဖြင့်

'ငါအိုပြီဆိုတာ ငါဘာသာငါသိသဟဲ့၊ အိုတော့ ဘာဖြစ်သလဲ၊ နောက်မှာ ငါ့ကို အိုစကား လာမပြောနဲ့' ဟု ပြောဖူးသည်။

ယခု နှင်းမြူဝိုးဝါးထဲတွင် သုံးရက်ကြာမျှ မြောပါနေပြီး နောက် အမေသည် သူ့သက်တမ်း ၇၈ နှစ်ကို ရင်ဆိုင်ရန် ခွန်အားတွေ ရုတ်တရက် ရလာခဲ့ပြီ။ အမြင်ကြည်လင်သွားပြီ။ ပိုင်းဖြတ်မှု ရှိလာခဲ့ပြီ။ ကဏ္ဍသစ်တစ်ခုကို စရမည်ဟု ပြောနေပြီ။

အဖေ ဆုံးပြီးစကတည်းက အမေသည် ကဏ္ဍသစ်တစ်ရပ်ကို အံ့သြဖွယ်သတ္တိဖြင့် ရင်ဆိုင်ခဲ့၏ ။ အမှန်အားဖြင့် အဖေ ဆုံးသည့်အခါတွင် အမေသည် အကြီးအကျယ် စိတ်ထိခိုက်ခဲ့သည်။ သို့ရာတွင် အမေသည် အတိတ်ညွှန်ထဲတွင် အနစ်မခံ၊ လင်သံယောဇဉ် ပြတ်တောက်သွားသည့် အခါတွင် အမေသည် ထိုအခွင့်အရေးကိုယူ၍ သူ့အကြိုက်နှင့်အညီ သူ့ဘဝကို ပြန်ထူထောင်ခဲ့သည်။ အဖေဆုံးသည့်အခါတွင် အမေ့အတွက် တစ်ပြားတစ်ချပ်မှ မထားနိုင်ခဲ့။ ထိုစဉ်က အမေသည် ငါးဆယ့်လေးနှစ် ရှိနေလေပြီ။ အမေသည် သင်တန်းများကို တက်၏ ။ စာမေးပွဲများကို ဖြေခဲ့၏ ။ ဘွဲ့လက်မှတ် တစ်စောင်ယူကာ ကြက်ခြေနီ အသင်းတိုက်

www.burmeseclassic.com



တွင် လက်ထောက်စာကြည့်တိုက်မှူး ရအောင် လုပ်နိုင်ခဲ့၏ ။ အလုပ် သွားရန်အတွက် နောက်တစ်ကြိမ် ဘိုင်စကယ်စီး သင်ခဲ့၏ ။ စစ်ပြီးသည့်အခါတွင်လည်း အနားမနေ။ အိမ်တွင် စက်ချုပ်ဆိုင်တစ်ခု ထောင်ရန် စိတ်ကူးသည်။ ထိုအချိန်တွင် ကျွန်မလည်း အမေကို ထောက်ပံ့နိုင်သော အခြေအနေတွင် ရှိနေပြီ။ သို့ရာတွင် အမေသည် အအားနေတတ်သူမဟုတ်ပါ။ သူ့စိတ်ကြိုက် လွတ်လွတ်လပ်လပ် နေချင်သူပီပီ သူ့တွင် လုပ်စရာတွင် တစ်ပုံတစ်ပင်ပေါ်လာကာ အလုပ်နှင့်လက် မပြတ်အောင် ရှိခဲ့သည်။ အမေသည် ပါရီမြို့ပြင်ရှိ ကျန်းမာရေး စခန်းတစ်ခုတွင် စေတနာ့ဝန်ထမ်း စာကြည့်တိုက်မှူး သွားလုပ်၏ ။ ရပ်ကွက်ထဲရှိ ဗရင်ဂျီ အသင်းတစ်ခုမှ စာကြည့်တိုက် တစ်ခုတွင်လည်းသွား၍ စေတနာ့ဝန်ထမ်း အလုပ် လုပ်လိုက်သေး၏ ။ စာအုပ်တွေကို ကိုင်တွယ် နေရလျှင်၊ စာအုပ်တွေကို ဖုံးနေရလျှင်၊ စာအုပ် တွေကို စီနေရလျှင်၊ စာကြည့်တိုက် လက်မှတ်တွေကို ထုတ်ပေး နေရလျှင်၊ စာဖတ်သူများကို အကြံဉာဏ်ပေး နေရလျှင် အမေသည် မောသည်မရှိ။ အမေသည် ဂျာမန် ဘာသာနှင့် အီတလီဘာသာကိုလည်း သင်လိုက်သေး၏ ။ အင်္ဂလိပ်စာ ကိုလည်း ပြန်၍ လေ့လာလိုက်သေး၏ ။ ဇာထိုး ပန်းထိုး ကလပ်များသို့ သွားပြီး ပန်းထိုးပေး၏ ။ အလှူပွဲများ၊ နိဗ္ဗာန်ဈေးများတွင်လည်း ကူရောင်းပေး၏ ။ ဟောပြောပွဲ ဆိုလျှင်လည်း အမေရှေ့ဆုံးမှ ရောက်သည်သာ။ အမေ့တွင်

www.burmeseclassic.com



မိတ်သစ်ဆွေသစ်များ မနည်း။ မိတ်ဟောင်း ဆွေဟောင်း တွေနှင့်လည်း အဆက်အသွယ်မပြတ်။ အဖေ 'ဂကျိကကျောင်' ကျသဖြင့် အဆက်ပြတ်ခဲ့ရသော ဆွေမျိုးတွေနှင့်လည်း ပြန်၍ ဆက်၏ ။ သူ့အခန်းကလေးသို့ ဖိတ်၍ သူတို့ကို ဖိတ်ကျွေးရသည်မှာလည်း မကြာခဏပင်။ သို့ဖြင့် အမေ သည် အဖေရှိစဉ်က သူ မလုပ်ခဲ့သည်ကို အတိုးချ၍ လုပ် နိုင်ခဲ့သည်။ ခရီးတွေသွားနိုင်ခဲ့သည်။ ခြေထောက်တွေကို တောင့်တင်းလာစေသည့် အရိုး ကျီးပေါင်းတက် ရောဂါ ကိုလည်း အမေသည် ဇွဲရှိရှိ တိုက်ခဲ့၏ ။ ကျွန်မညီမငယ် ဗီယင်နာတို့၊ မီလန်တို့ နေစဉ်ကလည်း သွားမိအောင် သွားလိုက်သေးသည်။ နွေတွင် အမေသည် ဖလောရင့်နှင့် ရောမလမ်းမတကာတို့တွင် ရောက်နေပြီ။ ဘယ်လဂျီယန်နှင့် ဟော်လန်တွင်ရှိသည့် ပြတိုက်များကိုလည်း သူလျှောက်ကြည့် သည်။ လေဖြတ်ခါနီးတော့မှပင် အမေသည် ကမ္ဘာတစ်ခွင် ခရီးပြင်းနှင်သည့် အလုပ်ကို ရပ်လိုက်ခြင်း ဖြစ်သည်။ သို့တိုင်အောင် သူ့ညီမတွေ၊ မိတ်ဆွေတွေက ပါရီမြို့ပြင်သို့ ဖြစ်စေ၊ ကျေးလက်သို့ ဖြစ်စေ ဖိတ်လျှင် အမေသည် မည်သူ တား၍မျှ မရ။ နောက်တစ်ကြိမ် မစဉ်းစားဘဲ ကောက်ကာငင်ကာ ထသွားတတ်သဖြင့် သူ့ကို ရထား စောင့်က တွဲပေါ်သို့ ချီပိုးတင်ရသည်ကလည်း အကြိမ်ကြိမ်၊ အမေအပျော်ဆုံးမှာ မော်တော်ကားဖြင့် ခရီးသွားခြင်းဖြစ် သည်။ မကြာသေးမီကပင် သူ့မြေးတူမ ကက်သရင်းက

www.burmeseclassic.com



သူ့စစ်ထရွန်ကားစုတ်ကလေးဖြင့် မေရီညက်သို့ ခေါ်သွားရာ အမေသည် ညကြီးမင်းကြီးမှာပင် မိုင်သုံးရာ ခရီးကို မပင် မပန်းလိုက်သွားခဲ့သည်။ ကားပေါ်မှ ဆင်းလာသည့်အခါ၌ အမေသည် ပွင့်ခါစ ပန်းပွင့်လို လန်းဆန်းလျက်။

အမေ ဖျက်လတ်သွက်လတ်ပုံကို ကြည့်၍ ကျွန်မမှာ အံ့၍မဆုံးတော့။ သူ့သတ္တိကိုလည်း ကျွန်မ မလေးစားဘဲ မနေနိုင်။ စကားပြောနိုင်သည်နှင့် တစ်ပြိုင်နက် အမေသည် ထိတ်လန့်တုန်လှုပ်စေသည့် စကားများကို အဘယ်ကြောင့် များ ပြောနိုင်လေသနည်း။ သူလေဖြတ်၍ ဆေးရုံရောက်သည့် ပထမ ည အကြောင်းကို ကျွန်မ ပြောပြသည့်အခါတွင် ကျွန်မသည် ကျောစိမ့်နေသည်။

'အောက်တန်းစား မိန်မတွေအကြောင်း ညည်းလဲ သိသားပဲ၊ ဆေးရုံက သူနာပြုဆရာမတွေလေ၊ ဒီကောင် မတွေဟာ ငွေညှစ်ဖို့လောက်ပဲ သိကြတာ'

အလိုအလျောက် အသက်ရှူသကဲ့သို့ ထိုစကားလုံးများ သည်လည်း သူ့ပါးစပ်မှ အလိုအလျောက် ထွက်လာသော စကားလုံးများဖြစ်ပါသည်။ သို့ရာတွင် ထိုစကားလုံးများသည် သူ့စိတ်ရင်းတိုင်း ပြောသည့် စကားလုံးများ ဖြစ်ပါသည်။ ထိုစကားလုံးများကို နားထောင်ရင်း ကျွန်မစိတ်မကောင်း ခြင်းကြီးစွာ ဖြစ်ရပါသည်။ သူ့ကို ကြည့်တော့ ဝေဒနာကို ခံစားနေရသည့် လူမမာ။ ထိုလူမမာတစ်ယောက်၏ ခေါင်းထဲ တွင် ထိုမျှရင့်သီးသော အတွေးတွေဝင်နေသည်ကို စဉ်းစား မိသည့်အခါတွင် ကျွန်မတော်တော် စိတ်ထိခိုက်ပါသည်။

www.burmeseclassic.com



အမေ့ခုတင်အနီးသို့ အကြောကုအထူးဆရာဝန်ကြီး ရောက်လာကာ စောင်ကို ခွာပြီးနောက် အမေ့ခြေထောက် ကိုကိုင်ကြည့်ပါသည်။ အမေသည် ဆေးရုံအဝတ်အစားကြီးကို အောက်ခံမပါ ဘာမပါ ဝတ်ထားသည်။ အမေ့ဝမ်းဗိုက်မှာ ဝမ်းရေတွေ အစင်းအစင်းတွန့်နေပြီး ပြောင်တင်းနေသော မိန်းမကိုယ်ကလည်း ဟောင်းလောင်းဖြစ်နေပါသည်။

'အခုတော့ အရှက်လဲ ကုန်ပါပြီအေ' ဟုအမေက အံ့သြသံဖြင့် ပြောသည်။

ကျွန်မက -----

'ဒီအရွယ်ရောက်မှတော့ ဘာရှက်စရာရှိသေးလဲ အမေရယ်'

ပြောမည့်သာ ပြောရသည်။ ကျွန်မ မမြင်ရက်ပါ။ ထို့ကြောင့် မျက်နှာကို တခြားသို့ လွှဲထားကာ ဆေးတိုက်ပေါ်က လှမ်းမြင်ရသော ပန်းခြံကို စိုက်ကြည့်နေလိုက်သည်။ အမေ့အား ဗလာကိုယ်တီး မြင်ရသည်ကို ကျွန်မမမြင်ရက်။ မမြင်ချင်။ ကျွန်မသည် အနတ္တသဘောကို အသင့်အတင့်နှလုံးသွင်းနိုင်သူဖြစ်သည်ဟု ထင်ပါသည်။ ကလေးတုန်းကမူ ကိုယ်ခန္ဓာ အတ္တဘောကြီးကို ခုံမင် တွယ်တာခဲ့ဖူးပါသည်။ ကြီးပြင်းအရွယ်ရောက်လာသည့်အခါတွင်မူ ထိုခန္ဓာကိုယ်ကြီးကို စက်ဆုပ် မုန်းတီးလာ၏ ။ ထိုသို့ မြင်ခြင်းသည် သဘာဝ ကျသည်ဟုလည်း ကျွန်မ ထင်ပါသည်။ ယခု အမေ့၏ ခန္ဓာကိုယ်ကို မြင်ရသည့်အခါ၌ စက်ဆုပ်ခြင်းနှင့်

www.burmeseclassic.com



မြတ်နိုးခြင်းဟူသော ဆန့်ကျင်ဘက် ခံစားချက် နှစ်မျိုး ပေါ်ပေါက်လာခြင်းမှာလည်း သဘာဝကျသည်ဟု ကျွန်မ ထင်ပါသည်။ သို့တိုင်အနတ္တသဘောကို ဤမျှရှုနိုင်ပါလျက် ကျွန်မတုန်လှုပ်ချောက်ချားနေခြင်းကို ကျွန်မအံ့သြနေသည်။ အမေက သူ့ခန္ဓာကိုယ်ကို ဘာမျှအရေးမကြီးသည့်နှယ် ပေယျာလကန်ပြုနေသည်ကို မြင်ရသည့်အခါတွင် ပို၍ စိတ်ထိခိုက်ခြင်း ဖြစ်ရသည်။ အမေသည် တစ်သက်လုံး ထိန်းသိမ်းဖုံးကွယ်လာခဲ့သည် တို့ကိုစွန့်လွှတ်လိုက်လေပြီ။ ကျွန်မသည် ထိုအတိုင်း ကြည့်နေရုံသာ ရှိတော့သည်။

တစ်ခါကမူ ထိုဉတုဇရုပ်ကလာပ်ကြီးသည် မိုက်မဲသော အရှိန်အဟုန်ဖြင့်ခုတ်မောင်းလျက်ရှိသဖြင့်ဇီဝရုပ် တည်းဟူသော နာမ်ဓာတ် လှုပ်ရှားနေသည်ဟု ထင်ရ၏ ။ သို့ရာတွင် အမေက ဉပေက္ခာပြုလိုက်သည်နှင့် ထိုခန္ဓာကိုယ် အတ္တဘော ကြီးသည် အတ္တဘောကြီးမှလွဲ၍ အခြားဘာမျှ မဟုတ်တော့သော အရာအဖြစ်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားခဲ့ လေပြီ။ ကိုယ်ခန္ဓာ အတ္တဘောကြီးသည် ရုပ်ဆောင်နေသော အပုပ်ကောင်ကြီးနှင့် မခြားတော့ပြီ။ ကျွမ်းကျင်သူတို့ လက်တွင် မှောက်လိုမှောက် လှန်လိုလှန် အလုပ်ခံနေရသော အကာအကွယ်မဲ့ သနားဖွယ် အလောင်းကောင်ကြီးနှင့် မခြားတော့ပြီ။ ကျွန်မအဖို့သော်မူ ထိုအတ္တဘောကြီးကို အတ္တဘောဟု မထင်။ ကျွန်မအမေဟုပင် ထင်သည်။ ထိုအတ္တဘောကြီးသည် တစ်နေ့တွင် ချုပ်ငြိမ်ပျောက်ကွယ်

www.burmeseclassic.com



သွားရတော့မည်ဟု တစ်ခါမျှ ကျွန်မ လေးလေးနက်နက် မစဉ်းစားမိခဲ့။ ယခုမှပင် အမေသည် သေဒဏ်စီရင်ချက် အဆိုင်းခံထားရသည့် အလောင်းကောင်ကြီး တစ်ခုဟု ပထမဆုံးအကြိမ် ကျွန်မ သဘောပေါက်လာခဲ့သည်။

နောက်တစ်နေ့ မနက်တွင် ကျွန်မသည် သူနာပြုဆရာမ မှာသည့်အတွက် အမေ့ဖို့ ညဝတ်အင်္ကျီ တစ်ထည် သွားဝယ်ခဲ့သည်။ ညဝတ်အင်္ကျီကို ခပ်တိုတို ဝယ်မှ ကောင်းမည်။ ရှည်နေလျှင် တင်ပါးအောက်တွင် တွန့်ခေါက် နေပြီး အပူမိကာ အနာစိမ်းတွေ ထွက်နိုင်သည်။

'ခပ်တိုတိုလား၊ ဘေဘီဒေါလ်ညဝတ်အင်္ကျီ ကလေးတွေ ရှိတယ်၊ ယူမလား'ဟု ရောင်းသူများက မေးကြသည်။ ကျွန်မသည် သူတို့အမည်နှင့် လိုက်အောင် တိုနှံ့နှံ့နိုင်သည့် ညဝတ်အင်္ကျီ အရောင်လှလှ လွင်လွင်ကလေးများကို ကိုင်ကြည့်၏။ မိန်းကလေး ငယ်ငယ်ရွယ်ရွယ်၊ လန်းဆန်း ပြည့်ဖြိုးသော ကိုယ်ခန္ဓာများအတွက် ချုပ်ထားသည့် အင်္ကျီများ ဖြစ်သည်။ ထိုနေ့မှာ ကောင်းကင် ပြာလဲ့၍ ချစ်စရာ ကောင်းသော နွေနှောင်းရက်တစ်ရက်ဖြစ်သည်။ သို့ရာတွင် ကျွန်မ စိတ်တွေ ကြည်လင်ခြင်း မရှိ။ ခဲသားရောင် ခြယ် ထားသည့် ကမ္ဘာကြီးထဲတွင် လျှောက်ရသလို ဖြစ်နေသည်။ ထိုအခါကျမှ အမေ့အတွက် စိုးရိမ်ပူပန်မှုသည် ကျွန်မ ထင်သည်ထက် ကြီးမားကြောင်းကို ကျွန်မသဘောပေါက် တော့သည်။ မကျန်းမမာဖြစ်သည့်အခါတွင် အမေသည်

www.burmeseclassic.com



ကျွန်မစိတ်ကူးထဲတွင် ရှိနေသည့် မြင်နေကျရုပ်ပုံ၊ မြင်နေကျပုံစံ၊ မြင်နေကျ ပိတ်ကားဘောင်ထဲမှ သွင်ပြင်တို့နှင့် ကွဲပြားသွားသောကြောင့် ဖြစ်သလား မပြောတတ်ပါ။ ကျွန်မသည် ခုတင်ပေါ်တွင် ပက်လက်ဖြစ်နေသော လူမမာသည်အနေမဖြစ်ကြောင်းကို ကျွန်မသိပါသည်။ သို့ရာတွင် အဘယ်ကြောင့် သည်မျှ စိုးရိမ်သောက ရောက်ရသည်ကို ကျွန်မ နားမလည်ပါ။ ကျွန်မသည် ပန်းနုရောင်ပေါ်တွင် အဖြူပြောက်ကလေးတွေ ရိုက်ထားသည့် ညဝတ်အင်္ကျီတိုတစ်ထည်ကို ဝယ်လာခဲ့ပါသည်။

အမေ့ထံသို့ ကျွန်မရောက်နေစဉ် အမေ၏ အခြေအနေကို စောင့်ကြည့်ကုသနေသည့် ဒေါက်တာတီ ရောက်လာပါသည်။

'အမေကြီးက အစားအသောက်နည်းတယ်ထင်တယ်'

'ဟုတ်တယ်၊ဒီနှစ်နွေမှာ အစာကောင်းကောင်းမဝင်ဘူး၊ အလိုလို စိတ်အားငယ်နေတယ်'

'အမေကြီးက အချက်အပြုတ်တို့ဘာတို့ ဝါသနာမပါဘူး ထင်တယ်'

'ပါပါတယ်၊ ကျွန်မကိုယ်တိုင်သရေစာကလေးတွေ ဘာတွေ လုပ်တာပဲ၊ ဒါပေမယ့် လုပ်လို့သာ လုပ်တာ၊ စားတော့ ဘာမှ မဖြစ်လောက်ဘူး'

'ဒီလိုဆိုရင် အမေကြီးက အလုပ်တော့ လုပ်နေသားပဲ၊ သရေစာကလေးတွေကို အမေကြီးကိုယ်တိုင်လုပ်တယ်ပေါ့'

www.burmeseclassic.com



အမေသည် အတန်ကြာမျှ စဉ်းစားနေသည်။

'တစ်ခါတုန်းက ကျွန်မကိုယ်တိုင်ဒိန်ခဲမုန့်လုပ်တယ်၊ ဒါပေမယ့် နှစ်ဇွန်းလောက်ပဲစားနိုင်တယ်၊ နောက်ထပ်မစားချင်တော့ဘူး'

'ဟုတ်လား'ဟုဆိုကာ ဒေါက်တာဘီသည် အပေါ်စီးဖြင့် ပြုံးကြည့်နေပါသည်။

ဒေါက်တာဂျေ၊ ပါမောက္ခဘီ၊ ဒေါက်တာတီ စသူတို့သည် သန့်ရှင်းကြပါ၏ ။ စင်ကြယ်ကြပါ၏ ။ တောက်ပကြပါ၏ ။ သေသပ်ကြပါ၏ ။ သူတို့သည် ညစ်ပတ်၍ အနိဋ္ဌာရုံသဘောကို ဆောင်နေသော အဘွားအိုကြီးတစ်ယောက်ကို ဝေးလံလှစွာသော အမြင့်မှ ငုံ့ကြည့်နေကြသည်။ သူတို့အားလုံးသည် ကြီးကျယ်သော ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြ၏။ 'ကြီးကြီးမာစတာကြီး'များဖြစ်ကြ၏ ။ ထို့ကြောင့် သူတို့ဟိတ်ဟန်ကို ကျွန်မနားလည်နိုင်ပါသည်။ သူတို့၏ ဟိတ်ဟန်သည် သေဒဏ်စီရင်ချက်ကို ချမှတ်မည့် တရားခံရှေ့တွင် ထိုင်နေကြသော တရားခွင်ပေါ်မှ တရားသူကြီးများ၏ ဟန်နှင့်တူ၏ ။

'အမေကြီးကိုယ်တိုင်သရေစာကလေးတွေ ဘာလေးတွေ လုပ်တယ်ပေါ့'ဟု အဘယ်ကြောင့်များ ခပ်ပေါ့ပေါ့ မေးရလေသနည်း။ အမေက မနည်းကြီး စဉ်းစား၍ဖြေနေရစဉ်တွင် အမေ့ကိုကြည့်၍ ပြုံးစရာအကြောင်းမရှိပါ။ အမေသည် အသက်ဘေးနှင့် ရင်ဆိုင်နေရသူ ဖြစ်ပါသည်။ သို့တိုင်

www.burmeseclassic.com



ဒေါက်တာဘီက 'ခဏနေရင် တောက်တောက် တောက် တောက်နဲ့ လျှောက်သွားနိုင်မှာပါ' ဟု အဘယ်ကြောင့် ပေါ့ပေါ့တန်တန် ပြောရပါသနည်း။ ဒေါက်တာဘီ ပေါ့ပေါ့ တန်တန်ပြောသည်ကို ကျွန်မ မကျေနပ်ပါ။ အခွင့်ထူးခံ လူတန်းစားများသည် အမေ့ကို သူငယ်နှပ်စား ကလေးလို သဘောထားသည်ကို မြင်တိုင်း ကျွန်မစိတ်တိုသည်။ ကျွန်မသည် သွက်ချာပါဒရောဂါနှင့် သေမင်းကို ရင်ဆိုင်နေရသည့် အမေ့ဘက်မှာ ရောက်နေပါသည်။

သို့ရာတွင် သူနာပြုဆရာမကလေးများကိုမူ ကျွန်မ သဘောကျသည်။ သူတို့တစ်တွေသည် အမေ့ကိုမရွံ့မရှာ ပြုစုနေခြင်းဖြင့် သူတို့နှင့် လူနာသည် ခွဲခွာမရအောင် ဖြစ်နေကြသည်။ မိတ်ဆွေရင်းချာကို ပြုစုသလို အမေ့ကို စိတ်ပါလက်ပါ ပြုစုကြသည်။ အကြောပါရဂူမတ်မွိုင်ဇယ် လောရင့်တစ်ယောက်သာလျှင် အမေ့ကို စိတ်ရွှင်လန်းအောင် လုပ်နိုင်သည်။ နှစ်သိမ့်မှုပေးနိုင်သည်။ သူကမူအမေ့အပေါ် တွင် အပေါ်စီးဖြင့် ဆက်ဆံခြင်းမရှိ။ နောက်ဆုံးတွင် ဒေါက်တာဘီက

'မနက်ဖြန်ကျရင် အမေကြီးရဲ့ ဗိုက်ကို ဓာတ်မှန်ရိုက် ရမယ်'

'ဒါဖြင့် ဟိုဖြူဖြူဟာကြီးတွေကို အမေကြီး မျိုချရဦး မှာပေါ့'

အမေသည် တော်တော် ညစ်သွားဟန်ရှိ၏။

**ယနေ့မန္တလေးစာအုပ်တိုက်**

www.burmeseclassic.com



'ဒီလောက် မဆိုးပါဘူး'

'ဆိုးပါတယ်တော်၊ ဒါကြီးကို မျိုချရတာစိတ်ညစ်လွန်းလို့'ဟု အမေကပြော၏ ။ ဆရာဝန်တွေပြန်သွားသည့်အခါတွင် အမေက 'ဒါကြီးကို မျိုရတာ ငါဖြင့်အန်ချင်လွန်းလို့အေ'ဟု သနားစဖွယ်ပြောပါသည်။

'ဒါတွေ တွေးမနေပါနဲ့ အမေရယ်'

သို့ရာတွင် အမေသည် ထိုအကြောင်းကိုပင် တွေးနေပါသည်။ အမေသည် ဆေးတိုက်သို့ ရောက်ကတည်းက အစားအသောက်ကို ခုံမင်နေပါသည်။ ကျွန်မမှာ ကလေးငယ်တစ်ယောက်လို သူအစားအသောက်ခုံမင်နေပုံကို ကြည့်၍ အံ့သြနေသည်။ အမေသည် နာဖျားမကျန်းဖြစ်ကာ ဝေဒနာကို အကြီးအကျယ် ခံစားရဖူးသည့်တိုင် တစ်ချက်ကလေးမျှ မျက်နှာမပျက်ခဲ့ဖူးပါ။ အမေသည် ပိုက်ကြီးကို မျိုရမည်ကို ကြောက်သည်ထက် တခြားအကြောက်များ မရှိသလော မပြောတတ်ပါ။ ထိုအကြောင်းကို ထိုစဉ်ကလည်း ကျွန်မ မတွေးခဲ့မိပါ။

အမေ၏အဆုတ်နှင့် ဝမ်းဗိုက်မှာ ဓာတ်မှန်ထဲတွင် ကောင်းနေသည်ဟု နောက်တစ်နေ့တွင် ဆရာဝန်များက ကျွန်မကို ပြောပြကြ၏ ။ ချွတ်ယွင်းချက်ဆို၍ တစ်ခုမျှရှာမတွေ့။ အမေသည် တည်ငြိမ်လျက်။ ကျွန်မဝယ်ပေးခဲ့သည့် ပန်းနုရောင်ညဝတ်အင်္ကျီနှင့် အော်လဂါယူလာသည့် ဆွယ်တာလှလှကလေးကို ဝတ်ထားကာ ဆံပင်ကို ကျစ်ဆံမြီးထိုး၍

www.burmeseclassic.com



ထုံးထားသော အမေသည် လူမမာတစ်ယောက်နှင့် လားလား မျှမတူ၊ လက်ဝဲဘက်လက်ကလည်း ကောင်းကောင်းအသုံး ချ၍ ရနေပြီ။ မည်သူ့အကူအညီမျှမပါဘဲ စက္ကူတစ်ရွက်ကို ဖြန့်နိုင်ပြီ။ စာအုပ်တစ်အုပ်ကို လှန်နိုင်ပြီ။ ဗုဒ္ဓဟူး။ ကြာသပတေး။ သောကြာ။ စနေ။ အမေသည် ပဟေဠိတွေကို ဖော်သည်။ ဗော်တဲယား၏ အချစ်ရေးရာများနှင့် ပတ်သက် သည့် စာအုပ်တစ်အုပ်ကို ဖတ်သည်။ ဘရာဇီးသို့ သွားသော ဂျင်းဒီလာရေး မှတ်တမ်းကို ဖတ်သည်။ သတင်းစာများကို ဖတ်သည်။ ကျွန်မလည်း မနက်တိုင်း သူ့ထံရောက်ပါသည်။ ရောက်လျှင် တစ်နာရီနှစ်နာရီလောက်သာနေသည်။ အမေ ကလည်း ကျွန်မကို ကြာကြာနေခွင့်မပြု။ သူ့ဆီသို့လာသည့် ဧည့်သည်တွေကလည်း များလှဘိခြင်း။ များလွန်းသည့် အတွက် 'ဒီနေ့ ဧည့်သည်တွေကလည်း လာလိုက်တာအေ' ဟုပင် ညည်းယူရသည်။ သူ့အခန်းထဲတွင်လည်း ပန်းတွေ ဝေလျက်၊ အာဇာလီယာပန်းများ၊ နှင်းဆီပန်းများ၊ သစ္စာပန်း များ။ သူ့ခုတင်ဘေး စားပွဲပေါ်တွင်မူ ချောကလက်ဘူးများ၊ သကြားလုံးဘူးများ အပြည့်အမောက်။ 'ဆေးတိုက်မှာနေရတာ မပျင်းဘူးလား အမေ'ဟု ကျွန်မက မေးသည်။

'မပျင်းပေါင်တော်'

အမေသည် သူ့ကိုပြုစုကြ၊ စောင့်ရှောက်ကြ၊ ယုယကြပုံကို အရသာတွေ့နေလေပြီ။ ယခင်ကဆိုလျှင် ရေချိုးကန်ထဲသို့ ဆင်းရသည်ပင် တစ်ဒုက္ခ။ ခွေးခြေတစ်လုံးကို ဆွဲ ယူကာ

www.burmeseclassic.com



ရေချိုးကန်နှုတ်ခမ်းကို တက်ရသည်။ ခြေအိတ်ရှည်စွပ်လျှင် လည်း မျက်နှာကို ရှုံ့မဲ့ကာ မနည်း စွပ်ယူရသည်။ ယခုမူ ညနေတိုင်းနှင့် မနက်တိုင်း သူနာပြုဆရာမတစ်ဦးပေါက်လာ ကာ သူ့ကိုအော်ဒီကလုံးဖြင့် ပွတ်တိုက်ပေးသည်။ ကိုယ်လိမ်း ပေါင်ဒါလိမ်းပေးသည်။ စားစရာသောက်စရာဆိုလျှင်လည်း ဗန်းကလေးတစ်ချပ်ဖြင့် အဆင်သင့်ရောက်လာသည်။

'ဒါ မျက်နှာကြောမတည့်တဲ့သူနာပြုဆရာမတစ်ယောက် ပဲရှိတယ်၊ ငါ့ကို ဘယ်တော့ဆင်းမလဲ မေးတယ်အေ၊ ငါမှ မဆင်းချင်သေးဘဲ၊ သူ မေးစရာလား'

ကုလားထိုင်ပေါ် ထိုင်နိုင်သည့်အခြေရောက်လျှင် သူ့ကို ဆေးတိုက်မှ ဆင်းခိုင်းမည်ဖြစ်ကြောင်း၊ ထိုမှနေ၍ နာလန်ထ စခန်းတစ်ခုသို့ ပို့ပေးမည်ဖြစ်ကြောင်း ပြောသည့်အခါတွင် အမေ့မျက်နှာသည် တိမ်တိုက်တစ်ခုလို ညိုမှိုင်းသွား၏ ။

'သူတို့က ငါ့ကို အတင်း ဆင်းခိုင်းပြီး တခြားကို မောင်းချချင်နေကြတာ'

တစ်ခါတစ်ရံတွင်လည်း အမေသည် ဆေးတိုက်က ဆင်းလျှင် မည်သို့မည်ပုံ နေမည်ဖြစ်ကြောင်း တွေးတတ် သည်။ ပါရီမြို့အပြင်တွင် သီလရှင် ဇရပ်များ ရှိကြောင်း မိတ်ဆွေတစ်ယောက်က ပြောသည့်အခါတွင်

'အဲဒီကို ရောက်ရင် ငါ့ဆီကို ဘယ်သူလာတွေ့ တော့ မှာလဲ၊ ငါတစ်ယောက်တည်းနေရတော့မှာပေါ့'ဟု မချမ်း မြေ့စွာ ပြောပါသည်။

www.burmeseclassic.com



ကျွန်မက အမေသည် နယ်နှင်ဒဏ် အပေးခံရသူလို တစ်ယောက်တည်းနေရမည် မဟုတ်ကြောင်း ပြောပြကာ ကျွန်မ စုဆောင်းထားသည့် သီလရှင်ဇရပ်လိပ်စာများကို ပြပါသည်။ ညူအယ်လီရှိ သီလရှင်ကျောင်းတစ်ကျောင်းမှ ဇရပ်ကလေးတစ်ဆောင်ရှေ့ 'ပန်းခြံထဲတွင် နေစာလှုံရင်း စာဖတ်ရလျှင်၊ ဇာထိုးပန်းထိုးလုပ်နေရလျှင် ဘယ်လောက် ပျော်စရာကောင်းမလဲဟုလည်း အမေ တွေးတတ်ပါသည်။ ထိုသို့ တွေးရင်း အမေက ----

'ငါ့တိုက်ခန်းတန်းလျားက လူတွေကတော့ ငါ့ကို မတွေ့ရင် စိတ်ကောင်းကြမှာ မဟုတ်ဘူး၊ ကလပ်ကအစောင့် မိန်းမကြီးဆိုရင် ငါ့ကို လွမ်းနေမှာ' ဟု ခပ်တွေတွေဖြင့် ပြောတတ်ပါသည်။

တစ်ခါတွင်လည်း အမေက

'ငါ့ဘဝမှာ သူများတွေအတွက် အသက်ရှင်နေခဲ့ ပြီးပြီလေ၊ ခုတော့ ကိုယ့်အတွက် အသက်ရှင်နေတဲ့ အတ္တကြီးတဲ့ အဘွားကြီးတစ်ယောက် လုပ်တော့မယ်'

သူစိတ်ညစ်နေသည့်အရာတစ်ခုလည်း ရှိပါသေးသည်။ 'နောင်ဆိုရင် ငါ့ဘာသာ ငါ အဝတ် လျှော်နိုင်တော့မှာ မဟုတ်ဘူး၊ အဝတ်အစား လဲနိုင်တော့မှာ မဟုတ်ဘူး'ဟု ညည်းသည်တွင် ကျွန်မက ဖျောင်းဖျရပါသည်။ သူနာပြု ဆရာမတစ်ယောက်ဖြစ်ဖြစ် အိမ်ဖော်တစ်ယောက်ဖြစ်ဖြစ် ထားရမည်ဖြစ်ကြောင်း ကျွန်မက ပြောပါသည်။ ယခုမူ

www.burmeseclassic.com



အမေသည် ပါရီမြို့က အကောင်းဆုံးဆေးကုခန်းတစ်ခန်းတွင် စိတ်လက်ချမ်းသာစွာ ဆေးကုခံနေရပြီ မဟုတ်လော။ ဆေးတိုက်မှ ဆရာဝန်များ ဆရာမများကလည်း အမေ့ကို အထူးဂရုစိုက်ကြပါသည်။ ဓာတ်မှန်ကဲ့သို့ပင် သွေးကို အမျိုးမျိုး စစ်ဆေးကြည့်သည့်အခါတွင်လည်း အားလုံးကောင်းနေပါသည်။ ညနေတိုင်လျှင် အဖျားရှိနေတတ်သဖြင့် မေးကြည့်ပါသည်။ သို့ရာတွင် သူနာပြုဆရာမကလေးက ထိုကိစ္စကို အရေးကြီးသည်ဟု ထင်ပုံမရပါ။

တနင်္ဂနွေနေ့တွင်မူ အမေက

'မနေ့ညနေက ဧည့်သည်တွေ အများကြီးလာတယ်အေ၊ ငါလဲတော်တော်ပင်ပန်းသွားတယ်'ဟု ပြောပါသည်။ အမေ့ကို ကြည့်ရသည်မှာ စိတ်လက် ကြည်လင်ပုံမရပါ။ သူ့ကို လာတိုင်းကြည့်နေကျ သူနာပြုဆရာမကလေးများ အနားယူသည့်နေ့ဖြစ်ပါသည်။ မကျွမ်းကျင်သည့် ဆရာမကလေးက အိပ်ရာခင်းကိုလဲသည့်အခါတွင်အိပ်ရာတစ်ခုလုံး ဆီးတွေရွှဲနေပါသည်။ မွေ့ရာနှင့် ခွခေါင်းအုံးကြီးမှာလည်း စိုရွှဲနေပါတော့သည်။ အမေသည် မျက်လုံးကိုလည်း မကြာခဏ မှိတ်၏ ။ သတိလည်း သိပ်မကောင်းလှ။ ဒေါက်တာဒီပို့လိုက်သည့် ဓာတ်မှန်ပြားများကို ဒေါက်တာတီလည်း မဖတ်တတ်သဖြင့် နောက်တစ်နေ့တွင် ဓာတ်မှန် ထပ်ရိုက်ရဦးမည်ဟုဆိုပါသည်။

'ငါ့ကို ဗေရီယန် အမျိုးခိုင်းဦးမလို့တဲ့၊ ဒါကြီးကို မျိုးရ

www.burmeseclassic.com



မှာ စိတ်ညစ်လိုက်တာအေ၊ လည်ချောင်း နာပါဘိသနဲ့၊ လက်တွန်းလှည်းကြီးနဲ့ တင်သွားပြီး ဟိုရောက်တော့ တစ်ကိုယ်လုံးကိုင်လှုပ်ဦးမှာ ထင်ပါရဲ့၊ ငါ့ဘာသာအေးအေး ဆေးဆေး မနေရတော့ဘူးတဲ့လား' ဟု ကျွန်မကို မေး သည်။ ကျွန်မက စွတ်စိုအေးစက်နေသည့် အမေ့လက်ကို ဆုပ်ကိုင်ထားရင်း 'ဒီလောက်လဲ စိတ်ညစ်မနေပါနဲ့၊ စိတ်ကို ပျော်အောင်ထားမှပေါ့၊ စိတ်ညစ်ရင် အမေပဲ ခံရမှာ'

တဖြည်းဖြည်းနှင့် အမေ၏ စိတ်သည်ပြန်လည် ရွှင်လန်း လာ၏ ။ သို့ရာတွင် အလျင်နေ့တွေကထက် အားနည်းလာ သည်။ မိတ်ဆွေများက တယ်လီဖုန်းဆက်၍ အမေ့ အခြေ အနေကို မေးကြသဖြင့် ဖြေရသည်မှာလည်း အမောပင်။

'အမေ့ကျန်းမာရေးကို မေးလိုက်ကြတာ အမေရယ်၊ ကျွန်မဖြင့် စိတ်ကို ညစ်ယူတာပဲ၊ အင်္ဂလိပ်ဘုရင်မကြီး ကိုတောင် ဒီလောက်မေးကြမှာ မဟုတ်ဘူးထင်တယ်၊ ခုတော့ ပို့လိုက်တဲ့ ပန်းစည်းတွေ၊ စာတွေ၊ သကြားလုံးတွေ၊ ဆက်လိုက်တဲ့ တယ်လီဖုန်းတွေ၊ ကြည့်စမ်း အမေ့ကို လူတွေ ဘယ်လောက် ဂရုစိုက်ကြသလဲ'

ကျွန်မသည် နွမ်းနယ်ပျော့ဖတ်နေသော အမေ့လက် များကို ဆုပ်ထားသည်။ မျက်လုံးများကို မှိတ်ထားသည့်တိုင် မှဲ့နေသော သူ့နှုတ်ခမ်းပေါ် တွင် အပြုံးလဲ့လဲ့သန်းနေသည်။

'ငါ့ကို ခင်ကြမှာပေါ့၊ ငါကပျော်ပျော်နေတတ်တယ် မဟုတ်လား'

အမေသည် တနင်္လာနေ့တွင် ဧည့်သည်များကို မျှော်၏။ ကျွန်မကလည်း အလုပ်များနေသဖြင့် အင်္ဂါနေ့ မနက်ကျမှ ကျွန်မရောက်သွား၏ ။ တံခါးကို ဖွင့်၍ အခန်းထဲသို့ ဝင်လိုက် သည့်အခါတွင် ကျွန်မသည် ရှေ့သို့မလှမ်းနိုင်သေးဘဲ ကြက်သေသေ၍ ရပ်နေမိ၏။ နဂိုကမှ ပိန်သောအမေသည် ပို၍ပိန်သွားပြီ။ ကျုံ့ဝင်သွားပြီ။ ချုံးကျသွားပြီ။ အမေသည် ပန်းနုရောင်သစ်ကိုင်းခြောက်ကလေးတစ်ခုနှင့်တူနေသည်။ အမေသည် စိတ်ရှုပ်သည့်ဟန်ဖြင့် ကျွန်မကိုခပ်တိုးတိုးပြောသည်။

'ငါ့ကို ချုံးကျသွားအောင် လုပ်လိုက်ကြပြီလေ'

ညနေတွင် ဓာတ်မှန်ရိုက်မည်ဖြစ်သဖြင့် နှစ်ဆယ့်လေးနာရီလုံးလုံး အဖတ်မစားရ။ အရည်မသောက်ရ၊ ဗေရီယန်မီးလ် ယူရသည့်အတွက် လည်ပင်းတွေ မနာသည့်တိုင် ရေငတ်သည့်ဒဏ်နှင့် သောက၏ဒဏ်ကြောင့် အမေသည် ချုံးကျသွား၏။ အမေ့မျက်နှာသည် ပါးသွား၏ ။ စိတ်မချမ်းသာမှုကြောင့် အမေ၏ အာရုံကြောများသည် တင်းကျပ်နေကြ၏။ ကျွန်မက ဓာတ်မှန်အဖြေကို စုံစမ်းကြည့်ရာ 'ကျွန်မတို့လဲမဖတ်တတ်ဘူး မမ"ဟု သူနာပြုဆရာမကလေးများက ကြောက်ကြောက်ရွံ့ရွံ့နှင့် ဖြေကြသည်။ ထို့ကြောင့် ကျွန်မသည် ဒေါက်တာတီနှင့် သွားတွေ့၏ ။ ဓာတ်မှန်က ပေးသည့်အဖြေကလည်း ခပ်ဝါးဝါး။ ဒေါက်တာတီ၏ အဆိုအရမူ အူထဲတွင် အလုံးကို

www.burmeseclassic.com



မတွေ့ရကြောင်း၊ သို့ရာတွင် အာရုံကြောများ လှုပ်ရှားသဖြင့် အူများခေါက်နေကြောင်း၊ ယမန်နေ့ကတည်းက အလုပ် မလုပ်တော့ကြောင်းဖြင့် ပြောသည်။ အမေသည် အလွန် ခေါင်းမာသူဖြစ်၏။ ခေါင်းမာသည့်ကြားထဲက တစ်ယောက် တည်း ကျိတ်၍ စိုးရိမ်သောက ဖြစ်နေသည့်အခါတွင် အကြောတွေ ဆတ်ခနဲ ဆတ်ခနဲ လှုပ်သွားတတ်သည်။ ဧည့်သည်များကို လက်ခံတွေ့ဆုံနိုင်ရန်လည်း အားမရှိ တော့ပြီ။ အမေသည် သူ ကိုးကွယ်သည့် ဘုန်းတော်ကြီးထံ တယ်လီဖုန်းအဆက်ခိုင်းသည်။ကျွန်မကိုလည်းကောင်းကောင်း စကားမပြောတော့။ ပြုံးလည်းမပြုံး နိုင်တော့။

'မနက်ဖြန်ညနေမှ အမေ့ဆီလာမယ်နော်'ဟုပြောကာ ကျွန်မပြန်လာခဲ့သည်။ ကျွန်မညီမမှာ ညရောက်ပြီး မနက် ပိုင်းတွင် ဆေးတိုက်သို့ သွားကြည့်မည် ဖြစ်၏။ ထိုနေ့ ညကိုးနာရီတွင် တယ်လီဖုန်းလာသဖြင့် ကောက်နားထောင် လိုက်ရာ ဒေါက်တာဘီ ဖြစ်နေသည်ကို တွေ့ရ၏ ။

'ခင်ဗျား အမေအတွက် ည သူနာပြု တစ်ယောက် ထားချင်တယ်၊ ဘယ့်နှယ်လဲ၊ အဘွားကြီးအခြေအနေ သိပ်မကောင်းဘူး၊ မနက်ဖြန်ညနေမှာလာမယ့်အစားမနက် ပိုင်းလာရင် ကောင်းမယ် ထင်တယ်'

နောက်ဆုံးတွင် ဆရာဘီက အမေ့အူသိမ်ကလေးထဲတွင် အကျိတ်တစ်ခုတွေ့ရကြောင်းဖြင့် ဖွင့်ပြောပါသည်။ အမေ့တွင် ကင်ဆာရောဂါ ဖြစ်နေပါပကော။

**ယနေ့မနွေလေးစာအုပ်တိုက်**

www.burmeseclassic.com



ကင်ဆာ တဲ့။ အမှန်က အမေ့တွင် ထိုရောဂါ၏ လက္ခဏာချက်များကို ထင်ထင်ရှားရှားတွေ့နေရသည်မှာ ကြာပါပြီ။ မျက်ကွင်းတွေ ညိုနေခြင်း၊ တဖြည်းဖြည်း ချုံးကျလာခြင်းတို့သည် ထိုရောဂါ၏ လက္ခဏာချက်များ မဟုတ်လော။ သို့ရာတွင် အမေ့ဆရာဝန်များက ထိုထင်မြင်ချက်ကို ပယ်ခဲ့သည်။ မိဘဟူသည် ကိုယ့်သားသမီးစိတ္တဇ ဖြစ်နေသည်ကို နောက်ဆုံးမှ ဝန်ခံတတ်ကြသည်။ သားသမီးဟူသည် ကိုယ့်မိဘ ကင်ဆာ ဖြစ်နေသည်ကို နောက်ဆုံးမှ လက်ခံတတ်ကြသည်။ ကျွန်မတို့ကလည်း ထိုအချက်ကို ကောင်းကောင်းလက်မခံချင်ပါ။ ထိုရောဂါသည် အမေတစ်သက်လုံး ကြောက်ခဲ့သည့် ရောဂါ။ သူ အသက်လေးဆယ်လောက်တုန်းက ရင်ဘတ်ကို စားပွဲတို့ ဗီရိုတို့နှင့်တိုက်မိလျှင် 'ငါတော့ ရင်သားကင်ဆာဖြစ်တော့မှာပဲ'ဟု အလန့်တကြား ဖြစ်တတ်သည်။ လွန်ခဲ့သည့် ဆောင်းတွင်းတုန်းက ကျွန်မ မိတ်ဆွေ တစ်ယောက်၏ အစာအိမ်မှာ ကင်ဆာဖြစ်၍ ခွဲစိတ်ကုသရရာ 'ငါလဲ တစ်နေ့ဒီလိုဖြစ်မှာ ထင်ပါရဲ့'ဟု အမေက ပြောခဲ့သည်။ ကျွန်မသည် ပခုံးကို တွန့်ပြခဲ့၏။ ကင်ဆာက တခြား မန်ကျည်းယို စားနေရသည့် ဝမ်းချုပ်သည့်ကိစ္စက တခြား။ ဘာမျှမဆိုင်၊ အရေးမကြီးဟု ကျွန်မထင်ခဲ့သည်။ အမေ၏ စိုးရိမ်ပူပန်မှုသည် အလကားသက်သက် စိုးရိမ်ပူပန်မှုဟု ကျွန်မထင်ခဲ့သည်၊ အမေ၏ ရောဂါသည်ကင်ဆာဖြစ်ကြောင်း

www.burmeseclassic.com



နောင်တွင်မှ ဖရန်စိုင်းက ကျွန်မတို့ကို ထုတ်ပြောပြသည်။

'အန်တီရဲ့မျက်နှာအမူအရာက ကင်ဆာရောဂါသည်ရဲ့ အမူအရာမျိုး၊ ပြီးတော့ အနံ့ကလဲ ဒီအတိုင်းပဲ'

ပြန်စဉ်းစားကြည့်သည့်အခါတွင်မှ ကျွန်မတို့အဖို့ ရှင်းသွားသည်။ အယ်ဇေတွင် အမေ ကောက်ရသလို နေထိုင်မကောင်းဖြစ်ရခြင်းမှာ အကျိတ်ကြောင့် ဖြစ်ကြောင်း၊ ထိုအကျိတ်ကြောင့် အမေသည် မကြာခဏ မူးမူးသွားကာ လဲကျခြင်းဖြစ်ကြောင်းကို ကျွန်မ သိလာခဲ့ရသည်။ ယခု အိပ်ရာထဲတွင် နှစ်ပတ်လောက် လှဲနေရသည့်အခါမှာကား ခြိမ်းခြောက်နေသော အလုံးအကျိတ်သည် အူကိုပိတ်ဆို့ ပစ်လိုက်လေပြီ။

အမေ့ထံ မကြာခဏဖုန်းဆက်သော ကျွန်မညီမပိုပေး ကမူ အမေနေထိုင်ကောင်းဟုပင် ထင်နေ၏။ ပိုပေးမှာ အမေကို ချစ်ရာတွင် ကျွန်မထက်ပိုသူဖြစ်ပါသည်။ ပို၍လည်း နီးစပ်ပါသည်။ အမေ၏ မျက်နှာပေါ်မှ သေခြင်းတရားကို ခရီးရောက်မဆိုက် ပိုပေးမမြင်စေချင်ပါ။ ရထားဆိုက်ပြီး သည့်အခါတွင် ကျွန်မသည် သူတည်းနေသည့် ဖရန်စိုင်း အိမ်သို့ တယ်လီဖုန်း ဆက်ကြည့်သည်။ ပိုပေးမှာ အိပ်နေ လေပြီ။ ဩော် မည်မျှအားကျဖို့ကောင်းလိုက်သည့် နိုးကြား ထကြွမှု တစ်မျိုးပါနည်း။

ထိုနိုဝင်ဘာလ ၆ရက် ဗုဒ္ဓဟူးနေ့တွင် ဓာတ်ငွေ့စက်ရုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ယာဉ်ရထားများ သပိတ်

www.burmeseclassic.com



မှောက်ကြသည်။ ကျွန်မကိုကားဖြင့် လာခေါ်ဖို့ကို ဖုန်းဆက်ရ၏။ သူ့ကိုစောင့်နေစဉ် ဆရာဘီက နောက်တစ်ကြိမ် တယ်လီဖုန်း ဆက်ပြန်သည်။ အမေတစ်ညလုံး အန်နေသည်ဆိုပဲ။ နောက်တစ်နေ့ကုန်အောင်ပင် ခံမှ ခံပါ့မလားမသိဟု ဆရာဘီက ဆိုသည်။

လမ်းတွင် ယာဉ်ရထားတွေ ရှုပ်နေမည်လောဟု စိုးရိမ်သော်လည်း ကျွန်မထင်သလိုမဟုတ်။ ဆယ့်တစ်နာရီထိုးသည့်အခါတွင် ကျွန်မသည် အခန်းနံပါတ် ၁၁၄ရှေ့တွင် ပိုပေးနှင့် တွေ့သည်။ ကျွန်မက ဆရာဘီပြောလိုက်သည့် အကြောင်းကို ပြန်ပြော၏။ မနက်တုန်းက အသက်ရှူသွင်းမှု ပါရဂူ ဒေါက်တာအင် တစ်ယောက် အမေ့ကို အသက်ရှူနိုင်ရန် လုပ်ပေးနေကြောင်းဖြင့် ကျွန်မကို ပြောပြသည်။ ဝမ်းထဲတွင် ရှင်းလင်းသွားစေရန် နှာခေါင်းမှ တစ်ဆင့် ပိုက်သွင်းရန် ပြင်ဆင်နေကြောင်းလည်းသိရသည်။

‘သေမယ့်အတူတူတော့ သူ့ကိုညှင်းဆဲသလိုဖြစ်နေတော့မှာပေါ့၊ သက်သက်သာသာပဲ သေပါစေတော့’ဟု ပိုပေးက ပြောသည်။ ကျွန်မသည် အောက်ထပ် ဧည့်ခန်းထဲတွင် စောင့်နေသော ဘိုစ်ထံသို့ သူ့ကို ပို့လိုက်ရ၏ ။ ဘိုစ်က သူ့ကို ကော်ဖီတစ်ခွက်တိုက်လိမ့်မည်။ ကျွန်မအနီးမှ ဒေါက်တာအင် ဖြတ်သွားသဖြင့် ကျွန်မက လှမ်းတား၏။ အကျီဖြူဖြူ ဦးထုပ်က ဖြူဖြူ လူခပ်ရွယ်ရွယ်၊ မျက်နှာက အကြောအခြင်မရှိသလို တုံ့ပြန်မှု ကင်းလျက်။

www.burmeseclassic.com



'ဒီပိုက်ကြီးကို ဘာလို့ သွင်းနေဦးမှာလဲ ဆရာရယ်၊ မျှော်လင့်ချက် မရှိတဲ့အတူတူ သူ့ကို ညှဉ်းဆဲသလိုဖြစ်နေတော့မှာပေါ့'

သူက ကျွန်မမျက်နှာကိုစေ့စေ့ကြည့်ကာ. . . .

'ကျွန်တော်တို့ကတော့ လုပ်စရာရှိတာလုပ်ရမှာပဲ'ဟု ဆိုကာ တံခါးကိုဖွင့်၍ အထဲသို့ဝင်သွားသည်။ ခဏကြာလျှင် သူနာပြုဆရာမတစ်ယောက်ထွက်လာကာ ကျွန်မကိုအထဲသို့ ခေါ်သွားသည်။

ခုတင်မှာထားနေကျ အလယ်ကောင်တွင်ရောက်နေပြီး ခေါင်းရင်းကို နံရံဘက်သို့ လှည့်ထား၏။ လက်ဝဲဘက်တွင် အကြောဆေးသွင်းသည့် ပုလင်းကြီး ချိတ်ထားပြီး အမေ့လက်နှင့် သွယ်ထားသည်။ ပလတ်စတစ် အကြည်ပိုက်တစ်ခုသည် နှာခေါင်းထဲမှ ထွက်လာကာ စက်ကိရိယာတစ်ခုကို ဖြတ်သန်းသွားပြီး ထွေးခံတစ်လုံးထဲတွင် ဆုံးသွားပါသည်။ အမေ့နှာခေါင်းသည် ပြားချပ်ကျုံ့ဝင်လျက်။ မျက်နှာကလည်း ခါတိုင်းထက်ချုံးကျလျက်။ သနားစရာအကောင်းဆုံးသော တောင်းပန်တိုးလျှိုးနေသည့်ဟန်။ နှာခေါင်းထဲသို့ ပိုက်ကြီး သွင်းထားသော်လည်း များစွာ အခံရ မခက်လှကြောင်း၊ မနေ့ညနေတုန်းကမူ နေ၍ဆိုးကြောင်းဖြင့် ကျွန်မကိုခပ်တိုးတိုး ပြောပါသေးသည်။ ရေငတ်သော်လည်း ရေသောက်ခွင့်မရ။ သူနာပြုဆရာမက ပွွန်ကလေးဖြင့်ရေစက်ချပေးသည်။ အမေသည် မျိုချ

www.burmeseclassic.com



ခြင်းမပြုဘဲနှုတ်ခမ်းစွပ်ရုံမျှသာ လျက်သည်။ ကျွန်မသည် ရေစက်ကလေးကို အမေ စုပ်ယူနေပုံကို ကြည့်နေသည်။ လောဘတကြီး သောက်ချင်သော်လည်း ချုပ်တည်းထားရသည့်ဟန်။ အမွှေးရေးရေးပေါက်သည့် အမေ့နှုတ်ခမ်းသည် ဝိုင်း၍ ဝိုင်း၍သွား၏။ ကျွန်မငယ်ငယ်တုန်းက ကျွန်မတို့ကို စိတ်ဆိုးသည့်အခါ နှုတ်ခမ်းစူထားသည့်အတိုင်းပင်။

ဒေါက်တာအင်က ထွေးခံထဲမှ ဝါကြင့် ပျစ်ချွဲချွဲ အရာများကို ပြကာစိတ်ဆိုးဆိုးဖြင့် 'ဒါတွေကိုဗိုက်ထဲမှာ ဒီအတိုင်းထားရ မှာလားဗျ'ဟုမေးပါသည်။ ကျွန်မသည် ဘာမှပြန်မဖြေလိုက်ပါ။ အခန်းအပြင်သို့ ရောက်သည့်အခါ တွင် သူက'အရုဏ်တက်ခါနီးတုန်းကဆိုရင် သူ့အသက်ဟာ လေးနာရီပဲ ကျန်တော့တယ်၊ ခု ကျွန်တော် သူ့အသက်ကို ပြန်လုယူထားတယ်'

'ဘာလုပ်တော့မှာလဲရှင်' ဟု ကျွန်မ ပြောလိုက်ချင် သော်လည်း မပြောရဲခဲ့ပါ။

နောက်တွင် အထူးကုဆရာဝန်ကြီးများ တိုင်ပင်ဆွေးနွေး ကြ၏။ သမားတော်ကြီးတစ်ဦး၊ ခွဲစိတ်ဆရာဝန်တစ်ဦးနှင့် ဒေါက်တာဒီတို့က အမေ၏ ပူဖောင်းနေသော ဗိုက်ကို လက်များဖြင့် စမ်းသပ်နေစဉ် ကျွန်မတို့ ညီအစ်မ နှစ်ယောက်လည်း အနီးတွင် ရှိနေကြသည်။ အမေသည် သူတို့ လက်ဖျားနှင့် ထိတိုင်း မခံမရပ်နိုင်သဖြင့် ညည်း လျက်ရှိ၏။ မော်ဖိန်းတစ်လုံး ထိုးသော်လည်း ညည်း

www.burmeseclassic.com



မြဲညည်းလျက်။ ကျွန်မတို့က နောက်တစ်လုံးထိုးရန် တောင်းပန်သည်။ သို့ရာတွင် ဆရာဝန်များက လက်မခံ။ မော်ဖိန်းအထိုးများသွားလျှင် အူသိမ်ကလေး သေသွား နိုင်သည်ဟု ပြော၏ ။ သို့ဖြစ်လျှင် သူတို့သည် ဘာကို မျှော်လင့်၍ ထိုသို့ လုပ်နေကြသနည်း။ သပိတ်မှောက်နေသဖြင့် လျှပ်စစ်ဓာတ်အားလည်းမရ။ သွေးစစ်ရန်အတွက် သွေးနမူနာဖောက်ထုတ်ကာ ကိုယ်ပိုင်လျှပ်စစ် မီးစက်ရှိသည့် အမေရိကန်ဆေးရုံတစ်ရုံသို့ ပို့ရသည်။ ခွဲစိတ်ကုသဖို့ စဉ်စားနေကြသလော။ ခွဲ၍ မဖြစ်ဟု ဆရာဝန်များက ပြောသည်။ လူမမာသည် သိပ်အားနည်းနေပြီ။ ဆရာဝန်များသည် အပြင်သို့ထွက်သွား၏ ။ အသက်ကြီးကြီး သူနာပြုဆရာမ ဂွန်ထရန်းသည် ဆရာဝန် ပြောသည်ကို ကြားလိုက်သဖြင့် 'အခွဲပေ့စေနဲ့၊ မခွဲပေ့စေနဲ့' ဟု အော်သည်။ ပြီးမှ သူ့ပါးစပ်ကို ပြန်ပိတ်လိုက်ပြီး 'ဟောတော့၊ ကျွန်မက ကိုယ့်အမေလို အောက်မေ့ပြီး ပြောနေမိပြီ၊ ကျွန်မစကားကို ဒေါက်တာကြားရင်တော့ ဒုက္ခပဲ' ဟု ပြောသည်။

'ခွဲရင် ဘယ်လို နေမလဲ'ဟု ကျွန်မက မေးကြည့်သော်လည်း ဆရာမကြီးသည် ပါးစပ်ပိတ်ထား၏ ။ ဘာမျှ မဖြေတော့ပြီ။

အမေသည် အိပ်ပျော်သွား၏ ။ ကျွန်မသည် လိုအပ်သည့် တယ်လီဖုန်းနံပါတ်များကို ရေးမှတ်ပြီး ပိုပေးကို ထားပစ်ခဲ့သည်။ညနေငါးနာရီတွင် ဆာ့တ်၏အခန်းသို့သူဖုန်းဆက်

www.burmeseclassic.com



သည့်အခါ၌ သူ့ အသံထဲတွင် မျှော်လင့်ချက်ရှိနေသည်ကို တွေ့ရ၏ ။

'ဆရာဝန်က ခွဲမယ်လို့ပြောတယ်၊ သွေးစစ်ကြည့်တော့ အခြေအနေကောင်းတယ်တဲ့၊ အားလည်းပြည့်လာတယ်တဲ့၊ နှလုံးလည်းကောင်းတယ်တဲ့၊ ပြီးတော့ ကင်ဆာလို့လည်း သေချာပေါက် မပြောနိုင်သေးဘူးတဲ့။ အူအမြှေး ရောင်တာလည်း ဖြစ်နိုင်တယ်တဲ့၊ အဲဒီလိုဆိုရင် မျှော်လင့်ချက်ရှိတယ်တဲ့၊ မမ ခွဲဖို့ သဘောတူသလား'

မခွဲပေ့စေနဲ့ ဟူသော သူနာပြုဆရာမကြီး၏ စကားကို ကျွန်မ ကြားယောင်နေသည်။

'ခွဲလေ၊ ဘယ်တော့ ခွဲမှာတဲ့လဲ'

'ဆေးတိုက်ကို နှစ်နာရီ အရောက်လာခဲ့ပါ၊ ဆရာဝန်တွေကတော့ အမေ့ကို ခွဲမယ်လို့ ပြောမထားဘူး၊ နောက်တစ်ခါ ဓာတ်မှန်ရိုက်ဦးမယ်လို့ပဲပြောထားတယ်'

မခွဲပေ့စေနဲ့ဟု ဆရာမကြီးက ပြောခဲ့သည်။ သူ့အသံသည် အထူးကုဆရာဝန်ကြီး၏ ဆုံးဖြတ်ချက် ရှေ့တွင် ဘာမျှအရာမရောက်။ ကျွန်မ ညီမ၏ မျှော်လင့်ချက်များ ရှေ့တွင်လည်း အရာမထင်။ အမေသည် အိပ်ပျော်နေရာမှ ပြန်၍ နိုးလာပါဦးမည်လော။ အဆိုးဆုံးထွက်ပေါက်တော့ မဟုတ်တန်ရာ။ ခွဲစိတ်ဆရာဝန်သည်လည်း စွန့်၍ မလုပ်တန်ရာ။ အမေသည် ပြန်၍ ကောင်းလာနိုင်သေးသည်။ သို့ရာတွင် ခွဲစိတ်လိုက်သဖြင့် ရောဂါကော ပို၍ ဆိုးမလာ

www.burmeseclassic.com



နိုင်ပါသလော။ သူနာပြုဆရာမကြီးသည် ထိုသို့ ဖြစ်မည်ကို စိုးရိမ်ဟန်တူပါသည်။ သို့ရာတွင် အူပိတ်၍ ဤသို့သော အခြေအနေကို ရောက်နေသော အမေသည် သည်အတိုင်း ဆိုလျှင် သုံးရက်ပင် ခံနိုင်ဖွယ်မရှိ။ အမေတစ်ယောက် မချိမဆံ့အသက်ထွက်ရမည်ကို ကျွန်မတွေး၍ ကြောက်နေသည်။

နောက်တစ်နာရီကြာသည့်အခါတွင် တယ်လီဖုန်းမြည်လာပြီး ပိုပေး၏ ငိုရှိုက်နေသံကိုကြားရသည်။

'မမ ခုချက်ချင်း လာခဲ့ပါ။ ခွဲကြည့်တော့ အထဲမှာ ကင်ဆာအကျိတ်ကြီးတစ်ခု တွေ့တယ်လို့ ပြောတယ်'

ကျွန်မနှင့်အတူ ဆာ့တ်လည်း လိုက်လာသည်။ ကျွန်မတို့ နှစ်ယောက်သည် ဆေးတိုက်သို့ တက္ကစီဖြင့် လာခဲ့ကြ၏။ ကျွန်မမှာ သောကကြောင့် လည်မျိုတွင် တစ်နေလေပြီ။ အမျိုးသားသူနာပြုတစ်ယောက်က ကျွန်မ ညီမ စောင့်နေရာ ခွဲစိတ်ခန်းအနီးရှိ ဧည့်ခန်းသို့ လိုက်ပို့သည်။ သူ့ကို ကြည့်ရသည်မှာ တုန်လှုပ်ချောက်ချားလျက် ရှိသဖြင့် သူ့ဖို့ စိတ်ငြိမ်ဆေးတစ်လုံး တောင်းလိုက်ရသည်။ ဆရာဝန်က ဓာတ်မှန်မရိုက်မီတွင် အိပ်ဆေးတစ်လုံး ထိုးပေးမည်ဟု အမေ့ကို ပြောကြောင်း၊ ဒေါက်တာအင်က မေ့ဆေး ထိုးပေးကြောင်းဖြင့် သူကပြောပြသည်။ အမေ့ကိုမေ့ဆေး ပေးထားစဉ်တွင် ပို့ပေးသည် အမေ့လက်ကို တစ်ချိန်လုံး ကိုင်ထားသည်။ အိုမင်းပျက်စီး၍ ဗလာကျင်းနေသော

www.burmeseclassic.com



ခန္ဓာကိုယ်ကြီးတစ်ခုကို မြင်နေရပြီး ထိုအိုမင်း ပျက်စီး၍ ဗလာကျင်းနေသော ခန္ဓာကိုယ်ကြီးသည် အမေ့ခန္ဓာကိုယ်ကြီး ဖြစ်နေသည်ကို သိနေရသောအခါတွင် ပိုပေးသည် မည်မျှ စိတ်ဆင်းရဲမည်နည်းဟု ကျွန်မ တွေးမိပါသည်။ အမေသည် မျက်ဖြူကြီး လန်သွားကာ ပါးစပ်ကလည်း ဟနေပါသည်။ ပိုပေးသည် ထိုမျက်နှာကိုလည်း ဘယ်တော့မှ မေ့နိုင်တော့ မည်မထင်ပါ။ အမေ့ကို ခွဲစိတ်ခန်းထဲသို့ တွန်းလှည်းဖြင့် တွန်းယူသွားကြပြီးနောက် မကြာခင်တွင် ဒေါက်တာအင် ပြန်ထွက်လာသည်။ ဗိုက်ထဲမှ ပြည်တွေချည်း လေးပိုင့် လောက်ရသည်တဲ့။ အူသိမ်ကလေးသည် ပေါက်ထွက်သွား ပြီတဲ့။ အကျိတ်ကြီးကလည်း အကြီးကြီးတဲ့။ အဆိုးဆုံးသော ကင်ဆာရောဂါမျိုးတဲ့။ ခွဲစိတ်ဆရာဝန်သည် လှီးဖြတ်ထုတ်ပစ် စရာရှိသမျှကို ထုတ်ပစ်နေ၏ ။ ကျွန်မတို့ ညီမနှစ်ယောက် ခွဲစိတ်ခန်း အပြင်တွင် စောင့်နေစဉ် ကျွန်မညီမဝမ်းကွဲ ဂျင်းသည် သူ့သမီးငယ်နှင့်အတူ လင်မိုဇောမှ ရောက်လာ သည်။ သူထင်သည်က အမေ့ကို အိပ်ရာထက်တွင် အေးအေး ဆေးဆေး တွေ့ရမည်ဟု ထင်ခဲ့သည်။ သူ့သမီး ရှန်ကယ်က ဆိုလျှင် အမေအိပ်ရာဘေးတွင် ဖတ်ဖို့ ပဟေဠိစာအုပ် တစ်အုပ်ပင် ယူခဲ့သေးသည်။ အမေ သတိပြန်ရလာသည့် အခါတွင် သူ့ကို ဘယ်လိုပြောရမည်နည်းဟု ကျွန်မတို့ တိုင်ပင်ကြသည်။လွယ်ပါသည်။ ဓာတ်မှန်ရိုက်သည့် အခါတွင် အူမြှေးရောင်နေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ခွဲစိတ်ရန်

www.burmeseclassic.com



ချက်ချင်းဆုံးဖြတ်ရကြောင်း ပြောရုံသာရှိသည်။

အမေ့ကို သူ့အခန်းသို့ ပြန်သယ်သွားကြပြီဟု ဒေါက်တာအင်က ပြောသည်။ ဒေါက်တာအင်ကို ကြည့်ရသည်မှာ အောင်ပွဲရသည့်နှယ်။ အမေသည် မနက်ပိုင်းကတည်းက သေငယ်ဇောဝင်နေပြီ။ သို့တိုင်အချိန်အတော်ကြာ၍ အရေးကြီးသော ခွဲစိတ်မှုကို ကောင်းစွာခံနိုင်သေးသည်။ နောက်ဆုံးပေါ် မေ့ဆေးပညာရပ်များကျေးဇူးကြောင့် အမေ၏ နှလုံး၊ အဆုတ်နှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများသည် ပုံမှန်အလုပ်လုပ်နိုင်ခဲ့ကြသည်။ ဆရာအင်သည် ထိုအောင်ပွဲအတွက် ဂုဏ်ယူမည်မုချ။ ကျွန်မ ညီမက ခွဲစိတ်ဆရာဝန်ကိုပြောခဲ့သည်။

'အမေ့ကို ခွဲရင်လဲခွဲပါ၊ ဒါပေမယ့် ကင်ဆာဆိုရင်တော့ ဝေဒနာ သက်သက်သာသာနဲ့ အသက်ထွက်အောင် လုပ်ပေးမယ်ဆိုတာ ကတိပေးပါဆရာ' ဟု ပြောခဲ့သည်။ သူကလည်း ကတိပေးခဲ့သည်။ သူ့ကတိသည်လည်း ကတိမျှသာ။

အမေသည် ခုတင်ပေါ်တွင် ပြားချပ်လျက်ရှိကာ အိပ်ပျော်နေသည်။ သူ့မျက်နှာက ဖယောင်းလို ဖြူဖွေးလျက်။ နှာခေါင်းက ကျုံ့ဝင်လျက်။ ပါးစပ်က ဟလျက်။ ကျွန်မ ညီမနှင့် ည သူနာပြုဆရာမတို့ စောင့်ကြလိမ့်မည်။ ကျွန်မသည် အိမ်သို့ပြန်လာခဲ့၏ ။ဆာ့တ်နှင့် စကားပြော၏ ။ စိတ်ငြိမ်အောင် ဖဲကစား၏ ။ ဆယ့်တစ်နာရီတွင် မျက်ရည်တို့

www.burmeseclassic.com



အန်ထွက် စီးကျကာ ကယောင်ကတမ်း ဖြစ်မှုကြီးအဖြစ် ပေါက်ကွဲ သွားခဲ့သည်။

ကျွန်မသည် ကိုယ့်ကိုယ်ကိုယ် အံ့သြနေသည်။ အဖေ ဆုံးစဉ်က တစ်ချက်ကလေးမျှ မငိုမိခဲ့။ 'အမေဆုံးရင်လဲ ငါတော့ ဒီလိုပဲနေမှာပဲ'ဟုပင် ကျွန်မညီမကို ပြောခဲ့ဖူးသည်။ ထိုညအထိ ထိုအပူအကြောင်းကို ကျွန်မ နားမလည်ခဲ့။ ကျွန်မခေါင်းတစ်ခေါင်းလုံး ဖုံးအောင် အပူတွေ စီးကျလာသည့်တိုင် ကျွန်မသည် ထိုအပူများ ကြားထဲတွင် ကျွန်မ ကိုယ်ကို ကျွန်မ သိထားပါသည်။ ယခုတစ်ကြိမ်တွင်မူ ကျွန်မ၏ စိတ်ပျက် အားငယ်မှုဟူသမျှတို့ကို ကျွန်မ ချုပ်တည်းခြင်းငှာ မတတ်နိုင်တော့။ ကျွန်မကိုယ်ထဲတွင် ကျွန်မ မဟုတ်သော တစ်စုံတစ်ယောက်သည် ငိုကြွေးနေ လေပြီ။ မနက်ခင်းက ကျွန်မ တွေ့ခဲ့ရသော ဟနေသည့် အမေ့ပါးစပ်နှင့် ထိုရှုခင်းကို ကြည့်၍အာရုံထဲတွင် ထင်လာ သော ကျွန်မ၏ ခံစားချက်တို့ကို ဆာ့တ်အား ဖွင့်ပြော မိသည်။ လိုဘမပြည့်ခြင်း၊ မတတ်သာတော့၍ မာန်လျှော့ ရခြင်း၊ မျှော်လင့်ခြင်း၊ အတိဒုက္ခရောက်ခြင်း (မွေးတော့လည်း တစ်ယောက်တည်း သေတော့လည်း အဖော်မပါ တစ်ယောက်တည်း သေသွားရသဖြင့်) အထီးကျန်ဖြစ်ခြင်း စသည်တို့သည် ထိုဟနေသော အမေ့ပါးစပ်တွင် ပေါ်လွင် နေပါသည်။ အမေသည် ဘဝတွင် အထီးကျန်ဖြစ်နေရ သည်ကို ဝန်ခံချင်ပုံ မရပါ။ ကျွန်မ ပါးစပ်သည်လည်း

www.burmeseclassic.com



ထို့အတူပင် ဖြစ်သည်ဟု ဆာ့တ်က ပြောပါသည်။ ကျွန်မသည် အမေ့ပါးစပ်ကို ကျွန်မ မျက်နှာပေါ်တွင် တပ်ဆင်ကြည့်ကာ အမေ့ ပါးစပ်လှုပ်ရှားသလို လှုပ်ရှားကြည့်ပါသည်။ ထိုအခါ၌ အမေ၏ ခန္ဓာကိုယ်ကြီးတစ်ခုလုံး၊ အမေ၏ ဖြစ်တည်မှု တစ်ခုလုံးသည် စုပြုံရောက်လာကြပါသည်။ ကရုဏာတရားသည် ကျွန်မနှလုံးသားကို ဆွဲယူဖျစ်ညှစ်နေသကဲ့သို့ ရှိပါသည်။

အမေသည် ပျော်ရွှင်သော ကလေးတစ်ယောက်ဖြစ်ခဲ့ရဟန်မတူပါ။ သူ့ကလေးဘဝတွင် ကြည်နူးလွမ်းဆွတ်စရာဟူ၍ တစ်ခုသာရှိသည်ကို ကျွန်မ သတိရ၏ ။ ယင်းမှာ လောရိန်းနယ် ရွာကလေး တစ်ရွာရှိ သူ့အဘွား၏ ဥယျာဉ်ကလေး ဖြစ်သည်။ ဥယျာဉ်ထဲတွင် ဆီးပင်တွေက စိမ်းစိမ်းစိုစို။ သင်ပင်ပန်းမန်များကြောင့် နွေးနေသည်။ ဗာဒွန်းတွင် သူငယ်ငယ်က နေခဲ့ရပုံကိုမူအမေသည် ကျွန်မကို တစ်ခါမျှ မပြောပြခဲ့ဖူးပါ။ အမေ့ရှစ်နှစ်သမီးလောက်တုန်းက ဒေစီပန်းကလေးတစ်ပွင့်ကို ဝတ်စားထားပြီး ရိုက်ထားသည့် ဓာတ်ပုံတစ်ပုံရှိသဖြင့် 'အမေ့အဝတ်အစားလေးတွေက သိပ်လှတာပဲနော်' ဟု ကျွန်မ ပြောသည်။

'ဟုတ်တယ်၊ ဒါပေမယ့် ခြေအိတ်ရှည်အစိမ်းရောင်က ဆိုးဆေး မကောင်းတော့ ဆိုးဆေး အစိမ်းတွေ လူမှာ ပေနေလိုက်တာ တော်တော်နဲ့ မပျောက်နိုင်ဘူး၊ သုံးလေးငါးရက်ရှိမှ ပျောက်သွားတယ်'

www.burmeseclassic.com



အမေ၏ အသံကမကြည်မလင်။ ခါးသီးနာကြည်းစရာကောင်းသည့် အတိတ်သည် သူ့စိတ်ထဲသို့ ပြန်ရောက်လာပုံရသည်။ သူ့အမေ(ကျွန်မအဘွား) ပစ်ပစ်ခါခါနေတတ်ပုံကိုလည်း ကျွန်မကို တစ်ကြိမ်မက ပြောပြဖူးသည်။ ကျွန်မအဘွားသည် အသက်ငါးဆယ်ရောက်သည့်အခါတွင် စကားနည်းသွားပြီး တစ်ခါတစ်ရံတွင် မောက်မာတတ်သေးသည်ဟု ဆိုသည်။ အရယ်အပြုံးဟူ၍ သိပ်မရှိလှ။ အတင်းလည်း အလွန်ပြောတတ်သည်။ အမေ့ကိုလည်း ဟက်ဟက်ပက်ပက် ချစ်ပုံမရဘဲ သာမန်မျှသာ။ အဘွားသည် လင်ကို ချစ်ဖို့လောက်ကိုသာ နားလည်ပြီး သားသမီးများကို ဒုတိယနေရာတွင် ထားပါသည်။ အဘိုးနှင့် ပတ်သတ်၍မူ အမေက မကျေနပ်သံဖြင့် 'ညည်းတို့အဘိုးကတော့ ညည်းဒေါ်လေးလီလီကိုပဲ ချစ်တာ၊ ကျန်တာတွေကို သူ့စာရင်းထဲ ထည့်တာ မဟုတ်ပါဘူး'

ဒေါ်လေးလီလီသည် အမေ့ထက် ငါးနှစ် ငယ်ပြီး ပန်းနုရောင်ကြွကာ အလှသွေးကြွယ်နေပါသည်။ အမေသည် သူ့ညီမငယ်ဒေါ်လေးလီလီအပေါ်တွင် ကြီးသည်အထိ မနာလို တိုရှည်ဖြစ်တတ်သည်။ ကျွန်မ အရွယ်ရောက်လာသည်အထိ အမေသည် ကျွန်မ ဉာဏ်ကောင်းပုံ၊ လိမ္မာယဉ်ကျေးပုံတို့ကို ချီးမွမ်းခန်း ဖွင့်တတ်သည်။ ကျွန်မကို သူနှင့်တူသည်ဟု ပြောလေ့ရှိပြီး ကျွန်မထက်အငယ်ပိုပေးကိုမူ နှိမ်တတ်ပါသည်။ ပိုပေးမှာ ပန်းနုရောင် ကြွကာ

www.burmeseclassic.com



အလှသွေးကြွယ်သူ ဖြစ်ပါသည်။ သို့ဖြင့် အမေသည် သူ မသိဘဲ သူ့ညီမကိုပြန်၍လက်စားချေနေခြင်းဖြစ်ပါသည်။

အမေသည် သူ နေခဲ့ရသည့် လေဆွာဆော သီလရှင် ကျောင်းနှင့် သီလရှင်ဆရာကြီးအကြောင်းကိုမူဂုဏ်ယူ၍ ပြောလေ့ရှိ၏ ။ သဘောကောင်းသော သီလရှင်ဆရာကြီး သည် အမေ၏ မာနစိတ်ကို နှစ်သိမ့်မှု ပေးခဲ့ပါသည်။ သူတို့ အတန်းသားများ ရိုက်ထားသည့် ဓာတ်ပုံတစ်ပုံကို အမေပြဖူး၏ ။ ပန်းခြံထဲတွင် သီလရှင်နှစ်ယောက် ခြံရံ၍ ရိုက်ထားသည့် မိန်းကလေးခြောက်ယောက်၏ ပုံဖြစ်ပါသည်။ လေးယောက်မှာ အဝတ်နက်ဝတ်ထားကြသော ဘော်ဒါ ကျောင်းသူများဖြစ်ပြီး နှစ်ယောက်မှာ အဝတ်နက် ဝတ် ထားကြသော နေ့ကျောင်းသူများဖြစ်သည့် အမေနှင့် သူ့ သူငယ်ချင်း တစ်ယောက်တို့ ဖြစ်ပါသည်။ သူတို့အားလုံး ဝတ်ရုံရှည်ကြီးတွေ၊ အင်္ကျီရှည်ကြီးတွေ ဝတ်ပြီးဆံထုံးကြီး တွေထုံးထားကြပါသည်။ သူတို့ မျက်လုံးများထဲတွင် မည်သည့်အရိပ်အယောင်ကိုမျှ ဖမ်း၍မရပါ။ အမေသည် မြို့ငယ်ကလေးတွင် နေရသည့် မိန်းကလေးတို့၏ ပိပြားမှုနှင့် သီလရှင်ကျောင်းသူတို့၏ အလွန်တင်းကျပ်သော စည်းကမ်း ကလနားများအောက်တွင် လူလားမြောက်လာရသူဖြစ်ပါ သည်။

အသက်နှစ်ဆယ်သို့ ရောက်သည့်အခါတွင် အမေသည် နောက်ထပ် စိတ်ထိခိုက်စရာ တစ်ခုနှင့် ကြုံရပြန်သည်။

www.burmeseclassic.com



ယင်းမှာ အမေနှင့်ကြိုက်နေသည့် (ဆွေမျိုးတစ်ယောက်)သည် သူ့ကို စွန့်ပစ်ကာ အခြားမိန်းကလေး တစ်ယောက်နှင့် ကြိုက်သွားခြင်းပင် ဖြစ်ပါသည်။ ထိုမိန်းကလေးမှာလည်း အခြားသူ မဟုတ်ပါ။ ကျွန်မတို့ ဝမ်းကွဲအဒေါ် ဂျာမိန်း ဖြစ်ပါသည်။ ဤသို့သော စိတ်ပျက်အားငယ်စရာ နာကြည်း စရာများနှင့် ကြုံခဲ့ရသည့်အတွက် အမေသည် ဘဝ တစ်လျှောက်လုံးတွင် ဆတ်ဆတ်ထိမခံဖြစ်ကာ ချဉ်တူးလာ ခဲ့ပါသည်။

အဖေနှင့် တွေ့သည့်အခါတွင်မှ အမေသည် စိုပြည် လန်းဆန်းလာခဲ့ခြင်းဖြစ်ပါသည်။ အမေသည် အဖေ့ကို တော်တော်ချစ်ပါသည်။ တော်တော်မြတ်နိုးပါသည်။ သူနှင့် ပေါင်းသင်းလာခဲ့သည့် ပထမဆယ်နှစ်အတောအတွင်းတွင် အဖေသည် အမေ့ကို ပျော်အောင်ထားနိုင်ခဲ့ပါသည်။ အဖေ သည် မိန်းမတွေကို ချစ်တတ်ပါသည်။ သူ့တွင် မိန်းမပြဿနာ တော်တော်များများ ရှိခဲ့ပါသည်။ အဖေသည် မာစယ်ပရုကို စွဲစွဲလမ်းလမ်းဖတ်လေ့ရှိပြီး မာစယ်ပရုကဲ့သို့ပင် ကိုယ့်မိန်းမ ကို ချစ်ရာတွင် မယားငယ်ကိုချစ်သည့် ထက်သန်မှုမျိုးထက် မလျော့စေရဟု ယူဆသူဖြစ်ပါသည်။ (အထက်နှုတ်ခမ်း ပေါ်တွင် နှုတ်ခမ်းမွေးနုနုကလေးများ ပေါက်နေသည့် အမေ့မျက်နှာသည် ရမ္မက်ကြီးသည့်အသွင်ကို ဆောင်နေ ပါသည်။ သူတို့နှစ်ဦးကို ကြည့်လျှင်လည်း ထိုသဘောသည် ပေါ်နေတတ်ပါသည်။ အဖေသည် အမေ့ကို ပွတ်သီးပွတ်သပ်

www.burmeseclassic.com



လုပ်နေတတ်ပြီး တွတ်တီးတွတ်တာတွေ ပြောနေတတ်ပါသည်။ ကျွန်မ ခြောက်နှစ်ခုနစ်နှစ် သမီးအရွယ် တစ်မနက်တွင် ကျွန်မ မြင်ရသည့် ရှုခင်းကို ကျွန်မ မှတ်မိနေပါသေးသည်။ အမေသည် ညဝတ်အင်္ကျီဖြူကို ဝတ်ကာ ဆံပင်ပခုံးပေါ် ဝဲတင်ကာ ဖြန့်ချထားရင်း အခန်းပြင်ဘက် စင်္ကြံက ကော်ဇောနီကြီးပေါ်တွင် ဖိနပ်မပါရပ်နေပါသည်။ ဝင်းကြည်နေသော အမေ့အပြုံးကိုကြည့်၍ ကျွန်မအံ့အားသင့်သွားပါသည်။ ထိုအပြုံးသည် သူထွက်လာခဲ့သော အိပ်ခန်းနှင့် ဆက်စပ်နေသောကြောင့် ဖြစ်ပါသည်။ ထိုဝင်းထိန်တောက်ပနေသော ရုပ်သွင်သည် လေးစားမြတ်နိုးဖွယ်ကောင်းသော မိန်းမတစ်ယောက်ဖြစ်သည့် ကျွန်မ အမေ ဟုတ်ပါလေစဟု ကျွန်မ ထင်လိုက်မိသေးသည်။)

သို့ရာတွင် ကလေးဘဝကို ဘယ်အရာကမျှ ဖုံးအုပ်ဖျောက်ဖျက်၍ မရနိုင်ပါ။ အဖေ၏ တစ်ကိုယ်ကောင်းဆန်မှုတို့သည် ဖုံးမရအောင် ပေါ်လာခဲ့လေပြီ။ အမေက အီတလီပြည်က အင်းအိုင်များကို ကြည့်ချင်ပါသည်။ သို့ရာတွင် အဖေသည် နီးစ်မြို့သို့ ရောက်သည့်အခါတွင် မြင်းပွဲရာသီစသို့ ရောက်သဖြင့် ထိုမြို့မှာပင် ခရီးဆုံးကာ ပြန်လာခဲ့ကြရပါသည်။ နောင်သောအခါတွင် အမေသည် ထိုအကြောင်းကို တဖွဖွ ပြောတတ်ပါသည်။ အမေသည် ခရီးသွားရခြင်းကို နှစ်သက်ပါသည်။ 'ငါက စွန့်စားသွားလာတဲ့ ခရီးသည်ကြီး တစ်ယောက် ဖြစ်ချင်တာ' ဟု

www.burmeseclassic.com



အမေက ပြောတတ်သည်။ အမေငယ်ငယ်က အပျော်ဆုံး အချိန်များမှာအဘိုး၏စီစဉ်ချက်အရဖောချ်သို့လည်းကောင်း၊ လူဇင်းဗတ်သို့လည်းကောင်း ဘိုင်စကယ်ဖြင့် ဖြစ်စေ၊ ခြေကျင်ဖြစ်စေ အပျော်ခရီးထွက်ရသည့် ကာလများ ဖြစ်ပါသည်။ အမေသည် သူ့စိတ်ကူးမျှော်မှန်းချက် တော်တော်များများကို စွန့်ခဲ့ရပါသည်။ အဖေ၏ အလိုကိုလိုက်ပြီး အကြိုက်ကို ဆောင်ရသည်က များပါသည်။ အဖေက မကြိုက်သဖြင့် အမေသည် မိတ်ဆွေ ပေါင်းဟောင်း သင်းဟောင်းများထံသို့လည်း အလည် မသွားရတော့ပါ။ သူတို့ ယောကျ်ားများနှင့် ပေါင်းရသင်းရသည်မှာ ငြီးငွေ့ ဖွယ်ကောင်းသည်ဟု အဖေက ပြောသဖြင့် မသွားရခြင်း ဖြစ်ပါသည်။ အဖေသည် ညှော်ခံပွဲများနှင့် ဇာတ်ခုံပေါ်မှာသာ အချိန်ကုန်ပါသည်။ အမေသည် သူသွားလေရာသို့ မညည်းမညူ လိုက်ခဲ့ပါသည်။ သူကိုယ်တိုင်ကလည်း လူမှုရေးကိစ္စများကို ဝါသနာပါသည်။ သို့ရာတွင် အမေ၏ အလှသည် အမေ့ရင်ထဲတွင်ရှိသည့် အခဲမကျေစိတ်ကို မဖုံးနိုင်ပါ။ ပါရီအသိုင်းအဝိုင်းတွင် အမေက တောဆန် ပါသည်။ သွက်လက်ချက်ချာခြင်း မရှိ၊ ခပ်လေးလေး ဖြစ်ပါသည်။ ပါရီအသိုင်းအဝိုင်းတွင် အမေ၏ တောခပ်ကျကျ၊ ခပ်ထိုင်းထိုင်းအမူအရာကို ကြည့်၍ လူတွေက ပြုံးကြပါသည်။ အချို့ညှော်ခံပွဲများတွင် တွေ့ရသည့် အချို့ မိန်းမများမှာ အဖေနှင့် မရှင်းမရှင်း ဖြစ်ခဲ့ကြဖူးသူများ

www.burmeseclassic.com



ဖြစ်ပါသည်။ မည်မျှတီးတိုးပြောကြမည်ကို တွေးကြည့်နိုင်ပါသည်။ အဖေသည် သူ့စားပွဲအံဆွဲထဲတွင် သူနောက်ဆုံးထားသည့် မယားငယ်တစ်ယောက်၏ ဓာတ်ပုံကို သိမ်းထားပါသည်။ ထိုမိန်းမမှာ ခပ်ချောချော ထက်ထက်မြက်မြက်ဖြစ်ပြီး တစ်ခါတစ်ရံတွင် သူ့ယောကျ်ားနှင့်အတူ ကျွန်မတို့အိမ်သို့ပင် အလည်လာတတ်ပါသေးသည်။ နောင်အနှစ်သုံးဆယ်ကြာသည့်အခါတွင် အဖေက ရယ်ရယ်မောမောဖြင့် 'အံဆွဲထဲက ဓာတ်ပုံကို မင်းလွှင့်ပစ်လိုက်တာပါ' ဟုပြောပါသည်။ အမေက ငြင်းပါသည်။ သို့ရာတွင် အဖေကမယုံပါ။ တစ်ခုမူ သေချာပါသည်။ လက်ထပ်ပြီး၍ မင်္ဂလာခရီးစထွက်စဉ်ကပင်လျှင် အမေ၏ အချစ်နှင့် အမေ၏မာနသည် ဒဏ်ရာရခဲ့ပြီဆိုသည့်အချက်ပင် ဖြစ်ပါသည်။ အမေသည် အချစ်ကြီးသလောက် အမှတ်သည်းခြေကြီးသူဖြစ်ပါသည်။ သူ့ဒဏ်ရာများသည် ဖြည်းဖြည်းကျမှသာကျက်သွားတတ်ပါသည်

ထို့နောက်တွင် ကျွန်မတို့အဘိုး စီးပွားပျက်ပါသည်။ အမေ အရှက်ရကာ ဗာဒွန်းမှ ဆွေမျိုးများအားလုံးနှင့်အဆက်ဖြတ်လိုက်ပါသည်။ မင်္ဂလာဆောင် အပြီးတွင်ပေးမည်ဟု ပြောထားသော ခန်းဝင်ပစ္စည်းများကိုလည်းအဖေ့ကိုမပေးနိုင်တော့ပါ။ ထိုသို့မပေးနိုင်သည့်အတွက်အဖေ့ဘက်က ဘာမျှပြောဆိုခြင်းမပြုသည့်အတွက် အဖေ့ဘက်က သဘောထားကြီးသည်ဟု အမေ ယူဆပါသည်။

www.burmeseclassic.com



ထိုကိစ္စနှင့်ပတ်သက်၍ အမေသည် အဖေ့အပေါ်တွင် တစ်သက်လုံးကျေးဇူးတင်လျက်ရှိကာ သူ့အပြစ်ကိုသူမလုံမလဲ ဖြစ်နေပါသည်။

သို့တိုင်အောင် အမေတို့ အိမ်ထောင်ရေးသည် အောင်မြင်သော အိမ်ထောင်ရေး ဖြစ်ပါသည်။ သမီးနှစ်ယောက်ကို မွေးထုတ်ပေးခဲ့ပါသည်။ စားနိုင်သောက်နိုင်ချောင်ချောင်လည်လည် ရှိခဲ့ပါသည်။ စစ်ပြီးသွားသည်အထိ အမေသည် ကံကြမ္မာနှင့်ပတ်သက်၍ တစ်လုံးတစ်ပါဒမျှ ညည်းညူခြင်း မပြုခဲ့ပါ။ အမေသည် သူ့မိသားစုကို ချစ်ခင်တွယ်တာပါသည်။ ပျော်ပျော် နေတတ်ပါသည်။ အမေ၏ အပြုံးသည် ကျွန်မနှလုံးသားကို ရွှင်ပြုံးစေခဲ့ပါသည်။

အဖေ့အခြေအနေပြောင်းသွား၍ ကျွန်မတို့တစ်တွေ ဆင်းဆင်းရဲရဲနေရသည့်အခါများတွင် အမေသည် အိမ်တွင် အစေခံတွေ ဘာတွေ မထားတော့ဘဲ အိမ်မှုကိစ္စကို သူကိုယ်တိုင် လုပ်ရန် ဆုံးဖြတ်ရပါသည်။ သို့ရာတွင် အမေသည် အိမ်ထောင်မှုကိစ္စတွေကို လုပ်ရသည်ကို နည်းနည်းကလေးမျှ မပျော်ပါ။ ထိုအလုပ်များကို လုပ်ရသည်မှာ သေးသိမ် အောက်ကျသည်ဟု ထင်ပါသည်။ အမေသည် အဖေနှင့် ကျွန်မတို့တစ်တွေကို ကိုယ်ကျိုးမဖက် ပြုစုယုယနိုင်ပါသည်။ သို့ရာတွင် 'သင်းတို့တစ်တွေအတွက် ငါက အနာခံရတာ၊ ငါက စွန့်လွှတ်ရတာ' ဟု ထင်ပုံရပါသည်။ အမေ့တွင် ဖြစ်နေသည့် ဝိရောဓိမှာ

www.burmeseclassic.com



တစ်ဖက်ကလည်း လင်နှင့် သားသမီးတွေကို ပြုစုစောင့်ရှောက်ချင်သည်။ တစ်ဖက်ကလည်း သူ့ကိုယ်ပိုင်ဝါသနာတွေ၊ မျှော်မှန်းချက်တွေ၊ ဆန္ဒတွေ ရှိနေခြင်းပင်ဖြစ်ပါသည်။ အမေသည် သူ့ကိုယ်သူ ခြိုးခြံထိန်းချုပ်နေရသော်လည်း သူ့တွင် သူကြိုက်သလို လွတ်လွတ်လပ်လပ် နေချင်စိတ် တဖွားဖွား ပေါ်နေပါသည်။

နောင်အနှစ်နှစ်ဆယ်ကြာသည့်အခါတွင်မှ သူ့စိတ်ဆန္ဒအတိုင်း လွတ်လွတ်လပ်လပ် လုပ်ခဲ့ရခြင်းမှာ ထိုအချိန်က အစွဲအလမ်းတွေ ရှိနေခြင်းကြောင့် ဖြစ်ပါသည်။ အစွဲအလမ်းတွေကသာ အတားအဆီးမလုပ်ခဲ့လျှင် အမေသည် ထိုထက်ပင် ခပ်စောစော အိမ်မှထွက်ကာ တခြားတစ်ရပ်တစ်ကျေးသို့သွား၍ အလုပ်လုပ်မည် ဖြစ်ပါသည်။ အမေသည် မှတ်ဉာဏ်ကောင်းသလောက် ဇွဲရှိပါသည်။ အလုပ်ကိုလည်း ကြိုးစားပါသည်။ ထိုစဉ်ကသာ အမေအလုပ်ထွက်လုပ်ခဲ့လျှင် အမေသည် ယခုလောက်ဆို ရုံးအုပ်မကြီးပင် ဖြစ်နေတော့မည်။ စာအုပ်ဆိုင်တွင် လျှင်လည်း အလုပ် ဝင်လုပ်လောက်ပြီ။ သို့ဆိုလျှင် သူသည် လင်နှင့် သားသမီးများ၏ထံ ကျွန်ခံနေရမည့်အစား သူ့မာနနှင့်သူ ခေါင်းမော့နိုင်လောက်ပြီ။ သူ့အပေါင်းအသင်းနှင့်သူ ရှိလောက်ပြီ။ လင်နှင့်သားသမီးတွေအပေါ် မှီခိုနေရသော အဖြစ်မှလည်း လွတ်လောက်ပြီ။ လင်နှင့်သားသမီးတို့ အပေါ်တွင်မှီခိုနေရခြင်းသည် ထုံးတမ်းစဉ်လာအရ သဘာဝ

www.burmeseclassic.com



ကျသည့် ကိစ္စဖြစ်သော်လည်း အမေ့သဘာဝနှင့်မူ တခြားစီ ဖြစ်ပါသည်။ ထိုသို့သာဖြစ်ခဲ့လျှင် အမေသည် နောင်တွင် တွေ့ကြုံရမည့် စိတ်ပျက်အားငယ်စရာများကို ယခုထက်ပို၍ တည်ငြိမ်စွာ ခံနိုင်လိမ့်မည်ဟု ကျွန်မ ထင်ပါသည်။

ကျွန်မသည် အဖေ့ကိုလည်း အပြစ်မတင်လိုပါ။ ယောကျ်ားဆိုသည်မှာ ဝါသနာကို ဖျောက်နိုင်ခဲပါသည်။

အမေ့တွင် လတ်ဆတ်မှုကုန်ခန်းသွားသောအခါတွင် အဖေသည်လည်း စိတ်ဝင်စားမှု လျော့နည်းသွားပါသည်။ ထိုအခါမျိုးတွင် အဖေသည် ကာဖေးဒီဗာဆိုင်းလ် ရပ်ကွက်ရှိ ပြည့်တန်ဆာမများဆီသို့ လည်းကောင်း၊ စဖင့်စ်မှ မိန်းမငယ် များဆီသို့လည်းကောင်း ခြေဦးလှည့်ပါသည်။ ကျွန်မ ဆယ့်လေး ငါးနှစ်နှင့် နှစ်ဆယ်အရွယ်အထိ အဖေသည် မိုးထိန်ထိန်လင်းမှ အရက်နံ့တထောင်းထောင်းနှင့် ပြန်လာ ကာ ညက ဘယ်သူနှင့် ပိုကာ ကစားနေလို့ ဘယ်မှာ ဘရစ်ချ်ကစားနေလို့ ဆိုသည့် မရေရာသော အကြောင်း ပြချက်များကို ပြတတ်သည်ကို ကျွန်မ တစ်ကြိမ် နှစ်ကြိမ် မက ကြုံဖူးပါသည်။ အမေသည် ဘာမျှမပြောပါ။ အဖေ့ စကားကို ယုံကြည်ထားသောကြောင့်လားတော့ မပြော တတ်ပါ။ အမေသည် ထိုသို့သော အဖြစ်မှန်တွေကို မပြောရ၊ မသိယောင် ပြုနေရမည် ဟူသော အဆုံးအမ အောက်တွင် ကြီးပြင်းလာခဲ့ရသူဖြစ်ပါသည်။ သို့ရာတွင် အမေ့စိတ်ထဲတွင်မူ အဖေ ထိုသို့ နေထိုင်သည်ကို ခံစား

www.burmeseclassic.com



နေရဟန်တူပါသည်။ အမေ၏အဖြစ်ကို ကြည့်ပြီးသည့်နောက်တွင် ဘူဇွာအိမ်ထောင်ရေးဟူသည် သဘာဝမကျသည့် ထုံးတမ်းဓလေ့ကြီးတစ်ခုမျှသာ ဖြစ်သည်ကို ကျွန်မ သဘောပေါက်သွားပါသည်။ လက်ပေါ်တွင် ဝတ်ထားသည့် လက်ထပ်လက်စွပ်အလိုအရဆိုလျှင် အဖေသည် အမေ၏ ကာမပိုင်လင်ပင် ဖြစ်ပါသည်။ အရွယ်ကလည်းကောင်းတုန်း ဆူဖြိုးတုန်း ဖြစ်ပါသည်။ အသက် သုံးဆယ့်ငါးနှစ်တွင် အမေသည် အိမ်ထောင်ရေးအရသာကို ခံစားခွင့် ဆုံးရှုံးခဲ့ရပါသည်။ အမေသည် သူချစ်သော ယောကျ်ားဘေးတွင် အိပ်ရုံသာအိပ်နေရသူဖြစ်ပါသည်။ ထိုယောကျ်ားသည် သူ့ကို ယုယချစ်ခင်ခြင်း မရှိတော့ပါ။ အမေသည် မျှော်လင့်စောင့်စားကာ သက်ပြင်းတချချနှင့် ရှိနေသော်လည်း အချည်းနှီးသာ ဖြစ်ပါသည်။ လင်က တွေ့ကရာ မိန်းမနှင့်လိုက်၍ အပျော်ကြူးနေသည်နှင့် စာလျှင် စကတည်းက အပြပွဲစရိယ သိက္ခာပုဒ်ကို စောင့်ထိန်းခဲ့သည်ကမှ ခံသာဦးမည် ဖြစ်ပါသည်။ ဤတွင် အမေ၏စိတ်ဓာတ် ပျက်ပြားလာခြင်းကို ကျွန်မ မအံ့သြတော့ပါ။ တစ်ယောက်နှင့်တစ်ယောက် ရန်ဖြစ်ကြ၊ တော်တော်ကြာ ပြန်တည့်လိုက်ကြ၊ တော်တော်ကြာ ဖြစ်လိုက်နှင့် လူရှေ့သူရှေ့ပင်မရှောင်ကြတော့'ကျွန်တော့် မိန်းမက စိတ်ထားကိုက ဆိုးတာဗျ'ဟု အဖေက ပြောတတ်ပါသည်။ အမေက သူစိတ်မြန်ကြောင်း ဝန်ခံပါသည်။ သို့ရာတွင် 'ဒီဗူးဗွားဟာ သိပ်စိတ်ကောက်

www.burmeseclassic.com



တတ်တယ်၊ စိတ်မမှန်ဘူး’ ပြောသံကို ကြားရသည့်အခါ တွင်မူကား အမေ တော်တော် နာပါသည်။

ငယ်ငယ်တုန်းကဆိုလျှင် အမေသည် အဝတ်အစားကို တော်တော်ခုံမင်ပါသည်။ ကျွန်မအစ်မကြီးနှင့် တူသည်ဟု လူတွေက ပြောကြလျှင် အမေသည် တပြုံးပြုံးဖြစ်နေတတ် ပါသည်။ ကျွန်မ အဖေ၏ ဝမ်းကွဲညီ တစ်ယောက်မှာ အမေစန္ဒရားတီးလျှင် ချယ်လိုလိုက်၍ တီးတတ်ပါသည်။ အမေ့ကိုလည်း လေးစားခင်မင်၍ အရေးပေးပါသည်။ သူလက်ထပ်သွားသည့်အခါတွင် အမေသည် သူ့မိန်းမကို အလိုလို မုန်းနေပါသည်။ အမေသည် အိမ်ထောင်ရေး တွင်လည်း အဆင်မပြေ၊ လူမှုရေးတွင်လည်း အဆင်မပြေ ဖြစ်လာသည့်အခါ အဝတ်အစားကိုလည်း ဂရုမစိုက်တော့ဘဲ ကပျစ်ကညစ်ပင်နေတတ်ပါသည်။ ဝတ်ကောင်းစားလှနှင့် သွားရမည့် တကယ့်ပွဲကြီးလမ်းကြီးမျိုးလောက်ကျမှသာ ကောင်းကောင်းမွန်မွန် ဝတ်ပါသည်။ တစ်ခါ ကျွန်မ ကျောင်းပိတ်၍ ပြန်စဉ်က အဖြစ်အပျက်တစ်ခုကို ကျွန်မ သတိရပါသေးသည်။ အမေသည် ကျွန်မတို့ကို ဘူတာသို့ လာကြိုသည့်အခါတွင် မျက်နှာဖုံးတပ်၍ ရသည့် ကတ္တီပါ ဦးထုပ်လှလှကလေးကို ဆောင်းထားပြီး မျက်နှာတွင်လည်း ပေါင်ဒါတွေ ဘာတွေ လိမ်းထားပါသည်။ ကျွန်မက ဝမ်းသာအားရဖြင့် ‘အမယ်၊ တို့အမေကြီးက ဘယ်ဆိုးလဲ ဟေ့၊ အပျိုကလေးရှုံးနေတာပဲ’ဟု ပြောသည်တွင် အမေသည်

www.burmeseclassic.com



အားရပါးရ ရယ်နေပါသည်။ အမေသည် ကြော့ကြော့မော့မော့ လှလှပပ နေရသည်ကို ဂုဏ်မယူတော့ပါ။ အမေသည် ကိုယ်ခန္ဓာ အတ္တဘောကြီးကို ဖြစ်ကတတ်ဆန်း ထားသည် အထိ ရွံရှာစက်ဆုပ်ရမည်ဟူသော သီလရှင်ကျောင်းက ပေးလိုက်သည့် အသိကို ကျွန်မတို့ ညီအစ်မနှစ်ယောက် ကိုသွတ်သွင်းပေးပါသည်။ သူကိုယ်တိုင်လည်း နှလုံးသွင်း ပါသည်။ ဤတွင်လည်း အမေ၏ ဝိရောဓိ တစ်ချက်ကို ကျွန်မသွားတွေ့ရပြန်ပါပြီ။ အမေသည် ဤသို့သာ နှလုံး သွင်းသော်လည်း သူ့ကိုယ်သူ လှချင်ပါသည်။ အမြောက် ကြိုက်ပါသည်။ သူ့ကိုမြှောက်ပြောလျှင် ကျေနပ်နေတတ် ပါသည်။ အဖေ၏ မိတ်ဆွေတစ်ဦးက သူ့စရိတ်နှင့်သူ စာအုပ်တစ်အုပ် ရေးထုတ်ပြီး ထိုစာအုပ်တွင် 'ကျွန်တော် လေးစားမြတ်နိုးသော ဖရန်ဆွာဒီဗူးဗွားသို့'ဟု ရည်ညွှန်းချက် တပ်လိုက်ရာ အမေသည် အကြီးအကျယ် ဂုဏ်ယူမဆုံး ဖြစ်နေပါသည်။ သူ့ ရည်ညွှန်းချက်ကလည်း မရှင်းမရှင်း ဖြစ်ပါသည်။ အမေသည် ဣန္ဒြေမဆောင်နိုင်လောက်အောင် အရေးပေးခံချင်သူဖြစ်ရာ ထို့ကြောင့်ပင်လျှင် လူတွေက သူ့ကို အရေးမပေးချင်တော့ဘဲ ဖြစ်လာကြပါသည်။

အမေ့မှာ အိမ်ထောင်ရေးသုခလည်း မရှိ မာနတက်စရာ လည်း မရှိတော့ဘဲ အောက်ကျနောက်ကျ နိုင်သည်ဟု ထင်သော အိမ်မှုကိစ္စများနှင့်သာ လုံထွေးနေရသည့် အတွက် ခေါင်းမာ၍ မာနကြီးသော အမေသည် တော်တော်

www.burmeseclassic.com



တန်တန်ကို ခံနိုင်ရည်မရှိတော့ပါ။ အော်ကြီး ဟစ်ကျယ် ဒေါသထွက်လျှင် ထွက်၊ မထွက်လျှင်လည်း သီချင်းဆိုလိုက်၊ အတင်းပြောလိုက်၊ ရယ်စရာတွေ ပြောလိုက်ဖြင့် အချိန်ကုန် နေတတ်ပါသည်။ အဖေဆုံးပြီးသည့်နောက်တွင် စကားစပ် မိသဖြင့် ဒေါ်လေးဂျာမိန်းက အဖေသည် လင်ကောင်း တစ်ယောက်မဟုတ်ဟု စောင်းပါးရိပ်ခြည် ပြောရာ အမေသည် ဆတ်ဆတ်ထိမြစ်ကာ 'ဟဲ့ ငါ့ကိုတော့ ပျော် အောင်ထားခဲ့သဟဲ့'ဟု ကက်ကက်လန် ပြန်ပြောခဲ့ပါသည်။ သူ့ကိုယ်သူလည်း ထိုအတိုင်းယုံကြည်အောင် နှလုံးသွင်းဟန် တူပါသည်။ သို့ရာတွင် အတင်းလုပ်ယူရခြင်း ဖြစ်သဖြင့် သူ့ဆန္ဒမပြည့်ရှာပါ။ ထို့ကြောင့် အမေသည် သမီးများ ဖြစ်သော ကျွန်မတို့တစ်တွေကို ပြုစုစောင့်ရှောက်ခြင်းဖြင့် သူ့ကိုယ်သူ ဖြေသိမ့်ရပါသည်။

'ဘယ်သူတွေ ဘာပဲပြောပြော ငါဟာ ဘယ်တော့မှ တစ်ကိုယ်ကောင်းမကြံခဲ့ဘူး၊ သူများတွေအတွက် အသက် ရှင်ပေးခဲ့ရတာ'ဟု အမေက နောင်တွင် မကြာမကြာ ပြောတတ်ပါသည်။ ဟုတ်ပါသည်။ အမေသည် သူများ တွေအတွက် အသက်ရှင်ပေးနေရသည်ကတော့မှန်ပါသည်။ သို့ရာတွင် သူများတွေ 'စရိတ်ဖြင့်' သူများတွေအတွက် အသက်ရှင်ပေးနေခြင်း ဖြစ်ပါသည်။ အမေသည် အနိုင်ယူ ချင်ပါသည်။ အမေသည် အထက်က နေချင်ပါသည်။ ကျွန်မတို့ကို သူ့ဩဇာအောက်တွင် မလွန်ရဲအောင် သွင်း

www.burmeseclassic.com



ထားချင်ပါသည်။ သို့ရာတွင် ကျွန်မတို့တစ်တွေကလည်း အရွယ်ရောက်လာ၍ ကိုယ့်လမ်း ကိုယ်သွားကာ ကိုယ့်ဘာသာ ကိုယ် လွတ်လွတ်လပ်လပ် ဆုံးဖြတ်ချင်လာသည့်အခါတွင် ကျွန်မတို့နှင့် အမေသည် ဝိရောဓိဖြစ်လာကာ ထိုဝိရောဓိ သည် ပေါက်ကွဲလာပါသည်။ ထိုအခါတွင် သူအနိုင်ယူချင် သည့်စိတ်၊ အပေါ်စီးယူချင်သည့်စိတ်တို့သည်လည်း အမေ့ကို မကယ်နိုင်တော့ပါ။ ထိုအခါမျိုးတွင် အမေနှင့် ကျွန်မတို့ တစ်တွေ တကျက်ကျက် ဖြစ်ရပါသည်။

သို့ရာတွင် အမေသည် စိတ်ဓာတ်ပြင်းသူ ဖြစ်ရာ နောက်ဆုံးတွင် သူကသာ နိုင်သွားပါသည်။ ကျွန်မတို့ အိမ်တွင် အမေ့ဆန္ဒအရ တံခါတွေကို အကုန်ဖွင့်ထား ရပါသည်။ ကျွန်မအလုပ် လုပ်သည်ဆိုလျှင်လည်း သူ့ မျက်စိအောက် သူထိုင်နေသည့် အခန်းထဲတွင် လုပ်ရပါ သည်။ ညဆိုလျှင် ကျွန်မတို့ ညီအစ်မနှစ်ယောက် ခုတင်တစ်ခုမှ တစ်ခုသို့ လှမ်း၍ စကားပြောတတ်ကြရာ အမေသည်ကျွန်မတို့တစ်တွေ ဘာတွေပြောလဲဟု နံရံတွင် ကပ်၍ ချောင်းနားထောင်တတ်ပြီး 'ဟဲ့ကောင်မတွေ တိတ်ကြတော့'ဟု အော်တတ်ပါသည်။ အမေသည် ကျွန်မတို့ကို ရေကူးသင်ခွင့်မပေးပါ။ အဖေက ကျွန်မတို့ အတွက် ဘိုင်စကယ် ဝယ်ပေးမည်ပြုသော်လည်း အမေက ကန့်ကွက်ခဲ့ပါသည်။ ကျွန်မတို့ တစ်တွေသည် အမေ့ အရိပ် ထိုးလွန်းသည်ကို စိတ်ညစ်သဖြင့် သူမပါနိုင်အောင်

www.burmeseclassic.com



ဘိုင်စကယ်စီးကာ ကျွန်မတို့ဘာသာ ကျွန်မတို့ လွတ်လွတ်လပ်လပ် နေချင်ပါသည်။ အမေသည် ကျွန်မတို့တစ်တွေ ပျော်ပွဲရွှင်ပွဲလုပ်လျှင်လည်း ပါချင်ပါသည်။ သူကိုယ်တိုင်က လည်းဝါသနာပါ၊ ငယ်ငယ်တုန်းက သူတစ်ယောက်တည်း အကြည်ခံရသည့် အဖြစ်ကလည်း ရှိသဖြင့် ထိုသို့ နေရာတကာ ဝင်စွက်ခြင်းဖြစ်ဟန် တူပါသည်။ သူ့ကို ကျွန်မတို့အထဲသို့ မပါစေချင်ကြောင်း အရိပ်အယောင်ပြသည့်တိုင် အမေသည် အလိုက်ကန်းဆိုးမသိ အတင်းဝင်ပါတတ်သည်။

လာရီလဲယားတွင် နေစဉ်က တစ်ည ကျွန်မတို့အိမ် မီးဖိုခန်းထဲတွင် ကျွန်မတို့ လူငယ်တစ်သိုက်ဆုံကြပါသည်။ ယောကျ်ားလေးတွေရော မိန်းကလေးတွေရော ပါပါသည်။ မီးအိမ်တွေနှင့် ထွက်ကောက်၍ ရလာသော ခရုများကို ပြုတ်နေကြခြင်းဖြစ်ပါသည်။ ထိုစဉ်အမေသည် ကျွန်မတို့ ကလေးတွေ တစ်သိုက်ထဲသို့ ပေါက်လာကာ 'ငါလဲ ညည်းတို့နဲ့အတူ ညစာစားပိုင်ခွင့်ရှိတယ်' ဟု ဆိုကာ လာထိုင်နေပါသည်။ သူရောက်လာသဖြင့် ကျွန်မတို့တစ်တွေ စိတ်ညစ်ကုန်ကြသည့်တိုင် ထွက်မသွားဘဲ ထိုင်နေပါသည်။ တစ်ခါတွင် ကျွန်မတို့ ညီအစ်မနှင့် ကျွန်မတို့မောင်ဝမ်းကွဲ ဂျက်တို့ ဒေါ်တုန်နန်းတော်တံခါးတွင် ချိန်းကြပါသည်။ အမေလည်း လိုက်လာပါသည်။ ဂျက်ကမူ ပေါ်မလာပါ။ 'ငါလာတယ်၊ နင်တို့အမေကြီးမြင်တာနဲ့ ပြန်သွားတာ'ဟု

www.burmeseclassic.com



နောက်တစ်နေ့တွင် ဂျက်က ပြောပါသည်။ အမေသည် နေရာတကာတွင် ပါချင်ပါသည်။ သူငယ်ချင်း အပေါင်းအသင်းတွေကို အိမ်ဖိတ်ပြီး လက်ဖက်ရည်တိုက်လျှင် ‘ငါလဲနင်တို့အထဲမှာ ပါခွင့်ရှိတယ်’ဟု ဆိုကာသူချည်း စကားတွေ ပြောပါသည်။ ဗီယင်နာနှင့်မီလန်သို့ ရောက်တုန်းကဆိုလျှင် အမေသည် အစိုးရဧည့်ခံပွဲများက ဖိတ်လျှင် သူပါလိုက်လာပြီး နေရာတကာ လူတွင်ကျယ်လုပ်တတ်သဖြင့် ကျွန်မညီမမှာ မကြာခဏ စိတ်ပျက် စိတ်ညစ်ရပါသည်။

ဤသို့ ဇွတ်အတင်း ဝင်ရောခြင်း၊ လူတွင်ကျယ်လုပ်ခြင်းမှာ သူ့အတွက်ကို သူပြန်မွေးဖို့ အခွင့်အရေးဖြစ်ပါသည်။ အမေသည် လူတွင်ကျယ်လုပ်ရန် အခွင့်အရေး မရခဲ့ရှာပါ။ အိမ်ထဲတွင်သာ အချိန်ကုန်နေရသဖြင့် အပြင်အပေါင်းအသင်းလည်း သိပ်မရှိလှ။ အဖေရှိနေလျှင်လည်း အဖေက ရှေ့က ကာဆီးထားသဖြင့် အမေ့မှာ ပွဲတိုးဖို့ အခွင့်အရေး မရခဲ့ပါ။ ကျွန်မတို့ စိတ်အညစ်ဆုံးမှာ ‘ညည်းတို့အထဲမှာ ငါလည်းပါခွင့်ရှိတယ်’ဆိုသည့်စကားပင် ဖြစ်ပါသည်။ ထိုစကားမျိုးကို ပြောရပြီဆိုကတည်းက အမေ့တွင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကင်းနေကြောင်းကို ပြနေပါသည်။ အမေ၏ ဆန္ဒကလည်း များပါဘိခြင်း။ အမေသည် သူ့စိတ်ကိုလည်းသူမထိန်းနိုင်ပါ။ တစ်ခါတစ်ရံတွင်လည်း အမေသည် ဆဲဆိုကြိမ်းမောင်းနေတတ်ပါသည်။

www.burmeseclassic.com



သို့ရာတွင် သာမန်အားဖြင့်မူ အမေသည် အောက်ကျနောက်ကျနိုင်လွန်းသည်အထိ သူ့သိက္ခာကို သူ ထိန်းပါသည်။ အမေသည် အသေးအဖွဲကလေးများနှင့်ပတ်သက်၍ အဖေနှင့် စကားများကြသော်လည်း သူ့ထံမှ ပိုက်ဆံကို ဘယ်တော့မှ လက်ဖြန့်ခံ၍ မတောင်းဖူးပါ။ သူ့အတွက်လည်း ဘာမှမသုံး။ ကျွန်မတို့ ညီအစ်မနှစ်ယောက်အတွက်လည်း နည်းနည်းပါးပါးသာ သုံးပြီး အဖေ သူ့ဘာသာသူဖြုန်းသည်ကို အသာပင် ကြည့်နေပါသည်။ တနင်္ဂနွေနေ့များတွင် အဖေတစ်ယောက်တည်း အပြင်ထွက်သည်ကိုလည်း ဘာမှကန့်ကွက်ခြင်းမပြုပါ။ အဖေဆုံးပြီး ကျွန်မတို့ ညီအစ်မနှစ်ယောက်ပေါ်တွင် မှီခိုနေရသည့်အခါတွင်လည်း အမေသည် ထိုအတိုင်းပင် သူ့သိက္ခာကလေးနှင့်သူနေပြီး ကျွန်မတို့ ညီအစ်မ စိတ်အနှောင့်အယှက် မဖြစ်အောင် နေရှာပါသည်။ အမေသည် ကျွန်မတို့ညီအစ်မနှစ်ယောက်အပေါ်တွင် စောင့်ရှောက်ရန် ဝတ္တရား ရှိသော်လည်း မစောင့်ရှောက်နိုင်တော့သည့်အတွက် ထိုနည်းဖြင့် သူ့ခံစားချက်များကို ပြသရတော့သည်ဟု ထင်ပါသည်။ ယခင်ကမူ ကျွန်မတို့ကို ပြုစုစောင့်ရှောက်ခဲ့သလောက် ကျွန်မတို့အပေါ်တွင် မင်းမူနေခဲ့ပြီး ယခု သူဘာမှ မတတ်နိုင်တော့သည့်အခါတွင် ထိုသို့ ငြိမ်နေခြင်း ဖြစ်ဟန်တူပါသည်။

အမေသည် ကျွန်မတို့ညီအစ်မနှစ်ယောက်ကို ဘယ်သူနှင့်မျှ မတူအောင် ချစ်ရှာပါသည်။ ကျွန်မတို့မှာ သူ့ရင်ထဲ

www.burmeseclassic.com



တွင်ဖြစ်နေသည့် ဝိရောဓိများကို ကြည့်၍ ကြီးစွာ စိတ်မကောင်းခြင်း ဖြစ်ကြရသည်။ အမေသည် အမှတ်သည်းခြေကြီးသူဖြစ်ပါသည်။ သူ့အား နှစ်နှစ်နာနာ ပြောထားသည့် စကားတစ်ခွန်းကို နောင်နှစ်ပေါင်းသုံးလေးဆယ်တိုင်အောင် မမေ့ပါ။ သူ့စိတ်ထဲတွင် ကိန်းအောင်းနေသော ဒေါသပေါက်ကွဲပြီဆိုလျှင် ကြောက်စရာကောင်းအောင် အော်ကြီးဟစ်ကျယ်လုပ်ပြီး တစ်ဖက်သားကို ပိသာလေးနှင့် ဘေးပစ်သလိုရှိအောင် ရင့်ရင့်သီးသီး ပြောတတ်ပါသည်။ ကျွန်မတို့ ညီအစ်မနှစ်ယောက်အပေါ်တွင်မူ အမေသည် ရက်စက်ကြမ်းကြုတ်သည့် ကြင်နာမှုကို မကြာခဏပြတတ်ပါသည်။ ကြင်နာမှုကို ပြသပုံမှာ စိတ်ရှိလက်ရှိ အညှဉ်းဆဲခံရသည်ထက်ပင် တစ်ဖက်သား အခံရခက်လှပါသည်။ ထိုသို့လုပ်ခြင်းမှာ ကျွန်မတို့ကို စိတ်ညစ်အောင်လုပ်ခြင်း မဟုတ်ပါ။ ကျွန်မတို့အပေါ်တွင် သူ သြဇာအာဏာ ရှိကြောင်းပြချင်၍သာ ဖြစ်ပါသည်။

တစ်ခါတွင်ကျွန်မခရီးထွက်သွားစဉ် ကျွန်မညီမငယ် ပိုပေးက ကျွန်မထံစာတစ်စောင်ရေးလိုက်ပါသည်။ ထိုစဉ်က ပိုပေးမှာ အပျိုဘော်ဝင်စကလေးသာ ရှိပါသေးသည်။ သူ့နှလုံးသားရေးရာကိစ္စများကို ရေးလိုက်ခြင်း ဖြစ်ပါသည်။ ကျွန်မကလည်း အကျိုးအကြောင်းကို သူ့ထံ စာပြန်လိုက်ပါသည်။ အမေသည် စာကို ပိုပေးရှေ့တွင်ပင် ဖောက်၍ အသံထွက်ဖတ်ကာ စာထဲပါသည့် အတွင်းရေး

www.burmeseclassic.com



များကို အော်ကြီးဟစ်ကျယ်ဖြင့် ရယ်နေပါသည်။ ပိုပေးမှာ ဒေါသထွက်လှသဖြင့် နောင်တွင် အမေ့ကို ဘယ်တော့မှာ ခွင့်လွှတ်မည်မဟုတ်ကြောင်းဖြင့် ပြောပါသည်။ အမေသည် မျက်ရည်တွေတွေစီးကျကာ သူတို့နှစ်ယောက်ကို အဆင်ပြေအောင် လုပ်ပေးလိုက်ရန် ကျွန်မထံ စာရေးပါသည်။ ကျွန်မကလည်း ထိုအတိုင်းလုပ်ပေးခဲ့ပါသည်။

အထူးသဖြင့် အမေသည် ကျွန်မ ညီမငယ်အပေါ်တွင် ဩဇာပြတတ်ပြီး ကျွန်မတို့ ညီအစ်မနှစ်ယောက် ချစ်ချစ်ခင်ခင် နေကြသည်ကိုလည်း သိပ် ရှုဆိတ်ဟန်မတူပါ။ ကျွန်မက ဘာသာတရားကို ပစ်ပယ်သည့်အခါတွင် အမေသည် ဒေါသတကြီးဖြင့် ‘ဒီကောင်မ လွှမ်းမိုးတာကို မခံနဲ့၊ ညည်းဘက်က ငါရှိတယ်’ဟု အော်ကြီးဟစ်ကျယ်နှင့် ပြောခဲ့ပါသည်။ ကျောင်းပိတ်၍ အိမ်ပြန်လာသည့်အခါတွင် အမေသည် ကျွန်မတို့ ညီအစ်မနှစ်ယောက်ကို နှစ်ယောက်တည်း နေခွင့်မပေးတော့ပါ။ ဤတွင် ကျွန်မတို့ ညီအစ်မနှစ်ယောက်တည်းတွေ့ချင်လျှင် သစ်ချတောအုပ်တစ်ခုတွင် တိတ်တဆိတ်တွေ့ကြရပါသည်။ အမေ့မနာလိုဝန်တိုမှုသည် အမေ့ကို တစ်သက်လုံး နှိပ်စက်သွားပါသည်။ အမေဆုံးသည်အထိ ကျွန်မတို့ ညီအစ်မနှစ်ယောက်သည် အမေမသိအောင် တိတ်တဆိတ် တွေ့ကြရပါသည်။

သို့ရာတွင် အများအားဖြင့်မူ ကျွန်မတို့သည် အမေ၏ နွေးထွေးသော မေတ္တာကြောင့် စိတ်ထိခိုက်ခြင်း ဖြစ်ကြရ

www.burmeseclassic.com



ပါသည်။ ပိုပေးဆယ်ခုနစ်နှစ်သမီးအရွယ်သို့အရောက်တွင် သူ့အတွက် အဖေနှင့် 'ဦးလေး'ဟန်ဒရီယန်တို့ မကြာခဏ စကားများကြရပါသည်။ အမေသည် ပိုပေးဘက်မှ ကာကွယ်ပေးခဲ့ပါသည်။ ထိုစဉ်က အဖေသည် ပိုပေးကို စိတ်ဆိုးနေသဖြင့် တော်တော်နှင့်စကားမပြောဘဲ နေသည့်အချိန်ဖြစ်ပါသည်။ ပိုပေးက ငွေရေးကြေးရေးအတွက် ပန်းချီဆရာမလုပ်နိုင်ကြောင်း၊ အနုပညာဝါသနာအတွက် ပန်းချီဆရာလုပ်ခြင်းဖြစ်ကြောင်းပြောသည့်အခါတွင် အဖေသည် လုံးဝသဘောမတူပါ။ ပိုက်ဆံလည်း တစ်ပြားတစ်ချပ်မှ မထောက်တော့ပါ။ ကောင်းကောင်းလည်း မကျွေးတော့ပါ။ အမေသည် ပိုပေးဘက်မှရပ်ကာ ပိုပေး၏ ဝါသနာကို ကူညီဖြည့်ဆည်းခဲ့ပါသည်။ ကျွန်မနှင့် ပတ်သက်၍မူ အဖေဆုံးပြီး နောက်တွင် ကျွန်မအား အဖော်တစ်ယောက်နှင့်အတူ စိတ်ပြေလက်ပျောက် ခရီးထွက်သွားရန် စိတ်လိုလက်ရ ပြောဖူးသည်ကို ကျွန်မ မမေ့နိုင်ပါ။

အမေသည် ခွတီးခွတဖြစ်သဖြင့် အခြားသူများနှင့်လည်း ပလဲနံပ မသင့်လှပါ။ ကျွန်မတို့ ညီအစ်မနှစ်ယောက်ကို သွေးကွဲအောင် အမေကြိုးစားသည်ကို မြင်ရခြင်းလောက် သနားစရာကောင်းသည့်အရာ မရှိဟု ကျွန်မထင်ပါသည်၊ ကျွန်မတို့ မောင်ဝမ်းကွဲ ဂျက်က ကျွန်မတို့အိမ်သို့ အရောက်အပေါက် နည်းလာသည့်အခါ အမေသည် နှုတ်ခမ်းတလန် ပန်းတလန်နှင့် ရန်တွေ့တတ်ပါသည်။

www.burmeseclassic.com



သူကမူ သူ့အာသာပြေအောင် တွေ့ခြင်းဖြစ်သော်လည်း ဂျက်မှာ စိတ်ညစ်ပါသည်။ ထို့ကြောင့် ကျွန်မတို့ အိမ်သို့ အရောက်အပေါက် နည်းသည်ထက် နည်းသွားပါသည်။ အဘွားအိမ်သို့ ကျွန်မ ပြောင်းသွားသည့်အခါတွင်လည်း အမေ့မျက်လုံးထဲတွင် မျက်ရည်တွေ ဝဲနေသည်ကို ကျွန်မ မြင်ရပါသည်။ ကျွန်မကို အိမ်မှ ပြောင်းသွားရကောင်းလောဟု ရန်မလုပ်သည်ကိုပင် ကျေးဇူးတင်ရပါသေးသည်။ သို့ရာတွင် ထိုနှစ်က အိမ်သို့ ပြန်၍ ညစာစားတိုင်း ကျွန်မသည် အမေနှင့် ညီမကို ပစ်ထားကြောင်း၊ ဂရုမစိုက်ကြောင်းဖြင့် မြည်တွန်တောက်တီးနေတတ်ပါသည်။ အမှန်အားဖြင့်မူ ကျွန်မသည် သူတို့ဆီသို့ မှန်မှန်ကြီး ရောက်ပါသည်၊ သူ့ မူကြောင့် တစ်ကြောင်း၊ မာနကြောင့် တစ်ကြောင်း ကျွန်မဆီက ဘာမျှမတောင်းပါ။ ထို့နောက်တွင်မူကျွန်မက ဘာမျှ လုံလောက်အောင် မထောက်ပံ့ဟု ပြောတတ်ပါသည်။

အမေသည် သူ့အခက်အခဲကို မည်သူ့ကိုမျှ ဖွင့်ပြောလေ့မရှိ။ သူ့ဘာသာသူပင် ပြန်၍ စဉ်းစားဟန်မတူ။ အမေသည် ကိုယ်ကြုံရွယ်ချက်ကို ပြန်စဉ်းစားရန်၊ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ရန် လေ့ကျင့်သင်ကြားမှု ရခဲ့သူမဟုတ်။ အရေးကြုံလျှင် သူများ၏ အရှိန်ဩဇာအောက်တွင် ပြေးဝင်ခိုလှုံတတ်သူဖြစ်၏။ သီလရှင်ဆရာကြီးနှင့် အဖေတို့ အမြင်သည် တောင်နှင့်မြောက်လို ခြားနားကြပါသည်။

www.burmeseclassic.com



ထိုအခါမျိုးတွင် အမေသည် ဘာကို ဆုံးဖြတ်ရမည်မသိဘဲ နဝေတိမ်တောင် ဖြစ်နေတတ်သည်ကို ကျွန်မငယ်ငယ် ကလေးကတည်းက သတိထားမိပါသည်။ ကျွန်မမှာမူ အမေ့လိုမဟုတ်ပါ။ ကျွန်မ၏ ကလေးဘဝကြောင့်လားမသိ၊ ကျွန်မသည် အမေနှင့်အတူဘဲ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်ရှိပါသည်။ ဆင်ခြေတက်ခြင်း၊ စောဒကတက်ခြင်း တို့သည် ကျွန်မ၏ နည်းလမ်းများ ဖြစ်သော်လည်း အမေ့တွင်မူထိုနည်းလမ်းတွေမရှိပါ။ အမေသည် အများ၏ ထင်မြင်ချက်နှင့် တစ်ထပ်တည်းဖြစ်အောင် နေမည်ဟု ဆုံးဖြတ်ထားပုံရပါသည်။ သူ့ဆီသို့ နောက်ဆုံး လာပြော သူ၏ စကားသည် အမှန်ဟု ယူဆလိုက်ပါသည်။ အမေသည် စာကိုအလွန်ဖတ်၏။ မှတ်ဉာဏ်ကောင်းသည့်တိုင် ဘာကိုမျှ မှတ်သားလေ့မရှိဘဲ အားလုံးကို မေ့နေတတ်ပါသည်။ အခြေအနေက ပေးလာသောအခါတွင် တိကျသော အသိ၊ ပြတ်သားသော အမြင်တို့ရလျှင် ဘဝတွင် ရုတ်တရက် အလှည့်အပြောင်းကြီးတွေနှင့် တွေ့နိုင်ပါသည်။ သို့ရာတွင် အမေ့တွင်မူ ထိုသို့သော တိကျသည့် အမြင်နှင့် ပြတ်သား သည့်အမြင်တို့ မရှိခဲ့ပါ။ အဖေဆုံးပြီးသည့်တိုင်အောင်ပင် အမေသည် ဘာလုပ်ရမည်ဟု ပြတ်သားစွာ မဆုံးဖြတ်နိုင်ဘဲ ယောင်ဝါးဝါး ဖြစ်နေပါသည်။ အမေ၏ အပေါင်းအသင်း များမှာလည်း ထိုသို့ ရှင်းရှင်းပြတ်ပြတ် မတွေးနိုင်သူများသာ ဖြစ်ပါသည်။ ဘာသာရေးမှာပင် အမေရိုကန်မိရိုးဖလာ

www.burmeseclassic.com



ဘာသာရေးကို မထောက်ခံဘဲ 'ခေတ်အမြင်ရှိသည်'ဆိုသော ဘာသာရေးဂိုဏ်းကို ထောက်ခံပါသည်။ သို့တိုင်အောင် သူ ထောက်ခံသည့် ဂိုဏ်းထဲတွင်လည်း အယူအဆတွေ အမျိုးမျိုး ကွဲနေပါသည်။ ကျွန်မသည် ဘာသာတရားနှင့် အနေဝေးသော်လည်း ကျွန်မအကြံဉာဏ်ကိုမူ နေရာ တော်တော်များများတွင် အမေလက်ခံပါသည်။ ကျွန်မညီမနှင့် လီယွန်နယ်တို့ အကြံဉာဏ်ကိုလည်း သူ လက်ခံတတ်ပါသည်။ အမေသည် ကျွန်မတို့အမြင်တွင် 'ထုံအအကြီး' ဟု မြင်မည်ကို အလွန်စိုးရိမ်ပါသည်။ ထို့ကြောင့် သူ့စိတ်ထဲတွင် ရှိသည်တို့ကို ပြောင်ပြောင် တင်းတင်း ပြောလေ့မရှိဘဲသူများပြောသမျှကို အင်းလိုက်ကာ ဘာမျှ မထူးဆန်းသည့်ဟန်မျိုး ပြတတ်ပါသည်။ မဆုံးခင်နှစ်များတွင်မူ အမေ၏အယူအဆများသည် စုစုစည်းစည်း ဆုပ်ဆုပ်ကိုင်ကိုင်ရှိလာခဲ့ပါသည်။ သို့ရာတွင် စိတ်သောက ရောက်စရာ ကြုံတွေ့လာသည့်အခါမျိုးတွင်မူ ကိုယ့်အခြေ အနေကို ပြန်လည် သုံးသပ်ရန် အမေ့တွင် ဘာအတွေး အခေါ်၊ ဘာအယူအဆ၊ ဘာခံယူချက်မျှ မရှိတော့ပါ။ ထို့ကြောင့်ပင် အမေသည် ဒုက္ခနှင့်ကြုံလာသည့်အခါတွင် ဆောက်တည်ရာမရ ဖြစ်ခဲ့ရခြင်း ဖြစ်ပါသည်။

ကိုယ့်ကိုယ်ကိုယ်ဆန္ဒကျင်အတိုက်အခံလုပ်၍ စဉ်းစား ရခြင်းသည် မကြာခဏ အကျိုးရှိတတ်ပါသည်။ သို့ရာတွင် အမေကတော့ တစ်မျိုးပါ။ အမေသည် ကိုယ့်ကိုယ်ကိုယ်

www.burmeseclassic.com



အတိုက်အခံလုပ်၍ မစဉ်းစားဘဲ ကိုယ့်ကိုယ်ကိုယ် အတိုက်အခံလုပ်၍ အသက်ရှင်နေပါသည်။ အမေ့တွင် ဝါသနာတွေ၊ အကြိုက်တွေ အများကြီးရှိပါသည်။ အမေသည် ထိုဆန္ဒများကို အတင်း ချိုးနှိမ်ထားပြီး ထိုသို့ ချိုးနှိမ် နေရသည့်အတွက် အမြဲဒေါသ ထွက်နေတတ်ပါသည်။ ငယ်စဉ်တုန်းက အမေ၏ ကိုယ်ခန္ဓာ၊ အမေ၏ နှလုံးသား၊ အမေ၏စိတ်တို့ကို ကျင့်ဝတ်နီတိတည်းဟူသော သံချပ်အင်္ကျီကြီးထဲတွင် အတင်းဖျစ်ညှစ်ထိုးသွင်းပြီး ဖုံးအုပ်ထားခဲ့ပါသည်။ အမေသည် အကျင့်သီလကို စောင့်ထိန်း၍ ငြိုးငြံစွာ နေထိုင်တတ်အောင်နေရမည်ဟူသော အဆုံးအမအောက်တွင် ကြီးပြင်းလာခဲ့သူ ဖြစ်ပါသည်။ အမေ၏ရင်ထဲတွင် သွေးဆူ၍ ဝတ်ချင်၊ စားချင်၊ ပျော်ချင်ပါးချင်သော မိန်းမတစ်ယောက် ကိန်းဝပ်နေပါသည်။ သို့ရာတွင် ထိုမိန်းမသည် သူ့အဖို့ သူစိမ်းတစ်ရံဆံဖြစ်နေပြီး ဖိနှိပ်ခံထားရသဖြင့် ပုံပျက်ပန်းပျက်ကျိုးပဲ့စုတ်ပြတ်နေပါသည်။ အိပ်ရာမှ နိုးသည်နှင့် ကျွန်မညီမထံ ဖုန်းဆက်ပါသည်။ အမေသည် ညသန်းခေါင်ကျော်ချိန်လောက်တွင် သတိလည်လာပါသည်။ သူ့အား ခွဲစိတ်ရသည်ကို သိသည့်တိုင် ဘာမျှအံ့သြခြင်းမဖြစ်ပါ။ ကျွန်မသည် တက္ကစီတစ်စီးဖြင့် လာခဲ့ပါသည်။ သည်ခရီး၊ သည်လို ပူနွေးပြာလဲ့သည့် ဆောင်းဦးပေါက်၊ သည်ဆေးတိုက်သာ ဖြစ်ပါသည်။ သို့ရာတွင် ဆေးတိုက်သို့ ရောက်သည့်အခါ ကျွန်မသည် ယခင်

www.burmeseclassic.com



အထပ်သို့ မဟုတ်တော့ဘဲ တခြားအထပ်သို့ တက်သွားရပါသည်။ နာလန်ထလူမမာခုတင်ဆီသို့ သွားရခြင်းမဟုတ်ဘဲ သေခါနီး လူမမာခုတင်ဆီသို့ သွားရခြင်း ဖြစ်ပါသည်။ ယခင်ကမူ သည်အခန်း၊ သည်အထပ်ကို ဖြတ်ရတိုင်းသည်မျှ စိတ်တုန်လှုပ်ချောက်ချားခြင်း မဖြစ်ခဲ့ပါ။ ဘာကိုမှ သတိမထားမိဘဲ ထိုအခန်းကို ဖြတ်သွားခဲ့ပါသည်။ ပိတ်ထားသော တံခါးကြီးများနောက်တွင် ကြေကွဲစရာ အဖြစ်တွေဖြစ်နေကြပါသည်။ ဘာကိုမျှတော့မမြင်ရပါ။ ယခုတစ်ကြိမ်တွင်မူ ထိုကြေကွဲစရာ အဖြစ်တစ်ခုသည် ကျွန်မနှင့်တိုက်ရိုက်သက်ဆိုင်နေလေပြီ။ ကျွန်မသည် လှေကားကိုမြန်နိုင်သမျှ မြန်မြန်တက်၏။ ဖြည်းနိုင်သမျှ ဖြည်းဖြည်း တက်လာသည်ဟုလည်း ပြောနိုင်ပါ၏။ တံခါးပေါ်တွင် ဆိုင်းဘုတ်တစ်ခု ချိတ်ထားလျက်။ ဆိုင်းဘုတ်က ဧည့်သည်မလာရတဲ့။ ရှုခင်းသည် ပြောင်းသွားလေပြီ။ ခုတင်မှာ မနေ့ကနေရာအတိုင်းပင် ဖြစ်သော်လည်း ဘေးနှစ်ဖက်တွင် ရှင်းလျက်။ စားစရာများနှင့် စာအုပ်များသည် ဗီရိုထဲသို့ရောက်နေကြလေပြီ။ အခန်းထောင့် စားပွဲပေါ်တွင် ပန်းတွေမရှိတော့။ ထိုနေရာတွင် ဆေးပုလင်းတွေ၊ ဓာတ်ဘူးတွေ၊ စမ်းသပ်ပြွန်တွေ ရောက်နေသည်။ အမေ မှာအိပ်ပျော်လျက်ရှိပါသည်။ နှာခေါင်းထဲပိုက်ကြီး သွင်းမထားသည့်အတွက် သူ့ကိုကြည့်ရသည်မှာအနည်းငယ် စိတ်သက်သာစရာကောင်းပါသည်။ အိပ်ရာအောက်တွင်မူ ဗိုက်ကို ဖောက်ကာ ပိုက်များနှင့်

www.burmeseclassic.com



ဆက်ထားသည့်အိုးများ၊ ပုလင်းများကိုတွေ့ရသည်။

လက်ဝဲဘက်တွင် ဆေးပုလင်းမှ ပိုက်ကြီးသွယ်ထားပြီး အပ်စိုက်ထားသည်။ အဝတ်အစားဟူ၍ မရှိတော့ဘဲ ကိုယ်ပေါ်တွင် ဆေးရုံမှစောင်တစ်ထည်လွှမ်းထားသည်။ လီဗလွန်းဆိုသောအပြင်သူနာပြုဆရာမတစ်ယောက်က သူ့ကိုပြုစုနေ၏။ လီဗလွန်းမှာ အင်ဂရေးဆွဲသည့် ပုံတူပန်းချီကားထဲက အရုပ်တစ်ခုလို ကျက်သရေရှိသည်။ ခေါင်းတွင် သူနာပြုဆောင်း ဦးထုပ်ပြာပြာဖြင့် ဆံပင်ကို အုပ်ထားပြီး ခြေတွင် အဝတ်ခြေညှပ်ဖိနပ် အဖြူလေးကို စီးထားသည်။ လီဗလွန်းသည် ဒရစ်သွင်းသည့်ကိစ္စကို ကြီးကြပ်နေပြီး သွေးခြောက် ထည့်၍ ဖျော်ထားသော ဓာတ်ဘူးများကို မခဲရလေအောင် မကြာမကြာလှုပ်ပေးနေသည်။ ဆရာဝန်များအဆိုအရ အမေ့ကိုနှစ်ပတ်သုံးပတ်၊ နှစ်လသုံးလလောက်အနားပေးနိုင်ကြောင်းဖြင့် ညီမလုပ်သူကပြောပြသည်။

'ရောဂါက တခြားနေရာက ပြန်ပေါ်လာရင် ကျွန်မတို့ သူ့ကိုဘယ့်နှယ်ပြောရမှာလဲဆရာ'ဟု ကျွန်မက ပါမောက္ခဘီကိုမေးသည်။ မပူပါနဲ့ တစ်နေရာရာက တစ်ခုခုဖြစ်လာရင် ကျွန်တော်တို့ ကြည့်ပြောမှာပေါ့၊ ကျွန်တော်တို့ ဒီလိုပဲပြောခဲ့ကြတာပဲ၊ လူမမာကလည်း ယုံပါတယ်'

ညနေပိုင်းတွင် အမေသည် မျက်လုံးပြန်ဖွင့်လာ၏။ စကားပြောသည့်အခါတွင် သူ့စကားကို မနည်းနားထောင်

www.burmeseclassic.com



ယူရသည်။ သို့ရာတွင် သတိမလွတ်ပါ။

'အမေလဲကျလို့ ခြေကျိုးသွားတယ်လေ၊ ခုတော့ ခွဲစိတ်လို့ ပြီးပါပြီ၊ အူအတက်ပေါက်လို့လည်း ခွဲရသေးတယ်'အမေ ကလက်ညှိုးကလေးကို ထောင်ပြလိုက်ကာ

'အူအတက်ပေါက်တာ မဟုတ်ပါဘူး၊ အူအမြှေးရောင်တာပါ၊ ဒီဆေးတိုက် ရောက်လာလို့ တော်သေးတာပေါ့'

'ကျွန်မရောက်လာတော့ အားရှိတယ်မဟုတ်လား'

'ငါ့ဟာက အူအမြှေးရောင်တာပါ'

သူ့ကိုယ်သူအူအမြှေးရောင်နေသည်ဟု ထင်နေသည်။ သည်ဆေးတိုက်ကို ရောက်လာသည့်အတွက် အမေသည် အားရှိသွားခြင်း ဖြစ်ဟန်တူသည်။

'ပိုက်ကြီး နှာခေါင်းထဲ ထည့်မထားတာတော်တော် စိတ်ချမ်းသာတယ်'

ဖောင်းနေသည့် ဗိုက်ကြီးမှ အညစ်အကြေးတွေကို ထုတ်ပစ်လိုက်သဖြင့် အမေ၏ ဝေဒနာသည် အနည်းငယ် သက်သာပါသည်။ သူ့အနားတွင် သမီးနှစ်ယောက်လည်း ရှိနေသဖြင့် အမေသည် စိတ်ချရပြီဟု ထင်သွားဟန်တူပါသည်။ ဒေါက်တာပီနှင့် ဒေါက်တာအင်တို့ ရောက်လာသည့် အခါတွင် 'ကျွန်မကို ပစ်မသွားကြလို့ တော်သေးတာပေါ့'ဟု ပြောပါသည်။ ထို့နောက် အမေသည် မျက်လုံးများကို ပြန်မှိတ်သွားပါသည်။

www.burmeseclassic.com



'အမေကြီးနာလန်ထတာ တော်တော်မြန်တာပဲ၊ အံ့ဩဖို့ကောင်းတယ်'ဟု အချင်းချင်းပြောနေကြသည်။

မှန်ပါသည်။ သွေးတွေ၊ ဆေးတွေ သွင်းသဖြင့် အမေ၏ မျက်နှာသည် သွေးရောင်လွှမ်းလာကာ ကျန်းမာသည့်အသွင်ကို ဆောင်လာသည်။ ယမန်နေ့က ခုတင်ပေါ်တွင် ဝေဒနာကို အလူးအလဲ ခံနေရသူသည် ယနေ့တွင် မိန်းမတစ်ယောက်အဖြစ် အသွင်ပြောင်းလာခဲ့လေပြီ။

ကျွန်မက အမေ့ကို ပဟေဋ္ဌိစာအုပ်တစ်အုပ်ပြ၏။

'ငါ့မှာ လာရိုးဆေးရဲ့ အဘိဓာန်ကြီးရှိတယ်၊ ပဟေဋ္ဌိဖြေရင် အဲဒီစာအုပ်ကြီးနဲ့ ဖြေတာပဲ'ဟုသူနာပြုဆရာမကို ပြောနေသည်။ အမေသည်ထိုအဘိဓာန်ကြီးကို တော်တော်သဘောကျပါသည်။ မဝယ်ခင်ကတည်းက ထိုအဘိဓာန်ကြီးအကြောင်းကို တဖွဖွ ပြောနေတတ်သည်။ သူ့အဘိဓာန်ကို ကျွန်မကောက်ကြည့် လျှင် အမေဝမ်းသာဂုဏ်ယူ၍မဆုံး။

'အဘိဓာန်ယူပေးရမလားအမေ'

'အင်း၊ ယူပေးစမ်းပါ'

အမေသည်စကားလုံးများကို ခက်ခက်ခဲခဲပြောနေရာ ကျွန်မတို့မှာ မနည်းကြီးနားထောင်ယူရသည်။ သူ့စကားများမှာ နတ်ဗေဒင်အတိတ်ကောက်ရသလို မနည်းကြီးအဓိပ္ပါယ်ပြန်ယူ ရပါသည်။ အမေ၏ သတိရချက်၊ အမေ၏ ဆန္ဒ၊ အမေ၏ စိုးရိမ်သောကတို့သည်အချိန်၏အပြင်ဘက်

www.burmeseclassic.com



တစ်နေရာတွင် လွင့်မျော နေသည်။ ကလေးငယ်၏အသံနှင့် သေငယ်ဇောကြောင့် ထိုအရာများသည် အစစ်အမှန်မဟုတ်သော ထူးဆန်းသည့် အိပ်မက်များ ဖြစ်သွားကြသည်။

အမေသည် တော်တော်ကြာကြာမျှ အိပ်နေ၏ ။ တစ်ခါတစ်ရံတွင်လည်း ပိုက်ထဲမှ ကျလာသော ရေစက်ကလေးကို လျှက်သည်။ သူနာပြုဆရာမက ပါးစပ်သို့ တေ့ပေးသည့်စက္ကူလက်ကိုင်ပုဝါထဲသို့ တံတွေးထွေးချသည်။ ညနေပိုင်းတွင် အမေသည် ချောင်း အဆက်မပြတ်ဆိုးလာသည်။ အမေ့ကို ခွင့်တောင်း၍ လာရောက်ပြုစုသည့် မဒမ်မို့ုက်ဇယ်လောရင်းက အမေ့ကို မထူပေးကာ နှိပ်နယ်ပေးပြီး တံတွေးထွေးနိုင်အောင် လုပ်ပေးသည့်အခါတွင် အမေသည် သူ့ကို တကယ့်အပြုံးဖြင့် ပြုံးကြည့်နေ၏ ။ ထိုအပြုံးသည် လေးရက်အတွင်း ပထမဆုံး ပေါ်လာသည့် အပြုံး ဖြစ်ပါသည်။

ထိုညတွင် ပိုပေးက ဆေးတိုက်တွင် သူစောင့်အိပ်မည်ဟု ပြော၏ ။

'အစ်မက အဘွားဆုံးတုန်းကရော အဖေဆုံးတုန်းကရော အနားမှာ ရှိတယ်၊ ကျွန်မက တစ်ခါမှ အနားမှာ မရှိခဲ့ဘူး၊ အမေ့ကို ည ကျွန်မ စောင့်အိပ်မယ်လေ၊ အမေ့နားမှာ ကျွန်မ ရှိချင်တယ်'

ကျွန်မက သဘောတူလိုက်သည်။ အမေကမူတအံ့တသြဖြင့် -

www.burmeseclassic.com



'ဒီဆေးတိုက်ထဲမှာများ ဘာဖြစ်လို့လာအိပ်ချင်ရသေးလဲ အေ' ဟု မေးပါသည်။

'လီယွန်နယ်ကို ခွဲတုန်းကလည်း ကျွန်မဆေးရုံမှာ စောင့်အိပ်ခဲ့ဖူးတာပဲ အမေရဲ့၊ ကျွန်မအဖို့ ရိုးနေပါပြီ'

'ဒီလိုဆိုရင်လည်း သဘော'

ကျွန်မသည် တုပ်ကွေးဖျားချင်သလိုလိုဖြစ်ကာ အိမ်သို့ ပြန်လာခဲ့သည်။ အပူငွေ့တွေအများကြီးပေးထားသည့် တိုက်မှ အေးမြသည့် ဆောင်းဦးပေါက် စိုစွတ်မှုထဲသို့ ထွက်လာသဖြင့်အအေးမိသွားခြင်းဖြစ်၏ ။ ကျွန်မသည် ဆေးသောက်ပြီး ခပ်ရှိန်းရှိန်းဖြင့်ပင် အိပ်ရာသို့ ဝင်ခဲ့သည်။ တယ်လီဖုန်းကို ဖြုတ်မပစ်ခဲ့။ အမေသည် အချိန်မရွေး တစ်ခုခု ဖြစ်နိုင်သည်မဟုတ်လော။ 'ဖယောင်းတိုင်မီးတောက်လို အချိန်မရွေး ဟုတ်ခနဲငြိမ်းသွားနိုင်သည်' မဟုတ်လော။ ထိုကြောင့် အရေးကိစ္စဆိုလျှင် ချက်ချင်းတယ်လီဖုန်းဆက်ရန် ညီမကို မှာပစ်ခဲ့သည်။ မနက်လေးနာရီတွင် တယ်လီဖုန်း ခေါင်းလောင်းသံမြည်သဖြင့် ကျွန်မသည် လန့်နိုးလာ၏ ။ နိဂုံးသို့ ရောက်ပြီဟု ကျွန်မထင်လိုက်သည်။ ကျွန်မသည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏ ။ ကျွန်မ မကြားဖူးသေးသည့် အသံတစ်သံကို ကြားရသည်။ နံပါတ်မှားခေါ်ခြင်းဖြစ်သည်။ ကျွန်မသည် အရုဏ်တက်သည့်အထိ အိပ်၍ မရတော့ပါ။ ၈ နာရီ ထိုးသည့်အခါတွင် တယ်လီဖုန်း မြည်သဖြင့် အပြေးအဖြန်းကောက်ကိုင်ကြည့်သည်။ ဘာမျှအရေးမကြီး

www.burmeseclassic.com



သည့် ကိစ္စတစ်ခု။ ကျွန်မသည် အနက်ရောင် မသာရထား နှင့်တူသည့် တယ်လီဖုန်းကို စက်ဆုပ်လာသည်။ 'မင်းအမေ ဟာ ကင်ဆာဖြစ်နေတယ်၊ မင်းအမေဟာ ဒီနေ့ညတောင် ခံမှာမဟုတ်ဘူး' ဆိုသော အသံသည် ကျွန်မနားထဲတွင် ထပ်ပြန်တလဲလဲ ကြားယောင်နေသည်။

ကျွန်မသည် ခြံထဲမှ ဖြတ်လာခဲ့၏ ။ အောက်ထပ် ခန်းမကို ဖြတ်၏ ။ ကျွန်မကိုယ် ကျွန်မ လေဆိပ်တစ်ခုခု ရောက်နေသလိုလို။ စားပွဲနိမ့်နိမ့်ကလေးတွေ။ ခေတ်မီကုလား ထိုင်တွေ။ ခွဲခွာခါနီး နှုတ်ဆက်နေကြသည့် တစ်ယောက် နှင့်တစ်ယောက် ဖက်ယမ်း နမ်းရှုပ်နေကြသည့် လူတွေ။ တချို့က စောင့်လျက်။ လက်ဆွဲအိတ်တွေ။ လက်ကိုင် အိတ်တွေ။ ပန်းအိုးထဲက ပန်းပွင့်တွေ။ ဆိုက်ရောက်လာမည့် ခရီးသည်တွေကို ကြိုနေသည့်နှယ် စက္ကူလှလှကလေးတွေ ဖြင့် ပတ်ထားသည့် အလှအပပစ္စည်းတွေ . . . . ။ သို့ရာတွင် တီးတိုးသံတွေ၊ မျက်နှာထားတွေ ကြားထဲမှာ ပုံမှန်မဟုတ် သည့် ခံစားချက် တစ်ခုရှိသည်။ တစ်ခါတစ်ရံတွင် အဝေး အခန်းစွန်းတံခါးဝဆီတွင် တစ်ကိုယ်လုံးဆွတ်ဆွတ် ဖြူအောင် ဝတ်ထားသည့် လူတစ်ယောက်ပေါ်လာသည်ဟု ထင်လိုက် ရ၏ ။ သူ့ဖိနပ်တွင် သွေးတွေ စွန်းလျက်။ တစ်ထပ်ကို ကျွန်မတက်လာခဲ့သည်။ လက်ဝဲဘက်တွင် သူနာပြုဆရာမ များ၏ အခန်းများနှင့် တာဝန်ခန်းတွေ အစီအရီ ရှိနေသည့် စင်္ကြံရှည်ရှည်ကြီး။ လက်ယာ ဘက်တွင်မူ ကူရှင်မပါသည့်

www.burmeseclassic.com



သစ်သားခုံတန်းတစ်ခုနှင့် တယ်လီဖုန်းဖြူဖြူကလေးတစ်လုံး တင်ထားသည့် စားပွဲတစ်လုံးရှိရာ လေးထောင့်ခန်းကျယ်ကြီးတစ်ခု။ တစ်နေရာတွင် ပစ္စည်းများ စောင့်ဆိုင်းသည့်နေရာ။ ဧည့်သည်မလာရတဲ့။ ထိုအခန်းဘေးလမ်းမြောင်ကလေးထဲသို့ ကျွန်မဝင်ခဲ့သည်။ လက်ဝဲဘက်တွင် ရေအိမ်နှင့် လက်ဆေးကြွေဇလုံ၊ အိပ်ရာခင်း၊ ဂွမ်းလိပ်များ၊ ထွေးခံများ။ လက်ယာဘက်တွင်မူ အမေ့ပစ္စည်းများထားသည့် ဗီရိုကလေး တစ်လုံး။ အင်္ကျီချိတ်တွင်မူ အမေဝတ်သည့် အနီရောင်ညဝတ်အင်္ကျီ။ ဖုန်တွေတင်လျက်။ သည် ညဝတ်အင်္ကျီကို ဘယ်တော့မှ မမြင်ချင်တော့။ အမြောင်ကြားလေး ဆုံးသည့်အခါတွင် ဒုတိယတံခါးကို ကျွန်မဖွင့်လိုက်သည်။ ယခင်က ထိုတံခါးကြီးကို မမြင်မိဘဲ တောက်လျှောက်ဝင်သွားခဲ့သည်။ ယခုမူ ထိုတံခါးကြီးသည် သေတပန်သက်ဆုံးတိုင် ကျွန်မဘဝ၏ အစိတ်အပိုင်း တစ်ခု ဖြစ်နေလေပြီ။

အမေက အလိုက်တသိဖြင့်

'ငါနေလို့ကောင်းပါတယ်၊ မနေ့တုန်းက ဆရာဝန်တွေ အချင်းချင်း ပြောနေကြတယ်၊ တော်တော့်ကို အံ့သြစရာ ကောင်းတယ်တဲ့'

အမေသည် ထိုစကားလုံးကြောင့် ကျေနပ်သွားဟန်ရှိသည်။ ထိုစကားလုံးသည် သူ ကျန်းမာလာအောင် စွမ်းဆောင်နိုင်သည့် ဂါထာ တစ်ပုဒ်နှယ်။ အမေသည်

www.burmeseclassic.com



ထိုစကားလုံးကို ခကြာခဏ အလေးအနက် ရွတ်ဆိုနေတတ်၏ ။ သို့တိုင်အောင် အမေ့မှာ လွန်စွာအားနည်းလျက်ရှိပြီး နည်းနည်းကလေးမျှ မလှုပ်ချင်မကိုင်ချင်အောင် ဖြစ်နေသည်။ သူ့တစ်သက်လုံး ဒရစ်ထဲမှ သွင်းပေးသည့် အစာကိုသာ စားရတော့မည်ဟု ထင်နေသည်။

'နေကောင်းတောင်မှ အစာ စားရတော့မှာ မဟုတ်တော့ပါဘူး အေ'

'ဘာဖြစ်လို့ မစားရမှာလဲ အမေရဲ့၊ အမေက မြိုးမြိုးမြက်မြက်လေးဆိုရင် ကြိုက်တတ်တာပဲ'

'စားလို့ ရတော့မှာ မဟုတ်ပါဘူး' သူနာပြုဆရာမ လီဗလွန်းက ဝက်မှင်ဘီး တစ်ချောင်းကို ယူလာကာ သူ့ခေါင်းကို ရှင်းလင်း ဖြီးသင်ပေးသည်။

'ဒီဆံပင်ကြီးကရှုပ်ပါတယ်ဟယ်၊ ဖြတ်ပစ်လိုက်စမ်းပါ' ဟု အမေက ဆိုသည်။ ကျွန်မတို့က ကန့်ကွက်ကြ၏ ။

'စိတ်ရှုပ်လွန်းလို့ပါအေ၊ ဖြတ်ပစ်လိုက်ကြစမ်းပါ'ဟု ဇွတ်တရွတ်ကြီးကို ပြောနေပါသည်။ သည်ဆံပင်ကြီးကို ဖြတ်ပစ်လိုက်လျှင်ပင် သူ့မှာရောဂါဝေဒနာတွေ ပျောက်ကင်းပြီး ဘေးရန်ငြိမ်းစွာ နေရတော့မည့်နှယ် ထင်နေသလား မပြောတတ်ပါ။ လီဗလွန်းသည် သူ့ဆံပင်ကိုဖြည်းညင်းစွာ ဖြေချကာ ရှင်းပေးပြီးနောက် ကျစ်ပေးပါသည်။ ထို့နောက် ငွေရောင်တောက်နေသည့် ဆံခွေကို ခေါင်းပေါ်တွင် ထုံးပေးပါသည်။ အမေသည်စိတ်သက်သာရာ ရသွားသောမျက်နှာ

www.burmeseclassic.com



တွင် အံ့သြစရာကောင်းသော အေးချမ်းငြိမ်သက်မှု ပေါ်လာလေရာ ကျွန်မသည် လှပသော အဘွားကြီးတစ်ယောက်၏ ပုံကို ဆွဲထားသော လီယိုနာဒို၏ ပန်းချီကားကို သွား၍ အမှတ်ရနေသည်။

'အမေက လီယိုနာဒိုရဲ့ပန်းချီကားထဲကလို သိပ်လှတာပဲ'ဟု ကျွန်မက ပြော၏ ။

အမေက ပြုံးနေသည်။ သူနာပြုဆရာမဘက်သို့ လှည့်၍ ခပ်ဆန်းဆန်းအသံဖြင့်

'တစ်ခါတုန်းကတော့ ငါလည်းဒီလောက်မဆိုးပါဘူး၊ ငါ့ဆံပင်တွေက ကောင်းတော့ ဆံပင်ကိုခွေပြီး ပခုံးတစ်ဖက်တစ်ချက်မှာပဲ ချထားရတယ်'

အမေသည် သူ့အကြောင်းကို ပြန်ပြောပြနေသည်။ စာကြည့်တိုက် ဒီပလိုမာယူခဲ့ပုံ၊ စာအုပ်တွေကို သူချစ်ခင်တတ်ပုံ။ လီဗလွန်းက အမေ့စကားကို နားထောင်ရင်း ဓာတ်ဘူးတစ်လုံးကို ဖွင့်ကာ အမေ့ကိုယ်ထဲသို့ သွင်းဖို့ ဆေးစပ်နေသည်။ ထိုဆေးရည်ကြည်ထဲတွင် ဂလူးကို့စ်နှင့် ဆားရည်အမျိုးမျိုးပါကြောင်းဖြင့် သူက ကျွန်မကို ရှင်းပြ၏။ 'ကော့တေးလ်တစ်မျိုးပေ့ါ'ဟု ကျွန်မက ပြောမိသည်။

တစ်နေ့လုံး ကျွန်မတို့သည် ရှေ့စီမံကိန်းများကို အမေ့အား ပြောပြကြ၏ ။ အမေက မျက်လုံးမှိတ်၍ နားထောင်သည်။ ကျွန်မ ညီမ ဇနီးမောင်နှံမှာ အယ်ဇေနယ်တွင် ကျေးလက်အိမ်ကလေးတစ်လုံးကို ဝယ်ထားပြီး

www.burmeseclassic.com



သွားရောက် ပြင်ဆင်မည့်ဆဲဆဲဖြစ်၏ ။ ပြင်ပြီးလျှင် အမေ့အတွက် အခန်းကျယ်ကြီးတစ်ခန်း ပေးမည်။ ထိုအခန်းထဲတွင် အမေလွတ်လွတ်လပ်လပ်နေနိုင်သည်။ ထိုအိမ်တွင် နာလန်ထသည်အထိ နေနိုင်သည်ကို ပြောပြ၏ ။

'ငါက ဒီမှာ အကြာကြီးနေတော့ လီယွန်နယ်က စိတ်ညစ်မှာပေါ့'

'အို ဘာဖြစ်လို့ စိတ်ညစ်ရမှာလဲ'

'သူများကို အနှောင့်အယှက် မဖြစ်စေချင်ဘူး အေ၊ အိမ်က ငယ်ငယ်ကလေးဆိုတော့ ကိုယ်က ကန့်လန့် ကန့်လန့်ဖြစ်နေမှာ'

ကျွန်မသည် မေရီညက်မှာ နေခဲ့သည့်အကြောင်းများကို ပြန်ပြော၏ ။ အမေသည် အပျိုဘဝတုန်းက နေခဲ့သည့် ထိုမြို့ငယ်ကလေးကို သတိရနေသည်။ နေထိုင်ကောင်းစဉ်ကလည်း အမေသည် မေရီညက်က အကြောင်းတွေကို မမောတမ်းပြောပြတတ်သည်။ အမေသည် ပါရီတွင်နေသည့် ဂျင်း၏ သမီးကြီးသုံးယောက်ကိုလည်း အလွန်ချစ်သည်။ ယခုတိုင် ဆေးတိုက်သို့ မကြာခဏ ပေါက်လာကြကာ အမေ့ကို ကြည့်ကြသည်။ သုံးယောက်စလုံး လှပဆဲ၊ ပွင့်သစ်ဝေဆဲ၊ ပျိုနုလန်းဆန်းဆဲ အရွယ်ကလေးတွေ။

'ငါ့မှာလည်း မြေးမတွေမရှိ၊ သူတို့မှာလည်း အဘွားမရှိတော့ အတော်ပဲ၊ ဒီတော့ ငါလည်း သူတို့အဘွားဖြစ်နေတာပေါ့'ဟု လီဗလွန်းကို ပြောပြသည်။

www.burmeseclassic.com



သူမေးနေစဉ် ကျွန်မက သတင်းစာတစ်စောင်ကို ကောက်ဖတ်နေသည်။ အမေသည် မျက်လုံးပွင့်လာကာ

'ဘာတွေထူးလို့လဲအေ့၊ ဆိုင်ဂုံမှာကော တိုက်နေကြတုန်းပဲလား'ဟု မေးမြန်းသဖြင့် ကျွန်မက နောက်ဆုံးသတင်းများကို ပြောပြရသေးသည်။ တစ်ခါတွင်မူအမေက အပြစ်တင်သံကလေးဖြင့် 'ငါ့ကွယ်ရာမှာ ငါ့ကို ခွဲစိတ်ကုသကြတယ်လေ'ဟု ပြောပါသည်။ ထိုစဉ် ဒေါက်တာဘီဝင်လာသဖြင့် အမေက

'ဟော တရားခံကတော့သူပဲ'ဟု ရယ်သံပါပါဖြင့် ပြောသည်။ ဒေါက်တာဘီသည် အမေ့အနီးတွင် အတန်ကြာမျှနေပြီး 'ပညာရှာတယ်ဆိုတာ ဘယ်တော့မှ နောက်ကျတယ်လို့မရှိပါဘူး'ဟု ပြောသည်တွင်

'ဟုတ်တယ်၊ ကျုပ်လဲကျုပ်မှာ အူအမြှေးရောင် ရောဂါရှိတယ်ဆိုတာ ပညာရလာခဲ့ပြီ'ဟု အမေက လေးနက်စွာပြောပါသည်။

ကျွန်မက ရယ်ရယ်မောမောဖြင့်

'အမေကတော့ စံပါပဲနော်၊ ဆေးရုံကိုလာတက်တုန်းကတော့ တင်ပါးဆုံကျိုးလို့ လာတက်ရတာ၊ ဒီရောက်တော့ အူအမြှေးရောင်လို့ဆိုပြီး ခွဲစိတ်ကုသခံရတယ်'

ထိုနေ့တွင် အားလုံးကို အမေ လိုက်လျောစွာဆက်ဆံပုံကိုကြည့်၍ ကျွန်မတို့ စိတ်ထိခိုက်ခြင်းဖြစ်ရသည်။ အမေသည် အသက် ၇၈နှစ်ရောက်ကာမှ အသက်ရှင်

www.burmeseclassic.com



နေရခြင်း၏ အံ့ဖွယ်အရသာကို အသစ်တစ်ဖန် ပြန်၍ သဘောပေါက်လာဟန် တူပါသည်။ သူနာပြုဆရာမက ခေါင်းအုံးများကို ပြင်စီပေးနေစဉ် ပိုက်တစ်ခုမှ သတ္တုသည် အမေ့ပေါင်ကို သွားထိသည်။ 'အေးလိုက်တာအေ၊ အရသာ ရှိလိုက်တာ'ဟု ပြောပါသည်။ အမေသည် အော်ဒီကလုံးနှင့် ပေါင်ဒါကို ရှူရင်းလည်း 'မွှေးလိုက်တာအေ'ဟု တဖွဖွ ပြောပါသည်။ သူ့ဘေး စားပွဲပေါ်တွင် ပန်းခိုင်များနှင့် အပင်ငယ်များကို နေရာတကျ စီထား၏ ။

'ဟောဟို နှင်းဆီနီကလေးက မေရီညက်က လာတဲ့ နှင်းဆီ၊ မေရီညက်မှာ တို့ငယ်ငယ်ကတည်းက နှင်းဆီ စိုက်တာ၊ ခုလဲ စိုက်ကြတုန်းပဲနော်'

ပြတင်းပေါက်တွင် ကာထားသည့် ခန်းဆီးကိုလည်း အတင်းမခိုင်းကာ ရွှေရေးလုနေသော သစ်ရွက်များကို လှမ်း ကြည့်ပြီးနောက်

'လှလိုက်တာ အေ၊ ငါ့အခန်းမှာဆိုရင် သစ်ပင်တွေ ဒီလို ရွှေရောင်တောက်နေတာကို မြင်ရတာ မဟုတ်ဘူး'ဟု ပြောတတ်သည်။

အမေသည် ပြုံးနေ၏ ။ ကျွန်မတို့ ညီအစ်မနှစ်ယောက် ၏ အတွေးများသည် တူနေကြသည်။ ကျွန်မတို့ ငယ်ငယ်တုန်းက ကျွန်မတို့ကို ရွှင်လန်းစေသော အပြုံး သည်လည်း ထိုအပြုံးပင်ဖြစ်သည်ဟု ကျွန်မတို့ နှစ်ယောက် စလုံး တွေးမိကြသည်။ ထိုအပြုံးသည် မိန်းမငယ် တစ်

www.burmeseclassic.com



ယောက်၏ ရွှန်းလက်တောက်ပသော အပြုံး။ ထိုစဉ်ကနှင့် ယခုအချိန်ကြားတွင် ထိုအပြုံးသည် ဘယ်ဆီသို့ ရောက်နေကြသနည်း။

'အမေ ဒီလိုပျော်ပျော်နေတာကို မြင်ရရင် ကျွန်မတို့ သူ့ကို အချိန်ဆွဲကုရကျိုး နပ်တာပေါ့နော်'ဟု ပိုပေးက ကျွန်မကို ပြောသည်။ သို့ရာတွင် အမေသည် ဝေဒနာကြီးကို မည်မျှများ ကြာရှည်ခံနေရဦးမည်နည်း။

'အမေ့အခန်းဟာ အသုဘအခန်းကြီး'ဟု နောက်တစ်နေ့တွင် ကျွန်မတွေးမိသည်။ အမေ့အခန်းပြတင်းတွင် ခန်းဆီးအပြာတပ်ထား၏ ။ (တရုတ်ကတ်မှာ ကျိုးနေသဖြင့် ပိတ်၍မရတော့။ သို့ရာတွင် ယခင်တုန်းကမူ အလင်းရောင်သည် အမေ့ကို ဘာမျှ အနှောင့်အယှက် မပေးနိုင်သေး။) အမေသည် မျက်လုံးများကို မှိတ်ကာ အမှောင်ထဲတွင် လှဲနေသည်။ ကျွန်မက သူ့လက်ကို ကိုင်လိုက်သည့်အခါတွင် အမေသည် တိုးတိတ်စွာဖြင့်

'ဆီမွန်လား၊ ငါ ဘာမှ ကောင်းကောင်း မမြင်ရတော့ဘူး'ဟု ပြောပါသည်။ ပိုပေး ပြန်သွားသည့်အခါတွင် ကျွန်မလည်း စုံထောက်ဝတ္ထုတစ်ပုဒ်ကို ကောက်ဖတ်နေသည်။ အမေသည် မကြာခဏ သက်ပြင်းကြီးချကာ 'ငါ့စိတ်တွေ မကောင်းတော့ဘူး၊ ဖောက်နေတယ်'ဟု ပြောပါသည် ဒေါက်တာဘီ ရောက်လာသည့်အခါတွင် 'ကျုပ်သတိမေ့နေပြီ ထင်တယ်'ဟု ပြောသည်။

**ယနေ့မနက္ခလေးစာအုပ်တိုက်**

www.burmeseclassic.com



'သတိမေ့နေရင် အမေကြီး ဘယ့်နှယ်လုပ် သိမလဲ'

ထိုအဖြေကြောင့် အမေသည် တော်တော် စိတ်သက်သာရာ ရသွား၏ ။ အတန်ကြာသည့်အခါတွင် အမေက လေးနက်တည်ငြိမ်သည့် လေသံဖြင့်

'ငါ့ကို ခွဲစိတ်ကုသတာ တကယ့်အရေးကြီးတဲ့ ခွဲစိတ်ကုသမှုကြီးနော်၊ ငါလည်းအရေးတကြီး ခွဲစိတ်ကုသရတဲ့ လူနာကြီး ဖြစ်ခဲ့တာပေါ့'ဟု ပြောသဖြင့် ကြည့်ကောင်း အောင် ကျွန်မက အလိုက်အထိုက်ပြောသည်တွင် အမေသည် အားတက်လာပြန်ပါသည်။ မနေ့ကလည်း သူသည် မျက်စိဖွင့်ရင်း အိပ်မက်တွေမက်နေကြောင်းဖြင့် ပြောခဲ့သည်။

'ငါ့အခန်းထဲမှာ လူတွေအများကြီးပဲ၊ မကောင်းတဲ့ လူတွေ၊အင်္ကျီပြာတွေ ဝတ်လို့၊ သူတို့က ငါ့ကို ဆွဲခေါ်မလို့ လုပ်နေကြတယ်။ ပြီးတော့ ငါ့ကို ကော့တေးလ်တွေ အသောက်ခိုင်းတယ်၊ ဒါနဲ့ ပိုပေးက မောင်းထုတ်လိုက်တော့မှ ---'

ကော့တေးလ်ဆိုသည့်စကားလုံးကို ကျွန်မပင် ပြောခဲ့သည်။ ဆေးသွင်းရန် လီဗလွန်းစပ်နေသည့် ဆေးများကို ပြောခဲ့ခြင်း ဖြစ်၏ ။ ထိုစဉ်က လီဗလွန်းသည် သူနာပြုဆရာမတွေ ဆောင်းသည့် ဦးထုပ်ပြာကို ဆောင်းထားသည်။ သူပြောသည့် လူများဆိုသည်မှာ သူ့ကို ခွဲစိတ်ခန်းထဲသို့ ခေါ်သွားကြသည့် အမျိုးသားသူနာပြုများ ဖြစ်သည်။

'ဩော်၊ ဟုတ်လား'

www.burmeseclassic.com



ပြတင်းပေါက်ကို ဖွင့်ခိုင်းသဖြင့် ဖွင့်ပေးရသည်။

'လေကောင်းလေသန့်ကို ရှုလို့ အရသာရှိလိုက်တာ' ဟု ပြောပါသည်။ အပြင်ဘက်တွင် ငှက်တွေ တေးသီနေကြသည်။ အမေသည် ငှက်တို့၏ သီကျူးသံကို နားထောင်၍ ကြည်နူးနေသည်။ 'ငှက်ကလေးတွေ ' ကျွန်မပြန်ခါနီးတွင် အမေက'ဘာဖြစ်လို့လဲမသိဘူး၊ ငါ့ဘယ်ဘက်ပါးမှာ အလင်းရောင် ထိုးနေသလိုပဲ၊ အလင်းရောင်ကဝါကြင့်ကြင့်ကလေးရယ်၊ စက္ကူပါးပါးကလေးကို ခံပြီးထိုးထားသလိုပဲ၊ သိပ်အရသာရှိတာပဲ'ဟု ပြောပါသည်။

'ဘယ့်နှယ်လဲဆရာ၊ ခွဲစိတ်ကုသတာ အောင်မြင်တယ်မဟုတ်လား'ဟု ကျွန်မ ဒေါက်တာဘီကို မေးသည်။

'အူတွေပြန်လှုပ်ရှားလာရင်တော့ အောင်မြင်တယ်လို့ပြောရမှာပဲ၊ နှစ်ရက်သုံးရက်ဆို သိရမှာပါ'

ဒေါက်တာဘီကို ကျွန်မသဘောကျပါသည်။ ဒေါက်တာဘီသည် ကိန်းကြီးခန်းကြီး မလုပ်တတ်ပါ။ အမေနှင့်တွေ့လျှင်လည်း လူလိုသူလို စကားပြောပါသည်။ ကျွန်မမေးသည့်မေးခွန်းများကိုလည်း လိုလိုချင်ချင်ဖြေပါသည်။ သို့ရာတွင် ကျွန်မသည် ဒေါက်တာအင်နှင့်မူ သိပ်အဆင်မပြေလှ။ ဒေါက်တာအင်မှာ ရှိုးကောင်းအောင်၊ ကာယဗလတောင့်တောင့်၊ ဖျတ်လတ်သွက်လက်၍ အတတ်ပညာတွင် ခုံမင်ယစ်မူးသူဖြစ်၏ ။ အမေ့ကို အသက်ပြန်ရှင်လာအောင် စိတ်အားထက်သန်စွာ ပြုလုပ်ပေးခဲ့သည်မှာ မှန်ပါ

www.burmeseclassic.com



သည်။ သို့ရာတွင် သူသည် အမေ့ကို လူသားတစ်ယောက်ဟု မမြင်။ သူ့အတတ်ပညာကို စမ်းသပ်စရာပစ္စည်းတစ်ခု ဟု မြင်နေပါသည်။ ကျွန်မသည် ထိုလူမျိုးကို ကြောက်ပါသည်။ အမေ၏ ဆွေမျိုးတစ်ယောက်မှာ ခြောက်လကြာမျှ သတိမေ့မြောနေရာ အမေသည် ထိုအဖြစ်ကို ကြည့်ပြီး 'ငါ့ကို ဒီလိုမျိုးတော့ မထားကြပါနဲ့အေ၊ ငါကြောက်လွန်းလို့ပါ'ဟု ကျွန်မကို ပြောပါသည်။ ထိုအကြောင်းကို ဒေါက်တာအင် သိလျှင် ဒေါက်တာအင်သည် စံချိန်ချိုးပြနိုင်ရန် ကြိုးစားလိမ့်မည် ထင်ပါသည်။

တနင်္ဂနွေနေ့ နံနက်တွင် ပိုပေးက စိတ်မချမ်းမသာဖြင့် ကျွန်မကို ပြောပါသည်။

'ကြည့်စမ်းပါဦး မမရယ် ဒေါက်တာအင်ရယ် ပိုက်ကြီးသွင်းပြီး ဝမ်းချုမလို့တဲ့၊ အမေ့ကို အတင်းနှိုးတယ်၊ အထဲကို ပိုက်သွင်းကြည့်တော့ ရလည်းရတာ မဟုတ်ဘူး၊ သက်သက်မဲ့ အမေ့ကို ညှဥ်းဆဲတာနဲ့ တူနေပြီ'

ဒေါက်တာအင် ဖြတ်သွားသောအခါတွင် ကျွန်မသည် သူ့ကို အတင်းလိုက်စကားပြောပါသည်။ သူကမူ ဘယ်တော့မှ စပြောလေ့ မရှိ။

'အမေ့ကို ညှဥ်းဆဲသလို ဖြစ်နေပြီရှင်၊ မညှဥ်းဆဲပါနဲ့တော့'ဟု ကျွန်မက တောင်းပန်သည်။

သူက ဒေါသတကြီးဖြင့်

'ဘာ ညှဥ်းဆဲရမှာလဲဗျ၊ ကျုပ်က လုပ်စရာရှိတာကို

www.burmeseclassic.com



လုပ်နေတာ’

ခန်းဆီးကို တင်လိုက်သဖြင့် အခန်းထဲတွင် လင်းလာပါသည်။ အမေ့တွင် သူဝယ်ထားသည့် နေကာမျက်မှန်တွေ ရှိပါသည်။ ကျွန်မရောက်သွားသည့်အခါတွင် အမေသည် တပ်ထားသည့် မျက်မှန်နက်ကို ချွတ်လိုက်လျက်

‘ဒီနေ့ မဆိုးဘူး၊ ညည်းကို ကောင်းကောင်းမြင်ရတယ်’ ဟု ပြောပါသည်။ အမေ့ကို ကြည့်ရသည်မှာလည်းတော်တော် သက်သာနေပုံရပါသည်။ အမေက တည်ငြိမ်သောအသံဖြင့်

‘ငါ့မှာ ညာဘက်ခြမ်းကော ရှိသေးရဲ့လားအေ၊ မှန်မှန်ပြောကြစမ်းပါ’

‘ဘာပြောတာလဲအမေ၊ ဘာလို့မရှိရမှာလဲ’

‘မသိပါဘူးအေ၊ မနေ့ကတော့ ငါ့ကိုကြည့်ရတာ တော်တော်ကောင်းနေတယ်တဲ့၊ ဒါပေမယ့် ငါ့စိတ်ထဲမှာ ငါ့ဘယ်ဘက်ခြမ်းပဲ ကောင်းတယ်လို့ ထင်နေတယ်၊ ညာဘက်ခြမ်းက ဘာမှမသိဘူး၊ ငါ့မှာ ညာဘက်ခြမ်းမှ ရှိသေးရဲ့လားမသိဘူး၊ ငါ့ကိုယ်ကြီးနှစ်ခြမ်းကွဲနေသလိုပဲ၊ ခုတော့လည်း နည်းနည်း ပြန်ကောင်းလာသလိုလို ဘာလိုလိုနဲ့’

ကျွန်မက သူ့ညာဘက်ပါးကို ထိကာ

‘အမေသိရဲ့လား’

‘သိတော့သိတယ်၊ ဒါပေမယ့် စိတ်ထဲမှာ ဘာလိုလို ညာလိုလိုနဲ့’

www.burmeseclassic.com



ဘယ်ဘက်ကို ကျွန်မ ထိပြန်သည်။

'ဒါတော့ ကောင်းကောင်းသိတယ်၊ တကယ်ထိတာ'

အမေ့ တင်ပါးဆုံ ပြုတ်သည်မှာလည်း ဘယ်ဘက်။ ခွဲစိတ်ကုသရသည်ကလည်းဘယ်ဘက်။ ပိုက်တွေတပ်ရတာ ဆေးသွင်းရတာကလည်း ဘယ်ဘက်။ အားလုံးဘယ်ဘက်မှာချည်းဖြစ်သည်။ ထို့ကြောင့်ပင် တခြားတစ်ဖက်က ထုံသွားလေသလော မဆိုနိုင်။

'အားလုံးကောင်းပါတယ်၊ ဆရာဝန်တွေကလည်း အမေ့အခြေအနေကို ကြည့်ပြီး အားရကြပါတယ် ကျွန်မက ပြောသည်။

'ဒေါက်တာအင်ကတော့ သိပ်ကျေနပ်ပုံမရဘူး၊ စမ်းသပ်ကြည့်ချင်လို့တဲ့၊ ငါ့ကို လေချည်း အတင်း လည်ခိုင်းနေတယ်'ဟု ဆိုကာ အမေသည် ပြုံးနေသည်။

'ဆေးရုံက ဆင်းတော့မှ သူ့ဖို့ ခွေးကျွေးတဲ့ ချောကလက် တစ်သေတ္တာ ပို့လိုက်ရဦးမယ်'

အမေ့အောက်က လေမွေ့ရာသည် အမေ့အသားကို နှိပ်နယ်ပေးနေပါသည်။ ဒူးနှစ်ဖက်ကြားတွင် ဂွမ်းကပ်ခံထားပြီး အပေါ်တွင်လည်း စောင်တွေဘာတွေနှင့် မထိရအောင် သံခွေတွေ ခံထားပါသည်။ ထို့ပြင် ဖနောင့်တွင်လည်း မွေ့ရာနှင့် ထိမနေအောင် တစ်မျိုးစီမံထားပါသည်။ ထိုသို့ အမျိုးမျိုးစီမံထားသည့်တိုင် အိပ်ရာပူမိကာ အနာစိမ်းတွေ ထွက်စပြုလာပါသည်။ အမေ့မှာ အဆစ်အမြစ်ရောဂါကြောင့်

www.burmeseclassic.com



တင်ပါးဆုံအကြောတွေ သေနေရသည့်အထဲတွင် လက်ယာဘက်ကလည်းကောင်းကောင်းမလှုပ်နိုင်။ လက်ဝဲဘက်တွင်လည်း ဆေးသွင်းသည့် အပ်ကြီး အမြဲစိုက်ထားပြန်သဖြင့် နည်းနည်းမှ လှုပ်၍ ရနိုင်သော အခြေအနေမရှိတော့ပါ။

'ငါ့ကို ထူပေးစမ်းပါ'ဟု အမေက ပြောသည်။

ကျွန်မတစ်ယောက်တည်း ထူမပေးရဲပါ။ အမေကိုယ်လုံးတီးဖြစ်နေသည်ကို ကြည့်၍ ကျွန်မစိတ်မဆင်းရဲတော့ပါ၊ ထိုခန္ဓာကိုယ်ကြီးသည် ကျွန်မ အမေမဟုတ်တော့။ ဝေဒနာ၏ ဖိစီးနှိပ်စက်ခြင်းကို ခံနေရသည့် သနားစရာ ခန္ဓာကိုယ်ကြီး တစ်ခုဖြစ်နေလေပြီ။ သို့တိုင်အောင် ကျွန်မသည် ကျွန်မ သဘောပေါက်နေသော ကြောက်ဖွယ်ဆန်းကြယ်နက်နဲမှုကို ထိတ်လန့်ကာ အမေ့အား ထိခိုက်နာကျင်သွားမည်ကို စိုးရိမ်နေပါသည်။ ထိုနေ့မနက်၌ အမေ့ကို နောက်တစ်ကြိမ် ဝမ်းချုရန်ရှိရာ သူနာပြုဆရာမလီဗလွန်းတစ်ယောက်တည်း မနိုင်သဖြင့်ကျွန်မဝင်ကူရသည်။ ကျွန်မသည် စိုစွတ်နေသော အပြာရောင်ဆေးရုံအင်္ကျီထဲက အရိုးစုကြီးကို မေးကိုင်ကာ အမေ့ကို ချိုင်းအောက်မှ ပွေ့ထားသည်။ သူ့ကိုယ်ကို တစ်ဖက်သို့ စောင်းပေးသည့်အခါတွင် အမေသည် မျက်နှာကိုရှုံ့၍ မျက်လုံးကြီးလှန်ကြည့်ရင်း 'ငါလိမ့်ကျတော့မယ်'ဟု အော်နေသည်။ အမေသည် သူလဲကျသွားသည့် အချိန်ကို ပြန်၍ သတိရနေဟန်တူသည်။ ကျွန်မက သူ့ခုတင်ဘေးတွင် ရပ်ရင်းသူ့ကို ကိုင်ထားပြီး ဖျောင်းဖျ

www.burmeseclassic.com



နှစ်သိမ့်ရ၏ ။

ကျွန်မတို့သည် အမေ့ကိုပြန်ထူပေးကာ ခေါင်းအုံးဆင့်၍ ခုပေးထားရ၏ ။ ခဏကြာလျှင် 'လေလည်ပြီ'ဟု ပြောပြီး မဆုံးခင် 'မြန်မြန်အိပ်ရာခင်းပေးစမ်း၊ မြန်မြန်'ဟု အော်သည်။

လီဗလွန်းနှင့် ဆံပင်နီနီ ဆရာမတို့သည် အမေ့ကို အိပ်ရာခင်းပေါ်သို့ အမြန်ရွှေ့ကြ၏ ။ အမေကမူ မောနေဆဲ။ ကိုယ်လုံးတည်းဖြစ်နေသည့် အမေ၏ အသားများနှင့် ပြောင်လက်နေသည့် သံခုတင်ပေါင်ကို မြင်ရသည့်အခါတွင် ထိုခုတင်အစွန်းသည် အမေ့အသားကို ဓားဖြင့် လှီးဖြတ်သည့်နှယ် ရှိနေလိမ့်မည်ဟု ကျွန်မတွေးနေသည်။ ဆရာမ နှစ်ယောက်သည် အမေ့ကို ကမုတ်ပေါ်သို့ ဆွဲတင်ကြသည်။ ဆံပင်နီနီနှင့် ဆရာမက ခပ်ကြမ်းကြမ်းဆွဲသည်။ အမေ့မှာ တစ်ကိုယ်လုံး တောင့်တင်းနေသဖြင့် အော်၏ ။

ကျွန်မသည် ဆရာမများနှင့်အတူ အပြင်သို့ ထွက်လာခဲ့၏။

'ကိစ္စမရှိဘူး ဆရာမ၊ အိပ်ရာပေါ်မှာပဲ သွားပေ့စေ'

'မကောင်းပါဘူး မမရယ်၊ ရှက်စရာကြီး၊ ပြီးတော့ တခြားလူနာတွေကလည်း ပြောကြလိမ့်မယ်'ဟု လီဗလွန်းက ကန့်ကွက်သည်။

ဆံပင်နီနီနှင့် ဆရာမက

'လူမမာ တစ်ကိုယ်လုံး အညစ်အကြေးတွေ ပေပြီး စို့ရွှဲကုန်လိမ့်မယ်၊ အဲဒီတော့ အိပ်ရာပူမိပြီး အနာစိမ်းတွေ

www.burmeseclassic.com



ပိုဆိုးမှာ’

‘ချက်ချင်း အဝတ်အစား လဲပေးရမှာပေါ့’

ကျွန်မသည် အမေ့ထံပါးသို့ ပြန်လာခဲ့၏၊ အမေက လေသံကလေးဖြင့်

‘ဆံပင်နီနီနဲ့ ဆရာမပဟာတော်တော်ဆိုးတဲ့ ကောင်မ၊ ငါ့ကို သူငယ်နှပ်စားလေးများ အောက်မေ့နေသလား မသိဘူး’

‘မဟုတ်ပါဘူးအမေရယ်၊ အိပ်ရာပေါ်မှာ ဝမ်းသွားတဲ့အတွက် ကိစ္စမရှိပါဘူး၊ အိပ်ရာခင်းလဲလိုက်ရင် ပြီးတာပဲ၊ ဘာမှ အပန်းမကြီးပါဘူး’

‘ဟုတ်ပါတယ်အေ၊ အသေကောင်တွေလည်း ဒီလိုပဲ အိပ်ရာထဲမှာပဲ ကိစ္စပြီးရတာပါပဲ’

အမေသည် မျက်မှောင်ကို ကုတ်ကာ မထူးတော့ပြီဆိုသည့်သဘောဖြင့် ခပ်ပြတ်ပြတ် ပြောသည်။

ကျွန်မသည် အံ့သြနေသည်။ ရှက်စရာဟု ခပ်စောစောက ဆရာမပြောသွားသည့်အတိုင်းပင်။ သူ့ဘဝတစ်လျှောက်လုံး မာနတွေ တစ်ကွဲသားဖြင့် နေခဲ့သည့် အမေသည် ဘာမျှ ရှက်ဟန်မတူတော့။ ထိုမျှ အရှက်အကြောက်ကြီးသော မိန်းမတစ်ယောက်အနေဖြင့် ကျွန်မတို့လူ့ဘဝကြီး၏ အဟိတ်တိရစ္ဆာန်သဘောကို ပြတ်ပြတ်သားသား ရင်ဆိုင်လိုက်ခြင်းသည် သတ္တိတစ်မျိုးဟု ကျွန်မ ယူဆပါသည်။

www.burmeseclassic.com



အမေ့ကို အဝတ်အစား လဲ၊ သန့်စင်ဆေးကြော ပေးပြီးနောက် အရက်ပျံဖြင့် ပွတ်တိုက်သုတ်လိမ်းပေးသည်။ အမေကြောက်သည့် ဆေးထိုးချိန်သို့ ရောက်လာသည်။ ထိုဆေးမှာ အမေ့ကိုယ်ထဲတွင်ရှိသည့် ယူးရီးယားဓာတ်ကို ပြယ်စေရန် ထိုးသည့်ဆေးဟု ကျွန်မ ထင်ပါသည်။ အမေ့ကို ကြည့်ရသည်မှာလွန်စွာ ပင်ပန်းသည့်အတွက် ဆေးထိုးပေးရမည့် လီဗလွန်းက ဆုတ်ဆိုင်းဆိုင်း ဖြစ်နေသည်။

'သက်သာတယ်ဆိုရင် ထိုးသာထိုးပါအေ'ဟု အမေက ပြောသည်။

ကျွန်မတို့သည် အမေ့ကို တစ်ဖက်သို့ စောင်းပေးရပြန်သည်။ ကျွန်မသည် အမေ့ကို ဖေးကိုင်ထားရင်း အမေ့မျက်နှာကို မသိမသာ လှမ်းကြည့်မိသည်။ အမေ့မျက်နှာက စိုးရိမ်သောက၊ သတ္တိ၊ မျှော်လင့်ချက်နှင့် ခိုကိုးရာမဲ့မှုတို့ ရောထွေးနေသည့် မျက်နှာ။ သူ့ ရောဂါ သက်သာရင် ထိုးရမှာပေါ့တဲ့။ ဟုတ်သည်။ ရောဂါသက်သာအောင်။ သေအောင်။ ကျွန်မသည် ကျွန်မကို ခွင့်လွှတ်ဖို့ တောင်းပန်လိုက်ချင်သည်။

ထိုနေ့ညနေက အမေသက်သာသည်ဟု နောက်တစ်နေ့တွင် ကျွန်မ သိရသည်။ လီဗလွန်း နေရာတွင် အမျိုးသားသူနာပြုတစ်ယောက်ရောက်လာသဖြင့် ကျွန်မညီမ ပိုပေးက အမေ့အား

www.burmeseclassic.com



'သူနာပြုဆရာက သနားလည်း သနားတတ်တယ်၊ ငယ်လည်းငယ်တယ်၊ အမေကံကောင်းတာပေ့ါ'

'ဟုတ်တယ်၊ ရုပ်ကလေးကလဲ သနားကမား'ဟု အမေက ပြောသည်။

'အမေက ယောကျ်ားတွေကို ကောင်းကောင်း အကဲခတ်တတ်တာပဲ'

'ဒီလောက်လဲမဟုတ်ပါဘူးအေ'ဟူသော အမေ၏ အသံသည် အတိတ်ကို လွမ်းသည့်အသံပါနေသည်။

'ဘာလဲအမေပြန်လွမ်းနေပြီလား'

အမေကရယ်သည်။

'လူ့ဘဝမှာ အစွမ်းကုန်ပျော်ပျော်နေကြလို့ ငါ့မြေးတူမတွေကို ငါအမြဲပြောတယ်'

'ဒါကြောင့် မြေးမတွေက အမေ့ကို ချစ်ကြတာဖြစ်မှာပေ့ါ၊ သမီးတွေကို တော့ ဘာဖြစ်လို့ ဒီလိုမပြောတာလဲ'

အမေ၏မျက်နှာသည် ချက်ချင်းပြန်၍ သုန်မှုန်သွား၏ ။

'သမီးတွေကိုတော့ မပြောချင်ပါဘူးအေ'

ထိုစဉ် ဒေါက်တာပီသည် နောက်နေ့တွင် ခွဲစိတ်ရန် ရှိသည့် အသက်ရှစ်ဆယ်ရွယ်အဘွားကြီး တစ်ယောက်ကို ခေါ်လာသည်။ အဘွားကြီးမှာ ကြောက်လန့်လျက်ရှိ၏ ။ အမေက သူ့ကိုယ်သူ နမူနာထားကာ ကြောက်စရာမလို ကြောင်းဖြင့် 'လက်ချာရိုက်'သည်။

တနင်္လာနေ့ ကျွန်မရောက်လာသည့်အခါတွင် အမေက

www.burmeseclassic.com



ရယ်ချင်ပက်ကျိ ဖြစ်နေသည့် အသံမျိုးဖြင့် 'သူတို့ ဆေးတိုက်က ငါ့ကို ကြော်ငြာသဘော သုံးနေကြတာအေ့၊ နေစမ်းပါဦး၊ ငါ့ညာဘက်ခြမ်းကော ပြန်ကောင်းလာပြီလား၊ ငါ့ခန္ဓာကိုယ်မှာ ညာဘက်ခြမ်းကော ရှိသေးတယ်နော်'

'ရှိပါတယ် အမေရဲ့၊ ကိုယ့်ဘာသာကိုယ် ပြန်ကြည့်ပါလား' ဟု ကျွန်မညီမက ပြောသည်။

အမေသည် တင်းမာသော အကြည့်မျိုးဖြင့် မှန်ထဲမှ သူ့ ရုပ်သွင်ကို မယုံမရဲ ကြည့်ရင်း

'ဒါ ငါ့ရုပ်လား'

'ဟုတ်တယ်လေ၊ အမေ့ရုပ်ပဲ၊ အမေ့မျက်နှာကို အမေ ပြန်မြင်နေရတဲ့ ဉစ္စာ'

'မျက်နှာကြီးကလည်း သွေးမရှိတော့သလို ပြာမွဲမွဲကြီး'

'အဲဒါက အလင်းရောင်ထိုးနေလို့ပါ၊ အမေ့မျက်နှာက ပန်းနုရောင်တောက်နေတာပဲ'

တကယ်အားဖြင့်လည်း အမေ့ကို ကြည့်ရသည်မှာ တော်တော်နေကောင်းနေသည်။ လီဗလွန်းကို ပြုံးပြသည့် အခါတွင်

'ဒီတစ်ခါတော့ ပါးစပ်တစ်ခုလုံးနဲ့ ညည်းကိုပြုံးပြနိုင်ပြီ ဟိုတုန်းကတော့ တစ်ဝက်ပဲပြုံးနိုင်တယ်'

ညနေပိုင်းတွင်မူ အမေ မပြုံးနိုင်တော့။ အမေသည် အံ့ဩအပြစ်ဆိုသောလေသံဖြင့် 'မှန်ထဲမှာ ကိုယ့်ကိုယ်ကို ပြန်ကြည့်တော့ အရုပ်ဆိုးလိုက်တာ'ဟု တဖွဖွ ပြောနေသည်။

www.burmeseclassic.com



လွန်ခဲ့သည့် ညကအမေ့အကြောထဲသို့ စိုက်သွင်းသည့် အကြောဆေးမှာ ဘာဖြစ်သည်မသိ။ ထို့ကြောင့် ဆေးထိုး အပ်ကို ပြန်ဖြုတ်ကာ အကြောထဲသို့ ပြန်စိုက်ရသည်။ ညကြီးမင်းကြီးတွင် ညသူနာပြုက မမြင်မစမ်းနှင့် အရေပြား ထဲသို့ ဆေးရည်တွေ ထိုးထည့်သဖြင့် အမေ့တွင် နာကျင်ခြင်း ဖြစ်သည်။ ပြာမွဲရောင်ကိုင်းနေသော လက်မောင်းကြီးကို ပတ်တီးစည်းထားရပါသည်။ ယခုတစ်ကြိမ် ဆေးသွင်း ရာတွင် ညာဘက်လက်မောင်းမှ အကြောကို စိုက်သွင်းရာ ဆေးရည်ကြည် သွင်းသည်ကို ခံနိုင်သော်လည်း သွေးသွင်း သည့်အခါတွင် အမေညည်းနေပါသည်။ ညနေပိုင်းရောက် လာသည့်အခါတွင် အမေသည် စိုးရိမ်စပြုလာ၏။ ညရောက် မည်ကိုလည်းကောင်း၊ နောက်ထပ်တစ်ခုခု ဖြစ်မည်ကို လည်းကောင်း၊ နာကျင်မည်ကို လည်းကောင်း ကြောက်နေ သည်။ အမေက စိုးရိမ်ထိတ်လန့်သော မျက်နှာဖြင့် 'ညကျရင် ဆေးသွင်းတာကို သေသေချာချာ စောင့်ကြည့်နော်' ဟု ပြောသည်။ ထိုနေ့ညပိုင်းတွင် ကျွန်မသည် အမေ့ လက်မောင်းက အကြောထဲသို့ ဒရစ်မှတစ်ဆင့် အသက်ဇီဝ စီးဆင်းနေသည်ကို ကြည့်နေမိသည်။ ပိုက်ကလေးထဲမှ လာသော အသက်ဇီဝသည် အသက်ဇီဝ မမည်ပါ။ ဝေဒနာ နှင့် ဒုက္ခတို့ကို ပိုက်နှင့်သွင်းနေခြင်းသာ ဖြစ်ပါသည်။ ထို့အတူ အဘယ်ကြောင့် သွင်းနေရပါသနည်း။

ဆေးတိုက် ရောက်နေစဉ်ကမူ ထိုအကြောင်းကို

www.burmeseclassic.com



တွေးနေချိန် မရပါ။ ရောက်သွားသည်နှင့် သလိပ်ထွေးနိုင်အောင် အမေ့ကို ကူညီရသည်။ ဆေးတို့ ဘာတို့ တိုက်ရသည်။ အမေ့နောက်တွင် ခေါင်းအုံးတွေ ခုပေးရသည်။ အမေ့ဆံပင်ကို ကျစ်ပေးရသည်။ အမေ့ခြေထောက်ကို ရွှေ့ပေးရသည်။ အမေ့စားပွဲပေါ် ရှိပန်းများကို ရေဖျန်းရသည်။ ပြတင်းပေါက် ဖွင့်ခြင်း ပိတ်ခြင်းတို့ကို လုပ်ပေးရသည်။ သတင်းစာ ဖတ်ပြရသည်။ အမေ မေးသည့် မေးခွန်းတို့ကို ဖြေရသည်။ ဗီရိုပေါ် ကနာရီကိုသံပတ်ပေးရသည်။ အမေသည် ထိုသို့ ကျွန်မတို့က လုပ်ပေးနေသည်ကို များစွာ ကျေနပ်နေဟန်ရှိပါသည်။ မကြာခဏလည်း ကျွန်မတို့ကို ခိုင်းပါသည်။ သို့ရာတွင် အိမ်သို့ ပြန်ရောက်လာသည်နှင့် အမေဆုံးခါနီးရက်များတွင် ကြုံတွေ့ခဲ့ရသည့် သောကနှင့် အကြောက်တို့သည် ထုကြီးထည်ကြီးဖြင့် ကျွန်မကိုယ်ပေါ်သို့ ပိကျလာတတ်သည်။ ကျွန်မကိုယ်တွင်လည်း လှိုက်စားနေသော နောင်တ သံဝေဂတည်းဟူသော ကင်ဆာရောဂါကြီးကို ခံစားနေရပါသည်။ အမေက သူ့ကို ခွဲစိတ်ခြင်းမပြုဖို့ အတန်တန် ပြောခဲ့ပါသည်။ ကျွန်မသည် မခွဲအောင် မတားနိုင်ခဲ့ပါ။

အကြီးအကျယ် ဝေဒနာခံစားနေရသော လူမမာများအား ထိုကာလ ကြာမြင့်စွာ ဆွဲ၍ ကုသခြင်းကို ကျွန်မ မကြာခဏကြားခဲ့ဖူးရာ ကြားတိုင်းလည်း ဒီလောက်တောင် ကရုဏာကင်းရသလားဟု သက်ဆိုင်ရာ ဆွေမျိုးများကို

www.burmeseclassic.com



ကျွန်မစိတ်ဆိုးမိပါသည်။ ကိုယ်သာဆိုလျှင် ထိုလူမမာကို မြန်မြန်ကိစ္စချောအောင် လုပ်ပစ်လိုက်မည်ဟု စိတ်ထဲတွင် တွေးမိပါသည်။ သို့ရာတွင် ကိုယ်ရေးကြုံလာသည့်အခါတွင် ထိုသို့မဟုတ်တော့ပါ။ လူ့အဖွဲ့အစည်း၏ ကျင့်ဝတ်များသည် ကျွန်မကို အနိုင်ယူသွားခဲ့ကာ ကျွန်မအယူအဆကို စွန့်လွှတ်လိုက်ရပါသည်။ 'လူ့ကျင့်ဝတ်တွေက အနိုင်ယူသွားတာ မဟုတ်ပါဘူး၊ ဆေးပညာရဲ့ နည်းလမ်းတွေက အနိုင်ယူသွားတာ'ဟု ဆာ့တ်က ပြောသည်။ မှန်ပါသည်။ အထူးကု ဆရာဝန်ကြီးများ၏ ရောဂါစစ်တမ်း၊ သူတို့၏ ထင်မြင်ချက်၊ သူတို့၏ ဆုံးဖြတ်ချက် စသည့် ဘီးကြီးလည်ပတ်ရာတွင် ကျွန်မလည်း ရောပါသွားပြီး စွမ်းအားမဲ့နေပါသည်။ လူနာသည် သူတို့ပိုင်ပစ္စည်းဖြစ်သွားပါသည်။ တတ်နိုင်လျှင် လူနာကို သူတို့နှင့်ဝေးရာသို့ ခေါ်သွားရုံသာရှိပါသည်။ ထိုဗုဒ္ဓဟူးနေ့က ကျွန်မအဖို့ ရွေးစရာ နှစ်လမ်းသာရှိပါသည်။ အမေ့ကို ခွဲစိတ်ကုသခြင်း ပြုလျှင်ပြု၊ သို့မဟုတ်လျှင်လည်း တဖြည်းဖြည်း အသေခံ၊ ထိုနည်းနှစ်နည်းသာရှိပါသည်။ ယခုမူအမေ့ကို အသက်ရှူကောင်းအောင် လုပ်ပေးခဲ့ပြီး နှလုံးကလည်း အကောင်းကြီးရှိသေးသဖြင့် မသေနိုင်သေးဘဲ အူပိတ်လျက်ကြီးနှင့် အသက်ရှင်ရဦးမည် ဖြစ်ပါသည်။ သို့ဆိုလျှင် အမေသည် ငရဲတွင်အကြာကြီးခံနေရဦးမည် ဖြစ်ပါသည်။ ဆရာဝန်များသည် အလွယ်တကူသေသွားခြင်း ကို လက်မခံနိုင်ကြပါ။ ထိုနေ့က ကျွန်မ မနက်အစောကြီး

www.burmeseclassic.com



ရောက်သွားသင့်ပါသည်။ သို့ရောက်သွားခဲ့လျှင် ‘သေချင်လည်းသေပါစေတော့’ ဟု ဒေါက်တာအင်ကို ကျွန်မပြောရဲမည်မထင်ပါ။ ထို့ကြောင့် ထိုနေ့က ‘အမေ့ကို မညှဉ်းဆဲကြပါနဲ့တော့ရှင်’ ဟုပြောခဲ့ခြင်းမှာ ထိုစိတ်ကြောင့်ဖြစ်ပါသည်။ သို့ရာတွင် ဒေါက်တာအင်သည် သူ့တာဝန်ကို သူနားလည်သည့် လူတစ်ယောက်၏ မောက်မာခြင်းမျိုးဖြင့် ကျွန်မကို ငေါက်ငမ်းခဲ့ပါသည်။ ‘ဘာလဲ ခင်ဗျားအမေ နောက်ထပ်အသက်ရှင်နေတာကို မကြည့်ချင်လို့လား’ ဟု မေးကောင်း မေးကြပေလိမ့်မည်ထင်ပါသည်။ ထို့ကြောင့် ကျွန်မလက်လျှော့ကာ ခွဲစိတ်ရန် သဘောတူခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင် ကျွန်မစိတ်ထဲတွင်မူ မချမ်းမြေ့တော့ပါ။ အနာဂတ်သည် ကျွန်မကို ခြောက်လှန့်နေပါသည်။ ကျွန်မဆယ့်ငါးနှစ်သမီးအရွယ် ကျွန်မဦးလေး မောရစ်သည် အစာအိမ်ကင်ဆာဖြင့် ဆုံးခဲ့ပါသည်။ နောက်ပိုင်းတွင် ဦးလေးမောရစ်သည် အော်ဟစ်နေသည်ဟု သိရပါသည်။ ‘ကျွန်တော့်ကို သတ်ပစ်လိုက်ကြပါတော့ဗျာ၊ ခြောက်လုံးပြူး ယူပေးပါဗျာ၊ ကျွန်တော့်ကို မသနားတော့ဘူးလား’ ဟု အော်နေသည်ဟု ဆိုပါသည်။ ယခု ဒေါက်တာဘီက အမေ့ဝေဒနာကို မခံစားရအောင် လုပ်ပေးမည်ဟု ပြောပါသည်။ သို့ရာတွင် ဒေါက်တာဘီသည်လည်း ကတိတည်နိုင်ပါမည်လော။ သေမင်းနှင့် ဝေဒနာခံစားရခြင်း တို့သည် အပြေးပြိုင်နေကြပါသည်။ ကိုယ်ချစ်ခင်တွယ်တာသူ တစ်ဦး

www.burmeseclassic.com



က မသနားကြတော့ဘူးလားဟု အချည်းနှီးအော်ဟစ်နေစဉ်တွင် မည်သို့ကြည့်နေရမည်ကို ကျွန်မ မစဉ်းစားတတ်အောင် ဖြစ်နေပါသည်။

နောက်ဆုံးတွင် သေမင်းက နိုင်မည့်အတူတူ အဘယ်ကြောင့် စက်ဆုပ်စဖွယ် လိမ်ညာနေကြဦးမည်နည်း။ အမေကမူကျွန်မတို့သည် သူနှင့်အတူရှိလိမ့်မည်၊ သူ့နောက်တွင် ရှိလိမ့်မည်ဟု ထင်ပေလိမ့်မည်။ သို့ရာတွင် ကျွန်မတို့သည် သူ့အနီးတွင်မရှိပါ။ သူနှင့်ဝေးရာတွင် ကျွန်မတို့ ဘာသာကျွန်မတို့ နေရာချပြီးသားဖြစ်ပါသည်။ အမေသည် ကျွန်မတို့နှင့်ဝေးရာ တစ်နေရာတွင် တစ်ယောက်တည်း တစ်ကိုယ်တည်း တိုက်ပွဲဝင်နေရသူဖြစ်ပါသည်။ နေထိုင်ကောင်းချိန် စိတ်စောနေခြင်း၊ စိတ်ရှည်ရှည်ကုသခြင်း၊ သတ္တိရှိရှိဖြင့် ဝေဒနာကို ရင်ဆိုင်ခြင်း စသည်တို့သည် နောက်ဆုံးတွင် ဘာမှအရာထင်မည် မဟုတ်ပါ။ ထိုအရာများသည် အလိမ်အညာခံရသည်နှင့် တူနေပါသည်။ သူ ကျိတ်မှိတ်ခံစားခဲ့ရခြင်းအတွက် ဘာ အကျိုးထူးမျှ ရမည်မဟုတ်ပါ။ ကျွန်မ သည် အမေ့မျက်နှာကို ကြည့်၍။ 'ရောဂါသက်သာမယ် ဆိုရင်လုပ်ပါ' ဆိုသော အမေ့စကားများကိုကြားယောင်နေသည်။ ကျွန်မသည် အလိုလိုနေရင်းက နောင်တွင် ခွင့်လွှတ်၍မရနိုင်သော ဒုစရိုက်ကြီး တစ်ခုကို ကျူးလွန်နေပြန်ပါပကော။

အမေသည် အေးချမ်းသော ညတစ်ညကို ကျော်လွန်

www.burmeseclassic.com



လာခဲ့၏။ အမေ့စိုးရိမ်သောကကို မြင်သည့်ဆရာမလေးမှာ အမေ့လက်ကို အမြဲဆုပ်ကိုင်ထားသည်။ အိပ်ရာခင်း ခင်း၍ ဆီးဝမ်းအသွားခိုင်းလျှင် ထိခိုက်နာကျင်ခြင်းမရှိဘဲ ချောချော မောမောသွားနိုင်အောင် လုပ်ပေးနိုင်ကြပြီ။ အမေသည် အစာကိုလည်း တော်တော်ပြန်စားနိုင်လာပြီ။ မကြာမီဆိုလျှင် ဆေးတွေသွေးတွေ သွင်းထားသည်ကိုလည်း ဖြုတ်ပေးတော့မည်ဟု သိရသည်။

'ဒီနေ့ည ဖြုတ်ပေးမှာလား' ဟု အမေက မေးသည်။

'ဒီကနေ့ညဖြစ်ဖြစ် နက်ဖြန်ဖြစ်ဖြစ်ပေါ့' ဒေါက်တာ အင်က ဖြေ၏။

ထိုအခြေအနေမျိုးတွင် ညသူနာပြုကို ဆက်ထားရဦးမည်။ ကျွန်မညီမမှာမူ သူ့သူငယ်ချင်းတစ်ယောက်အိမ်တွင် သွားအိပ်မည် ဖြစ်၏။ ကျွန်မလည်း ဒေါက်တာဘီထံ အကြံဉာဏ်တောင်းသည်။ ဆာ့ထ်မှာ နောက်တစ်နေ့တွင် ပရတ်သို့ သွားမည်ဖြစ်၏။ ကျွန်မ သူနှင့် လိုက်သွား၍ ဖြစ်မည်လားဟု မေးကြည့်သည်။ အချိန်မရွေး တစ်ခုခုတော့ ဖြစ်နိုင်တယ်။ ဒါပေမယ့် ရုတ်တရက်တော့ မဖြစ်သေးပါဘူး၊ ဒီလိုနဲ့ တော်တော် ကြာဦးမှာပါ။ ခင်ဗျားလည်း သိပ်ဝေးဝေး သွားတာမှမဟုတ်တာ။ ပရတ်ဆိုရာ ပါရီကနေ တစ်နာရီ လောက် လေယာဉ်ပျံစီးရင် ရောက်သွားတာပဲ။ တယ်လီဖုန်းဆက်လို့လည်း လွယ်သားပဲ။

ကျွန်မက ထိုအကြောင်း အမေ့ကို တိုင်ပင်ကြည့်သည်။

www.burmeseclassic.com



'အေးလေ လိုက်သွားပေါ့၊ ဒီမှာညည်းလည်း မလိုပါဘူး'

သူ့အခြေအနေလည်း ကောင်းလာသဖြင့်သာ ကျွန်မသွားခြင်းဖြစ်သည်ဟုလည်း အံ့ဩသွားခဲ့ရပါသည်။

'ငါကိုယ်ကလဲ ငါပါအေ၊ အသက် ၇၈ နှစ်ရောက်မှ အူအမြေးရောင်ရောဂါ လာဖြစ်ရသေးတယ်၊ ဒီဆေးတိုက်ရောက်လို့ တော်ပေသေးတာပေါ့၊ တင်ပါးဆုံရိုးပြုတ်လို့ဆိုပြီး ခြေထောက်ကိုများ ခွဲရင်အခက်'

ပတ်တီးဖြုတ်ထားသည့် အမေ၏ လက်မှာ အနည်းငယ်သေးကွေးသွားပါသည်။ အမေသည် ဘယ်လက်ဖြင့် သူ့မျက်နှာ နှာခေါင်း ပါးစပ်တို့ကို စမ်းကြည့်သည်။

'ငါ့မျက်လုံးတွေက ပါးနားမှာ ရောက်နေပြီး နှာခေါင်းက မေးနားရောက်နေသလိုပဲ၊ ဘယ်လိုကြီးမှန်းမသိဘူး'

အမေသည် သူ့ကိုယ်သူ ဂရုစိုက်လေ့ရှိသူမဟုတ်။ သို့ရာတွင် သူ့ကျန်းမာရေးကြောင့် သူ့ခန္ဓာကိုယ်ကို ပြန်၍ ဂရုစိုက်နေရလေပြီ။ ထိုသို့ ဂရုစိုက်နေရသည့်အတွက် အမေသည် တိမ်တိုက်တွေထဲတွင် လွင့်မျောခြင်း မရှိတော့။ ကျွန်မအား ထိတ်လန့်စေသည့် စကားများကို ပြောဆိုခြင်းမပြုတော့။ သူတက်ခဲ့ရသည့် ဆေးရုံအကြောင်းကို ပြောသည့်အခါတွင် အပြင်စကြံ၌ လူနာများဆင်းဆင်းရဲရဲဖြစ်ကတတ် ဆန်းနေရသည့်အတွက် သနားကြောင်းလောက်ကိုသာ ပြောတော့သည်။ ဆေးတိုက်တွင် အုပ်ချုပ်သူများနှင့် သူနာပြုများ ပြဿနာဖြစ်လျှင် အမေသည် သူနာပြုများ

www.burmeseclassic.com



ဘက်တွင် အမြဲ ပါတတ်သည်။ လူကသာ မကျန်းမာသော်လည်း စိတ်ကမူ သူ့အတွက် သူတစ်ပါးတာဝန်တက်မည်ကို အလွန်စိုးရိမ်သည်။ သူနာပြုဆရာမ လီဗလွန်းကို အလွန်ငဲ့ညှာသည်။

'ငါလို အဘွားကြီးတစ်ယောက် ကိုယ်ထဲကို သွင်းပေးမယ့် သွေးတွေကို တခြားလိုအပ်တဲ့ ငယ်ငယ်ရွယ်ရွယ်တွေကို သွင်းပေးလိုက်ရင်ကောင်းမှာ'ဟု အမေပြောတတ်သည်။

သူ့ကြောင့် ကျွန်မမှာ အချိန်ကုန်သည့်အတွက် အမေ စိတ်မကောင်းပါ။

'ညည်းမှာ အလုပ်တွေကလည်း အများသား မဟုတ်လား၊ ခုတော့ ငါ့အနားမှာ အချိန်ကုန်နေရတယ်၊ စိတ်မကောင်း လိုက်တာအေ' ဟု ပြောလားပြောတတ်၏။ တစ်ခါတစ်ရံတွင်လည်း မာနသံတစ်ဝက် နောင်တသံတစ်ဝက်ဖြင့် 'အင်း ငါ့သမီးတွေကို ဒုက္ခပေးသလို ဖြစ်နေပြီ၊ တော်တော် စိုးရိမ် နေကြတယ်ထင်တယ်' ဟုဆိုကာ ကျွန်မတို့အတွက် စိုးရိမ်ရသည်မှာလည်း အမောပင်။ ကြာသပတေးမနက်တွင် ကျွန်မညီမအဖို့ အိမ်ဖော်ကလေးက မနက်စာယူလာရာ အမေသည် သတိမရတစ်ဝက် ရတစ်ဝက်ဖြစ်နေရာမှပင် 'ယို၊ ယို' ဟု မပီမသပြောသေးသည်။

'အမေ ဘာပြောတာလဲ'

'ယိုပါရဲ့လား' ဟုဆိုကာ ကျွန်မညီမ ယိုကြိုက်တတ်ကြောင်းကို သတိရနေသေးသည်။

ယနေ့မန္တလေးစာအုပ်တိုက်

www.burmeseclassic.com



အမေသည် နောက်ဆုံး ထုတ်ဝေသည့် ကျွန်မစာအုပ် ရောင်းကောင်း မကောင်းကိုလည်း လိုက်၍ ပူမိအောင် ပူလိုက်သေးသည်။ သူနာပြုဆရာမ လီဗလွန်းမှာ အိမ်ရှင်က အခန်းကို ပြန်တောင်းနေသည်တွင် ပိုပေးက သူ့ကို အမေနေခဲ့သည့် အခန်းတွင်ထားရန် ပြောသည့်အခါတွင်လည်း အမေသည် အလွယ်တကူပင် သဘောတူလိုက်သည်။ အမှန်ကမူ အမေသည် သူရှိစဉ် သူ့အခန်းတွင် ဘယ်သူမှ နေသည်ကို မကြိုက်။ အမေသည် နာမကျန်းဖြစ်လိုက်သည့်အတွက် သူ့ကိုယ်သူ ကာရံထားသည့် ဥခွံများသဖွယ်ဖြစ်သော အစွဲအလမ်းများ အယူသီးမှုများသည် ကျိုးပဲ့ပျက်စီးသွားခဲ့လေပြီ။ အမေသည် ထိုသို့သော အကာအရံများ မလိုတော့ဟု ထင်သောကြောင့်လည်း ဖြစ်နိုင်သည်။ သူများအတွက် စွန့်လွှတ်ရသည်၊ အနစ်နာခံရသည် ဆိုသည့် အတွေးမျိုးလည်း မရှိတော့။ ပြန်၍ကျန်းမာလာဖို့ သူ့ကိုယ်သူ ဂရုစိုက်ဖို့ကိုသာ စိတ်စောနေသည်။ စိတ်ထဲတွင် အောင့်အည်း မျိုသိပ်ထားမှုတွေ မရှိတော့သဖြင့် ဒေါသထွက်ခြင်းတို့လည်း သိပ်မရှိတော့။ ပြန်၍ပေါ်လွင်လာသော သူ့အလှနှင့် ပြန်၍တွေ့ရှိလာသော သူ့အပြုံးတို့သည် သူ့အဇ္ဈတ္တသန္တာန်၏ ပြည့်စုံညီညွတ်မှုကို ဖော်ပြနေပါသည်။ သေငယ်ဇော မဆိုက်မီမှာပင် ပျော်ရွှင်မှုတစ်မျိုးကို ဖော်ပြနေပါသည်။

အင်္ဂါနေ့တုန်းက အမေသည် သူ့အတွက် ဝန်ခံချက်ပေး

www.burmeseclassic.com



၍ သီလဆေးရန် ဘုန်းကြီးတစ်ပါးပင့်ခဲ့ဖို့ ပြောထားရာ နောက်ထပ် ထိုအကြောင်းကို ဘာမျှမပြောတော့သဖြင့် အံ့အားသင့်နေကြသည်။ သူ့ကို ခွဲစိတ်သည့်အခါတွင် အမေက မာသီကိုခေါ်ကာ 'မာသီ ငါ့အတွက် ဆုတောင်းပေးနော်၊ မကျန်းမမာဖြစ်တဲ့အခါမှ လူမမာက ဆုတောင်းလို့ မရတော့ဘူး' ဟု ပြောခဲ့သည်။ တစ်နေ့တွင်ဒေါက်တာအင်က

'အမေကြီး ဒီလောက်မြန်မြန်ပြန်ပြီး ကျန်းမာလာပုံထောက်တော့ ဘုရားသခင်နဲ့ တော်တော်သင့်မြတ်နေတယ်ထင်တယ်'

'အို သင့်မြတ်ပါတယ်တော်၊ ဒါပေမယ့် ဘုရားသခင်ကို မြန်မြန်ဆန်ဆန်ကြီးတော့ မတွေ့ချင်သေးဘူးတော့်' ဟု ပြောပါသည်။

အမတ၏ လောကီအဓိပ္ပါယ်သည် သေခြင်းဖြစ်ပါသည်။ အမေကမူသေရန် ငြင်းဆန်လျက်ရှိပါသည်။ အမေ၏ ရင်းနှီးသော မိတ်ဆွေများကမူကျွန်မတို့သည် အမေ့ဆန္ဒကို ဆန့်ကျင်ကာမသေအောင် အတင်းကုသနေကြသည်ဟု ထင်နေကြပုံရသည်။ အမေ့ကို တရားပြရန် ကြိုးစားကြပါသည်။ ဆေးတိုက်တွင် ဧည့်သည်မလာရဟု ဆိုင်းဘုတ်ချိတ်ထားသည့်တိုင် တစ်မနက်တွင်မူ ဗရင်ဂျီဘုန်းကြီးတစ်ပါး ရပ်နေသည်ကို ပိုပေးသွားတွေ့ပါသည်။ ပိုပေးက ထွက်၍ တားသည်တွင် ဘုန်းတော်ကြီးက 'ကျုပ်ကဘုန်းတော်ကြီး အေဗရီပါ၊ မိတ်ဆွေတစ်ယောက်အနေနဲ့ လာတာပါ' ဟု

www.burmeseclassic.com



ပြောပါသည်။

'ဟုတ်ပါတယ်၊ ဒါပေမယ့် ဘုန်းတော်ကြီးရဲ့ ဝတ်ရုံကို မြင်ရင် အမေလန့်သွားမှာစိုးလို့ပါ' ဟု တောင်းပန်ရ၏။

တနင်္လာနေ့တွင်လည်း ဧည့်သည်ပေါက်လာပြန်သည်။

'အမေ ဒီနေ့ဘယ်သူနဲ့မှ တွေ့နိုင်မှာမဟုတ်ဘူး' ဟု ပိုပေးကပြောကာ မဒမ်အင်ဂျီကို ဧည့်ခန်းထဲသို့ ဆွဲခေါ်သွားရသည်။

'ကောင်းပြီလေ၊ ဒီလိုဆိုရင်လည်း ညည်းနဲ့အရေးတကြီး ဆွေးနွေးစရာလေးရှိတယ်၊ ညည်းအမေရဲ့ အစွဲအလမ်းတွေကို ငါ သိပါတယ်'

ပိုပေးက လေသံပြတ်ပြတ်ဖြင့်

'ကျွန်မလည်း သိပါတယ်၊ အမေသတိကောင်းပါ သေးတယ်၊ ဘုန်းကြီးပင့်ချင်တယ်လို့ ပြောရင် ကျွန်မတို့ လည်း ပင့်ပေးဖို့ အဆင်သင့်ပါ'

ဗုဒ္ဓဟူးနေ့က ကျွန်မ ပရတ်သို့ သွားသည်အထိ အမေသည် ဘုန်းကြီးပင့်သည့်အကြောင်းနှင့် ပတ်သက်၍ တစ်လုံးမျှ မဟသေး။

သည်မွန်းတည့်ချိန်တွင် ကျွန်မပါရီသို့လှမ်း၍ ဖုန်းဆက်သည်။ 'ဟင် မမ၊ မသွားသေးဘူးလား' ဟုမေးပုံကိုထောက်၍ ကျွန်မအသံကို သဲသဲကွဲကွဲကြားရဟန်တူ၏။ အမေသည် သက်သာနေသည်။ ကြာသပတေးနေ့တွင်လည်း ထို့အတူ။ သောကြာနေ့တွင်မူ ကျွန်မက တစ်ရပ်တစ်ကျေးမှ လှမ်း၍

www.burmeseclassic.com



တယ်လီဖုန်းဆက်သဖြင့် ဝမ်းသာကာ ကျွန်မနှင့် စကား ပြောသည်။ စာတွေဘာတွေ ဖတ်ကာ ပဟေဠိတွေကိုပင် ဖြေနိုင်နေလေပြီ။ စနေနေ့တွင်မူ ကျွန်မ သူ့ဆီကို ဖုန်းမဆက်ဖြစ်၊ တနင်္ဂနွေနေ့ညနေပိုင်းတွင် ကျွန်မသည် ပါရီရှိ ဒိုင်တဲ၏ ဖုန်းနံပါတ်ကို လှမ်းတောင်းသည်။ အိပ်ခန်းထဲတွင် ထိုင်ရင်း တယ်လီဖုန်းပြန်အလာကို စောင့်နေ စဉ်ကြေးနန်းတစ်စောင်ရောက်လာ၏။ 'အမေ အခြေအနေ ဆိုးနေသည်၊ ပြန်လာနိုင်မလား' ဟုကြေးနန်းတွင်ပါသည်။ ပိုပေးသည် ဆေးတိုက်တွင် စောင့်အိပ်နေသည်ဟု ဖရန်စိုင်းက ကျွန်မကို လှမ်းပြောသည်။ ခဏကြာလျှင် ပိုပေးနှင့် တယ်လီဖုန်းပြောရ၏ ။

'ကြောက်လိုက်တာမမရယ်၊ ကျွန်မလည်းအမေ့လက်ကို တစ်နေ့လုံးကိုင်ထားရတယ်၊ သူ့အနားမှာ အမြဲနေပါတဲ့၊ ဘယ်ကိုမှ မသွားပါနဲ့တဲ့၊ တဖွဖွပြောနေတယ်၊ မမကိုလည်း တွေ့ရတော့မှာမဟုတ်ဘူးတဲ့၊ ခုတော့ အိပ်ဆေးတိုက်ထားလို့ အိပ်ပျော်နေတယ်'

ကျွန်မသည် ဟိုတယ်မှ ပေါ်တာကို ခေါ်ကာ နောက် တစ်နေ့မနက် ဆယ်နာရီခွဲတွင် ထွက်မည့် လေယာဉ် လက်မှတ်တစ်စောင်ကို ဝယ်ခိုင်းလိုက်သည်။ ချိန်းထား သည့်လူတွေကလည်း မနည်း။ ဆာ့တ်က တစ်ရက်နှစ်ရက် ဆိုင်းရန် ကျွန်မကိုပြောသေးသည်။ မဖြစ်ပါ၊ ကျွန်မသည် အမေ မဆုံးခင် အမေ့ကို နောက်တစ်ခါ ပြန်မတွေ့ချင်

www.burmeseclassic.com



တော့ပါ။သို့ရာတွင် အမေသည် ကျွန်မကို နောက်ဘယ်တော့မှ တွေ့ရတော့မည်မဟုတ်ဟု တွေးလိုက်သောအခါတွင် ရင်ထဲမှာ နင့်သွားသည်။ ကျွန်မကို မှတ်မိနိုင်လောက်သည့် ထိုအချိန်ကလေးကို ကျွန်မဘာကြောင့် အရေးတကြီးထားနေရသနည်း။ အပြစ်ဖြစ်မှာကို ကြောက်၍လည်း မဟုတ်ပါ။ သေခါနီးလူတစ်ယောက်၏ နောက်ဆုံးအချိန်ကလေးထဲတွင် အဆုံးစွန်သော အရာကို ထည့်ပေးလိုက်ချင်သောကြောင့်ဖြစ်သည်ကို ကျွန်မသွေးသားထဲက နားလည်နေပါသည်။

တနင်္လာနေ့ နေ့လည် တစ်ချက်ခွဲတွင် ကျွန်မသည် အခန်း ၁၀၄ သို့ ဝင်လာခဲ့ပါသည်။ ကျွန်မပြန်လာမည်ဟု အမေ့ကို ပြောထားသည့်အတွက် အမေသည် ကျွန်မအစီအစဉ်အတိုင်းတွေ့ပြီး ပြန်ရောက်လာသည်ဟုပင် ထင်နေသည်။ အမေသည် မျက်မှန်နက်ကို ချွတ်ပြီး ကျွန်မကို ပြုံးပြ၏။ စိတ်ငြိမ်ဆေးတွေ သောက်ထားသဖြင့် အမေ၏ စိတ်သည် တည်ငြိမ်ပေါ့ပါးနေသည်။ မျက်နှာကမှု ပြောင်းသွားလေပြီ။ အရောင်က ဝါဖျော့ဖျော့။ ဖောသွပ်သွပ် အရေတွန့်တစ်ခုသည် ညာဘက်မျက်လုံးအောက်မှ နှာတံဘေးအတိုင်း အောက်သို့ တွဲကျနေသည်။ စားပွဲပေါ်တွင်မူ ပန်းပွင့်တွေ ရောက်နေပြန်ပါပြီ။ သူနာပြု လီဗလွန်းလည်း မရှိတော့။ လက်မောင်းတွင် တပ်ထားသည့် ဒရစ်ကို ဖြုတ်လိုက်ပြီဖြစ်သဖြင့် အထူးသူနာပြု မလိုတော့ပါ။ ကျွန်မ ပရတ်သို့ ထွက်သွားသည့်ညတွင် လီဗလွန်းသည်

www.burmeseclassic.com



အမေ့ကို နှစ်နာရီကြာ သွေးသွင်းပေးသည်။ အမေ၏ ပင်ပန်းနွမ်းနယ်နေသော သွေးပြန်ကြောကြီးများသည် သွေးမှုန့်ဖျော်၍ သွင်းသည်ကို အတော်အတန် ခံနိုင်သေးသော်လည်း သွေးသွင်းသည်ကို မခံနိုင်တော့ပြီ။ အမေသည် 'တော်ပါတော့၊ ဒါကြီးကို ဖြုတ်ပေးပါတော့' ဟု တစာစာ အော်နေသည်ဟု ပိုပေးကပြောပြသည်။ သူနာပြုဆရာမကလည်း ဖြုတ်မပေးပါ။

'ဒေါက်တာအင်က ဆူလိမ့်မယ် အမေကြီး'

'ငါ ပြောပ့ါမယ်အေ၊ ဖြုတ်သာပေးကြစမ်းပါ'

ဒေါက်တာအင်က စိတ်ဆိုး၍ မဆုံးတော့။ 'ဒီလိုဆိုရင် အနာက တော်တော်နဲ့ ကျက်မှာ မဟုတ်တော့ဘူး' ဟု ပြောသည်။ သို့ရာတွင် အမေ၏ အနာသည် ဘယ်တော့မှ ကျက်တော့မည်မဟုတ်ကြောင်း ဒေါက်တာအင် သိပြီးဖြစ်ပါသည်။ အူထဲမှ အညစ်အကြေးများသည် အောက်တွင် သွားစုကာ ဘရင်ဂျီနာကြီးအဖြစ်ပြောင်းလဲ သွားခဲ့လေပြီ။ ထို့ကြောင့် အူထဲတွင် နောက်ထပ် ပိတ်ဆို့စရာမရှိတော့။ အူများ၏ လှုပ်ရှားမှုသည် ရပ်တန့်သွားကာ လမ်းကြောင်းလည်း ပိတ်သွားလေပြီ။ အမေသည် ဘယ်လောက်ကြာကြာ ခံနိုင်ဦးမည်နည်း။ ဆရာဝန်များ၏ အဆိုအရဆိုလျှင် အမေ၏အကျိတ်သည် အလွန်ဒုက္ခပေးသည့် အကျိတ်မျိုးဖြစ်ပြီး ခန္ဓာကိုယ်တစ်ကိုယ်လုံးသို့ ကူးစက်ပျံ့နှံ့သွားနိုင်ပါသည်။ သို့ရာတွင် အသက်ကြီးသဖြင့် ခပ်ဖြည်းဖြည်း

www.burmeseclassic.com



ပျံ့နေခြင်း ဖြစ်နိုင်သည်ဟု ဆိုပါသည်။

အမေက လွန်ခဲ့သည့် နှစ်ရက်အတွင်းက အကြောင်းများကို ပြောပြ၏။ စနေနေ့တွင် အမေသည် ဆင်မီနွန်၏ စုံထောက်ဝတ္ထုတစ်ပုဒ်ကို ဖတ်ပြီးစကားလုံး ပဟေဠိတွင် ပိုပေးကို အနိုင်ရလိုက်သေးသည်။ သူ့ဘေးစားပွဲပေါ်တွင် သတင်းစာများမှ ဖြတ်ထားသည့် ပဟေဠိပုံစံတွေ ပြန့်ကျဲလျက်။ တနင်္ဂနွေနေ့တွင် နေ့လယ်စာအဖြစ် အာလူးပြုတ်ထောင်းကိုစားရာ ချောချောမောမော မဝင်ပါ။ (အမှန်အားဖြင့်မူကိုယ်တွင်းမှ အင်္ဂါအစိတ်အပိုင်း၏ လှုပ်ရှားမှု ကပြောင်းကပြန်ဖြစ်လာခြင်း၏ အစဖြစ်ပါသည်။ ထိုအရာသည် မကြာမီအမေ့ကို ဒုက္ခပေးတော့မည် ဖြစ်ပါသည်။ ထို့ပြင် ထိုညက အမေသည် တစ်ညလုံး ကောင်းကောင်း အိပ်မပျော်တော့ဘဲ ခြောက်အိပ်မက်ကိုသာ မက်နေပါသည်။

'ငါ့ကို စောင်အပြာကြီး ပတ်လို့တဲ့၊ ကျင်းကြီးတစ်ကျင်း အနားမှာ ချထားကြတယ်၊ ပိုပေးက စောင်ကြီးကို ကိုင်ထားတယ်၊ ဒါနဲ့ငါက ငါ့ကိုကျင်းထဲ ပစ်မချကြပါနဲ့လို့ ပြောတော့ ကျွန်မကိုင်ထားပါတယ် အမေရဲ့ အမေ့ကို ဘယ်သူကမှ ပစ်မချပါဘူးလို့ ပိုပေးကပြောတယ်'

ပိုပေးသည် တစ်ညလုံးမအိပ်ဘဲအနီးရှိ ကုလားထိုင်ပေါ်တွင် ငုတ်တုတ်ထိုင်ကာ စောင့်နေသည်။ ခါတိုင်းပိုပေး အိပ်ရေးပျက်မည်ကိုစိုးရိမ်လေ့ရှိသည့်အမေသည် 'မအိပ်နဲ့နော်၊ ငါမသွားပါရစေနဲ့အေ၊ ငါအိပ်ပျော်သွားရင် နှိုးနော်၊

www.burmeseclassic.com



အိပ်ပျော်နေတုန်းမှာ ခေါ်သွားလိမ့်မယ်’ဟု တတွတ်တွတ်ပြောနေသည်။ တစ်ချိန်တွင်မူ အမေသည် မျက်လုံးမှိတ်၍ အိပ်ပျော်သွားရင်းက စောင်ကို အတင်းစုပ်ထားကာ ‘ရှင်ရမယ်၊ရှင်ရမယ်’ဟု တတွတ်တွတ် ရွတ်နေကြောင်း ပိုပေးက ပြောပြသည်

အမေ ဤသို့ ဖြစ်နေသည့်အတွက် ဆရာဝန်များက ဆေးလုံးတွေ တိုက်သည်။ အိပ်ဆေးတွေ ထိုးသည်။ အမေသည် ထိုးဆေးတွေကိုသာ တတောင်းတည်းတောင်းနေသည်။ ထိုနေ့တစ်နေ့လုံး အမေသည် ကြည်ကြည်လင်လင်ဖြစ်နေ၏ ။ ထို့နောက်တွင် သူ့စိတ်ထဲထင်ရာမြင်ရာတွေကို ပြောပြန်ပါသည်။

‘ငါနဲ့မျက်နှာချင်းဆိုင်မှာ ဝိုင်းဝိုင်းအပေါက်ကြီးတစ်ခုရှိတယ်၊ ပိုပေးကတော့ မမြင်ရဘူးပေါ့၊ ဒါနဲ့ငါက အဲဒီအဝိုင်းပေါက်ကြီးကို သွားပြီး အဖုံးခိုင်းတယ်၊ သူကတော့မမြင်ရဘူးပေါ့လေ’

ထိုဝိုင်းဝိုင်းအရာမှာပြတင်းပေါက်အောက်တွင် တပ်ထားသည့် သတ္တုပြားလေးတစ်ပြားဖြစ်ပါသည်။ ခန်းဆီးကိုချထားသဖြင့် ထိုအပြားလေးကို မမြင်ရတော့ပါ။ နောက်ပိုင်းတွင်မူ အပြားကလေးကို ဖြုတ်ပေးလိုက်ကြပါသည်။ အမေသည် ရှန်တယ်နှင့် ကက်သရင်းတို့ကိုလည်း တွေ့ပါသေးသည်။ သူက ကျေနပ်အားရသည့် အသံဖြင့်

‘ဒေါက်တာဘီက ပြောတယ်၊ ငါဟာ တော်တော်

www.burmeseclassic.com



လည်တဲ့အမယ်ကြီးတဲ့၊ ငါ့ကို ခွဲစိတ်ကုသနေတုန်းမှာ တင်ပါးဆုံရိုးက အလိုလိုပြန်ဆက်သွားတယ်တဲ့'

ညနေပိုင်းတွင် ကျွန်မစောင့်မည်ဟုဆိုကာ ပိုပေးကို ပြန်လွှတ်သည်။ ပိုပေးမှာ မနေ့ညက တစ်ညလုံးတစ်မှေးမျှ မအိပ်ရသေး။ သို့ရာတွင် အမေသည် ပိုပေးစောင့်သည်ကို အသားကျနေလေပြီ။ သူ့ယောက်ျား လီယွန်နယ်ဆေးရုံ တက်တုန်းက ပြုစုခဲ့ဖူးပြီ ဖြစ်သဖြင့် ပိုပေးသည် ကျွန်မထက် ပိုအပြုအစုတတ်သည်ဟု အမေထင်နေသည်။

အင်္ဂါနေ့သည် အေးအေးဆေးဆေးကုန်ဆုံးသွား၏။ ညတွင် အမေသည် ကြောက်စရာ အိပ်မက်ဆိုးများကို မြင်မက်တတ်သည်။

'ငါ့ကို သေတ္တာကြီးထဲ ထည့်လိုက်ကြသတဲ့၊ ငါက ခုတင်ပေါ်မှာပဲတဲ့၊ ဒါပေမယ့် သေတ္တာကြီးထဲရောက်နေတဲ့သူကလည်း ငါပဲ ဖြစ်နေတယ်၊ ယောကျာ်းကြီးတွေက ငါ့ကို သေတ္တာထဲထည့်ပြီး သယ်သွားကြတယ်ဟု ပြောကာ ပုခုံးတွန့်လိုက်ပြီး 'ငါ့ကို သယ်မသွားပေ့စေနဲ့နော်'ဟု ပြောနေပြန်သည်။

ပိုပေးသည် အမေ၏ နဖူးပြင်ပေါ်သို့ အတန်ကြာ လက်တင်ထားရင်းက

'စိတ်ချပါ အမေရယ်၊ သယ်မသွားစေရပါဘူး'

အမေသည် နောက်ထပ်အိပ်ဆေးတောင်းပြန်သည်။ ခြောက်အိပ်မက်များ ပြယ်သွားသည့်အခါတွင် အမေက

'အဲဒီလူတွေနဲ့ သေတ္တာကြီးက ဘာတွေလဲဟင်' ဟုပိုပေးကိုမေး၏ ။

'ခွဲစိတ်ခန်းကို ဝင်တုန်းက အမေ မြင်တာတွေကို ပြန်မက်တာ ဖြစ်မှာပေါ့၊ ယောက်ျားသူနာပြုတွေက ထမ်းစင်ကြီးပေါ် တင်ပြီး အမေ့ကို သယ်သွားကြတယ် မဟုတ်လား'

အမေသည် နောက်တစ်ခါ အိပ်ပျော်သွားပြန်သည်။ သို့ရာတွင် မနက်လင်းသည့်အခါတွင်မူ အမေ့မျက်လုံးထဲတွင် အကာအကွယ်မဲ့ ခိုကိုးရာမဲ့သော တိရစ္ဆာန် တစ်ကောင်၏ ဝမ်းနည်းကြေကွဲစရာအကြည့်ကို မြင်ရပြန်သည်။ သူနာပြုများက အမေ့ကို အိပ်ရာပေါ် သို့လှဲကာ ကသီတာ ပိုက်ကြီးဖြင့် ဆီးသွားအောင် လုပ်ပေးသည့် အခါတွင် အမေသည် နာကျင်လွန်းသဖြင့် အော်ဟစ်နေသည်။

'ဒီရောဂါက ကျော်နိုင်ပါ့မလားဟင်'ဟု အမေက ခပ်ယဲ့ယဲ့အသံဖြင့် မေး၏ ။

ကျွန်မက ဆူပူကြိမ်းမောင်းသည့်အခါတွင် အမေသည် ဒေါက်တာအင်ကို မေးပြန်သည်။

'ဒေါက်တာ ကျွန်မ အခြေအနေ ကောင်းတယ်နော်'

ဒေါက်တာအင်က 'ကောင်းပါတယ်'ဟု ဝတ်ကျေ တမ်းကျေ ဖြေသည်။ အမေသည် သူ့အသက်ကယ်ဗောကို အတင်းတွယ်ထား၏ ။ သူသိပ်မောပန်း နွမ်းနယ်လာတိုင်း အမေသည် စိတ်ကျေနပ်စရာအကြောင်းပြချက်တစ်ခုကို

www.burmeseclassic.com



အမြဲရှာ၍ ပြောတတ်သည်။ ကိုယ်ထဲမှာ ရေငွေ့ခာတ်နည်းနေလို့ အာလူးပြုတ်ထောင်းစားတာက အစာမကြေဘူးစသည်ဖြင့် ပြောတတ်၏ ။ ထိုနေ့ကလည်းသူ့ကို ခါတိုင်းပတ်တီး လေးထပ် စည်းပေးနေကျ သုံးထပ်တည်း စည်းပေးရပါလို့လားဟု ဆိုကာ သူနာပြုတွေကို ကြိမ်းမောင်းနေသည်။

'ညနေကျတော့ ဒေါက်တာအင်က ဒေါပွတာပေါ့၊ ကောင်မတွေကို ဆူလိုက်တာ ဘာပြောကောင်းမလဲ'

ဒေါက်တာအင်က ဒေါပွတာပေါ့ဆိုသောစကားကို အမေသည် ထပ်ပြန်တလဲလဲပြောနေသည်။ အမေ၏ မျက်နှာသည် အလှပြယ်စပြုလာပြီ။ အကြောဆွဲသဖြင့် မျက်နှာသည် မကြာခဏရွဲ့ရွဲ့သွားတတ်၏။ သူ့အသံထဲတွင် ပိုင်စိုးပိုင်နင်းအသံ၊ စိတ်တိုသံပါလာသည်ကို ကျွန်မ သတိပြုမိသည်။

'မောလိုက်တာ အေ'ဟု အမေက ဆို၍ သက်ပြင်းချသည်။ ညနေပိုင်းတွင် မာသီ၏အစ်ကို ဂျေဆု ဘုန်းကြီးတစ်ပါး ပင့်လာမည်ဟု ပြောသည်တွင် သူကျေကျေနပ်နပ် လက်ခံပြီးသားဖြစ်သည်။ သို့ရာတွင် အမေသည် တစ်မျိုးပြောနေပြန်ပြီ။

'ဘုန်းကြီးပင့်ရင်ဘယ့်နှယ်နေမလဲ'

'မပင့်ဘဲထားလို့ မရဘူးလား'

'မဖြစ်ဘူးထင်တယ်၊ ညည်းညီမက ပင့်ချင်နေတယ်၊ သူတို့ကတရားမွေအကြောင်းပြောပေါ့၊ ငါက မျက်စိမှိတ်ပြီး

www.burmeseclassic.com



နားထောင်နေမှာပါ။ ဆရာဝန်က စကားမပြောရဘူးတဲ့'

အမေသည် နေ့လယ်စာမစားပါ။ ထိုင်လျက်ခေါင်းငိုက်စိုက်ဖြင့် အိပ်ပျော်သွား၏ ။ ပိုပေးရောက်လာသည့်အခါတွင် အမေသည် သူ သေတော့မည်ဟု ထင်လိုက်သည်။ ဘုန်းကြီးသည် ငါးမိနစ်လောက် နေပြီး ပြန်သွား၏။ ဘုန်းတော်ကြီးက သူ့ခမည်းတော်ကြီးရှိစဉ်က အမေ သူတို့ထံသို့ လာတတ်သည့်အကြောင်းကို ပြောသည်။

'ဒကာမကြီး နေကောင်းမှာပါ၊ အဲဒီတော့ ကျုပ်တို့ကျောင်းကိုလာဦးပေါ့'

အမေသည် ဘုန်းတော်ကြီးကို ညှိုးငယ်စွာဖြင့် ကြည့်နေသည်။ သူ့စကားများကို ယုံကြည်ဟန်မတူ။

'တပည့်တော်မ လာနိုင်ဦးမယ်လို့ ထင်သေးလို့လားဘုရား'

ထိုမျှစိတ်မချမ်းမြေ့သော မျက်နှာထားမျိုးကို အမေ့မျက်နှာပေါ်တွင် တစ်ခါမျှ မမြင်စဖူး။ အမေသည် သူ့အတွက် မျှော်လင့်ချက် မရှိတော့ကြောင်းကို ထိုနေ့က ရိပ်မိသွားဟန် တူပါသည်။ အမေ့ကို ကြည့်ရသည်မှာ အားမရှိလှသဖြင့် ပိုပေး ပြန်လာသည့်တိုင် ကျွန်မသည် မပြန်သေးဘဲအနားတွင် ထိုင်နေသည်။

'ညည်းတို့နှစ်ယောက်စလုံး ထိုင်နေတယ်ဆိုတော့ ငါ့အခြေအနေ တော်တော် ဆိုးနေပြီထင်ပါရဲ့'

'ကျွန်မတို့ အမြဲတမ်းဒီလိုနေတာပဲ'

www.burmeseclassic.com



'နှစ်ယောက်စလုံးတော့မရှိပါဘူးအေ'

ကျွန်မက စိတ်ဆိုးဟန်ဆောင်ကာ

'ကျွန်မက အမေအားငယ်နေမလားလို့ နေတာပါ။ မနေစေချင်ရင်လဲပြန်ပ့ါမယ်'

'မပြန်ပါနဲ့၊ နေပါ'ဟု အမေက ခပ်တိုးတိုးပြောသည်။

ကျွန်မသည် အမေ့ကိုပြောလိုက်မိသဖြင့် စိတ်မကောင်းဖြစ်သွား၏။ ထိုအချိန်က အမေသည် သူ့အဖြစ်မှန်ကို မြင်နေလေပြီ။ ထိုအဖြစ်မှန်မှ မျက်ကွယ်ပြု၍ ရလိုရငြား စကားစမြည်ပြောနေလိုပါလျက် ကျွန်မတို့တစ်တွေက သူ့ကို စကားမပြောဘဲနေရန် အတင်းလုပ်နေကြသည်။ သူ့စိုးရိမ်မှုများကို မပြောရန်၊ သူ့သံသယများကို ဖျောက်ဖျက်ရန် အတင်းလုပ်နေကြသည်။ ထိုအချိန်မျိုးတွင် အမေသည် သူ့ထုံးစံအတိုင်း မလုံမလဲ ဖြစ်သွားကာ စိတ်မကောင်းဖြစ်နေတတ်ပါသည်။ သို့ရာတွင် ကျွန်မတို့အတွက် တခြားနည်းမရှိပါ။ မျှော်လင့်ချက်သည် အမေ့အတွက် လက်ငင်းလိုအပ်ချက် ဖြစ်ပါသည်။ ရှန်တယ်နဲ့ ကက်သရင်းတို့မှာ အမေ့အခြေအနေကိုကြည့်၍ အကြီးအကျယ်စိုးရိမ်တကြီးဖြစ်ကာ သူတို့အမေကို ချက်ချင်းလာရန် ဖုန်းဆက်ခိုင်းပါသည်။

ပိုပေးမှာလည်း ပင်ပန်းနေလေပြီ။

'ဒီနေ့ည ငါစောင့်အိပ်မယ်' ဟုကျွန်မက ပြောသည်။

အမေက စိတ်မသက်မသာဖြင့်

www.burmeseclassic.com



'ညည်းလုပ်တတ်ကိုင်တတ်ပါ့မလားအေ၊ ညအိပ်မက်ဆိုးတွေ မက်ရင် ငါ့နဖူးပေါ်ကို လက်တင်ပြီး ထားတတ်ပါ့မလား'

'ရပါတယ်အမေရယ်၊ လုပ်တတ်ပါတယ်'

အမေသည် အတန်ကြာ စဉ်းစားနေ၏။ ထို့နောက် ကျွန်မကို သေသေချာချာစိုက်ကြည့်ကာ 'ညည်းကို မြင်ရင် ငါ ကြောက်တယ်'

အမေသည် ကျွန်မ၏ ပညာအရှိန်ကို အထင်ကြီးသည့်အတိုင်း ကျွန်မကို ဆိုလျှင် ရွံ့တွံ့တွံ့ဖြစ်တတ်ပါသည်။ ညီမငယ်ပိုပေးကိုမူထိုသို့မဟုတ်ပါ။ ပိုပေးမှာ ငယ်ငယ်လေးကတည်းကိုက အရှက်အကြောက်ကြီးသူဖြစ်ပါသည်။ ကျွန်မကမူ ငယ်ငယ်ကတည်းကပင် ရဲတင်းပွင့်လင်းသော မိန်းကလေးတစ်ယောက် ဖြစ်ပါသည်။ ထိုစဉ်ကတည်းက လူကြီးများ ကိုယ့်အခန်းကလေးထဲတွင် တံခါးပိတ်၍ သီးခြားကမ္ဘာခြား၍ နေခဲ့သည်ကို ကျွန်မ သတိပြုခဲ့မိပါသည်။ အမေကနံရံတွင် အပေါက်ကလေးဖောက်၍ ရှိသော်လည်း နောင်တွင် ပြန်ပိတ်ပစ်လိုက်တတ်ပါသည်။ ထိုအခါမျိုးတွင် အမေက အရေးတကြီး အသံမျိုးဖြင့်'သမီးအငယ်က ပိတ်ပေးပါဆိုလို့ ပိတ်ရတာလေ'ဟု ပြောတတ်သည်။ သို့မဟုတ်လျှင်လည်း အပြင်ကမြင်ရလို့ဟု အကြောင်းပြတတ်သည်။ 'သမီးငယ်ဟာ တော်တော်သိုသိပ်တယ်၊ ကျွန်မကိုဘာဆိုဘာမှ မပြောဘူး၊ ဒါပေမယ့်'ဟု သူ့သမီး

www.burmeseclassic.com



အကြောင်းကို သူပြန်၍ ဖုံးတတ်သည်။ ကောလာဟာလများ၊ ဘုန်းကြီးထံသူတို့ ဝန်ခံချက်ပေးသည့် ကိစ္စများကို သူတို့ ကြောက်တတ်ပုံကို ကြည့်၍ ကျွန်မစိတ်မသက်သာဖြစ်နေ တတ်သည်။ ကျွန်မကမူ ဘယ်သူတွေ ဘာပြောပြော သိပ်ဂရုစိုက်တတ်သူ မဟုတ်ပါ။ ကျွန်မသည် အမေ နေရာ တကာဝင်၍ စွက်တတ်လွန်းသဖြင့် တော်တော်တန်တန် ကိစ္စများကို အမေ့ကို ဘယ်တော့မျှ အသိပေးလေ့မရှိ။ ထိုသို့ နေဖန်များလာသည့်အခါတွင် အမေကလည်း စပ်စုခြင်း မပြုတော့ပါ။ ဘာသာတရားမရှိဟု ကျွန်မပြော စဉ်က အမေနှင့် ကျွန်မတို့ အကြီးအကျယ်စကားများကာ စိတ်မချမ်းမသာ ဖြစ်ခဲ့ကြရသည်။ မျက်ရည်စမ်းစမ်းနှင့် အမေ့ကို မြင်သည့်အခါတွင် ကျွန်မအကြီးအကျယ် စိတ် မကောင်း ဖြစ်မိပါသည်။

သို့ရာတွင် ကျွန်မ ဤသို့ ဖြစ်ရခြင်းသည် သူ့ချို့ယွင်း ချက်ကြောင့်ဟု ထင်၍ ငိုနေခြင်း ဖြစ်ကြောင်း ကျွန်မ သိလာရပါသည်။ အမေသည် ကျွန်မအပေါ်တွင် မိတ်ဆွေ လိုဆက်ဆံခြင်းမပြုဘဲ အာဏာဖြင့် ဆက်ဆံလာခဲ့သည့် အတွက် ကျွန်မသည် အမေနှင့် တကျက်ကျက်ဖြစ်ရသည်။ အကယ်၍သာ အမေသည် ကျွန်မကို ဘာသာတရား မယုံကြည်ကောင်းလားဟု အပြစ်မပြောဘဲ ယုံကြည်မှုနှင့် ကိုယ်ချင်းစာနာမှုကိုပေးခဲ့သည်ဆိုလျှင် အမေနှင့် ကျွန်မတို့ နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက်ပို၍ နားလည်

www.burmeseclassic.com



လာကြလိမ့်မည်ထင်ပါသည်။ အမေအဘယ်ကြောင့် ထိုသို့ မလုပ်ခဲ့သည်ကို ယခုမှ ကျွန်မသဘောပေါက်လာပါသည်။ အမေ့တွင် ပေးဆပ်စရာတွေ အများကြီးရှိပါသည်။ သူ့ ဒဏ်ရာတွေကို သူပြန်၍ ကုသရပါဦးမည်။ သူများတွေနှင့် အလိုက်အထိုက်ဖြစ်အောင် ကိုယ်ချင်းစာတတ်အောင် လေ့ကျင့်ရဦးမည်။ လက်တွေ့အားဖြင့်မူအမေသည် သူများ အတွက် အနစ်နာခံခဲ့သည်ချည်းသာဖြစ်၏။ သို့ရာတွင် သူစိတ်ထဲတွင်မူ သူ့ခံစားချက်များနှင့် သူရှိခဲ့ပါသည်။ အမေသည် သူ့နှလုံးသားကိုမှ ပြန်၍ ဖွင့်ကြည့်ခြင်းမပြုလျှင် ကျွန်မကို နားလည်အောင် မည်သို့ ကြိုးစားနိုင်ပါဦးမည် နည်း။

တကယ်ဆိုလျှင် အမေသည် ကျွန်မနှင့် နားလည်မှု ရရှိရန်အတွက် သဘောထားတစ်ရပ် အမြင်တစ်ရပ်ကို ရှာဖွေဖို့လိုပါသည်။ သို့ရာတွင် ဘဝအတွေ့အကြုံအရ ထိုအရာမျိုးကို ရှာဖွေရကောင်းမှန်းမသိပါ။ ထိုသို့ ရှာဖွေ ရန်လည်း အဆင်သင့် မဖြစ်ခဲ့ပါ။ မမျှော်လင့်သည့် အရာ တစ်ခုဖြစ်ခဲ့လျှင် အမေသည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကာ ဆောက်တည်ရာမရ ဖြစ်နေတတ်ပါသည်။ ထိုသို့ ဖြစ်ရခြင်းမှာ အမေသည် တွေးတောစဉ်းစားရန် အကျင့်မရခဲ့ သောကြောင့်ဖြစ်ပါသည်။ အဆင်သင့်ရှိပြီးသား ဘောင်ထဲမှ ကျော်လွန်၍ မည်သည့်အခါမျှ မစဉ်းစားခဲ့၊ မလုပ်ခဲ့၊ မခံစားခဲ့သောကြောင့် ဖြစ်သည်။

www.burmeseclassic.com



သို့ဖြင့် ကျွန်မတို့ နှစ်ယောက်သည် အတန်ကြာမျှ စကားမပြောဘဲနေခဲ့ကြပါသည်။ ကျွန်မ၏ ဝတ္ထုတစ်ပုဒ်ဖြစ်သော 'သူ ရောက်လာပြီ' ဝတ္ထုဖတ်ပြီးချိန်အထိ အမေသည် ကျွန်မဘဝကို ဘာမျှကောင်းကောင်းနားမလည်ခဲ့ပါ။ ကျွန်မသည် အကျင့်စာရိတ္တနှင့် ပတ်သက်လာလျှင် ပြောစရာမရှိသည့် 'မိန်းမကောင်းတစ်ယောက် ဖြစ်သည်' ဟူ၍ကား သူ့ကိုယ်သူ ဖြေသိမ့်ဟန်တူပါသည်။ ကျွန်မနှင့်ပတ်သက်၍ မဟုတ်တရုတ် ကောလာဟလတွေ ထွက်လာသည့်အခါတွင်မူတော်တော်စိတ်ပျက်သွားဟန်တူပါသည်။ သို့ရာတွင် ထိုအချိန်၌ ကျွန်မနှင့်အမေတို့ဆက်ဆံရေးမှာ ပြောင်းနေပါပြီ။ အမေသည် ကျွန်မအပေါ်တွင် ငွေရေးကြေးရေးအရ မှီခိုနေရသူဖြစ်ပါသည်။ အမေသည် အရေးကြီးသည့် ဆုံးဖြတ်ချက်တစ်ခုလုပ်တော့မည်ဆိုလျှင် ကျွန်မကို ဖွင့်တိုင်ပင်ပြီးမှ လုပ်ပါသည်။ ထိုအချိန်က ကျွန်မသည် မိသားစုအတွက် ငွေရှာပေးသူဖြစ်သဖြင့် ကျွန်မသည် သားယောကျ်ားလေးတစ်ယောက်လို ဖြစ်နေပါသည်။ ထိုနောက်တွင် ကျွန်မသည် နာမည်ကြီးစာရေးဆရာမဖြစ်လာပါသည်။ တခြားမိန်းကလေးတွေနှင့်မတူ တစ်မူထူးခြား နေထိုင်သည်ကို မြင်လျှင် ကျွန်မကစာရေးဆရာမဖြစ်နေသဖြင့် မပြောသာဘဲ ဖြစ်နေသည်။ အမေကမူ လျှော့၍ပင် တွက်ခဲ့ပါသေးသည်။ အမှန်ဆိုရလျှင် လွတ်လပ်စွာ ပေါင်းဖော်နေထိုင်ခြင်းသည် တရားဝင်

www.burmeseclassic.com



လက်ထပ်ခြင်းထက် အပြစ်ကင်းပါသေးသည်။ အမေသည် ကျွန်မစာအုပ်တွေထဲတွင် ရေးထားသည့်အကြောင်းများကို ဖတ်၍ ထိတ်လန့်တကြားဖြစ်နေပါသည်။ သို့ရာတွင် ထိုစာအုပ်များ၏ အောင်မြင်မှုကို ကြည့်၍လည်း ကျေနပ်နေတတ်ပါသည်။ သို့ရာတွင် ထိုသို့ အောင်မြင်လာသည်နှင့် အမျှ သူ့မျက်စိထဲတွင် ကျွန်မ ဩဇာကြီးလာသည်ဟု ယူဆကာ အမေ့ ရင်ထဲတွင် ရှိသည့် ဝိရောဓိသည် ကြီးလာလေလေ ဖြစ်လာပါသည်။ ကျွန်မသည် သူ့ကို အထင်သေးနေသည်ဟု ထင်ပုံရပါသည်။

ပိုပေးကိုမူ သူက ကလေးသာသာမျှသာ ထင်ပါသည်။ ကျွန်မကို လေးစားသလိုလည်း လေးစားခြင်းမရှိပါ။ အမေသည် ပိုပေးကို သိပ်အထင်မကြီးသည့်အတွက် သူ့ကို အရေးတကြီးထား၍ ဆုံးမခြင်းမရှိသဖြင့် ပိုပေးသည် ခေါင်းမာသည့် ပေကပ်ကပ်အကျင့်မျိုးကို အမေ့ထံမှ အမွေမရလိုက်ပါ။ ပိုပေးနှင့်ဆိုလျှင် အမေသည် လွတ်လွတ်လပ်လပ်ဆက်ဆံပါသည်။ 'တာဝန်ကျေသော သမီး တစ်ယောက်၏ မှတ်တမ်း'ဆိုသည့် ကျွန်မ ဝတ္ထု ထွက်လာသည့်အခါ ပိုပေးသည် သူတတ်သမျှ မှတ်သမျှဖြင့် အမေ့ကို နှစ်သိမ့်အားပေးပါသည်။ ကျွန်မကမူ ပန်းကလေးတစ်စည်း လောက်ကိုင်ပြီး အမေ့ကို သွားကန်တော့ရုံမျှသာ လုပ်ပါသည်။ ကျွန်မက ထိုသို့ တောင်းပန်ကန်တော့သည့်အခါတွင် အမေသည် စိတ်ထိခိုက်ကာ အံ့အားသင့်နေပါသည်။

www.burmeseclassic.com



တစ်နေ့တွင်မူအမေက

'မိဘတွေဟာ သားသမီးကို နားမလည်ကြဘူး၊ သားသမီးဘက်ကလည်း ဒီအတိုင်းပါပဲလေ'ဟု ပြောပါသည်။

အမေနှင့် ကျွန်မသည် မိဘနှင့် သားသမီးအကြား နားလည်မှု ကင်းကြပုံကို ပြောမိကြပါသည်။ သို့ရာတွင် ယေဘုယျ ပြောပုံမျိုးသာ ဖြစ်ပါသည်။ နောက်တွင်မူ ထိုအကြောင်းကို ကျွန်မတို့ မပြောကြတော့ပါ။ ကျွန်မသည် အမေ့ထံသို့ ရောက်ပါသည်။ အမေ့တံခါးကို ခေါက်ပါသည်။ အမေ၏ ဆူသံပူသံများကို နားထောင်သည်။ ကြမ်းပြင်ပေါ်တွင် တရှပ်ရှပ်လျှောက်လာသော အမေ့ခြေသံကို နာကြားပါသည်။ အမေ့သက်ပြင်းကို သတိပြုမိပါသည်။ ယခုတစ်ခေါက် အမေ့ဆီ ရောက်လျှင် အမေနှင့် စကားပြောစရာ အကြောင်းရှာမည်။ အမေနှင့် နားလည်မှုရအောင် ကြိုးစားမည်ဟု စိတ်ကူး၍ ကျွန်မလာခဲ့ပါသည်။ သို့ရာတွင် ငါးမိနစ်လောက်ထိုင်ပြီး နောက်တွင်မူ ထိုစိတ်ကူးတို့သည် လွင့်ပြယ်ကုန်ကြလေပြီ။ ကျွန်မနှင့်အမေသည် ဝါသနာချင်း၊ စရိုက်ချင်း တော်တော်ခြားနားကြပါသည်။ အမေ့စာအုပ်များကို ကျွန်မ လှန်လှောကြည့်ပါသည်။ အမေဖတ်သော စာအုပ်များနှင့် ကျွန်မ ဖတ်သော စာအုပ်များ မတူကြပါ။ ကျွန်မတို့သည် စာတစ်အုပ်တည်းကို ဖတ်ကြသူများ မဟုတ်ပါ။ ကျွန်မသည် အမေ့ကို စကားပြောအောင်

လုပ်ပါသည်။ အမေ့စကားများကို နားထောင်ပါသည်။ အမေ့စကားများကို ဝေဖန်ပါသည်။ အမေ၏ စကားများသည် တခြားသူများ ပါးစပ်မှ ထွက်လာလျှင် မထောင်းတာလှသေးသော်လည်း ကိုယ့်အမေ နှုတ်ဖျားမှ ထွက်လာသည့်အခါတွင် ကျွန်မ နားကြားပြင်းကတ်နေပါသည်။ (အမေက သူ့ထုံးစံအတိုင်း ကိုးရိုးကားရားဖြင့်) ကျွန်မအား သမားရိုးကျတွေကို ဆုံးမ သွန်သင်သည့်အခါတွင် ကျွန်မသည် အသက်နှစ်ဆယ်ရွယ်တုန်းကလို ခေါင်းမာမြဲခေါင်းမာနေပါသည်။

'ဟုတ်ပါတယ်၊ ညည်းကတော့ ငါဟာညည်းလောက် ပညာမတတ်တဲ့ မိန်းမ၊ ဘာမှ နားမလည်တဲ့ မိန်းမလို့ ထင်မှာပေါ့၊ ဒါပေမယ့် ညည်းဒီလို ပညာတတ်အစွမ်းအစ ရှိတာဟာ ငါ မွေးထုတ်လာလို့ဟဲ့၊ ငါမွေးမထုတ်ရင် ညည်းဘာမှ ဖြစ်မှာ မဟုတ်ဘူး၊ ညည်းဒီလောက် ဒီလောက် ဆိုရင် ငါကျေနပ်ပြီ'

မှန်ပါသည်။ ကျွန်မ နင်လားငါလား၊ ဒေါင်းတည် မောင်းတည် လုပ်နိုင်ခြင်းမှာ အမေ့ထံမှ ရခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင် ငါ့ကို ဘာမှ နားမလည်တဲ့မိန်းမလို့ ထင်မှာပေါ့ ဘာပေါ့ စသည့် စကားများကြောင့် ကျွန်မစိတ်ပျက်သွားပါသည်။ သို့ဖြင့် ကျွန်မနှင့်အမေသည် ထုံးစံအတိုင်းပင် အေးစက်စက် ပြန်ဖြစ်သွားကြပြန်သည်။ အမေသည် ကျွန်မကို စိမ်းစိမ်းကြီးကြည့်ကာ 'ညည်းကိုငါကြောက်တယ်'ဟု

www.burmeseclassic.com



ပြောခြင်းမှာ ထိုအကြောင်းများကြောင့်ပင် ဖြစ်ပါလိမ့်မည်။

ကျွန်မသည် ပိုပေး၏ ညဝတ်အင်္ကျီကို ဝတ်၍ ။ အမေ့ခုတင်ဘေးရှိ တန်းလျားခုံကလေးပေါ်တွင် လှဲလိုက်သည်။ ပြောလို့သာ ပြောရသည် ကျွန်မလည်း ခပ်ကြောက်ကြောက်ပင် ဖြစ်ပါသည်။ ညမိုးချုပ်လာသည်နှင့်အမျှ အခန်းကြီးသည် စိတ်ညစ်စရာ ကောင်းလာပါသည်။ အမေက ကန့်လန့်ကာများကို ချခိုင်းထားသဖြင့် ကျွန်မတို့ နေရာတစ်ဝိုက်တွင် ခုတင်ဘေးမှ စားပွဲတင်မီးတိုင်ကလေး သာလျှင် လင်းနေပါသည်။ မှောင်ရီရီဖြစ်နေခြင်းကြောင့် အသုဘနိမိတ်သည် ပို၍ပင် ထင်ရှားနေသည်ဟု ကျွန်မ စိတ်တွင် ထင်နေမိသည်။ အမှန်တွင်မူ ကျွန်မသည် ထိုနေ့ညကရော၊ နောက်သုံးညရော အိမ်မှာအိပ်သည် ထက်ပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါသေးသည်။ တယ်လီဖုန်းသံကို တထင့်ထင့်မျှော်ရ၊ ဘာဖြစ်မလဲ ဟဲ့ဟု တထင့်ထင့် ဖြစ်ရသည်တို့မှ ကင်းဝေးသောကြောင့် ဖြစ်ပါလိမ့်မည်။ ယခု ကျွန်မကိုယ်တိုင် ဆေးတိုက်တွင် ရှိနေပြီ။ ကျွန်မ ဘာကိုမျှ မစဉ်းစားတော့။

အမေသည် အိပ်မက်ဆိုးတွေ မမက်တော့ပါ။ ပထမ ညတုန်းကဆိုလျှင် မကြာခဏ နိုးနိုးနေကာ ကျွန်မကို ရေတောင်းတတ်သည်။ ဒုတိယညတွင် မြီးညောင်ရိုး တော်တော်နာပါသည်၊ သူနာပြုဆရာမ ကိုးနော့က သူ့ကို လက်ယာဘက်သို့ စောင်းပေးသော်လည်း လက်မောင်းက

www.burmeseclassic.com



နာလာပြန်ပါသည်။ တင်ပါးအောက်တွင် ကြက်ပေါင်ကွင်း ခု၍ တင်ပေးသော်လည်း အရိုးပေါ် အရေတင်နေသော တင်ပါးကို ထိခိုက်မည်စိုးရပြန်ပါသည်။ သောကြာနေ့နှင့် စနေနေ့များတွင် ကောင်းကောင်းအိပ်ပါသည်။ ကြာသ ပတေးနေ့ နောက်ပိုင်းမှစ၍ အမေသည်သူ့ကိုယ်သူ ယုံကြည်မှု ရှိလာကာ အိပ်ဆေးကို နောက်ထပ်မတောင်းတော့ပါ။

ခါတိုင်းလို 'ဒီရောဂါက ကျော်နိုင်ပါဦးမလား'ဟု မမေးတော့ဘဲ 'နေပြန်ကောင်းရင် အရင်ကလို လုပ်နိုင် ကိုင်နိုင်ပါဦးမလား'ဟုသာ မေးပါတော့သည်။

'ဟောတော့၊ ဒီနေ့ ငါညည်းကို ကောင်းကောင်း မြင်ရ ပြီတော့၊ မနေ့ကတော့ ဘာကိုမှ မမြင်ဘူး' ဟု အမေက ဝမ်းသာအားရ ပြောသည်။

နောက်တစ်နေ့တွင် လီပုံဈေးမှ ဂျင်း ရောက်လာရာ သူ ထင်သည်ထက် သက်သာနေသည်ကို တွေ့ရသဖြင့် ဝမ်းသာနေသည်။ အမေသည် သူနှင့် တစ်နာရီလောက် စကားတွေ ပြောသည်။ စနေနေ့မနက်တွင် ရှန်တယ်၊ ကက်သရင်း စသူတို့နှင့်အတူ ရောက်လာသည့်အခါတွင် လည်း အမေက ရွှင်ရွှင်လန်းလန်းဖြင့်

'နက်ဖြန်တော့ ငါမသေသေးဘူးဟေ့၊ တစ်ရာပြည့် အောင်နေဦးမှာ၊ ဒါတောင် ငါ့ကို အတင်းဆွဲချကြရမှာ

ဒေါက်တာအင်မှာ သူ့စကားကြောင့် အံ့အားသင့်နေ သည်။

**ယနေ့မန္တလေးစာအုပ်တိုက်**

www.burmeseclassic.com



'အဘွားကြီးကို ကြိုပြောလို့ ရတာ မဟုတ်ဘူး။ အဘွားကြီးက ဇွဲနပဲ သိပ်ကောင်းတာ'

ကျွန်မက ဒေါက်တာပီ၏ နောက်ဆုံးစကားများကို ပြန်ပြောသည်။ အမေက 'ဟုတ်တယ်၊ ငါက ဇွဲနပဲကြီးတယ်'ဟု ကျေကျေနပ်နပ်ကြီး ပြောပါသည်။ အမေသည် အံ့အားသင့်နေသည်။ သူ့အူများ အလုပ်မလုပ်ကြတော့၊ သို့တိုင် ဆရာဝန်များသည် ထိုပြဿနာအတွက် ဘာမျှ စိုးရိမ်ကြောင့်ကြဟန်မရှိ။

'အရေးကြီးဆုံးကတစ်ခါတုန်းကအဲဒီအူတွေဟာ အလုပ်လုပ်ခဲ့သေးတယ်ဆိုရင်တော့ သွက်ချာပါဒ မဖြစ်သေးဘူးဆိုတာ ပြတာပေ့ါ၊ ဒီတော့ ဆရာဝန်တွေကလည်း ကျေနပ်တာပေ့ါ'

'အေးလေ၊ သူတို့ ကျေနပ်ဖို့ပဲ လိုတာပါ'

စနေနေ့ညတွင် မအိပ်မီ သားအမိနှစ်ယောက် စကားပြောနေကြသည်။ အမေက တွေးတောစဉ်းစားနေသည့် အသံမျိုးဖြင့်

'တော်တော်တော့ ဆန်းတယ်အေ၊ သူနာပြုဆရာမလေး လီဗလွန်းအကြောင်းကို တွေးလိုက်ရင် ငါ့အခန်းထဲမှာ ရောက်နေတာကိုပဲ မြင်နေတယ်၊ ငါ့မျက်စိထဲမှာ အဝတ်လျှော်စက်ထဲက ထွက်လာတဲ့ အင်္ကျီကြီးလို အင်္ကျီလက်ပွပွကြီးနဲ့ မြင်နေတယ်၊ ဒေါက်တာပီကျ ပြန်တော့လည်း ငါ့ဗိုက်မှာ ကပ်ထားတဲ့ ဖယောင်းချက် အနက်ကြီးကိုပဲ

www.burmeseclassic.com



မြင်နေတယ်၊ သူ့ကို သွေးနဲ့ကိုယ် သားနဲ့ကိုယ်မြင်လိုက်ရတော့ ငါ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ'

'ကျွန်မကိုကော ဘယ်လို မြင်သေးသလဲ၊ အရင်ကလို ကြောက်စရာကောင်းသေးသလား'

'မကောင်းတော့ပါဘူးအေ'

'ဒါပေမယ့်အရင်တုန်းကတော့ ကျွန်မကို မြင်ရင် ကြောက်တယ်ဆို'

'ဟုတ်လား၊ ဒီလိုပြောခဲ့သလား၊ မသိပါဘူးအေ၊ တစ်ခါတလေတော့လည်း ဘာတွေပြောမိမှန်းမသိဘူး'

ကျွန်မသည်လည်း ဆေးတိုက်သွားရသည့် အလုပ်ကို အကျင့်ရသွားပါပြီ။ ညနေရှစ်နာရီဆိုလျှင် ဆေးတိုက်ရောက်၊ ပိုပေးက နေ့လယ်က အခြေအနေကို ပြောပြ။ ဒေါက်တာ အင်ရောက်လာ။ သူနာပြုဆရာမ ကိုးနော့လာပြုစု။ သူက ပတ်တီးလဲပေး။ နေ့စဉ် ကျွန်မက ဧည့်ခန်းထဲသွားစာဖတ်။ ပတ်တီး၊ ဂွမ်းလိပ်၊ ပိတ်ပါးစ၊ ပလာစတာ၊ သံဘူး၊ ထွေးခံ၊ ကတ်ကြေးစသည်တို့ကို တင်သည့် လက်တွန်းလှည်းကလေးက တစ်နေ့လေးခေါက် ရောက်လာ။ လှည်းကလေး ပြန်ထွက်သွားသည့်အခါတွင် ကျွန်မက တခြားသို့ ကြည့်နေ။ ကိုးနော့နှင့် သူနာပြုဆရာမ တစ်ယောက်တို့က အမေ့ကို သန့်စင်ဆေးကြောပေး။ ညအိပ်ဖို့ ပြင်ဆင်ပေး။ ကျွန်မအိပ်ရာထဲဝင်၊ အမေ့ကို

www.burmeseclassic.com



ထိုးစရာရှိသည်များကို ထိုးပေးပြီးနောက် ကိုးနော့အပြင်ထွက် ကာဖီသောက်။ ကျွန်မက စားပွဲတင်မီးတိုင်ကလေးဖြင့် စာဖတ်။ ကိုးနော့ပြန်ဝင်လာ။ တံခါးနားတွင်ထိုင်၊ အပြင်မှ မီးရောင်လိုသဖြင့် တံခါးကို အသာဟထား။ ပြီးတော့ ကိုးနော့စာဖတ် သို့မဟုတ် သိုးမွေးထိုး။ လျှပ်စစ်ကိရိယာ တစ်ခုမြည်သံကြောင့် အိပ်ရာတုန်ခါနေ။ ကျွန်မအိပ်ပျော် သွား။ မနက် ၇နာရီထိုးလျှင် အိပ်ရာထ။ အမေ့ကို ပတ်တီးစ လဲပေးနေစဉ် ကျွန်မက မျက်နှာလွှဲပြီး နံရံကြီးကိုကြည့်။ အအေးမိပြီးနှာခေါင်းပိတ်နေသည်ကို ကျေးဇူးတင်၊ ပိုပေးမှာ ထိုဆေးနံ့ကြီးကြောင့် တစ်ဒုက္ခ။ ကျွန်မမှာမူဘာအနံ့မှမရ။ အမေ့နဖူးနှင့် ပါးပြင်တို့ကို သုတ်ပေးသည့် အော်ဒီကလုံးအနံ့မှတစ်ပါး တခြားဘာနံ့မှ မရ။ အနံ့က မွှေးသော်လည်း အီတီတီ။ ထိုရေမွှေးကို ကျွန်မ ဘယ်တော့မှ သုံးဖြစ်တော့မည်မဟုတ်။ ကိုးနော့ ပြန်သွား။ ကျွန်မအဝတ်အစားလဲ။ မနက်စာစား။ အမေ့အတွက် ဆေးဖျော့ဖျော့တစ်ခွက်ဖျော်ပေး။ အနံ့ဆိုးသဖြင့် စိတ်ညစ်သည်ဟု အမေက ပြော။ သို့ရာတွင် အစာကြေညက် အောင်လုပ်ပေး။ ထို့နောက် ဘီစကွတ်ကလေး တစ်ချပ်ဖဲ့၍ ခြေထားသော လက်ဖက်ရည်ကို တစ်ဇွန်းချင်းခပ်၍ အမေ့ကိုတိုက်။ သန့်ရှင်းရေး အလုပ်သမကလေးက တံမြက်လှည်း။ ဖုန်သုတ်၊ ကျွန်မက စားပွဲပေါ်က ပန်းများကို ရေဖျန်းပေးပြီး ပန်းပြင်ပေး။ တယ်လီဖုန်းမကြာခဏမြည်။

www.burmeseclassic.com



ညှော်ခန်းထဲသို့ ဆင်းလာ။

ညှော်ခန်းထဲရောက်လျှင် တံခါးကို ပိတ်ပြီး အမေ မကြားအောင် သတိထား၍ တယ်လီဖုန်းဖြင့် တိုးတိုး စကားပြောသည်။ ကျွန်မက ပြန်လာပြီး 'မဒမ်ရေမွှန်က မေးနေတယ်၊ အမေ့တင်ပါးဆုံရိုးကျိုးတာ ဘယ့်နှယ် နေသေးသလဲတဲ့'ဟု မေးလျှင် အမေက ရယ်တော့သည်။

'သူတို့ကဒါတွေဘာမှ နားမလည်ဘဲကိုးအေ'

ကျွန်မကို သူနာပြုဆရာမက မကြာခဏလှမ်းခေါ် တတ်သည်။ အမေ့မိတ်ဆွေများ၊ ဆွေမျိုးများက အမေ့ အကြောင်းကို လှမ်းမေးကြခြင်း ဖြစ်သည်။ အမေသည် ညှော်သည်များအအားလုံးကို လက်ခံတွေ့ဆုံရန် အားမရှိသော် လည်း သူတို့ ဂရုစိုက်ကြပုံကိုကြည့်၍ ကျေနပ်နေတတ် သည်။

နောက်တစ်ကြိမ်ပတ်တီးစည်းလျှင် ကျွန်မက အပြင် ထွက်ပေး။ ထို့နောက် အမေ့ကို နေ့လယ်စာကျွေး။ ကောင်းကောင်း မဝါးနိုင်။ ဟင်းရွက်ကြော်၊ ဆန်ပြုတ်၊ မွနေအောင် စင်းထားသည့် အသားစင်းကော၊ အသီးပြုတ် တစ်ခုခု။ ပူတင်း။

အမေသည် ပန်းကန်ကုန်အောင် ကြိုးစား၍ စားပါသည်၊ 'ခန္ဓာကိုယ်ကြီးကို ကျွေးရမယ်အေ့'ဟုလည်း ပြောပါသည်။ နေ့လယ်ချိန်များတွင် အမေသည် သစ်သီးဖျော်ရည်

www.burmeseclassic.com



လတ်လတ်ဆတ်ဆတ်ကို ရေဆာတိုင်း တစ်ကျိုက် လောက်သောက်တတ်သည်။ 'ဒီအထဲမှာ ဗီတာမင်ပါတယ်၊ ငါ့အတွက် သိပ်ကောင်းတာပေါ့'ဟုလည်းပြောတတ်သည်။ နှစ်နာရီလောက်ဆိုလျှင် ပိုပေး ရောက်လာသည်။ 'ဒီလို အချိန်မှန် ဇယားနဲ့လာနေရတာမျိုးကို သိပ်သဘောကျတာပဲ' ဟု အမေက ပြောသည်။ တစ်နေ့တွင် အမေစိတ်မကောင်း သည့်အသံဖြင့် 'လောကကြီးများ တယ်ခက်တာပဲနော်၊ ညည်းတို့ နှစ်ယောက်စလုံးနဲ့ အတူတူ ပြန်နေရတဲ့အခါ ကျတော့ ငါ့မှာ မကျန်းမမာဖြစ်နေရတယ်'ဟု ပြောသည်။

ကျွန်မမှာ ပရတ်တွင် ရှိစဉ်ကလောက် စိုးရိမ်သောက မဖြစ်တော့ပါ။ ကျွန်မအမေသည် အသက်ရှင်နေသော အလောင်း ကောင်ကြီးတစ်ခုအဖြစ်သို့ ကူးပြောင်းသွားပြီ ဆိုသည့်အချက်သည် ငြင်းမရအောင် အထင်အရှားဖြစ်ခဲ့ လေပြီ။ ကမ္ဘာလောကကြီးသည် သူ့အခန်းကျဉ်းကလေး အရွယ်သို့ ကျုံ့ဝင်သွားခဲ့ပြီ။ ပါရီမြို့ကြီးထဲသို့ တက္ကစီဖြင့် ဖြတ်သွားသည့်အခါတွင်လူပိုတွေလျှောက်နေသည့်ဇာတ်ခုံကြီး တစ်ခုဟု ကျွန်မ မြင်နေပြီ။ ကျွန်မ၏ တကယ့်ဘဝသည် သူ့ခုတင်ဘေးတွင် ရောက်နေသည်။ ကျွန်မတွင် အမေ့ကို ကာကွယ် စောင့်ရှောက်ရန်ဆိုသည့် ရည်ရွယ်ချက် တစ်ခု တည်းသာ ကျန်တော့သည်။ ညဆိုလျှင် ချွတ်ခနဲအသံသည် ကျယ်လောင်နေသည်ဟု ထင်ရ၏ ။ ကိုးနော့၏ စာရွက် လှန်သံ၊ လျှပ်စစ်မော်တာမြည်သံ။ နေ့တွင်ပင် ကျွန်မသည်

www.burmeseclassic.com



ခြေအိတ်ရှည်ကြီးကို မစွပ်မိဘဲ လျှောက်နေသည်။ ဘေး လှေကားနှင့် အပေါ်ထပ်မှ ခြေသံများသည် ကျွန်မနား ထဲတွင် နားကွဲမတတ်ဖြစ်နေသည်။ ဆယ့်တစ်နာရီနှင့် မွန်းတည့်ချိန်ကြားတွင် လှေကားမှ တွန်းလာသော အစားမသောက်တင်သည့် စားပွဲများ၏ ဘီးသံ၊ ပန်းကန် ခွက်ယောက်များအသံ၊ စည်သွတ်ဘူးများနှင့် ခွက်များ တိုက်မိသံတို့သည် မခံသာအောင် ဖြစ်နေသည်။ ငိုက် နေသော အမေ့အနားသို့ ဆေးတိုက်မှ အလုပ်သမကလေး ရောက်လာပြီး မနက်ဖြန် ယုန်သားထောင်းကြော်စားမလား၊ ကြက်ပြုတ် စားမလားဟု လာမေးလျှင် ကျွန်မ စိတ်ဆိုး ၍မဆုံးတော့။ သို့ရာတွင် နေ့လယ်စာ စားချိန်ရောက်၍ ကြည့်လိုက်သည့်အခါတွင် ဦးနှောက်ပေးမည်ဟု ပြောသော် လည်း ခါတိုင်းကဲ့သို့ပင် စင်းကောကြော်။ ကျွန်မနှင့် အမေသည် သူနာပြုဆရာမလေး ကိုးနော့ကို သဘော ကျသည်။ ဆရာမလောရင့်မာကင်နှင့် ပေးရင့်ကို သဘောကျ သည်။ မဒမ်ဂွန်ထရန်းသည် စကားများလွန်းသည်ဟု အမေရောကျွန်မပါ ပြောမိကြသည်။

'ကြည့်စမ်းပါဦးအေ၊ သူ့သမီးအတွက် ဖိနပ် လိုက်ရှာနေရလို့ အားလပ်နေ့ဝက် အားလပ်ရက် ကုန်သွားတဲ့အကြောင်း လာပြောနေတယ်၊ သူ့သမီး အတွက်ဖိနပ်ရှာရတာ ငါ့ကိုဘာလာပြောနေစရာရှိသလဲ'ဟု အမေက ပြောသည်။

www.burmeseclassic.com



အမေတက်နေသော ဆေးတိုက်ကိုကျွန်မတို့သိပ်မကြိုက်တော့ပါ။ ပြုံးချို၍ အလုပ်ကြိုးစားသော ဆရာမကလေးများမှာ အလုပ်တွေ မနိုင်မနင်းဖြစ်နေပြီး လခကလေး မဖြစ်စလောက်နှင့်လုပ်နေကြရပါသည်။ သူတို့ကို ဆက်ဆံရာတွင်လည်း အလွန်ရိုင်းစိုင်းပါသည်။ ကိုးနေ့မှာ ကိုယ့်ဘာသာကော်ဖီဘူး ယူလာရပါသည်။ ဆေးတိုက်က ရေနွေးကိုသာပေးပါသည်။ တခြားဘာမျှ မပေးပါ။ ညသူနာပြုများမှာ ရေချိုးခွင့်မရကြပါ။ တစ်ညလုံး အိပ်ရေးပျက်ပြီးနောက် မနက်လင်းတွင် သန့်စင်ဆေး ကြောရန် အလှပြင်ရန် အခန်းကလေးတစ်ခန်းပင် ထားမပေးပါ။ တစ်နေ့မနက်တွင် ကိုးနေ့သည် ငိုယိုကာ သူနှင့် သူ့အထက်မှ ဆရာမကြီးတို့ စကားများကြသည့် အကြောင်းကို လာပြောပါသည်။ ဆရာမကြီးက သူ့ကို ဖိနပ်အညိုစီးလာရမလားဟု ဆူပူကြိမ်းမောင်းပါသည်။

'ဖိနပ်အညိုက ခွာမပါလို့ရှင့်'

'ပါပါ မပါပါ အဖြူပဲ စီးရမယ်'

ကိုးနေ့မျက်နှာမှာညှိုးနေပါသည်။

'မနက်အလုပ်ဆင်းလာရင် ဒီလို ကျက်သရေမရှိတဲ့ မျက်နှာကြီးနဲ့ မလာပါနဲ့'ဟု ဆရာမကြီးက အော်သည်။

အမေသည် ထိုစကားတစ်ခွန်းကို နှစ်ရက်လောက် မကြာခဏရွတ်နေပါသည်။ အမေသည် ထိုသို့ မတရားလုပ်လျှင် ခံရသည့်ဘက်မှ အားတက်သရောဝင်ကူတတ်ပါသည်။ တစ်ညနေတွင် ကိုးနေ့၏ သူငယ်ချင်း သူနာပြု

www.burmeseclassic.com



ဆရာမကလေးသည် အမေ့အခန်းထဲသို့ ငိုကြီးချက်မဖြင့် ရောက်လာပါသည်။ သူ့လူနာက သူ့ကို စိတ်ဆိုးကာ စကားမပြောတော့သောကြောင့် ဖြစ်ပါသည်။ သူတို့ အလုပ်သည် နုနယ်ငယ်ရွယ်သည့် မိန်းကလေးများအဖို့ ကြေကွဲဝမ်းနည်းစရာများနှင့် အမြဲထိတွေ့နေရသော အလုပ်ဖြစ်ပါသည်။ သို့တိုင် ထိုသို့သော ကိုယ်ရေးကိုယ်တာ အသေးအဖွဲကိစ္စကလေးများတွင်မူ သူတို့လည်းစိတ်ထိခိုက်လွယ်ကြပါသည်။

'မမကတော့ အရေထူနေပြီကိုး'ဟု ပိုပေးက ကျွန်မကို ပြောသည်။

ပါမောက္ခဘီကို မမပြောလိုက်တာ သိပ်ကောင်းတာပဲ ဆိုသည့်စကားမျိုး၊ မျက်မှန်အနက် တပ်လိုက်တော့ မမက ဂါရီတာဂါဘိုးနဲ့ တူတယ် ဟူသော စကားမျိုးတို့သည် ကျွန်မအတွက် ဘာမျှမထူးခြားတော့ပါ။ ကျွန်မကိုယ်တိုင်ကလည်း ထိုစကားမျိုးတွေကို မပြောချင်တော့ပါ။ ကျွန်မသည် နေရာတကာတွင် ဟန်ဆောင်နေရပါသည်။ မိတ်ဆွေတစ်ယောက် သားအိမ်ကင်ဆာကို ခွဲစိတ်ကုသပြီးသွားလျှင်လည်း ကျွန်မပြောသည့် ဝမ်းသာအားရအသံသည် အတုအယောင်မျှသာ ဖြစ်သည်ဟု ကျွန်မ စိတ်ထဲတွင် ထင်နေပါသည်။ ပျော်ပွဲစားရုံတွင် စားသောက်ဖွယ်ကောင်း၍ 'သိပ်ကောင်းတာပဲ' ဟု ပျော်ပွဲစားရုံ မန်နေဂျာအား အမှန်အတိုင်း ပြောရလျှင်လည်း ကျွန်မသည် မုသားသုံး

www.burmeseclassic.com



နေသည်ဟု စိတ်ထဲတွင် ထင်နေမိသည်။ တစ်ခါတစ်ရံတွင်လည်း ကျွန်မကဟန်ဆောင်ခြင်းမဟုတ်ဘဲ ပတ်ဝန်းကျင်လောကကြီးက ဟန်ဆောင်နေသည်ဟု ကျွန်မထင်မိပါသည်။ ကျွန်မသည် ဟိုတယ်တစ်ခုကို ဆေးတိုက်တစ်ခုဟု ထင်နေပါသည်။ ဟိုတယ်မှ အလုပ်သမကလေးများကို သူနာပြုတွေဟု ထင်နေတတ်ပါသည်။ ပျော်ပွဲစားရုံမှ စားပွဲထိုးမကလေးများသည် စားသောက်ခြင်းဟူသော ကိစ္စအပါအဝင် ကုသမှုကြီး တစ်ခုကို ကျွန်မအား ပေးနေသည်ဟု ကျွန်မထင်မိပါသည်။ ကျွန်မသည် လူများကို အမြင်သစ်ဖြင့် မြင်နေပါသည်။ သူတို့ အဝတ်အစားများ အောက်တွင် ရှုပ်ထွေးသော ပြွန်များ၊ ပိုက်များ တပ်ထားသည်ဟု ကျွန်မထင်နေပါသည်။ တစ်ခါတစ်ရံတွင်လည်း ကျွန်မကိုယ်တိုင်သည် လေသွင်းနေသည့် ပိုက်ကြီး တစ်ခုဖြစ်နေပြီး တစ်ခါတစ်ရံတွင်လည်း အစာအိမ်နှင့် အူတွေတစ်လှည့်စီ အလုပ်လုပ်နေကြသော အစုအဝေးကြီးမျှသာဟု ထင်လာပါသည်။

ပိုပေးမှာ အာရုံကြောအားနည်းနေပါသည်။ ကျွန်မသွေးပေါင်ချိန်မှာလည်း တက်လာပါသည်။ ကျွန်မခေါင်းမှာ တဒိန်းဒိန်းကိုက်ခဲနေပါသည်။ ကျွန်မစိတ်သောက အရောက်ရဆုံးမှာ အမေ၏ သေလုမြောပါး ခံစားနေရသည့် ဝေဒနာ၊ အမေပြန်လည်ရှင်လန်းလာခြင်းနှင့် ကျွန်မတို့ တစ်တွေ စိတ်တွေယောက်ယက်ခတ်နေခြင်းဖြစ်ပါသည်။ ဝေဒနာနှင့်

www.burmeseclassic.com



သေမင်းတို့ စစ်ပြိုင်ကြရာတွင် သေမင်းက မြန်မြန်အနိုင်ရပါစေဟုပင် ကျွန်မတို့မျှော်လင့်ဆုတောင်းမိကြပါသည်။ သို့တိုင်အောင် အသက်ကင်းမဲ့သလို ဖြစ်နေသော မျက်နှာဖြင့် အမေအိပ်ပျော်နေစဉ်တွင် ကျွန်မတို့သည် အမေ့လက်တွင် ပတ်ထားသည့် လက်ပတ်နာရီကြိုးအနက်ကလေး လှုပ်ရှားခြင်း ရှိမရှိကို သိနိုင်ရန်အတွက် ဖြူဖွေးသော အိပ်ရာဖုံးကို စိုးရိမ်တကြီး စောင့်ကြည့်နေတတ်ကြသည်။ အမေ့အသက်ထွက်ခါနီး မချိမဆံ့ခံစားရမည်ကို တွေးမိတိုင်း ကျွန်မတို့မှာ လည်မျိုအညှစ်ခံထားရလို ဖြစ်နေကြပါသည်။

တနင်္ဂနွေနေ့ ညနေစောစော ကျွန်မ ဆေးတိုက်မှ ပြန်လာသည့်အခါတွင် အမေသည် အကောင်းပကတိပင်။ တနင်္လာနေ့ မနက်တွင်မူ အမေ၏ ချုံးကျသွားသော မျက်နှာကို မြင်လိုက်သည်နှင့် ကျွန်မထိတ်လန့်တုန်လှုပ်သွားပါသည်။ ထိုသို့ ချုံးကျသွားခြင်းမှာ အမေ၏ ဆဲလ်များကို ဝါးမျိုစားသောက်နေသည့် အမေ့အရေပြားနှင့် အရိုးကြားထဲမှ ဆန်းကြယ်ရှုပ်ထွေးသော အစုအဝေးများကြောင့် ဖြစ်ကြောင်း ထင်ရှားပါသည်။ ည ဆယ်နာရီထိုးသည့်အခါ၌ ပိုပေးသည် ‘မမကိုခေါ်ရမလား’ဟု ရေးထားသည့် စာရွက်ပိုင်းကလေးကို သူနာပြုလက်သို့ တိတ်တဆိတ် ကမ်းပေးလိုက်ပါသည်။ သူနာပြုဆရာမက ခေါင်းယမ်းပြပါသည်။ အမေ၏ နှလုံးမှာ ပုံမှန်အလုပ်လုပ်မြဲဖြစ်ပါသည်။ သို့ရာတွင် ဖောက်လာသော လက္ခဏာ

www.burmeseclassic.com



များကိုမူ မြင်နေရပါပြီ။ သူနာပြု ဂွန်ထရန်းက အမေ့၏ ညာဘက်နံစောင်းကို ကျွန်မအား ပြပါသည်။ အမေ့ အရေပြားပေါ်မှ အပေါက်ကလေးများမှအရည်တွေ စိမ့်ထွက်နေပါသည်။ အိပ်ရာခင်းမှာ ရွှဲရွှဲစိုနေပါသည်။ အမေသည် ဆီးလည်းကောင်းကောင်း မသွားတော့ပါ။ ကိုယ်ခန္ဓာမှာလည်းတဖြည်းဖြည်း ဖောင်းလာပါသည်။ အမေသည် ရောင်အမ်းနေသည့် လက်ချောင်းကလေးများကို လှုပ်ကြည့်နေပါသည်။ 'အဲဒါလှုပ်ရှားမှုမရှိလို့ ဖြစ်တာပါ'ဟု ကျွန်မက ပြောသည်။

အက်ကွမ်နီးလ်နှင့် မော်ဖင်း ထိုးထားသည့်အတွက် အမေသည် စိတ်တည်ငြိမ်လျက်ရှိကာ သူ့ရောဂါကို ကောင်းကောင်းသိနေပုံရပါသည်။ သို့ရာတွင် အမေသည် သူ့ဝေဒနာကို စိတ်ရှည်စွာ လက်ခံပါသည်။

'တလောလေးက ငါ့စိတ်ထဲမှာ ထူထူထောင်ထောင် ပြန်ဖြစ်လာတော့ ညည်းညီမက အဖိုးတန်တဲ့စကားတစ်ခွန်း ပြောတယ်၊ အမေနောက်တစ်ခါ ပြန်ပြီးနေထိုင်မကောင်း ဖြစ်ချင်ဖြစ်ဦးမှာတဲ့၊ ခုသူပြောတဲ့အတိုင်း ဖြစ်တာပါပဲ၊ ဖြစ်ရိုးဖြစ်စဉ် ဖြစ်တာပေါ့လေ'

မဒမ်ဒီစိန်တန်ဂျေးကို မြင်သည့်အခါတွင် အမေက

'ခုတော့ နည်းနည်းနေပြန်ကောင်းလာပါပြီ' ဟု ပြောပါသည်။ ပြုံးလိုက်သဖြင့် အမေ၏ သွားဖုံးတွေပေါ်လာပါသည်။ သို့ရာတွင် ထိုအပြုံးသည် ကျက်သရေကင်းမဲ့သော

www.burmeseclassic.com



အရိုးစုကြီးတစ်ခု၏ အပြုံးမျှသာ ဖြစ်ပါသည်။ ပြုံး၍သာ ပြုံးသော်လည်း အမေ၏ မျက်လုံးများသည် အလိုလို ပိတ်သွားကြပါသည်။ အမေသည် အစာစားပြီးနောက် ကောက်ကာငင်ကာ ဖောက်လာပြန်သည်။ ကျွန်မက သူနာပြုဆရာကို အကြိမ်ကြိမ် တယ်လီဖုန်းဆက်သည်။ ကျွန်မတောင့်တနေသည့် အရာသည် ဖြစ်လာခဲ့လေပြီ။ အမေသည် အသက်ငင်နေလေပြီ။ ကျွန်မသည် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေ၏။ ဆေးတစ်လုံး တိုက်လိုက်သည့် အခါတွင်မှ အမေသည် သက်သာသွား၏ ။

အမေဆုံးပြီဟု ညနေပိုင်းတွင် ကျွန်မထင်မိ၏ ။ ထိုသို့ တွေးလိုက်တိုင်း ကျွန်မ၏ နှလုံးသားသည် ဖျစ်ညှစ်နေသလို နာကျင်နေသည်။ 'တချို့ အစိတ်အပိုင်းတွေကတော့ ကောင်းလာတယ်'ဟု နောက်တစ်နေ့ မနက်တွင် ပိုပေးက ကျွန်မကို ပြောသည်။ ကျွန်မသည် နောင်တသံဝေဂကြီးစွာ ဖြစ်မိသည်။ အမေသည်နေကောင်းနေသဖြင့် ဆင်မီနွန်၏ ဝတ္ထုကိုပင် ကောက်ဖတ်လိုက်သေးသည်။ ညတွင်မူ တော်တော်အနေဆိုးလာသည်။ တစ်ကိုယ်လုံးက နာတယ်ဟု ပြောသဖြင့် မော်ဖင်းထိုးပေးကြသည်။ နေ့လယ်ပိုင်း မျက်လုံးကို ပြန်ဖွင့်သည့်အခါ အမေ၏ မျက်လုံးများသည် ဖန်မျက်လုံးကဲ့သို့ ကြောင်တောင်ဖြစ်နေသည်။ သည်အချိန် တွင်မူ အမေကိစ္စချောပြီဟု ကျွန်မအောက်မေ့လိုက်ပါသည်။ အိပ်ပျော်သွားသည့်အခါတွင် ကျွန်မက 'ဒီတစ်ခါတော့

www.burmeseclassic.com



မရတော့ဘူးထင်တယ်’ဟု ဒေါက်တာအင်ကို မေးသည်။

‘ရပါသေးတယ်၊ ညင်ညင်သာသာ အသက်ထွက်နိုင်အောင် ကျွန်တော်တို့ လုပ်ပေးထားတာ’ဟု သူက စိတ်မကောင်းသည့်ဟန်တစ်ဝက် အောင်နိုင်သည့်ဟန် တစ်ဝက်ဖြင့် ပြောသည်။

ဝေဒနာကြီးကို ကြာရှည်လေးမြင့်စွာ ခံနေရခြင်းကို အောင်နိုင်သည်ဟု ခေါ်ကြဦးမည်လော။ ‘ကျွန်တော့်ကို သတ်ပစ်လိုက်ပါတော့ဗျာ၊ ခြောက်လုံးပြူးယူပေးပါ၊ ကျွန်တော့်ကို မသနားကြတော့ဘူးလား’ဟူသည့် ကျွန်မဦးလေး၏ အသံကို ကြားယောင်နေသည်။ ငါ့တစ်ကိုယ်လုံး နာနေတာပဲဟူသည့် အသံသည်လည်း ကျွန်မနားထဲမှ မထွက်တော့။ အမေသည် ရောင်အမ်းနေသော သူ့လက်ချောင်းကလေးများကို လှုပ်ကြည့်၏ ။ အမေ၏ ယုံကြည်ချက်သည် လျော့ပါး၍ လာခဲ့လေပြီ။

‘ဆရာဝန်တွေဟာ ငါ့စိတ်ကို ဒုက္ခရောက်အောင် လုပ်နေကြတယ်၊ သူတို့ကသာ နေကောင်းလာတယ်လို့ ပြောနေကြတယ်၊ ငါ့မှာဖြင့် ဆိုးသထက်ဆိုးလာတယ်’

ကျွန်မသည် သေငယ်ဇောနှင့် မြောနေသည့် အမေ့ကို ပို၍ ချစ်ခင်တွယ်တာလာပါသည်။ အမှောင်ထဲစကားပြောနေကြစဉ် ကျွန်မရင်ထဲတွင် အတိတ်က ဖြစ်ခဲ့ရသော စိတ်မချမ်းသာမှုသည် ပြန်၍ပေါ်လာသည်။ ကျွန်မသည် ကျွန်မ အပျိုပေါက်အရွယ်က အမေနှင့် ကတောက်ကဆ

www.burmeseclassic.com



ဖြစ်ခဲ့ရပုံကို သွား၍ သတိရနေသည်။ ကျွန်မနှင့် အမေတို့၏ ကွဲပြားသော စရိုက်များနှင့် တူညီသော အကြိုက်များသည် နောင်တွင် ဘယ်တော့မျှ ပြန်၍ပေါ်လာကြမည် မဟုတ်တော့။ ကျွန်မရင်ထဲတွင် ကာလအတန်ကြာက ကုန်ခန်းခဲ့ပြီဟု ထင်ခဲ့သော သနားကြင်နာမှုသည် ပြန်၍ ခေါင်းထောင် အသက်ရှင်လာသည်။

ကျွန်မသည် အမေ့ကို ကြည့်လိုက်၏ ။ အမေသည် ခုတင်ပေါ်တွင် လဲလျောင်းလျက်၊ သတိရလျက်။ တစ်ပြိုင်နက်တည်းတွင် မိမိအနီးတွင် ဖြစ်ပျက်နေသမျှတို့ကို မေ့လျော့လျက်။ မိမိခန္ဓာကိုယ်တွင်းတွင် ဘာဖြစ်နေသည်ကို မသိခြင်းသည် သဘာဝကျပါသည်။ သို့ရာတွင် ယခုမူ ကိုယ်တွင်းကိုသာမက ကိုယ်ပတွင် ဖြစ်နေသည်တို့ကိုလည်း မသိတော့ပြီ။ ဗိုက်တွင် ပေါ်လာသည့် အနာကြီး၊ ဘရင်ဂျီနာ၊ အနာမှ ထွက်သောအညစ်အကြေး၊ ပြာနှမ်းနေသော အသားအရောင်၊ အရေပြားရှိ အပေါက်များမှ စိမ့်ထွက်နေသော အရည်များကိုလည်း သူမသိတော့။ သွက်ချာပါဒလိုက်သွားပြီဖြစ်သော လက်များဖြင့်လည်း ထိုအရာများကို စမ်းသပ်ကြည့်ခြင်း မပြုနိုင်တော့။ သူ့ကို ပြုစုသည့်အခါ၊ ပတ်တီးစည်းပေးသည့်အခါများတွင်လည်း အမေ၏ခေါင်း နောက်သို့ လန်နေသည်။ အမေသည် မှန်ကြည့်ချင်သည်ဟုလည်း မပူဆာတော့။

အသက်ငင်လျက်ရှိသော မျက်နှာသည် သူ့မျက်နှာ

www.burmeseclassic.com



မဟုတ်တော့ပြီ။ အမေသည် ပုပ်သိုးပျက်စီးစပြုနေသည့် သူ့ခန္ဓာကိုယ်နှင့် ဝေးရာအရပ်တွင် နားနေလျက်၊ အိပ်မက် မက်လျက်။ သူ့နားတွင် ကျွန်မတို့၏ မုသားစကားများဖြင့် ပြည့်လျက်။ အမေ၏ ခန္ဓာကိုယ်တစ်ခုလုံးသည် တစ်ခုတည်း သော ပြင်းပြသည့် မျှော်လင့်ချက်တွင်သာ စူးစိုက်လျက်။ ထိုမျှော်လင့်ချက်မှာ တခြားမဟုတ်။ ပြန်လည်၍ ကျန်းမာလာရန် မျှော်လင့်ချက်ဖြစ်သည်။ ကျွန်မသည် အမေ၏ လိုအပ်သော စိတ်မချမ်းသာမှုကို အတူ မျှတ ခံလိုပါသည်။ 'အမေရယ် ဒီဆေးတွေကို နောက်အမေ သောက်ရတော့မှာမဟုတ်ပါဘူး၊ ဒါလေးကို သောက်လိုက် ရင် သက်သာလာမှာပါ'ဟု ကျွန်မစိတ်ထဲမှ ပြောနေသည်။ အမေသည် ဖြူဖြူပျစ်ပျစ် အရည်များကို သောက်၏ ။ အစာလည်းကောင်းကောင်းမစားနိုင်တော့။ 'အမေ အတင်း မစားနဲ့လေ၊ တော်လောက်ပြီ၊ နောက်ထပ်မစားနဲ့တော့'ဟု ကျွန်မက ပြောယူရသည်။

'တော်ပြီလား'ဟု ဆိုကာ အမေသည် ပန်းကန်ကို ကြည့်နေသည်။

'နည်းနည်းပေးပါဦး'ဟု အမေက တောင်းသည်။ ကျွန်မသည် ပန်းကန်ကို တခြားသို့ တွန်းရွှေ့လိုက်ကာ

'တော်လောက်ပြီအမေ၊ အမေစားတာ တစ်ပန်းကန် တောင် ကုန်သွားပြီ'

နေ့လယ်ပိုင်း၌ အမေသည် ဒိန်ချဉ်ကို ကျိတ်မှိတ်၍

ယနေ့မန္တလေးစာအုပ်တိုက်

www.burmeseclassic.com



စားသည်။ သစ်သီးရည်ကိုလည်း မကြာခဏတောင်း၏ ။ အမေသည် လက်မောင်းကို ဖြည်းညင်းစွာ မကာ လက်နှစ်ဖက်ကို ပူး၍ ကျွန်မလက်ထဲတွင် ကိုင်ထားသည့် သစ်သီးရည်ဖန်ခွက်ကို လှမ်း၍စမ်းနေသည်။ ထို့နောက် ပုလင်းထဲမှ ကျေးဇူးကြီးသော ဗီတာမင်ဆေးပြားတစ်ပြား ကိုယူသည်။ ထို့နောက် တစ္ဆေသရဲ၏ ပါးစပ်ဖြင့် အသက် ဇီဝကို ဝါးစားနေသည်။

ချုံးကျနေသော မျက်နှာတွင် အမေ့မျက်လုံးသည်ပြူး ကျယ်သည်ထက် ပြူးကျယ်လာကြ၏ ။ တစ်ခါတစ်ခါတွင် မျက်လုံးကြီးပြူးကာ တစ်နေရာကို စိုက်ကြည့်နေတတ်သည်။ တစ်ခါတစ်ခါတွင်လည်း ကြီးစွာသော အားထုတ်မှုဖြင့် ကိုယ်ကိုလှုပ်ရှားပြီး မှုန်ရီသော သူ့ကိုယ်ပိုင်ကမ္ဘာလေးထဲမှ မှောင်ရီရီအလင်းရောင်ဖြင့် ကန်ရေပြင်မျက်နှာပြင်ပေါ်သို့ တက်လာရန် ကြိုးစားသည်။ အမေသည် ထိုရေပြင်ပေါ်တွင် သူ့တစ်ကိုယ်လုံးကို စူးစိုက် အာရုံလွှတ်ထား၏ ။ အံ့ဩ ဖွယ်လှုပ်ရှားခြင်း ကင်းမှုဖြင့် ကျွန်မကို စူးစိုက်ကြည့်၏။ အမေ့ကို ကြည့်ရသည်မှာ ယခုမှ မျက်စိနှစ်ကွင်းအလင်း ရလာသူ တစ်ဦးနှယ်။

'ငါမြင်ရပြီ'ဟုလည်းပါးစပ်က ပြောသေးသည်။ အမေသည် အမှောင်ထဲမှ နေ၍ အလင်းကို ရရန် မကြာခဏ ကြိုးစားနေရသည်။ အမေသည် အိပ်ရာခင်းကလေးကို လက်ဖြင့် ဆုပ်ကိုင်ထားသလို သေမင်း၏ ဖမ်းယူခြင်းကို

www.burmeseclassic.com



မခံရစိမ့်သောငှာ ကမ္ဘာကြီးကိုလည်း တွယ်ဖက်ဆုပ်ကိုင်ထားသည်။ 'ရှင်ရမယ်၊ ရှင်ရမယ်'ဟုလည်း ပါးစပ်မှ တတွတ်တွတ် ပြောနေသည်။

ထိုဗုဒ္ဓဟူးနေ့ ညနေက တက္ကစီဖြင့် အိမ်သို့ ပြန်လာသည့်အခါ၌ ကျွန်မသည် မည်မျှ အထီးကျန်နိုင်လိုက်ပါသနည်း။ ကျွန်မသည် ဖြတ်သန်းလာသောအထက်တန်းစားရပ်ကွက်များကို စိတ်တွင် အလွတ်ရနေလေပြီ။ ဟိုဟားရန့်၊ ဟမ်းစ်၊ လန်ကုန်း၊ လန်ဗင် စသည့်ရပ်ကွက်များ---။ ကာဒင်၏ ဖက်ရှင်အထည်ဆိုင်ကြီး ရှေ့သို့ ရောက်သည့်အခါတွင် မီးနီပြတတ်သဖြင့် မကြာခဏရပ်ရသည်။ ရယ်စရာကောင်းအောင် သပ်ရပ်လှပသော ဦးထုပ်များ၊ ခါးပြတ်အင်္ကျီများ၊ လည်စည်းများ၊ လွှာဖိနပ်များ၊ လေဒီရှူးများကို မြင်ရ၏။ သူတို့နောက်တွင် အမွေးနုနု အရောင်ဖျော့ဖျော့ ညဝတ်အင်္ကျီများ၊ အမေ့ဖို့ တစ်ထည်ဝယ်ပေးဦးမည်ဟုပင် စိတ်ကူးမိလိုက်သေးသည်။ ရေမွှေးများ၊ သားမွေးအင်္ကျီများ၊ ညဝတ်ရုံများ၊ ကျောက်မျက်ရတနာများ။ ထိုအရာများသည် သေမင်းအတွက် နေရာမရှိသော ကမ္ဘာလောကကြီးတစ်ခုမှ ခမ်းနားထည်ဝါမှု။ သို့ရာတွင် မှောင်ရီသည့် သေမင်းသည် ဆေးတိုက်များ၊ ဆေးရုံများ၊ လူနာရုံများတွင်မူ နောက်ကွယ်မှောင်ရိပ်တွင် ပုန်းခိုလျက်။ သေခြင်းသာလျှင် တစ်ခုတည်းသော သစ္စာတရားဖြစ်သည်ကို ကျွန်မ သိလေပြီ။

ခါတိုင်းကဲ့သို့ပင် ကြာသပတေးနေ့ ရောက်သည့်

www.burmeseclassic.com



အခါတွင် အမေ့မျက်နှာကို ကြည့်၍ ကျွန်မတုန်လှုပ်သွားသည်။ အလျှင်နေ့တွေကထက် ပို၍ချုံးကျသွားပြီး ပို၍ညှိုးငယ်နေသည်။ သို့ရာတွင် မျက်လုံးကမူ မြင်ရသေးသည်။ အမေက ကျွန်မကို ကြည့်ကာ

'ညည်းကို ငါကြည့်ရတာ ဆံပင်က ညှိုနေသလားလို့'

'ဟုတ်တယ်လေအမေရဲ့၊ ဒါမျိုးအဆန်းလုပ်လို့'

'ညည်းတို့ ညီအစ်မနှစ်ယောက်စလုံးရဲ့ ဆံပင်ကသန်တော့ငါလည်း လိမ့်မကျအောင် ဆွဲထားလို့ရတာပေါ့။ ငါ့လက်ချောင်းတွေကော ဘယ့်နှယ်နေသေးသလဲ'ဟု ဆိုကာ လက်ချောင်းများကို လှုပ်ပြပြီးနောက် အိပ်ပျော်သွားသည်။ ခဏကြာလျှင် ပြန်နိုးလာပြန်ကာ မျက်လုံးကြီးအပြူးသားဖြင့် ကျွန်မကိုကြည့်လျက်

'ခါးစည်းအဖြူကြီးကို မြင်လိုက်ရင် ငါအိပ်ရာက နိုးလာတော့တာပဲ၊ အင်္ကျီခါးပြတ်ကလေးကို ဝတ်လိုက်ရပြီလို့ ထင်လိုက်ရင် ငါ အိပ်ပျော်သွားတော့တာပဲ' ဟု ပြောသည်။

ဘာတွေကို အမှတ်ရ၍ ဘာတွေက အရိပ်အယောင်ပြနေသည်ကိုတော့ ကျွန်မ မပြောတတ်ပါ။ အမေသည် အမြဲလိုလိုပင် တခြားကမ္ဘာတစ်ခုသို့ လွင့်ပါးနေရာ ထိုသို့ လွင့်ပါးနေရာမှ သူ့ကိုယ်ခန္ဓာဆီသို့ပြန်ရောက်လာသည်ကို မြင်ရသည့်အခါတွင် ကျွန်မစိတ်ထိခိုက်ခြင်း ဖြစ်ရပါသည်။ အမေသည် တခြားအာရုံများကို စိတ်မဝင်စားတော့ပါ။

www.burmeseclassic.com



ထိုနေ့က မတ်မွိုင်ဇယ်ဗောဘီးယားဆိုသည့် ကျွန်မတို့ သူငယ်ချင်းတစ်ယောက် ရောက်လာပြီး ပျော်ပျော်ပါးပါး နေတတ်သည့် အိမ်စေအမျိုးသမီးအကြောင်းကို ပြောပြသည်တွင် ကျွန်မလည်း သူ့အနီးမှ အသာထွက်လာခဲ့သည်။ ထိုစဉ် အမေ့မှာ မျက်လုံးမှိတ်ကာ အိပ်ပျော်စ ပြုလေပြီ။ ကျွန်မ ပြန်လာသည့်အခါတွင် အမေက

'လူမမာနားမှာ ဒါမျိုးတွေ လာပြောရသတဲ့လားအေ၊ လူမမာဆိုတာ ဒီလို ဟာမျိုးတွေကို စိတ်ဝင်စားတာမှ မဟုတ်တာ'ဟု ပြောပါသည်။

ထိုနေ့ညက အမေ့အနားတွင် ကျွန်မအိပ်သည်။ အမေသည် နာကျင်မည်ကို ကြောက်သလို ချောက်ချားစရာ အိပ်မက်တွေ မက်သည်ကိုလည်း ကြောက်တတ်သည်။ ဒေါက်တာအင်ရောက်လာသည့်အခါတွင် အမေက ဆရာမ ဆေးထိုးသလို လက်ကို လှုပ်ပြကာ

'ကျွန်မကို လိုအပ်ရင်မကြာခဏ ဆေးထိုးပေးပါနော် ဆရာ'

ဒေါက်တာအင်က လေသံ ခပ်ရှှင်ရှှင်ဖြင့်

'အလို၊ ဒီလိုဆိုရင် အမေကြီးက ဆေးစွဲနေပြီထင်တယ်၊ ရပါတယ်၊ မော်ဖင်းဝယ်ရင် ကျွန်တော်အမေကြီးကို အထူးနှုန်းနဲ့ပေးမယ်'ဟု ပြောကာ ကျွန်မဘက်သို့လှည့်ပြီး မျက်နှာထားတည်တည်ဖြင့်

'ကိုယ့်သိက္ခာကို ရှိသေတဲ့ ဆရာဝန်တစ်ယောက်

www.burmeseclassic.com



အလျှော့ မပေးရတဲ့ အချက်နှစ်ချက်ရှိတယ်၊ မူးယစ်ဆေးဝါးနဲ့ ကိုယ်ဝန်ဖျက်တဲ့ကိစ္စ'

သောကြာနေ့သည် ထူးခြားမှုမရှိဘဲ ကုန်လွန်သွား၏ ။ စနေနေ့တွင် အမေသည် တစ်နေကုန် အိပ်နေတော့သည်။ 'ကောင်းတယ်၊ အမေအနားရတာပေါ့'ဟု ပိုပေးက အမေ့ကို ပြော၏ ။

'ဒီနေ့ ငါအသက်ရှင် မနေရသေးဘူး'ဟု အမေက ပြောသည်။

ဘဝတဏှာကို ထိုမျှတွယ်တာခုံမင်သူ တစ်ဦးအဖို့ သေရသည့်ကိစ္စသည် တော်တော်ပင်ပန်းခက်ခဲသည့် ကိစ္စဖြစ်ပါသည်။ ထိုနေ့ညနေတွင် ဆရာဝန်များက 'အဘွားကြီးတော့ နောက်နှစ်လသုံးလတော့ နေဦးမှာ'ဟု ကျွန်မတို့ကို ပြောကြသည်။ ထို့ကြောင့် ကျွန်မတို့သည် ကျွန်မတို့ နေ့စဉ်ဇယားကို ပြင်ဆွဲကာ အမေနှင့်အတူ အချိန်ကြာကြာ နေကြရပါသည်။ ကျွန်မညီမ ပိုပေးမှာ သူ့ခင်ပွန်းရောက်လာသဖြင့် ထိုနေ့ညတွင် ဆေးတိုက်တွင် မအိပ်တော့ဘဲ ကိုးနော့ကို ထားခဲ့ပါသည်။ သူကမူ မနက်ကျမှ လာတော့မည်ဖြစ်ပါသည်။ မာသီက နှစ်နာရီခွဲတွင် ရောက်လာမည်ဖြစ်ပြီး ကျွန်မက ငါးနာရီတွင် ဝင်ရမည် ဖြစ်ပါသည်။

ညနေငါးနာရီတွင် ကျွန်မသည် အခန်းတံခါးကို ဖွင့်လိုက်ပါသည်။ ခန်းဆီးများ ချထားသဖြင့် အခန်းက

www.burmeseclassic.com



မှောင်နေသည်။ မာသီက အမေ့လက်ကို ကိုင်ထားပြီး အမေကမူညာဘက်ကိုစောင်း၍လှဲနေပါသည်။ သူ့မျက်နှာမှာ အားငယ်၍ ခိုကိုးရာမဲ့သည့် သနားစရာမျက်နှာဖြစ်ပါသည်။ ဘယ်ဘက်တင်ပါးတွင် အနာစိမ်းကြီးတွေ ထွက်နေသဖြင့် ယခုလို ညာဘက်သို့ စောင်းလျှင် သက်သာပါသည်။ သို့ရာတွင်ထိုသို့သော စောင်းစောင်းကြီးနေရသည်မှာ မသက်သာလှပါ။ လူမမာအတွက် များစွာ ပင်ပန်းလှပါသည်။ အမေသည် ပိုပေးတို့ လင်မယားကို တစ်မနက်လုံး စောင့်မျှော်နေပါသည်။ သူနာပြုများက သူ့အိပ်ရာတွင် တပ်ထားသည့် ခေါင်းလောင်းကြိုးကို ပြန်တပ်ရန် မေ့သွားကြသည့်အတွက်ကြောင့် တစ်ကြောင်း၊ သူနာပြုခေါ်သည့် ခလုတ်မှာ ခပ်ဝေးဝေးနံရံတွင် ရှိနေသည့်အတွက်ကြောင့် တစ်ကြောင်း အမေသည် မည်သူ့ကိုမျှ ခေါ်မရဘဲ ဖြစ်နေပါသည်။ အမေ့မိတ်ဆွေ မဒမ် တာဂျူး လာကြည့်သည့်အခါတွင် အမေသည် သူ့ရှေ့မှာပင် ပိုပေးအား 'ငါ့ကို ဒီအရိုင်းအစိုင်းတွေလက်ထဲမှာ ထားပစ်ခဲ့တယ်ပေါ့' ဟု ပြောပါသည်။ (အမေက တနင်္ဂနွေနေ့တွင် တာဝန်ကျသည့် သူနာပြုများကို ထိုသို့ခေါ်ပါသည်။) ထို့နောက် အားယူကာ လီယွန်နယ်ဘက်သို့ လှည့်၍

'မင်းကတော့ ယောက္ခမတောဝါက လွတ်ပြီလို့ အောက်မေ့မှာပေါ့၊ မလွတ်ဘူးဟဲ့၊ မလွတ်သေးဘူး'ဟု ပြောပါသည်။

www.burmeseclassic.com



နေ့လယ်စာစားပြီး အမေတစ်ယောက်တည်း ရှိနေစဉ် အမေသည် စိတ်ချောက်ချားလာပြန်ပါသည်။

'ငါ့ကို တစ်ယောက်တည်း ထားမပစ်ခဲ့ကြပါနဲ့၊ ငါသိပ်အားနည်းနေတယ်၊ ဒီအရိုင်းအစိုင်းတွေ လက်မှာ မထားခဲ့ကြပါနဲ့'

'နောက် မထားတော့ပါဘူး အမေရယ်'

မာသီ ပြန်သွားသည့်အခါတွင် အမေသည် တစ်ရေး ငိုက်မျဉ်းနေ၏ ။ ထိုစဉ် ရုတ်ခနဲနိုးလာသည်။ ညာဘက် တင်ပါးက နာလာသဖြင့် နိုးလာခြင်းဖြစ်၏ ။ ဂွန်ထရန်းက သူ့ကို နေရာပြောင်းသည်။ သို့တိုင် အမေသည် ညည်းလျက်။ ကျွန်မလည်း ပိုပေးတို့ကိုဖုန်းဆက်ခေါ် ရမလားဟု ဝေခွဲမရ ဖြစ်နေသည်။

'မကောင်းဘူးအေ၊ ခုထိဂွန်ထရန်းဂျူတီပဲရှိသေးသလား၊ ဂွန်ထရန်း မကောင်းဘူး' ဟုအမေက ပြောသည်။ အမေ၏ ဝေဒနာမှာ စိတ်အထင် မဟုတ်ပါ။ တကယ် နာခြင်း ဖြစ်ဟန် တူပါသည်။ သို့တိုင် အခြားသူနာပြုဆရာမ များဖြစ်သော ပေးရင့်တို့၊ မာတင်တို့နှင့် ဆိုလျှင် အနည်းငယ် ပြေပျောက်နိုင်ပါသည်။ ဂွန်ထရန်းခမျာမှာလည်း သူတို့လိုပင် ပြုစုကာ နှစ်သိမ့်ရှာပါသည်။ သို့ရာတွင် မသက်သာပါ။ ခဏကြာလျှင် အမေသည် ပြန်၍ အိပ်ပျော်သွားသည်။ ညနေခြောက်နာရီတွင် သူ့ကို စွပ်ပြုတ်နှင့် ပူတင်းကျွေးရာ အတော်ကလေး အားရှိသွားဟန် တူပါသည်။ ထိုစဉ်

www.burmeseclassic.com



အမေသည် ရုတ်တရက်ထအော်ပါသည်။ လက်ဝဲဘက်တင်ပါးမှ မခံမရပ်နိုင်အောင် နာကျင်သောကြောင့်ဖြစ်ပါသည်။ နာသည်မှာလည်း အံ့ဩစရာမရှိပါ။ အမေ၏ပြားချပ်နေသော ခန္ဓာကိုယ်သည် သူ့ကိုယ်မှ ထွက်သောယူရစ်အက်စစ်များစို၍နေသောကြောင့်ဖြစ်ပါသည်။ အိပ်ယာခင်းကိုလဲပေးသည့် သူနာပြုများပင်လျှင် သူ့ကိုယ်မှထွက်သော ယူရစ်အက်စစ်များကြောင့် လက်တွေလောင်ကုန်ပါသည်။ ကျွန်မသည် တယ်လီဖုန်းခဏခဏဆက်ပါသည်။ ဘာလုပ်၍ ဘာကိုင်ရမည်ကိုလည်း မသိတော့ပါ။ စက္ကန့်များသည် ရှည်လျားလှဘိခြင်း။ ကျွန်မသည် အမေ့လက်ကိုကိုင်ထားကာ အမေ့နဖူးကို ပွတ်ပေးသည်။

'ဆေးထိုးပေးမှာပေါ့ အမေရယ်၊ ဆေးထိုးလိုက်ရင်ပျောက်သွားမှာပါ၊ ခဏလေးတော့ ကျိတ်မှိတ်နေလိုက်ပါ၊ခဏလေးပါ'

အမေသည် မခံမရပ်နိုင်အောင် နာကျင်လွန်းလှသဖြင့်စူးစူးဝါးဝါး အော်တော့မတတ် ညည်းနေပါသည်။

'နာလှချည်လားအေ၊ ငါမခံနိုင်တော့ဘူး၊ အမယ်လေးသေရပါတော့မယ်'

အမေသည် ကလေးငယ်တစ်ယောက်လို ငိုနေပါသည်။ သူ့အသံသည် ကျွန်မနှလုံးသားထဲသို့ စူးဝင်သွားပါသည်။ အမေသည် တစ်ယောက်တည်း မည်သို့ရှိမည်နည်း။ ကျွန်မသည် အမေ့ကို ထိကြည့်၏။ သို့ရာတွင် ကျွန်မအထိ၊

www.burmeseclassic.com



ကျွန်မအသံတို့သည်သူ့ ဝေဒနာထဲသို့ထိုးဖောက်နိုင်စွမ်း မရှိပါ။ နှလုံးသည် ပြင်းစွာခုန်လျက်ရှိကာ မျက်ဖြူကြီး လန်နေပါသည်။ သည်တစ်ချီတော့ သွားပြီဟု ကျွန်မထင် လိုက်ပါသည်။

သူကလည်း ငါသေတော့မယ်၊ ငါသေတော့မယ်ဟု အော်နေသည်။ နောက်ဆုံးတွင် ဂွန်ထရန်းက မော်ဖင်း တစ်လုံးထိုးပေးပါသည်။ သို့ရာတွင် အကြောင်းမထူးလှပါ။ ကျွန်မသည် ဆရာဝန်ကို တယ်လီဖုန်းဆက်ပါသည်။ ထိုသို့ အသည်းအသန်ဖြစ်နေစဉ်တွင် ကျွန်မတို့ ရှိနေလျှင်ကိစ္စမရှိ။ မည်သူမှမရှိသည့် မနက်အစောကြီးတွင် ထိုသို့ဖြစ်နေလျှင် ဒုက္ခဟု ကျွန်မတွေး၍ စိုးရိမ်နေပါသည်။ အမေ့ကို တစ်ယောက်တည်းထား၍ မဖြစ်တော့ပါ။ တစ်ယောက် ယောက်တော့ အမြဲရှိနေမှ ဖြစ်မည်ဟု ကျွန်မယူဆပါသည်။ သည်တစ်ကြိမ်တွင် သူနာပြုများသည် အမေ့ကို အက်ကွမ်နီးလ်အိပ်ဆေး တိုက်လိုက်ပါသည်။ အိပ်ရာခင်း ကိုလည်းလဲပေးပါသည်။ အနာများကိုလည်း ဆေးလိမ်း ပေးပါသည်။ အနာမှာ ကိုက်ခဲနေဆဲဖြစ်ပါသည်။ အမှန်က ဆယ့်ငါးမိနစ်လောက်မျှသာ ကြာသော်လည်း ကျွန်မစိတ် ထဲတွင်မူတစ်ကမ္ဘာလောက် ကြာသည်ဟုပင် ထင်လိုက်ပါ သည်။

'သိပ်ဆိုးတယ်အေ၊ သိပ်ဆိုးတာပဲ'ဟု အမေက ပြောနေသည်။ မှန်ပါသည်။ လူတစ်ယောက်ကို

www.burmeseclassic.com



ကလေးတစ်ယောက်လိုငိုရလောက်အောင် ဆိုးရွားပါသည်။ ကျွန်မသည် ဆရာဝန်များကိုရော၊ ကျွန်မညီမကိုရော၊ ကျွန်မကိုယ်တိုင်ကိုရော နားမလည်နိုင်အောင် ဖြစ်နေပါသည်။ ကျွန်မတို့သည် အကျိုးမဲ့သော နှိပ်စက်မှုကို ဘာကြောင့်များ ပြုနေကြရပါသနည်း။

တနလာ်နေ့မနက်တွင် ကျွန်မပိုပေးထံ ဖုန်းဆက်ပါသည်။ အမေသည်နိဂုံးချုပ်ခါနီးလေပြီ။ ဆေးများကလည်း မစွမ်းတော့။ အနာများကလည်း ပြန်၍ မကျက်တော့။ အမေ့ကို သက်သာလာစေရန် တစ်ခုတည်းသော နည်းလမ်းမှာ စိတ်ငြိမ်ဆေးများတိုက်ရန်သာရှိတော့သည်ဟု ဆရာဝန်တွေကလည်း ပြောနေကြပြီ။

နှစ်ချက်ထိုးသည့်အခါတွင် အခန်းအမှတ် ၁၁၄ ရှေ့တွင် ဆောက်တည်ရာမရ ဖြစ်နေသော ပိုပေးကို တွေ့ရသည်။

'မနေ့ကလို အမေ ဝေဒနာမခံပါရစေနဲ့တော့ရှင်'ဟု ပိုပေးက သူနာပြုမာတစ်ကို ပြောနေသည်။

'မဖြစ်ဘူးလေ အစ်မရဲ့၊ အိပ်ရာပူမိတဲ့အနာသက်သာအောင်ဆိုပြီး မော်ဖင်းတွေ အရမ်းထိုးလိုက်ရင်း တကယ်သေကောင်ပေါင်းလဲနာတဲ့အခါကျတော့ ဆေးမစွမ်းဘဲဖြစ်နေလိမ့်မယ်'

ကျွန်မတို့က သူ့ကို သေချာစွာ မေးမြန်းကြည့်သည့်အခါတောင် အမေ့လို ရောဂါမျိုးမှာသေခါနီးတွင် မချိမဆံ့ ခံရကြောင်းပြောပါသည်။ ကျွန်မသည် ဦးလေးမောရစ်၏

www.burmeseclassic.com



အော်သံကို ကြားယောင်လာပါသည်။ သို့ဆိုလျှင် ဒေါက်တာပီသည် ကျွန်မတို့ကို လိမ်လည်ပြောခဲ့လေသလော။ ခြောက်လုံးပြူးတစ်လက်ယူပေးလိုက်ရမည်လော။ အမေ့ကို သတ်ပစ်လိုက်ရမည်လော။ အမေ့ကို လည်မျိုညှစ်သတ်လိုက်ရမည်လော။ အဓိပ္ပာယ်မရှိသော ရူးနှမ်းသော အတွေးများသည် ကျွန်မခေါင်းထဲတွင် အစီအရီ ပေါ်လာကြပါသည်။ သို့ရာတွင် ထိုနည်းများသည်လည်း အမေ့အော်သံကို နာရီပေါင်းများစွာ ကြားနေသည့်နည်းတူ မဖြစ်နိုင်သော နည်းများဖြစ်ပါသည်။ 'လာဆရာဝန်ဆီကို သွားမယ်'ဟု ဆိုကာ ကျွန်မတို့ညီအစ်မ နှစ်ယောက် ဆရာဝန်ကို လိုက်ရှာပါသည်။

'အမေ ဒီလောက် ဝေဒနာမခံရဘူးဆို၊ ဆရာလုပ်ပေးပါဦး'

'ဒီလောက် မခံရပါဘူး'ဟု ဆိုကာ ဒေါက်တာအင်ကနောက်တစ်ပတ်လောက် ခံစေလိုလျှင် နောက်ထပ်ခွဲစိတ်ကုသဖို့လိုကြောင်း၊ သို့ခွဲစိတ်ကုသလျှင် သွေးသွင်းရ၊ အသက်ရှူသည့် ဆေးများထိုးရ စသည်တို့ လုပ်ရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြသသည်။ မှန်ပါသည်။ ထိုနေ့မနက်တွင် ဒေါက်တာပီကလည်း ပိုပေးအား

'မျှော်လင့်ချက် ရှိနေသမျှတော့ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံးလုပ်တာပဲ၊ ခုတော့သူ့ကို ဆွဲကုနေတာဟာ ညှဉ်းဆဲသလိုဖြစ်နေမှာပဲ'ဟု မယုတ်မလွန်ဖြေပါသည်။

www.burmeseclassic.com



ကျွန်မတို့သည် သူမယုတ်မလွန်ဖြေသည်ကိုလည်း မကျေနပ်ကြပါ။ ထို့ကြောင့် ဒေါက်တာပီကို မေးကြည့်ပါသည်၊

'မော်ဖင်းထိုးရင်ကော ဝေဒနာသက်သာမှာလားဆရာ'

'လိုအပ်သလောက်တော့ ထိုးပေးမှာပါ'ဟု သူက ဖြေပါသည်။

သူက လေးလေးနက်နက်ပြောသဖြင့် ကျွန်မတို့လည်း နည်းနည်းအားရှိသွားပါသည်။ ထိုအခါကျမှ ကျွန်မတို့ စိတ်သက်သာရာ ရသွားပါသည်။ ဒေါက်တာပီသည် သူကိုယ်တိုင် အမေ့ အနာများအား ပတ်တီးစည်းသည်ကို ဝင်ကြည့်ပါသည်။

'အိပ်ပျော်နေတယ် ဆရာ'

'ကျွန်တော်ရောက်လာတာတောင်သိမှာမဟုတ်ဘူး'

သူပြန်သွားသည့်အခါတွင်လည်း အမေသည် အိပ်ပျော်နေဆဲ။ သို့ရာတွင် မနေ့က ဝေဒနာခံစားရသည်ကို အမှတ်ရသည့်အခါတွင် ကျွန်မက

'အမေနိုးလာရင်တော့ဒုက္ခပဲ၊ တစ်ယောက်တည်းတော့ မထားခဲ့ပါနဲ့'ဟု ပိုပေးကို ပြောသည်။

ပိုပေးသည် တံခါးဝမှ ပြန်လှည့်ကာ အနီးရှိခုံပေါ်တွင် ပစ်ထိုင် လိုက်ပြီးနောက် ငိုနေသည်။

'အမေ့ကိုယ်ကအနာကြီးကို ကျွန်မမြင်ခဲ့ရတယ်မမရယ်၊ ကြောက်စရာကြီး'

ကျွန်မက ဒေါက်တာ့ဆီသို့ သွားကာ အိပ်ဆေးသွား

www.burmeseclassic.com



တောင်းပါသည်။ ဒေါက်တာ ရောက်လာသည့်အခါတွင် ပိုပေးက

'အမေ့ဗိုက်အနာကြီးက ကြောက်စရာကြီး ဆရာရယ်'

'ဒီလောက်မဆိုးပါဘူး၊ ဒီလိုပဲ ဖြစ်ကြတာပါပဲ' ဟု ဒေါက်တာက ဖြေပါသည်။

ကျွန်မက တိတ်ဆိတ်နေသည့်အခါတွင် ပိုပေးက 'အမေဟာ ရှင်လျက်နဲ့ ပုပ်သိုးနေတာပါ မမရယ်'ဟု ပြောပါသည်။ ကျွန်မတို့သည် စကားပြောနေကြပါသည်။ ကျွန်မသည် အမေ့ခုတင် ဘေးတွင် သွားထိုင်သည်။ အမေ မရှိတော့ဟု စိတ်ထဲတွင် ထင်လိုက်သေးသော်လည်း နာရီကြိုးကလေး လှုပ်နေသည်ကို ကျွန်မမြင်ရပါသည်။ ခြောက်နာရီထိုးလောက်တွင် အမေ့ မျက်လုံးဖွင့်လာသည်။

'ဘယ်အချိန်ရှိပြီလဲ၊ ညရောက်ပြီလား'

'အမေတစ်ညနေလုံးအိပ်ပျော်သွားတာ'

'လေးဆယ့်ရှစ်နာရီလုံးလုံးအိပ်နေသလား'

'မဟုတ်ပါဘူး'ဟုဆိုကာ ကျွန်မက ယမန်နေ့က ဖြစ်ပျက်ခဲ့သည်များကို ပြောပြသည်။

အမေသည် အမှောင်ထုကြီးနှင့် အဝေးလမ်းမမှ နီယွန်မီးရောင်များကို လှမ်းကြည့်ပြီးနောက် 'ငါတော့ဘာတွေ ဖြစ်နေသလဲဆိုတာ နားမလည်ဘူးအေ'ဟု ပြောပြန်ပါသည်။ ကျွန်မက ဘယ်သူတွေလာမေးသည့်အကြောင်း၊ ဘယ်သူတွေ တယ်လီဖုန်းဖြင့် ဆက်သည့်အကြောင်း ပြောပြသည်။

www.burmeseclassic.com



'ငါ့အဖို့တော့ မထူးပါဘူးအေ၊ ငါ့ကိုအိပ်ဆေးများများ တိုက်ရမယ်လို့ ဆရာဝန်တွေ ပြောသံကြားလိုက်တယ်' ဟု ပြောပါသည်။ ဆရာဝန်များသည် အမေ့ရှေ့တွင် သတိထား၍ ပြောရမည်ကို မေ့သွားကြသည်ထင်ပါသည်။ ကျွန်မက မနေ့ကလိုဝေဒနာခံရတော့မည်မဟုတ်ကြောင်း၊ အိပ်ရာပူနာများပျောက်သွားသည်အထိ ကောင်းကောင်းအိပ်ပျော်အောင် လုပ်ရမည်ဖြစ်ကြောင်းဖြင့် ပြောပြသည်။

'ဟုတ်တော့ဟုတ်တာပေါ့၊ ဒါပေမယ့် အိပ်ပျော်နေတဲ့ ရက်တွေငါ့မှာ ဆုံးရှုံးကုန်တာပေါ့'

အမေသည် ဒီနေ့ငါမနေရသေးဘူး၊ ငါ့မှာ ရက်တွေပုပ်ကုန်ပြီဆိုသည့်စကားများကိုသာ ပြောနေသည်။ နေ့တိုင်းသည် သူ့အဖို့ အစားထိုးမရလောက်အောင် တန်ဖိုးရှိသည့် နေ့များ ဖြစ်ပါသည်။ အမေသည် သေရတော့မည်။ အမေမသိသော်လည်း ကျွန်မသိပါသည်။ ထို့ကြောင့် အမေ့ကိုယ်စား သေမင်းကို ကျွန်မဆန့်ကျင်ပါသည်။

အမေက စွပ်ပြုတ်နည်းနည်းသောက်နေစဉ် ကျွန်မသည် ပိုပေးကို စောင့်နေသည်။

'ငါ့အနားမှာ လာအိပ်ရတာ ပင်ပန်းတယ်ထင်ပါရဲ့အေ' ဟု အမေက ပြောသည်။

'မဟုတ်ပါဘူးအမေရယ်'ဟု ကျွန်မကပြော၏ ။

အမေသည် သက်ပြင်းချကာ ငါ့အဖို့တော့မထူးပါဘူး အေဟု ပြောသည်။ အတန်ကြာလျှင် 'ငါ့အဖို့ ထူးဆန်း

www.burmeseclassic.com



နေတာက အရာအားလုံးဟာ မထူးတော့သလိုပဲ’ဟု ပြောပါသည်။ အိပ်ခါနီးတွင် အမေက ကျွန်မကို မယုံသင်္ကာဖြင့် မေးပြန်ပါသည်။

‘ဒီလိုပဲ မသေသေးဘဲနဲ့ ကြောင်တောင်တောင် ဖြစ်နေအောင် လုပ်ထားလို့ ရသလား’ဟု မေးပါသည်။ သို့ ပြောခြင်းသည် ကျွန်မတို့တစ်တွေ လုပ်နေပုံကို ကန့်ကွက်သည့်သဘော ပေလော။ သူယခုကဲ့သို့ ကြောင်တောင်တောင် မှုးတူးမင်တင် ဖြစ်နေခြင်းသည် ရောဂါဆိုးလာ၍ မဟုတ်ကြောင်း၊ ဆေးများကြောင့် ဖြစ်ကြောင်းကို ပြောချင်ပုံရပါသည်။

ကိုးနော့ဝင်လာသည့်အခါတွင် အမေသည် မျက်လုံးဖွင့်ကြည့်၏။ အတန်ကြာ ဟိုကြည့် သည်ကြည့် လုပ်နေပြီးမှ သူနာပြုဆရာမ ကိုးနော့ကို တွေတွေကြီး စိုက်ကြည့်နေပါသည်။ ကမ္ဘာကြီးကို ပထမဆုံးမြင်တွေ့လိုက်ရသည့် ကလေးငယ်တစ်ဦး၏ အကြည့်လို စိတ်ထိခိုက်စရာကောင်းပါသည်။

‘ညည်းက ဘယ်သူလဲ’

‘ကျွန်မကိုးနော့လေ၊ ဆေးတိုက်က ဆရာမလေ’

‘ဒီအချိန်ကြီး ဘာဖြစ်လို့ ရောက်လာတာလဲ’

‘ခုညရောက်နေပြီ အမေရဲ့’ဟု ကျွန်မက ပြောသည်။

ပြူးကျယ်နေသော သူ့မျက်လုံးကြီးများက ညည်းဘယ်သူလဲဟု ကိုးနော့ကို မေးနေသည့်နှယ်။

www.burmeseclassic.com



'ဘာဖြစ်လို့ လာတာလဲ'

'ကျွန်မညတိုင်း အမေကြီးအနားမှာ စောင့်အိပ်နေတယ်လေ၊ အမေကြီး မမှတ်မိဘူးလား'

'ဟုတ်လား၊ မသိပါဘူးအေ'ဟု ပြောသည်။ ကျွန်မက ပြန်မည်အပြုတွင် အမေက

'ညည်းပြန်တော့မလို့လား'

'ကျွန်မ ပြန်သွားရင် အမေများ အားငယ်နေမှာလား'

'မထူးပါဘူးအေ၊ ငါ့အဖို့တော့ အားလုံး မထူးတော့ပါဘူး' ဆိုသည့်စကားကိုသာ ရွတ်နေသည်။

ကျွန်မသည် ချက်ချင်းမပြန်သေးပါ။ အမေသည် ယနေ့ညပင် ခံမှ ခံပါ့မလားဟု နေ့သူနာပြုက ပြောသွားပါသည်။ အမေ့သွေးခုန်နှုန်းသည် လေးဆယ့်ရှစ်မှ တစ်ရာသို့ ရောက်လာသည်။ ဆယ်နာရီလောက်တွင် ပုံမှန် ပြန်ကျသွားသည်။ ပိုပေးရောက်လာသဖြင့် ကျွန်မလည်း အိမ်သို့ ပြန်လာခဲ့သည်။ ဒေါက်တာပီသည် ကျွန်မတို့ကို လိမ်ပြောခြင်း မဟုတ်ကြောင်း ကျွန်မ သဘောပေါက်လာပါသည်။ အမေသည် တစ်ရက် နှစ်ရက်အတွင်းတွင် ညင်ညင်သာသာ အသက်ထွက်တော့မည် ဖြစ်ပါသည်။

အမေသည် ကြည်လင်စွာဖြင့် အိပ်ရာမှ နိုးလာသည်။ အမေ့ဝေဒနာ ပြင်းလာသည်နှင့် သူတို့ကလည်း အိပ်ဆေးကို တိုက်သည်။ ညနေသုံးနာရီ ကျွန်မရောက်သွားသည့်အခါတွင် အမေသည် အိပ်ပျော်လျက်။ ရှန်တယ်က အနီးတွင်

www.burmeseclassic.com



စောင့်နေသည်။

'ရှန်တယ်ခမျာ သနားပါတယ်အေ၊ သူ့မှာ အလုပ်တွေ များရတဲ့အထဲမှာ ငါ့ကိုလာစောင့်ရသေးတယ်'ဟုအမေက ပြောပါသည်။

'သူကိုယ်တိုင်ကိုက လာစောင့်ချင်တာအမေရဲ့၊ အမေ့ကို သူက သိပ်ချစ်တာ'

အမေသည် အတန်ကြာ စဉ်းစားပြီးနောက် အံ့သြသည့် လေသံဖြင့်

'ငါတော့ ဘယ်သူ့ကို ချစ်မှန်း မုန်းမှန်းတောင် မသိတော့ဘူး'ဟု ပြောပါသည်။

ငါကပျော်ပျော်ပါးပါး နေတတ်တော့ လူတွေက ငါ့ကိုချစ်ကြတာပေါ့အေ့ ဟူသော အမေဂုဏ်ယူပြောတတ်သည့်စကားကို ကျွန်မအမှတ်ရပါသည်။ တဖြည်းဖြည်းနှင့် အမေသည် လူတွေကို ငြီးငွေ့လာပုံရပါသည်။ ယခုအချိန်၌ အမေ့နှလုံးသားသည် ထုံနေလေပြီ။ ပင်ပန်းနွမ်းနယ်မှုသည် အမေ့ထံမှ ရှိသမျှတို့ကို ယူဆောင်သွားလေပြီ။ ထိုမျှ ကျွန်မအား ချစ်ခင်စဖွယ်ကယုကယင်စကားများကို ပြောခဲ့သည့် အမေ့ပါးစပ်မှ ယခုလို ဥပေက္ခာနိုင်လှသော စကားများကို ကြားရခြင်းသည် စိတ်ထိခိုက်စရာ ကောင်းလှပါသည်။ ယခင်ကမူ အများသူငါ ပြောနေကျစကားများ၊ သမားရိုးကျအပြုအမူများသည် အမေ၏ တကယ့်ခံစားချက်များကို ဖုံးကွယ်ပေးထားခဲ့ကြပါသည်။ ကျွန်မသည် ထို

www.burmeseclassic.com



ကယုကယင်စကားလုံးများ၏ လိုက်လှဲပူနွေးမှုနှင့် ထို စကားလုံးတို့ မရှိကြသည့်အခါတွင် အမေ့ရင်တွင် ခံစား နေရသော အေးစက်မှုတို့ကို နှိုင်းယှဉ်တိုင်းထွာ ကြည့်နေမိ ပါသည်။

အမေသည် သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေပါ သည်။ သူ့အသက်ရှူသံကလည်း ခပ်မျှဉ်းမျှဉ်းသာ ကျန်ပါ တော့သည်။ မချိမဆံ့မခံစားရဘဲ ဒီလို ညင်ညင်သာသာ ကလေးများဆိုရင် ဘယ်လောက် ကောင်းမလဲဟု ကျွန်မ တွေးနေပါသည်။ သို့ရာတွင် လက်ကောက်ဝတ်မှ နာရီကြိုး အနက်ကလေးမှာ လှုပ်နေဆဲဖြစ်ပါသည်။ အမေ၏ ခုန်ကျော်မှုသည် ထိုမျှသက်သာလိမ့်မည် မထင်ပါ။ ကျွန်မ သည် အမေပြောသည့်အတိုင်း ညနေငါးနာရီတွင် ဒိန်ချဉ် တိုက်ရန်အတွက် အမေ့ကို နှိုးပါသည်။ ‘ညည်း ညီမက သောက်စေချင်တယ်တဲ့၊ ငါ့အတွက် ကောင်းတယ်တဲ့’ဟု ပြောပါသည်။ အမေသည် ဒိန်ချဉ်နှစ်ဇွန်းသုံးဇွန်းလောက် သောက်ပါသည်။ အချို့သော တိုင်းပြည်များတွင် သေသူ ၏ ဂူသင်္ချိုင်းများပေါ်တွင် အစာတွေ တင်ထားသည်ကို ကျွန်မ အမှတ်ရပါသည်။ ကျွန်မက နှင်းဆီပွင့် တစ်ပွင့်ကို ယူကာ အမေ့ကိုအရှုခိုင်းပါသည်။ တလောက ကက်သရင်း ယူလာသော နှင်းဆီပန်းများ ဖြစ်ပါသည်။ ‘မေရီညက်မှာ နောက်ဆုံးပွင့်တဲ့ နှင်းဆီပန်းတွေပေါ့’ဟု အမေက ထိုစဉ်က ပြောဖူးသည်။ အမေသည် စိတ်ရှုပ်သည့် အမူအရာဖြင့်

www.burmeseclassic.com



နှင်းဆီပွင့်ကို ကြည့်နေပြီးနောက် ပြန်လှဲကာ အိပ်သွားပြန်ပါသည်။ အနာက ပူလောင်ကျိန်းစပ်သဖြင့် အမေလန့်၍ နိုးလာပြန်ပါသည်။ မော်ဖင်းထိုးသော်လည်း အကျိုးမထူးလှပါ။ ကျွန်မသည် တစ်နေ့ကလုပ်သည့်အတိုင်းသူ့လက်ကို ကိုင်ကာ 'အမေ၊ ခဏလေးစောင့်လိုက်နော်၊ ခဏလေးရယ်၊ တော်တော်ကြာရင်၊ ဆေးတန်ခိုးပြလာမှာ'ဟု ပြောရပါသည်။

'တရုတ်ငရဲကို ကျသလိုပါပဲအေ'ဟု အမေက အေးစက်စက်ဖြင့် ပြောပါသည်။ အမေသည် ထိုအနာနာကျင်မှုကို ညည်းတွားရန်ပင် အားရှိတော့ပုံမရပါ။

ကျွန်မက တယ်လီဖုန်းဆက်ပြီး နောက်တစ်လုံးထိုးပေးရန် ပြောပြန်ပါသည်။ သူနာပြုဆရာမလေးသည် အမေ့အိပ်ရာကို ပြင်ပေးပြီး အမေ့ကို ရွှေ့ပေးပါသည်။ အမေသည် အိပ်ပျော်သွားပြန်သည်။ လက်များမှာ လူသေလက်လို အေးစက်နေလေပြီ။ ဆေးတိုက်က အလုပ်သမကလေးမှာ သူယူလာသည့် ညစာကို ပြန်ယူသွားရသဖြင့် ညည်းနေပါသည်။ သေကောင်ပေါင်းလဲလူမမာများနှင့် သေမင်းကို နေ့စဉ်တွေ့နေရသည့် ဆေးတိုက်မှ အလုပ်သမကလေးများအဖို့မူ ထုံးစံအတိုင်းအချိန်ဇယားအတိုင်း အစားအစာတို့ကို ယူလာရပါသည်။ ည ၇ နာရီထိုးသည့်အခါတွင် အမေက -

'ငါတော်တော်သက်သာလာတယ်၊ တော်တော့်ကို နေလို့ကောင်းလာတယ်၊ ဒီလိုမနေခဲ့ရတာ တော်တော်

www.burmeseclassic.com



ကြာသွားပြီ’

ဂျင်း၏သမီးငယ် ရောက်လာကာ အမေ့အား စွပ်ပြုတ်နှင့်ကော်ဖီပူတင်းကျွေးပါသည်။ ချောင်းဆိုးနေသဖြင့် အစာကျွေး၍ မလွယ်ပါ။ တစ်ခါတစ်ခါတွင် သီး၍ပင် သွားပါသည်။ ပိုပေးနှင့်ကိုးနော့တို့က ကျွန်မကို ပြန်လွှတ်ကြသည်။ ထိုနေ့ညတွင် ဆိုးဆိုးရွားရွား ပြစ်စရာ မရှိသဖြင့် ကျွန်မ ဆက်နေလျှင်လည်း အမေ့စိတ်ထဲတွင် တစ်မျိုးတစ်မည် ဖြစ်ရုံသာ ရှိပါသည်။ ကျွန်မက နမ်းသည့်အခါတွင် အမေသည် အကျည်းတန်စွာ ပြုံးလျက်

‘ငါ ကျန်းကျန်းမာမာရှိနေတုန်း ညည်းငါ့ကို မြင်သွားရတဲ့အတွက် ငါဝမ်းသာတယ်’ဟု ပြောပါသည်။

ကျွန်မသည် ညသန်းခေါင်ကျော်လောက်တွင် အိပ်ပျော်သည်ဆိုသော်လည်း အိပ်ဆေးသောက်ထားသဖြင့် အိပ်ငိုက်နေခြင်းသာ ဖြစ်သည်။ တယ်လီဖုန်းသံကြားသဖြင့် ကျွန်မ နိုးလာ၏ ။

‘မမ မိနစ်ပိုင်းလောက်ပဲ လိုတော့တယ်၊ မာစယ် ကားနဲ့ လာခေါ်လိမ့်မယ်’

လီယွန်နယ်၏ညီ မာစယ်သည် တိတ်ဆိတ်နေသော ပါရီလမ်းမကြီးများပေါ်တွင် ကားကို အပြင်းမောင်း၍ ကျွန်မကို ခေါ်သွားသည်။ ပေါ်ရှန်ပါရေးအနီးတွင် မီးပြထားသည့် ပျော်ပွဲစားရုံတစ်ခု တွေ့သဖြင့် ကော်ဖီတစ်ခွက်စီ ကပျာကယာ သောက်ခဲ့ကြသည်။ ပိုပေးသည် အောက်က

www.burmeseclassic.com



ခြံထဲဆင်းပြီး ကျွန်မကို ကြိုနေသည်။ 'အမေဆုံးပြီ'ဟု သူကဆီးပြောပါသည်။

ကျွန်မတို့သည် အပေါ်ထပ်သို့ တက်လာခဲ့ကြသည်။ ခုတင်ပေါ်ရှိ အမေ၏နေရာတွင် အလောင်းကြီးကို မြင်လိုက်သည်မှာ မျှော်လင့်ထားပြီးဖြစ်သည့်တိုင် မမြင်ရဲစရာ ဖြစ်ပါသည်။ အမေ့လက်က အေးစက်လျက်။ နဖူးကလည်း ထို့အတူ။ ထိုအရာသည် အမေပင်ဖြစ်သော်လည်း အမေ မဟုတ်တော့ပြီ။ မေးမှ ဆိုင်းပြီး ပတ်တီးကြီးစည်းထားသည်။ ပိုပေးက ရှုဗလိုမေးမှ အဝတ်အစားများကို သွားယူချင်သည်။

'ဘာလုပ်ဖို့လဲ'

'ထုံးစံအတိုင်း လုပ်ကြရတယ်လေ'

'မလုပ်ပါနဲ့ကွယ်၊ မလိုပါဘူး'

ညစာ စားပွဲကို သွားသလို အမေ့ကို နံ့သာပန်းမန်တွေ လိမ်းခြယ်ပြီး အဝတ်အစားတွေ ဖိနပ်တွေ ဆင်မပေးချင်ပါ။ အမေကလည်း လိုချင်မည် မထင်ပါ။ အမေသည် သူ့ခန္ဓာ ကိုယ်ကြီး စွန့်ဖို့အတွက် ဘာမျှမလိုချင်တော့ဟု မကြာခဏ ပြောခဲ့သည် မဟုတ်လော။

'အမေ ဝတ်နေကျ ညအိပ်အင်္ကျီရှည်ကလေးကိုသာ ဝတ်ပေးလိုက်ပါ'ဟု ကျွန်မက ကိုးနေ့ကို ပြော၏။ 'လက်ထပ်လက်စွပ်ကော'ဟု ပိုပေးက အံဆွဲထဲမှ လက်စွပ် ကို ထုတ်၍ မေးသည်။ လက်စွပ်ကိုမူဝတ်ပေးလိုက်ကြသည်။ ဘာကြောင့် ဝတ်ပေးရသေးသနည်း။ တခြားကြောင့်

www.burmeseclassic.com



မဟုတ်ပါ။ လောကတွင် ထိုရွှေကွင်းကလေးကို ထားစရာ နေရာမရှိတော့သောကြောင့် ဖြစ်ပါသည်။

ပိုပေးမှာ ပင်ပန်းလှပြီ။ အမေ မဟုတ်သော အရာကို နောက်ဆုံးအကြိမ် ကြည့်ပြီးနောက် ကျွန်မသည် ပိုပေးကို တခြားသို့ ခေါ်လာခဲ့သည်။ ပျော်ပွဲစားရုံကလေးတစ်ခုတွင် မာစယ်နှင့်အတူ ဝိုင်လေးနည်းနည်းပါးပါးသောက်ကြသည်။ ပိုပေးက ဖြစ်ပျက်ပုံကို အားလုံး ပြောပြ၏ ။

ကိုးနာရီတွင် ဒေါက်တာအင်သည် လူနာခန်းထဲမှ ဒေါကြီးမောကြီး ထွက်လာသည်။

'ကလစ်တစ်ခုကို ဘာဖြစ်လို့ ဖြုတ်ပစ်လိုက်ရတာလဲ၊ သေသေချာချာ တပ်ပေးထားတာကို ဖြုတ်ပစ်ရသလား၊ တော်တော်ခက်တဲ့ ဟာတွေ'ဟု ကြိမ်းမောင်းသည်။

ပိုပေးသည် ဘုမသိဘမသိဖြင့် ကျန်ရစ်ခဲ့သည်။ အမေ၏ လက်များမှာ ရေခဲလို အေးစက်နေလေပြီ။ သို့တိုင် ပူလှချည်ရဲ့ဟု ညည်းညူနေသည်။ အသက်ရှူ၍လည်း ကောင်းကောင်း မရတော့။ ပိုပေးသည် အဝတ်အစား လဲကာ အိပ်ရာထဲသို့ ဝင်ပြီး စုံထောက်ဝတ္ထုတစ်ပုဒ်ကို ဖတ်နေသည်။ ညသန်းခေါင်လောက်တွင် ခုတင်ဆီမှ လှုပ်ရှားသံကြားရသည်။ ပိုပေးနှင့် သူနာပြုဆရာမတို့သည် ခုတင်နားသို့ လာခဲ့ကြ၏ ။ အမေက မျက်လုံးကို ဖွင့်ကာ

'ဒီနားမှာ ဘာလာလုပ်နေကြတာလဲ၊ ဘာဖြစ်လို့ ငါ့ကို စိုးရိမ်တကြီး ကြည့်နေကြတာလဲ၊ ငါနေကောင်းပါတယ်'

www.burmeseclassic.com



'အမေကြီး အိပ်မက် မက်နေသလားလို့ပါ' ကိုးနေ့၏ လက်များသည် အမေ့ခြေထောက်များနှင့် သွားထိမိ၏။ ခြေထောက်များမှာ အေးစက်နေလေပြီ။ ပိုပေးက ကျွန်မကို လှမ်းခေါ်မည် စိတ်ကူးသေးသည်။ သို့ရာတွင် ညကြီး အချိန်မတော် ကျွန်မရောက်လာသည်ကို မြင်လျှင် အထိတ်တလန့် ဖြစ်နိုင်သည်။ အမေသည် သတိကောင်းစွာရနေဆဲ။ ပိုပေးလည်း ပြန်အိပ်၏။ နာရီပြန် တစ်ချက်တွင် အမေ့ ခုတင်ဆီမှ လှုပ်သံကြားရပြန်သည်။အမေသည် အဖေ ငယ်စဉ်ကဆိုခဲ့သည့် ခေတ်ဟောင်းသီချင်းတစ်ပုဒ်ကို အသံ ကွဲကြီးဖြင့် ဆိုနေသည်။ မင်းလည်း အဝေးကို ထွက်ခွာ သွားတော့မယ်၊ တို့ကို ထားရစ်ခဲ့ပေါ့ကွယ်တဲ့။

'အမေဘာတွေဆိုနေတာလဲ၊ သမီးရှိတယ်လေ၊ ဘယ်ကို ခွဲသွားရမှာလဲ'

အမေက သူသတိရသည်ဆိုသည့်ပုံဖြင့် ပြုံးပြသည်။ တဖြည်းဖြည်း အသက်ရှုကျပ်လာခဲ့လေပြီ။ နောက်တစ်ကြိမ် ဆေးတစ်လုံးထပ်ထိုးပြီးသည့်အခါတွင် အမေက 'နေမင်းကို တားရမယ်' ဟု မပီကလာပီကလာဖြင့်ပြောသည်။

'ဘာရယ်အမေ၊ နေမင်းကို တားရမယ်ဟုတ်လား'

'မဟုတ်ဘူး၊ သေမင်းကို တားရမယ်'ဟု အမေက သေမင်းဆိုသည့် စကားကို တစ်လုံးချင်းပြောသည်။

'ငါမသေချင်သေးဘူး'

'အမေအခုသက်သာနေပြီပဲ'

www.burmeseclassic.com



ခဏကြာလျှင် အမေသည် သတိလစ်သွားပြန်သည်။

ပိုပေးသည် သူ့အဝတ်အစားများကို လဲသည်။ အမေမှာ သတိကောင်းကောင်းမရတော့ပြီ။ ထိုကြားမှ ‘အသက်ရှူလို့ မရတော့ဘူး’ ဟု တစ်ခွန်းအော်လိုက်သည်။ ပါးစပ်သည် ဟသွားကာ မျက်လုံးကြီးများ ပြူးကျယ်သွားကြ၏။ ချုံးကျ တင်းမာနေသော မျက်နှာပေါ်တွင် မျက်လုံးကြီးများ ပြူးထွက်နေသည်။ နောက်တစ်ချက် ပြင်းစွာ လှုပ်လိုက်ပြီး နောက် အမေသည် သတိလစ်သွားတော့သည်။

‘မမကို တယ်လီဖုန်း ဆက်ချည်’ဟု ကိုးနော့က ပြော သည်။

ပိုပေးက တယ်လီဖုန်းဆက်သည်။ ကျွန်မသည် မနိုး။ အော်ပရေတာက နာရီဝက်လောက် ဆက်တိုက် ခေါ်တော့မှ နိုးလာသည်။ ပိုပေးသည် ကျွန်မကို ပြောပြီးနောက် အမေ့အနားသို့ ပြန်သွား၏။ အမေ မရှိတော့။ နှလုံးက ခုန်မြဲ။ အသက်ရှူမြဲ။ ဘာကိုမှ မမြင်ရသော ကြောင်တောင် အကြည့်ဖြင့် ကြည့်လျက်။ ထို့နောက် အသက်ထွက်သွား သည်။

‘ဆရာဝန်တွေက ပြောတော့ မီးစာကုန်သလို ကုန်သွား လိမ့်မယ်တဲ့၊ ဘယ်မှာ ဒီလိုဟုတ်လို့လဲ၊ ဘယ်မီးစာကုန် သလို ကုန်လို့လဲ’ ဟု ပြောကာ ပိုပေးသည် ငိုနေသည်။

‘ဟုတ်တယ် မမ၊ အမေကြီး အသက်ထွက်တာဟာ သိပ်ညင်သာတာပဲ’

သူနာပြုဆရာမက ဖြေသည်။

**ယနေ့မန္တလေးစာအုပ်တိုက်**

www.burmeseclassic.com



♥ ♥ ♥

အမေသည် တစ်သက်လုံး ကင်ဆာရောဂါကို အကြောက်ကြီး ကြောက်ခဲ့ပါသည်။ ဆေးတိုက်သို့တက်ပြီး ဓာတ်မှန်ရိုက်သည့် အခါတွင်လည်း အတော်ကြီး ကြောက်နေလိမ့်မည် ထင်ပါသည်။ ခွဲစိတ်ကုသပြီးသည့်နောက်တွင်မူ အမေသည် ထိုအကြောင်းကို လုံးဝမတွေးတော့ပါ။ သည်အသက်အရွယ်တွင် ရောဂါကြီးကြီးကျယ်ကျယ် ဖြစ်လျှင် စိတ်တုန်လှုပ်ချောက်ချားသည်နှင့်ပင် အသာကလေး အသက်ထွက်သွားနိုင်သည်ဟုကားစိုးရိမ်ဟန်တူပါသည်။ သို့ရာတွင် ကင်ဆာဟူ၍ကား နည်းနည်းကလေးမျှ သံသယမရှိပါ။ သူ့ရောဂါသည် အူအမြွေးရောင်သည့် ရောဂါ ဖြစ်ကြောင်း၊ ရောဂါကြီး ဖြစ်ကြောင်း၊ သို့ရာတွင် ကုသ၍ ပျောက်ကင်းနိုင်သည့်ရောဂါမျိုးဖြစ်ကြောင်း သူယုံကြည်နေပါသည်။

ကျွန်မတို့ အအံ့သြဆုံးမှာ အမေသည် ဘုန်းတော်ကြီးပင့်ရန် တစ်ခါမျှ မပြောဖူးခြင်းပင်ဖြစ်ပါသည်။ တော်တော်အခြေအနေဆိုးသည့်နေ့မှာပင် အမေသည် ဘုန်းတော်ကြီးပင့်ရန် မပြောရုံမျှမက 'ဘုန်းတော်ကြီးဆီမွန်ကို မပင့်ပါနဲ့တော့' ဟုပင်ပြောသေးသည်။ မာသီက တရားစာအုပ်တစ်အုပ်၊ လက်ဝါးတိုင်တစ်ခုနှင့် စိတ်ပုတီးတစ်ကုံးတို့ကို ယူလာပါသည်။ သို့ရာတွင် အမေသည် ထိုပစ္စည်းများကို အံ့ဆွဲထဲမှ တစ်ခါမျှ မထုတ်ပါ။ တစ်နေ့နံနက်တွင်

www.burmeseclassic.com



ဂျင်းက'ဒီနေ့ တနင်္ဂနွေနေ့လေ ဒေါ်လေး၊ ဥပုသ်ကလေး ဘာလေး ယူဦးမလား'ဟု မေးပါသည်။

'ဥပုဒ်မစောင့်နိုင်ပါဘူးအေ၊ အားမှမရှိတာ၊ ဘယ်နှယ့် လုပ် ဥပုသ်စောင့်နိုင်ပါ့မလဲ၊ ဘုရားသခင်က ကြင်နာတော် မူပြီးသားပါ'

မဒမ်တာဂျူးကလည်း ဝန်ခံချက်ယူမည့် ဘုန်းတော်ကြီး ကို ပင့်ပေးရမလာဟု ပိုပေးရှေ့မှာပင် မေးသည်။ အမေ၏ မျက်နှာထားသည် တင်းမာသွားကာ 'မောတယ်အေ' ဟုဆိုပြီး မျက်လုံးကို မှိတ်ထားပါသည်။ ထိုအကြောင်း ကိုလည်း အပြောမခံတော့ပါ။ မိတ်ဆွေတစ်ယောက်လာ မေးပြီး အပြန်တွင်လည်း အမေက ဂျင်းဘက်သို့ လှည့်၍ 'ဖြစ်မှဖြစ်ရလေကွယ်၊ လူစီက ငါ့ကို ဝန်ခံချက်ပေးပြီးပလား ဘာလားနဲ့ လာမေးနေတယ်၊ ဆေးတိုက်မှာ ဘယ်ကလာပြီး ဘုန်းကြီးရှိရမှာလဲ၊ ငါ့အဖို့တော့ ဘုန်းကြီးရှိရှိမရှိရှိ အရေး မကြီးပါဘူး' ဟု ပြောသည်။

မဒမ် စိန်တန်ဂျေးကလည်း ကျွန်မတို့ကို အတင်း တိုက်တွန်းပါသည်။

'မဖြစ်ဘူးလေ၊ ဒီလောက်စိုးရိမ်သောကတွေများနေရင် ဘုရားတရားကို နှလုံးသွင်းတတ်အောင် လုပ်မှပေါ့'

'သူက စိတ်မှ မပါတာ ဘယ့်နှယ့်လုပ်မလဲ'

'သူ့ဘဝကူးကောင်းအောင် သူ့ကို ကူညီကြပါလို့ ငါနဲ့တခြားမိတ်ဆွေတွေကို ပြောနေတယ်'

www.burmeseclassic.com



'အခု သူစိတ်ဝင်စားနေတာက ဘဝကူးကောင်းအောင် ကူညီစေချင်တာ မဟုတ်ဘူး ဒေါ်ဒေါ်ရဲ့ မြန်မြန် ကျန်းမာလာအောင် ကူညီစေချင်တာ'

မိတ်ဆွေအားလုံးကပင် ကျွန်မတို့ကို ဝိုင်း၍ အပြစ်တင်ကြပါသည်။ အမှန်အတိုင်း ပြောရလျှင် ကျွန်မတို့သည် အမေ့ကို ဘုရားတရားဘက်သို့ အာရုံပြုအောင်လည်း အတင်းမတိုက်တွန်းပါ။ 'အမေ့မှာ ကင်ဆာရောဂါဖြစ်နေတယ်၊ အမေရတော့မှာ မဟုတ်ဘူး'ဟု ကျွန်မတို့ ပြောသင့်ပါသည်။ ဘာသာတရားကိုင်ရှိုင်းသော အခြားသူများဆိုလျှင် နှစ်ယောက်တည်း အချင်းချင်း ကျန်သည့် အခါတွင် ဤသို့ပင် ပြောကြလိမ့်မည်ထင်ပါသည်။

(ထိုသို့ ပြောဆိုခြင်းသည် ဘုရားသခင် အလိုတော်ကို ဆန့်ကျင်သည့် ဒုစရိုက်ကို ကျူးလွန်ရန် အားပေးအား မြှောက်ပြုရာရောက်သဖြင့် သေလွန်ပြီးသည်၏ အခြားမဲ့တွင် ဝိညာဉ်ကို သန့်ရှင်းစေရန်အတွက် ဝဋ်ဆင်းရဲအမျိုးမျိုးကို ဘဝအဆက်ဆက် ခံရဖွယ်ရှိပါသည်။ ထို့ကြောင့် ကျွန်မသာ ဆိုလျှင် ထိုစကားမျိုးကို ပြောမည်မဟုတ်ပါ။) အမေကလည်း သည်စကားမျိုးတွေကို မကြားချင်ပါ။ အမေသည် သူ့အိပ်ရာ ဘေးပတ်ပတ်လည်တွင် ပြုံးရွှင်နေနယ်သည့် မျက်နှာများကိုသာ မြင်ချင်ပါသည်။

'ဇရပ်ကို ရောက်ရင် အဘွားကြီးတွေရဲ့ မျက်နှာတွေကို မြင်ရဦးမှာပါအေ၊ ငယ်ငယ်ရွယ်ရွယ်တွေရဲ့ မျက်နှာကို

www.burmeseclassic.com



မြင်ရမယ့်အချိန်က သိပ်မရှိတော့ဘူး’ဟု အမေက သူ့မြေးတူမများကို ပြောတတ်သည်။ အမေသည် ဂျင်းတို့ မာသီတို့လို ဘာသာတရားကိုင်းရှိုင်းသည့် မိန်းမငယ်များနှင့် နေရလျှင်စိတ်ချမ်းသာပါသည်။ သူတို့သည် ဘာသာတရားကိုင်းရှိုင်းသည့်တိုင် ကျွန်မတို့ အမေအား လိမ်လည်လှည့်ဖြားနေကြသည်ကို ကျွန်မတို့ နားလည်း ခွင့်လွှတ်ကြပါသည်။ အမေသည် အခြားသူများကို သိပ်မယုံပါ။ သူတို့အကြောင်းကို စိတ်ဆိုးမာန်ဆိုးဖြင့် ပြောတတ်ပါသည်။ သူ့စိတ်ကို အနှောင့်အယှက်ဖြစ်စေမည့် မိတ်ဆွေမျိုးတွေကို အမေသည် ပကတိဉာဏ်အရ ကြိုတင် သိနေသည့်နှယ် ဖြစ်ပါသည်။

‘ကလပ်က မိန်းမတွေဆီကိုသာ မသွားတော့ဘူး၊ သူတို့ဆီကို နောက်ဘယ်တော့မှ မသွားတော့ဘူး’ အမေ ပြောတတ်သည်။

‘အဘွားကြီး ဘာသာတရား ကိုးကွယ်တယ်ဆိုတာက အပေါ်ယံလောက်ပဲရှိတာပဲ၊ ဗျာဓိနဲ့ မရဏကို ရင်ဆိုင်ကြုံတွေ့လာရတဲ့အခါမှာ ဘယ်မှာ ဘာသာတရားကို အားကိုးလို့လဲ၊ သူဘာသာတရားယုံတယ်ဆိုတာ စကားအဖြစ်ပဲရှိတာပဲ’ဟု တချို့က ပြောကောင်း ပြောကြပါလိမ့်မည်။ ကျွန်မသည် ဘာသာတရားအကြောင်းကို ကောင်းကောင်း မသိပါ။ သို့ရာတွင် အမေကမူ တစ်သက်လုံး ဘာသာတရား ကိုင်ရှိုင်းခဲ့ပါသည်။ ဘာသာတရားသည် အမေ့ဘဝ အနှစ်

www.burmeseclassic.com



သာရ ဖြစ်ပါသည်။ သူ့စားပွဲပေါ်တွင် တွေ့ရသော ကျမ်းစာအုပ်များက ထိုအချက်ကို သက်သေခံနေပါသည်။ ဆုတောင်းခြင်းသည် ကြက်တူရွေးလို ရွတ်နေခြင်းသာ ဖြစ်သည်ဟုသာ အမေယူဆခဲ့ပါလျှင် ပုတီးစိပ်ခြင်းကိုလည်း ပဟေဠိဖြေခြင်းထက် ဘာမှ အပန်းကြီးသည့်ကိစ္စမဟုတ်ဟုအမေယူဆမည်သာ ဖြစ်ပါသည်။ (စင်စစ်တွင်မူအမေသည် ထိုသို့ ယူဆသည်မဟုတ်ပါ။) သို့ရာတွင်အမေသည် ဆုတောင်းခြင်းမှာ ဆုတောင်းခြင်းသည် အာရုံစိုက်မှု၊ လေးနက်စွာ ခံယူမှု၊ ဝိညာဉ်သန့်ရှင်းမှုတို့လိုသည်ဟု အမေယူဆသောကြောင့် ဖြစ်ပုံရပါသည်။ ဘုရားသခင်ထံ ဆုတောင်းရမည်ဆိုလျှင် 'အို ထာဝရကိုယ်တော်ဘုရား၊ တပည့်တော်မအား ရောဂါပျောက်ကင်းအောင် စောင့်ရှောက်တော်မူပါ၊ ကိုယ်တော်၏ အလိုတော်ကျ ဖြစ်စေတော်မူပါ။ တပည့်တော်မသည် ကိုယ်တော်၏ အလိုတော်အတိုင်း သေခြင်းတွင် လိုက်ပါပါအံ့'ဟု ဆုတောင်းရမည်ကို အမေ သိပါသည်။ သို့ရာတွင် ခက်သည်မှာ အမေသည် သေခြင်းတွင် လိုက်ပါခြင်း မပြုနိုင်ပါ။ ထိုသို့အလိုတော်ကို မလိုက်နိုင်သော အချိန်မျိုးတွင် ဘုရားသခင်ထံကို လိမ်လည်၍ ဆုတောင်းခြင်းဖြစ်လိမ့်မည် ထင်ဟန်တူပါသည်။ သို့ရာတွင် တစ်ပြိုင်နက်တည်းမှာပင် အမေသည် ဘုရားသခင်၏ အလိုတော်ကို ငြင်းဆန်ခြင်းလည်း မပြုပါ။ 'ဘုရားသခင်ဟာ ကြင်နာတော်မူပါတယ်'ဟု ဆိုကာ အမေသည် တိတ်တိတ်

www.burmeseclassic.com



သာ နေခဲ့ပါသည်။

'ကိုယ်နားမလည်နိုင်တာ တစ်ခုရှိတယ်၊ မင်းအမေဟာ ဘာသာတရားကို သိပ်ကိုင်းရှိုင်းပြီး သိပ်ကြည်ညိုတာပဲ၊ ဒါနဲ့တောင် သေတာကို ဒီလောက် ကြောက်နေရသလား'ဟု မဒမ် ဗောသီးယားက ပြောပါသည်။

သူတော်စင်များသည်လည်း သေခါနီးတွင် တုန်လှုပ်ချောက်ချားကာ အောင်ဟစ်ညည်းတွား၍ သေသွားခဲ့ကြသည်ကို မဒမ်ဗောသီးယား မသိတော့ပြီလော။ အမှန်အားဖြင့် အမေသည် ဘုရားသခင်ကိုလည်း မကြောက်ပါ။ ငရဲကိုလည်း မကြောက်ပါ။ အမေသည် ဤကမ္ဘာလောကကြီးမှ ထွက်ခွာသွားရန်ကိုသာ ကြောက်နေခြင်း ဖြစ်ပါသည်။ (အမေ၏အမေ) ကျွန်မ၏ အဘွားသည် သူသေတော့မည်ကို ကောင်းကောင်းကြီးသိပါသည်။ 'နောက်ဆုံး ကြက်ဥပြုတ်ကလေးတစ်လုံးကိုစားပြီး ဂူးစတပ်နောက်ကို လိုက်သွားတော့မယ်'ဟု ကျေနပ်ရောင့်ရဲစွာ ပြောခဲ့ပါသည်။ အဘွားသည် အသက်ရှင်နေရသည်ကို သည်လောက်ခုံမင် မက်မောလှဟန်မတူပါ။ အသက်ရှစ်ဆယ့်လေးနှစ်သို့ ရောက်သည့်အခါတွင် အဘွားသည် သုန်မှုန်စွာဖြင့် ငူငူကြီး နေသွားပါသည်။ ဘာကိုမျှ စိတ်ဝင်စားခြင်းမရှိပါ။ သေမှာကိုလည်း စိုးရိမ်ကြောက်လန့်ခြင်းမရှိပါ။ ကျွန်မအဖေလည်း ထိုနည်းတူ သတ္တိကောင်းကောင်းဖြင့် သေသွားခဲ့ပါသည်။'ညည်းတို့ အမေကို ပြောလိုက်၊ ဘုန်းကြီးတွေ ဘာတွေ ပင့်မနေနဲ့လို့

www.burmeseclassic.com



ဟန်ဆောင်ပန်ဆောင်လုပ်ပြီး ဆုတောင်းမနေချင်ဘူးလို့ ပြောလိုက်’ဟု ကျွန်မကို ပြောပါသည်။ အဖေသည် ကျွန်မတို့တစ်တွေ ရှေ့နေရေးထိုင်ရေးနှင့် ပတ်သတ်သည့် လက်တွေ့ပြဿနာများကိုသာ ပြောနေပါသည်။ အဖေသည် စီးပွားပျက်ကာ နာကြည်းခါးသီးလျက်ရှိရာ အဘွားကဲ့သို့ပင် သေခြင်းတရားကို တည်ငြိမ်စွာ ရင်ဆိုင်လက်ခံပါသည်။ အမေကမူကျွန်မကဲ့သို့ပင် ဘဝကို ခုံမင်တွယ်တာသူ၊ ဘဝ တဏှာအားကြီးသူဖြစ်သည့်အတွက် သေမင်းနှင့် ရင်ဆိုင် လာရသည့်အခါတွင် ကျွန်မကဲ့သို့ပင် အာခံသူဖြစ်ပါသည်။ အမေဆုံးခါနီးတွင် ကျွန်မနောက်ဆုံး ရေးလိုက်သည့် စာအုပ်နှင့်ပတ်သတ်၍ ဝေဖန်ချက်များ၊ စာများကို ကျွန်မ ရပါသည်။ ဘာသာတရားကိုင်းရှိုင်းသော စာဖတ်သူများက ဒေါသအမျက်ချောင်းချောင်းထွက်ကာ ‘ခင်ဗျားမှာ သာသာ တရားမရှိလို့ သေခြင်းကို ဒီလောက်ကြောက်နေတာ၊ ဘာသာ တရားရှိရင် သေတာကို ဒီလောက်ကြောက်မှာ မဟုတ်ဘူး’ ဟု ရေးကြပါသည်။ စေတနာကောင်း ရှိသူများကမူ ‘ကမ္ဘာမြေကြီးပေါ်က ပျောက်ကွယ်သွားတာဟာ ဒီလောက် အရေးကြီးတဲ့ကိစ္စမဟုတ်ပါဘူး၊ ခင်ဗျားစာတွေဟာ ကျန်ရစ် ဦးမှာပါပဲ’ဟု ရေးကြပါသည်။ ကျွန်မ အထင်တွင်မူ သူတို့နှစ်ဦးစလုံးမှားသည်ဟု ထင်နေမိပါသည်။ သေပြီးမှ နာမည်ကြီး ဦးမည်ဟူသော နှစ်သိမ့်မှုသည် ကျွန်မအတွက် ဘာမျှ မထူးသကဲ့သို့ ဘာသာတရားများသည်လည်း

www.burmeseclassic.com



အမေ့အတွက် ဘာမျှ ထူးမည်မထင်တော့ပါ။

ဘဝကို ခုံမင်တွယ်တာသည်ဆိုလျှင် (ကောင်းကင်တွင်ဖြစ်စေ၊ လူ့ပြည်တွင်ဖြစ်စေ) နောင်ဘဝဆိုတာသည်လည်း အသေဖြောင့်အောင်လုပ်ပေးနိုင်သောအရာမဟုတ်ပါ။

♥♥♥

အကယ်၍သာ အမေ၏ ဆရာဝန်များသည် ကင်ဆာရောဂါမှန်း စောစောစီးစီး သိခဲ့လျှင် မည်သို့ရှိမည်နည်း။ အမေ့ကို ဓာတ်ရောင်ခြည်များနှင့် ကုသပေးသဖြင့် အမေသည် နှစ်နှစ်တန်သည် သုံးနှစ်တန်သည် ပို၍ နေရပေလိမ့်မည်။ သို့ရာတွင် အမေသည် သူ့ရောဂါကြီးကို သိလျက် သို့မဟုတ် ကင်ဆာလားဟု သံသယဖြစ်လျက်နှင့် အသက်ရှင်နေရမည်သာဖြစ်ပါသည်။ သို့ဆိုလျှင် ကိုယ့်ဘဝသက်တမ်းကုန်ခါနီးတွင် အကြောက်ကြောက်အလန့်လန့်ဖြင့် နေရတော့မည်သာ ဖြစ်ပေသည်။

ကျွန်မတို့ စိတ်မကောင်းသော အချက်မှာ ဆရာဝန်၏ ကောက်ချက်အမှားကို ယုံစားမိခဲ့သည့်အချက်သာ ဖြစ်ပါသည်။ အကယ်၍သာ အမှန်အတိုင်းသိခဲ့ရလျှင် မသေခင်က အမေ့ကို ပျော်ပျော်ရွှင်ရွှင် နေနိုင်အောင် ပြုစုမိခဲ့ကြမည် ဖြစ်ပါသည်။ ဂျင်းနှင့်ပိုပေးတို့ ဆန္ဒအတိုင်း ဘယ်လောက်ပင် ခက်ခဲသည်ဖြစ်စေ အမေ့ကို နွေရာသီ အပန်းဖြေခရီးတစ်ခုသို့ ပို့မိကြမည် ဖြစ်ပါသည်။ ကျွန်မ သည်လည်း အမေ့ကို ယခုထက်အနီးကပ် ပြုစုမိခဲ့မည် ဖြစ်ပါသည်။ အမေစိတ်ချမ်း

www.burmeseclassic.com



သာအောင် ကြံဖန်လုပ်မည်သာ ဖြစ်ပါသည်။

ဆရာဝန်များက အမေ့ကို အသက်ပိုရှည်လာအောင် ခွဲစိတ်ကုသလျှင်ကော ဝမ်းနည်းစရာလား ဆိုသည်ကို ကျွန်မမဝေခွဲတတ်ပါ။ တစ်ရက်ကလေးမျှ အဆုံးရှုံးမခံချင်သော အမေ့ကို ရက်ပေါင်းသုံးဆယ် နောက်ထပ်နေရအောင် လုပ်တော့ကော ဝမ်းသာစရာလား၊ ဝမ်းနည်းစရာလား ဆိုသည်ကိုလည်း ကျွန်မ မဝေခွဲနိုင်ပါ။ ဆရာဝန်များသည် အမေ့ကို အသက်ပိုနေရအောင် လုပ်ပေးသည့်အတွက် အမေပျော်ရသည်မှာ မှန်ပါ၏ ။သို့ရာတွင် တစ်ပြိုင်နက်တည်းမှာပင် စိုးရိမ်သောကနှင့် ဝေဒနာတို့သည် အတူတွဲပါလာကြသည်မဟုတ်ပါလော။ အမေသည် ထိုရောဂါကြီးဖြင့် နေ့သေမည်လား၊ ညသေမည်လားဟု စောင့်စားနေရချိန်တွင် ကျွန်မသည် ဘာကိုမှ မဆုံးဖြတ်နိုင်ခဲ့ပါ။ ကျွန်မညီမအဖို့မှာလည်း အမေ့ကို ပြန်တွေ့ရသည့်နေ့တွင် ဆုံးရှုံးလိုက်ရသဖြင့် အကြီးအကျယ်ခံစားရပါလိမ့်မည်။ ထိုခံစားမှုသည် တော်တော်နှင့် ပျောက်မည်မထင်ပါ။ ကျွန်မအတွက် ကော။ ကျွန်မအဖို့ဆိုလျှင်လည်း ဗုဒ္ဓဟူးနေ့ကသာ အမေဆုံးခဲ့လျှင် ထိုသီတင်းလေးပတ်တွင် တွေ့ရမည့် မြင်ကွင်းများ၊ ခြောက်အိပ်မက်များနှင့် ပူဆွေးမှုတို့ကို တွေ့ကြုံခံစားလိုက်ရမည် မဟုတ်ပါ။ သို့ရာတွင် ကျွန်မ၏ သောကတို့သည် ကျွန်မ မထင်သည့်နည်းဖြင့် ပေါ်ပေါက်လာသည့်အတွက် မည်သည့်အတိုင်းအတာထိ ကျွန်မခံစားရ မည်ကို ကျွန်မ မပြောနိုင်ပါ။

www.burmeseclassic.com



ဤသို့ ကြားကာလကလေး ရှိလိုက်သည့်အတွက် ကျွန်မတို့သည် အဆိုးထဲမှ အကောင်းကို ရှာနိုင်ခဲ့ကြပါသည်။ ကျွန်မတို့တစ်တွေ နောင်တ သံဝေဂဖြစ်ရသည့် အဖြစ်မျိုးမှ ကင်းလွတ်ခဲ့ကြပါသည်။မိမိချစ်ခင်နှစ်သက်သူ တစ်ဦးသေဆုံးသွားသည့်အခါတွင် ကိုယ်ကသူ့ထက် အသက်ရှင်ကျန်နေရစ်ခဲ့သည့် ဖြစ်မှုအတွက် ထောင်ပေါင်းများစွာသော နာကျင်သည့် သံဝေဂများကို လျော်ကြေးအဖြစ် ပေးတတ်ရပါသည်။ အမေဆုံးသွားသည့်အခါတွင် သူ၏ ထူးခြားသောအရည်အချင်းတို့သည် မီးမောင်းကို ထိုးပြလိုက်သလို ထင်းထင်းကြီး ပေါ်လာကြပါသည်။ သူသည် ကမ္ဘာကြီးလောက် ကြီးမားလာကာ သူရှိသဖြင့် ဘဝကြီးရှိနေခြင်းဖြစ်ပြီးသူမရှိတော့သည်နှင့် ဘဝကြီးအစတုံး ပျောက်ကွယ်သွားပါတော့သည်။ ကိုယ့်ဘဝ တစ်ခုလုံးတွင် သူအရေးပါမှုအတွက် နေရာပေးခဲ့ရလျှင် အကောင်းသားဟု ထင်မှတ်လာတတ်ပါသည်။ သူသည် အများထဲမှ တစ်ယောက်သာဖြစ်သည်ဟု ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ကြည့်ပါသည်။ သို့ရာတွင် အသက်ရှင်စဉ်က ပေါ့ပေါ့ဆဆသဘောထားခဲ့မိသည့်အတွက် နောင်တ သံဝေဂဖြစ်ရသူမှာ ကိုယ်ပင်ဖြစ်ပါသည်။ အမေနှင့် ပတ်သတ်သည့်ကိစ္စတွင် ကျွန်မတို့အားလုံးသည် အပြစ်ရှိနေကြပါသည်။ အမေ၏ နောက်ဆုံးကာလများတွင် ကျွန်မတို့သည် နမော်နမဲ့ နေခဲ့ကြသည်။ ဝတ္တရား ပျက်ခဲ့ကြပါသည်။ လျစ်လျူရှုခဲ့ကြပါသည်။

www.burmeseclassic.com



ထို့ကြောင့် ကျွန်မတို့တွင် အပြစ်တွေ ရှိနေပါသည်။ သို့ရာတွင် နေထိုင်မကောင်းစဉ်ကကျွန်မတို့တစ်တွေ ပြုစုခဲ့ကြပုံ၊ သူစိတ်ချမ်းသာအောင် ကျွန်မတို့တစ်တွေ စောင့်ရှောက် ခဲ့ကြပုံ၊ ကြောက်လန့်မှုနှင့် ဝေဒနာကို တိုက်ရာတွင် ကျွန်မတို့တစ်တွေ ပါဝင်ကူညီခဲ့ကြပုံကို တွေးကာ ကျွန်မတို့ အပြစ်များကို ကြိုးစား၍ ချေခဲ့ပြီဟု နှစ်သိမ့်ရပါသည်။ ကျွန်မတို့သာ ပြုစုစောင့်ရှောက်ခြင်းမရှိလျှင် အမေသည် ထိုထက်ဝေဒနာကို ခံစားရဖွယ်ရှိပါသည်။

နှိုင်းယှဉ်ချက်အားဖြင့် ပြောရလျှင် အမေ၏ သေခြင်းသည် တကယ်ညင်သာလွယ်ကူသော သေခြင်းဖြစ်ပါသည်။ ‘ငါ့ကို ဒီအရိုင်းအစိုင်းတွေက လက်ထဲမှာ ပစ်မထား ကြပါနဲ့’ ဟူသော အမေ့စကားကို ကျွန်မကြားယောင် နေပါသည်။ ထိုသို့ အားကိုးရာ မရှိသူများကို တွေး၍ ကျွန်မ ကရုဏာ သက်မိပါသည်။ ဝတ်ကျေတမ်းကျေ လုပ်ကြသော ဆရာဝန်များနှင့် အလုပ်တွေပိနေသော သူနာပြု တို့ကြားတွင် ဆွေမရှိမျိုးမရှိဖြင့် ဝေဒနာခံ နေရသူတို့အဖို့ ဆိုလျှင် မည်မျှရှိလေမည်နည်း။ သူတို့တွင် ဝေဒနာဖိစီးနေစဉ် နဖူးပေါ်သို့ လက်ကလေးတစ်ဖက်လာ၍ တင်ပေးမည့် သူဆို၍ တစ်ဦးမျှမရှိ၊ ဝေဒနာကို အလူးအလဲခံနေရစဉ် အနားတွင် ဆွေးမျိုးသားချင်း ဆို၍ တစ်ယောက်မျှမရှိ။ တိတ်ဆိတ်နေသော ချောက်ကမ်းပါးကြီးထဲသို့ ကျခါနီးတွင် နှစ်သိမ့် ကြည်နာ စကားဆိုမည့်သူဆို၍ မည်သူမျှမရှိ။

www.burmeseclassic.com



'အမေဟာ နှစ်ဆယ့်လေးနာရီအတွင်း အနှစ်လေးဆယ် စာလောက် အိုသွားတယ်'ဟူသော ပိုပေး၏ စကားကို ကျွန်မ ကြားယောင်နေသည်။ ထိုစကားကို ကျွန်မ ယခုထက် တိုင်မမေ့။ ကြောက်မက်ဖွယ် ဝေဒနာကို ခံပြီး သေသွား ရသည့် အဖြစ်တို့ကို မြင်ဖူးနေသဖြင့် ထိုစကားများကို ကျွန်မအမှတ်ရနေခြင်းဖြစ်ပါသည်။ ဆေးရုံစကြံများတွင် လူနာတစ်ယောက် အသည်းအသန်ဖြစ်ပြီဆိုလျှင် လိုက်ကာ ကလေးတစ်ခုကို ကာလိုက်ကြပါသည်။ ထိုသို့ လိုက်ကာ ကလေး ကာလိုက်သည်ကို အခြားသူများ၏ ခုတင်နားတွင် သူမြင်ဖူးခဲ့လေပြီ။ ထိုခုတင်သည် နောက်တစ်ရက်တွင် ဟာလာဟင်းလင်း ဖြစ်နေသည်ကို မြင်ဖူးခဲ့လေပြီ။ ထို့ ကြောင့် သူ့ခုတင်အနီး ပတ်လည်တွင် လိုက်ကာ ကလေး ကာလိုက်သည့်အခါတွင်လည်း သူ့အခြေအနေကို သူရိပ်မိလိုက်လေပြီ။ မည်သူမျှ တိုက်ရိုက်ကြည့်၍ မရသော နေမင်းကြီးဖြင့် ဖုံးကွယ်နေသော အမေ့ကို ကျွန်မမြင်ယောင် နေပါသည်။ မျက်လုံးကြီး ပြူးနေအောင် ကြည့်နေသော အမေ၏ အကြည့်ကို ကျွန်မ မြင်ယောင်နေပါသည်။ အမေသည် လွယ်ကူ ညင်သာစွာ သေသွားရခြင်းဖြစ်ပါသည်။ အထက်တန်းစား သေခြင်းမျိုးနှင့် သေသွားရခြင်း ဖြစ်ပါသည်။

ထိုနေ့ညကပိုပေးသည် ကျွန်မနှင့်အတူ လိုက်အိပ်၏ ။ နံနက် ဆယ်နာရီတွင် ကျွန်မတို့သည် ဆေးတိုက်သို့

www.burmeseclassic.com



လာခဲ့သည်။ ဟိုတယ်များမှာကဲ့သို့ပင် အခန်းကို မွန်းမတည့်မီ ပြန်အပ်ရမည်မဟုတ်လော။ ကျွန်မတို့သည် လှေကားထစ်များကို နောက်တစ်ကြိမ် တက်လာခဲ့ကြသည်။ တံခါးများဖွင့်လိုက်၏ ။ အခန်းထဲတွင် ဟာလာဟင်းလင်း ဖြစ်လျက် နံရံများ၊ ပြတင်းပေါက်မှန်အိမ်များ၊ ပရိဘောဂများသည် နဂိုနေရာအတိုင်း။ ဖြူဖွေးသော အိပ်ရာခင်းပေါ်တွင်မူ ဘာမျှမရှိတော့။ ကြိုတင်မြင်ခြင်းသည် သိခြင်းနှင့်တခြားစီ။ ကျွန်မတို့သည် မျှော်လင့်ထားခြင်းမရှိသကဲ့သို့ ရင်ထဲတွင် ပြင်းထန်စွာ ခံစားကြရသည်။ ကျွန်မတို့သည် ဗီရိုထဲမှ လက်ဆွဲအိတ်များကို ထုတ်ကြသည်။ စာအုပ်များ၊ အဝတ်အစားများ၊ အသုံးအဆောင်ပစ္စည်းများ၊ စာရွက်များကို သိမ်းဆည်းကြသည်။ သီတင်းခြောက်ပတ်မျှ ရင်းနှီးစွာ နေခဲ့ရခြင်းသည် သစ္စာဖောက်မှုကြောင့် ပုပ်သိုးဆွေးမြည့်သွားခဲ့လေပြီ။ ကျွန်မတို့သည် အနီရောင် ဝတ်ရုံကလေးကိုမူ ထားပစ်ခဲ့၏။ ကျွန်မတို့သည် ပန်းခြံကလေးကို ဖြတ်လာခဲ့ကြ၏။ သစ်ပင်တို့ကို စိမ်းစိုနေသော တစ်နေရာတွင်မူ ရေခဲတိုက်ရှိသည်။ ရေခဲတိုက်ထဲတွင်မူ မေးတွင် ပတ်တီးကြီး သိုင်းလျက်ရှိသော အမေ့ရုပ်ကလာပ်ရှိသည်။ ပိုပေးမှာ တော်တော် စိတ်ထိခိုက်နေပြီ။ သူက အမေ့ရုပ်ကလာပ်ကို သွားကြည့်ရန်ပြောသည်။ ကျွန်မစိတ်ထဲတွင်မူ ဘာကိုမျှ ဝေခွဲ၍မရပါ။

ကျွန်မတို့သည် လက်ဆွဲအိတ်များကို ဆေးတိုက်စောင့်

**ယနေ့မန္တလေးစာအုပ်တိုက်**

www.burmeseclassic.com



အဘွားကြီးထံတွင် အပ်ပစ်ခဲ့ကြသည်။ ခပ်လှမ်းလှမ်းတွင် သုဘရာဇာခေါင်းရောင်းသည့် ဆိုင်တစ်ဆိုင်ကို လှမ်းမြင်ရ၏။ 'ဘယ်မှာပဲဝယ်ဝယ် အတူတူပါပဲကွယ်'ဟု ကျွန်မက ပြောသည်။ အဝတ်နက်ဝတ်ထားသည့် လူနှစ်ယောက်က ကျွန်မတို့ ဆန္ဒကိုမေးသည်။ ခေါင်းအမျိုးမျိုးတို့၏ ဓာတ်ပုံများကို ပြသည်။ အရေးထဲမှာ 'ဒီခေါင်းက ပိုလှတယ်ခင်ဗျ' ဟုဆိုသဖြင့် ပိုပေးသည် ငိုရင်းရယ်သည်။

'ဒီခေါင်းက ပိုလှတယ်ဟုတ်လား၊ အမေက ဒီခေါင်းမျိုး မကြိုက်ဘူးရှင့်'

အသုဘကိုနှစ်ရက်အကြာ သောကြာနေ့တွင် အပြီးစီစဉ်သည်။ ပန်းခွေထည့်ဦးမှာလားဟု မေးသဖြင့် ကျွန်မတို့က ထည့်ချင်သည်ပြောလိုက်၏။ ဘာကြောင့်မှန်းတော့မသိ။ ပန်းခွေမဟုတ်၊ လက်ဝါးကပ်တိုင်မဟုတ်၊ ပန်းခိုင်ကြီးကြီး တစ်ခုဟုပြောလိုက်သည်။ သူတို့က စိတ်ချပါ၊ အစစအရာရာ စီစဉ်ပေးမည်ဟု ပြောလိုက်ကြသည်။ ညနေပိုင်းတွင် ကျွန်မတို့သည် လက်ဆွဲအိတ်များကို ကျွန်မ၏ အခန်းထဲသို့ ယူလာခဲ့ကြသည်၊ မဒမ်လီဗလွန်းကအခန်းကို ပြင်ထားသည်။ ပို၍ သန့်ရှင်းကာပို၍ ကောင်းနေသဖြင့် ကျွန်မတို့ပင် ကောင်းကောင်းမမှတ်မိချင်။ ကောင်းပါသည်။ ကျွန်မတို့ အိပ်ရာခင်းနှင့် ညဝတ်အင်္ကျီကို အိတ်တစ်လုံးထဲသို့ ထည့်ပြီး အိတ်ကို အံဆွဲထဲသို့ ထည့်သည်။ စာအုပ်တွေကို စင်ပေါ် တင်သည်၊ အော်ဒီကလုံးနှင့် သွားတိုက်ဆေးစသည့်

www.burmeseclassic.com



အသုံးအဆောင်များကို လွှင့်ပစ်လိုက်ကြသည်။ ကျန်ပစ္စည်းတို့ကို ကျွန်မအခန်းသို့ ယူလာ၏ ။ ထိုညက ကျွန်မ ကောင်းကောင်း အိပ်မပျော်တော့ပါ။ 'ငါကျန်းမာနေတုန်း ညည်းမြင်သွားရတဲ့အတွက် ဝမ်းသာတယ်အေ'ဟု သူထင်သွားသည့်အတွက် ကျွန်မသည်လောက် ဝမ်းမနည်းလှပါ။ သို့ရာတွင် အမေ့ခန္ဓာကိုယ်ကို သည်မျှမြန်မြန်ဆန်ဆန် စွန့်ပစ်ခဲ့သည့်အတွက်မူကျွန်မကိုယ် ကျွန်မ အပြစ်တင်မိပါသည်။ 'အလောင်းကောင်ကြီးဟာ ဘာမှမထူးတော့ပါဘူး' ဟုအမေကလည်းပြောခဲ့ဖူးသည်။ ပိုပေးကလည်း ပြောခဲ့ဖူးသည်။ သို့ရာတွင် အလောင်းကောင်ကြီးသည် အမေ့အသား၊ အမေ့အရိုးဖြစ်ပြီး ကာလအတန်ကြာသည်အထိ အမေ့မျက်နှာဖြစ်နေပေဦးမည်။ အဖေဆုံးစဉ်က ကျွန်မသည် အတော်ကြာသည်အထိ အဖေ့နားတွင် ထိုင်နေခဲ့ဖူးသည်။ ယခုအမေဆုံးသည့်အခါတွင်မူကျွန်မသည် တစ်ချက်မျှသာ နမ်းရှုပ်ကာ အပါးမှခွာခဲ့သည်။ ထို့ကြောင့်ပင်လျှင် အေးစက်သည့် ရေခဲတိုက်တွင်းတွင် တစ်ကိုယ်တည်း လဲလျောင်းနေသောအရာသည် အမေဖြစ်နေသည်ဟု ထင်နေသည်လောမပြောတတ်တော့ပါ။ မနက်ဖြန်ညနေဆိုလျှင် အမေ့ကို ခေါင်းသွင်းမည်ဖြစ်ရာ ခေါင်းသွင်းခါနီးတွင်လည်း ကျွန်မသွားသင့် မသွားသင့်ကိုဝေခွဲမရဖြစ်နေပါသည်။

ညနေလေးနာရီလောက်တွင် ဆေးတိုက်သို့ သွားကာ ကျသင့်ငွေများကို ရှင်းသည်။ ကျွန်မသည် သူနာပြုဆရာမ

www.burmeseclassic.com



ကလေးများကိုလည်းသွား၍ နှုတ်ဆက်ပါသည်။ သူနာပြု ဆရာမကလေးများဖြစ်ကြသော ပေရင့်နှင့်မာတင်မှာ စကြိုတွင် နောက်လားပြောင်လား ရယ်လားမောလား လုပ်နေကြသည်ကို တွေ့ရပါသည်။ ကျွန်မသည် လည်မျိုကို ဖျစ်ညှစ်ဆုပ်လိုက်သလို ခံစားရကာ စကားပြော၍ မရအောင် ဖြစ်နေသည်။ အခန်းနံပါတ် ၁၁၄ ရှေ့တွင် ကျွန်မဖြတ်လာခဲ့သည်။ 'ဧည့်သည်မလာရ'ဆိုသည့် ဆိုင်းဘုတ်ကို ဖြုတ်ချလိုက်လေပြီ။ ပန်းခြံကလေးထဲသို့ အရောက်တွင် ကျွန်မသည် ခြေလှမ်းတုံ့နေမိသည်။ ကျွန်မတွင် သတ္တိမရှိတော့။ အဘယ်ကြောင့် သွားကြည့်နေဦးမည်နည်း။ ကျွန်မသည် ပြန်လှည့်ထွက်လာခဲ့သည်။ ကျွန်မသည် ကာဒင်၏ ဖက်ရှင်ဆိုင်ကြီးကို လှမ်းမြင်ရသည်။ လှပသည့် ညဝတ်အကျီများကိုလည်း မြင်ရသည်။ ကျွန်မသည် ဧည့်ခန်းထဲတွင် ဘယ်တော့မှ မထိုင်သင့်တော့၊ တယ်လီဖုန်းအဖြူကို ဘယ်တော့မှ ကောက်မကိုင်သင့်တော့၊ သည်ဆေးတိုက်ကိုလည်း ဘယ်တော့မှ မသွားသင့်တော့ဟု ကိုယ့်ကိုယ်ကိုယ် ပြောနေသည်။ အကယ်၍သာ အမေ့ရောဂါပျောက်သွားသည်ဆိုလျှင် ထိုကဲ့သို့သော အလုပ်များကို မလုပ်ရသည့်အတွက် ကျွန်မပျော်ပေလိမ့်မည်။ သို့ရာတွင် ကျွန်မသည် ထိုအရာများကို အောက်မေ့သတိရနေသည်။ အမေဆုံးသွားသည်နှင့်အတူ ထိုအရာများကိုလည်း ကျွန်မဆုံးလိုက်ရလေပြီဟု ကျွန်မ တွေးနေသည်။

**ယနေ့မန္တလေးစာအုပ်တိုက်**

www.burmeseclassic.com



ကျွန်မတို့သည် အမေ့ပစ္စည်းကလေးများကို သူ့မိတ်ဆွေများအား အမှတ်တရ ပေးချင်ပါသည်။ သိုးမွေးလုံးကလေးများနှင့် ထိုးလက်စ တစ်ပိုင်းတစ်စဖြစ်နေသည့် သိုးမွေးစကလေးတွေ ထည့်ထားသည့် အမေ့ကောက်ရိုးအိတ်ကလေး၊ အမေ့မင်နှိပ်စက္ကူပက်ကလေး၊ အမေကိုင်သည့် ကတ်ကြေးကလေးများ၊ အမေအပ်ချုပ်လျှင်ဝတ်လေ့ရှိသည့် လက်စွပ်ကွင်းကလေးများကို ကြည့်ကာ စိတ်ထဲတွင် လှိုက်၍လာပါသည်။ သည်လိုပစ္စည်းကလေးများ၏ တန်ခိုးအာနိသင်ကို လူတိုင်းနားလည်ကြပါသည်။ လူတစ်ယောက်၏ ဘဝသည် ထိုအရာကလေးများထဲတွင်သွား၍ အစိုင်အခဲဖြစ်တည်နေကြသည်။ ဘဝ၏ခဏာယ်များထဲတွင် တည်နေသည်ထက် ထိုပစ္စည်းကလေးများထဲတွင် တည်နေကြသည်။ ယခု ထိုအရာဝတ္ထုကလေးများသည် ကျွန်မစားပွဲပေါ်တွင် ပြန့်ကျဲလျက်၊ မိမ့်ဖမ့်ပစ္စည်းကလေးများ၊ အသုံးမကျတော့သော အရာပစ္စည်းကလေးများ၊ အမှိုက်ပုံထဲသို့ စွန့်ပစ်ခြင်းခံရန် စောင့်နေသည့် ပစ္စည်းကလေးများ သို့မဟုတ်လျှင်လည်း ပိုင်ရှင်တစ်ယောက်ကို စောင့်မျှော်နေသည့် ပစ္စည်းကလေးများ ဖြစ်နေလေပြီ၊ ကျွန်မတို့သည် မေမေ့နာရီကလေးကို မာသီဖို့ ဖယ်ထားလိုက်ကြ၏ ။ ပိုပေးသည် အနီရောင်လက်ပတ်နာရီကြိုးကလေးကို ကြည့်၍ ငိုနေသည်။

'ကျွန်မက ပစ္စည်းတို့ဘာတို့ကို သိပ်သိမ်းတတ်တာ မဟုတ်ဘူး။ ဒါပေမယ့် ဒီကြိုးကလေးကိုတော့ လွှင့်ပစ်ရမှာ

www.burmeseclassic.com



စိတ်မကောင်းဘူး’

‘ဒါဖြင့်လည်း သိမ်းထားလိုက်ပေ့ါ’

သေခြင်းနှင့် ရှင်ခြင်းကို ရောထွေးပေါင်းစပ်ပေးနေခြင်းသည် ဘာမျှအကျိုးမရှိပါ။ ကျိုးကြောင်းယုတ္တိမရှိသော အရာများရှေ့တွင် ကျိုးကြောင်းယုတ္တိရှိစွာပြုမူနေ၍လည်း ဘာမျှအကျိုးမထူးလှပါ။ ခံစားမှုတွေပြင်းထန်နေသည့်အခါတွင် အလိုက်သင့် လျှော့ပေးလိုက်သည်ကကောင်းသည်ဟု ထင်ပါသည်။ နောက်ဆုံးဆန္ဒများနှင့် ထိုဆန္ဒများ ပြေငြိမ်းပျောက်ကွယ်သွားပုံတို့ကို ကျွန်မနားလည်နိုင်ပါသည်။

မိမိချစ်ခင်နှစ်သက်သူ၏ အရိုးများနှင့်တကွ ခန္ဓာကိုယ်ကြီးတစ်ခုလုံးအား မြေကြီးတွင် စွန့်ပစ်လိုက်ရတော့မည်ဆိုသည်ကိုလည်း ကျွန်မသဘောပေါက်ပါသည်။ ပိုပေးကအမေ့အား အဝတ်အစား သစ်သစ်လွင်လွင် ဝတ်ပေးချင်သည်ဆိုလျှင်၊ သူ့လက်ထပ်လက်စွပ်ကို ဝတ်ပေးလိုက်ချင်သည်ဆိုလျှင် ကျွန်မသည် သူ့ဆန္ဒကို ကျွန်မဆန္ဒနည်းတူအလွယ်တကူ လက်ခံသင့်သည်သာ ဖြစ်ပါသည်။ ကျွန်မတို့သည် အသုဘကိစ္စနှင့် ပတ်သက်၍ အကျယ်ဆွေးနွေးတိုင်ပင်စရာမလိုတော့ပါ။ အမေက သူ့ဆန္ဒများကို ထုတ်ဖော်ပြောဆိုသွားပြီးဖြစ်ရာ သူ့ဆန္ဒအတိုင်း လုပ်ရုံသာ ရှိပါသည်။

သို့ရာတွင် တော်တော်အရုပ်ဆိုးသည့် အခက်အခဲများကိုကျွန်မတို့ တွေ့ရပါသည်။ ပယ်ရေဘာရှေးသချိုင်းတွင်

www.burmeseclassic.com



ကျွန်မတို့ပိုင်သော မြေနေရာ တစ်နေရာရှိပါသည်။ ထိုမြေနေရာမှာ လွန်ခဲ့သည့်နှစ်ပေါင်းတစ်ရာ့ သုံးဆယ်ကျော်လောက်က ကျွန်မတို့ အဘေးတော်သူ မစ်ဂျနော့ဆိုသည့် အမျိုးသမီးကြီး တစ်ဦးဝယ်ထားခဲ့ခြင်းဖြစ်ပါသည်။ သူရော၊ ကျွန်မတို့ အဘိုး၊ အဘွား၊ အဘိုးလေး၊ ကျွန်မဦးလေးနှင့် ကျွန်မတို့အဖေကို ထိုသင်္ချိုင်းတွင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့ကြပါသည်။ ထိုနေရာတွင် မြေလွတ်ဟူ၍ မရှိတော့ပါ။ အချို့သော ဆွေမျိုးများကို သင်္ချိုင်းတစ်ခုတွင် ယာယီမြှုပ်နှံပြီးနောက် ယခင်က ဆုံးခဲ့သော ဆွေမျိုးများ၏ အရိုးတို့ကို ပြန်ကောက်၍ ခေါင်းတစ်ခုတည်းတွင် ပြန်ထည့်ပြီးသောအခါတွင်မှ ယာယီသင်္ချိုင်းမှ အလောင်းကို ပြန်ရွှေ့ပြီး ဆွေစဉ်မျိုးဆက်သင်္ဂြိုဟ်ခဲ့သော ဂူထဲသို့ ပြန်၍ မြှုပ်နှံလေ့ရှိပါသည်။ ထိုမြေမှာ သင်္ချိုင်းမြေပိုင်ရှင်တို့ဘက်က ကြည့်လျှင် တော်တော်အဖိုးတန်သည့်အတွက် သူတို့လက်ထဲသို့ ပြန်ရောက်ရန် ကြိုးစားနေပါသည်။ ထိုမြေကို လိုချင်လျှင် နှစ်သုံးဆယ်ကျ တစ်ကြိမ်မြေကို ပြန်၍ ဝယ်ရမည်ဟု သူတို့ဘက်က တောင်းဆိုလျက်ရှိပါသည်။ ယခုအချိန်တွင် ကျွန်မတို့ပိုင် သက်တမ်းမှာ အနှစ်သုံးဆယ်ကျော်နေလေပြီ။ ကျွန်မတို့မှာလည်း အချိန်မီ အကြောင်းကြားစာမရရှိသည့်အတွက် ထိုမြေကွက်ကို ဆုံးမလိုလိုဖြစ်နေပါသည်။ ကျွန်မတို့ လက်ထဲတွင် ရှိနေသေးသည့်တိုင် မစ်ဂျနော့ဆွေစဉ်မျိုးဆက်ထဲမှ ဆက်ခံ

www.burmeseclassic.com



ခွင့်နှင့်ပတ်သက်၍ အငြင်းပွားမှုမရှိမှသာ ထိုမြေကို အသုံးပြုခွင့်ရမည် ဖြစ်ပါသည်။ ရှေ့နေမှတစ်ဆင့် ထိုသို့ ပိုင်ဆိုင်ခွင့် အထောက်အထား မပြနိုင်မီအတွင်း အမေ့ကို မြှုပ်နှံခွင့်မရှိသေးဘဲတစ်နေရာရာတွင် ထားရမည့်ပုံဖြစ်နေပါသည်။

ကျွန်မတို့သည် နောက်တစ်နေ့ အသုဘအခမ်းအနားတွင် ကိုးရိုးကားရားဖြစ်မည်ကို စိုးရိမ်နေကြသည်။ ကျွန်မတို့သည် စိတ်ငြိမ်ဆေးများကို သောက်ကာ နောက်တစ်နေ့ ခုနစ်နာရီထိုးသည်အထိ အိပ်ကြ၏ ။ လက်ဖက်ရည်သောက်၊ မနက်စာစားပြီးနောက်တွင်လည်း စိတ်ငြိမ်ဆေးများကို သောက်ကြရပြန်သည်။ ရှစ်နာရီမထိုးမီတွင် အနက်ရောင်အသုဘ ရထားကြီးသည် တိတ်ဆိတ်ခြောက်ကပ်နေသော လမ်းပေါ်တွင် ရပ်နေပါသည်။ အရုဏ်မတက်မီကတည်းက ဆေးတိုက်သို့သွား၍ အလောင်းကိုယူကာ ဘေးပေါက်မှ ထုတ်လာခဲ့ခြင်းဖြစ်ပါသည်။ ကျွန်မတို့သည် အေးစက်သည့် မနက်ခင်းနှင်းမှောင်ထုကြီးထဲတွင် လျှောက်လာခဲ့ကြသည်။ အသုဘရထားပေါ်တွင် ပိုပေးက ယာဉ်မောင်း၏ ဘေးမှ ထိုင်လိုက်လာပြီး ကျွန်မက နောက်တွင် သုဘရာဇာတစ်ဦးနှင့် ထိုင်လိုက်လာပါသည်။

'ပါလာပြီလား မမ'ဟု ပိုပေးက မေးပါသည်။

'ပါပါတယ်'

ပိုပေးသည် တစ်ချက်မျှ ရှိုက်လိုက်ပါသည်။

www.burmeseclassic.com



'ကိုယ်လည်း တစ်နေ့ကျရင် ဒီလိုပဲဖြစ်ရမှာပဲလို့ တွေးမိလို့သာ ဖြေသာတာပေါ့မမရယ်၊ ဒီလိုမှ မဟုတ်ရင်တော့ ဘယ်လောက်များ ခံစားရမလဲမသိဘူး'

မှန်ပါသည်။ ကျွန်မတို့သည် ကျွန်မတို့၏ အသုဘများအတွက် ဝတ်စုံပြည့်ဖြင့် ဇာတ်တိုက်နေကြခြင်းသာ ဖြစ်ပါသည်။ သို့ရာတွင် ကံဆိုးသည်မှာ လူတိုင်းတစ်နေ့တွင် သည်လမ်းသို့ သွားကြရမည်ဖြစ်သည့်တိုင် အမေသည် ထိုစွန့်စားခန်းကို တစ်ယောက်တည်း ကြုံတွေ့ဖြတ်သန်းနေရခြင်း ဖြစ်ပါသည်။ ကျွန်မတို့သည်အမေကွယ်လွန်ခါနီးတွင် သူ့အနားတွင် အစဉ်အမြဲလိုလိုရှိနေကြသည့်တိုင် သူနှင့်လုံးဝခြားနားကာ အဝေးသို့ ရောက်နေကြပါသည်

မြို့ထဲသို့ ဖြတ်လာစဉ် ကျွန်မသည် ပါရီမြို့၏ လမ်းမကြီးများနှင့် လူများကို ငေးကြည့်လိုက်လာခဲ့ပါသည်။ ဘာကိုမျှမတွေးပါ။ သင်္ချိုင်းဝသို့ရောက်လျှင် ကားများရပ်ထားသည်ကို တွေ့ပါသည်။ ဆွေမျိုးသားချင်းများ ဖြစ်ပါသည်။ သူတို့သည် ဘုရားရှစ်ခိုးကျောင်းအထိ ကျွန်မတို့နောက်မှ လိုက်လာခဲ့ကြပါသည်။ ထို့နောက်ကားတွေပေါ်မှ ဆင်းလိုက်လာကြပါသည်။ သုဘရာဇာများက ခေါင်းကို ထုတ်ယူနေစဉ်တွင် ကျွန်မသည် ပိုပေးကို အမေ့ညီမဆီသို့ ခေါ်လာခဲ့ပါသည်။ ကျွန်မတို့အဒေါ်မှာလည်း ငိုထားသဖြင့် မျက်နှာနီရဲရောင်အမ်းနေပါသည်။ ကျွန်မတို့လည်း ဘုရားရှိခိုးကျောင်းထဲသို့ တန်းစီဝင်ခဲ့ကြသည်၊

www.burmeseclassic.com



ဘုရားရှစ်ခိုးကျောင်းထဲတွင် လူတွေပြည့်နေပါသည်။ အသုဘခေါင်းပေါ်တွင် ပန်းပွင့်တွေ ဘာတွေမရှိပါ။ သုဘရာဇာများသည် ပန်းများကို ရထားပေါ်တွင် ထားပစ်ခဲ့ကြပါသည်။ ကိစ္စမရှိပါ။

သက်တော်ငယ်ငယ် ဘုန်းတော်ကြီးတစ်ပါးက တရားပြကာ သရဏဂုံတင်ပေးပါသည်။

'ထာဝရဘုရားသခင်ဟာ အလွန်ဝေးတဲ့နေရာမှာ ရှိတယ်၊ ဘုရားသခင်ကို လုံးဝဥဿုံ ယုံကြည်သူများအဖို့မှာပင်လျှင် ဘုရားသခင်ဟာ ဝေးသော အရပ်မှာရှိနေတယ်၊ ဘုရားသခင်ဟာ အလွန်ဝေးသောအရပ်မှာ ရှိနေတတ်တယ်၊ ဝေးလွန်းတဲ့အတွက် တစ်ခါတစ်ရံမှာ ဘုရားသခင်ဟာ ရှိမှ ရှိပါလေရဲ့လားလို့တောင် သံသယဖြစ်ကြရတယ်၊ ဒါကြောင့် အချို့ဟာ ဘုရားသခင်ကို ဂရုမထားဘဲပြောတတ်ကြတယ်၊ ဒါပေမယ့် ကိုယ်တော်ဟာ သားတော်ကို လွှတ်လိုက်တယ်'ဟု မိန့်ပါသည်။

အနီးတွင် ဆုတောင်းရန်အတွက် ဒူးထောက်ကုလားထိုင်နှစ်လုံးကို ချထားပါသည်။ အားလုံးလိုလိုပါ ဆုတောင်းကြပါသည်။ ဘုန်းတော်ကြီးက ခပ်တိုတိုတရားဟောပြန်ပါသည်။ ဘုန်းတော်ကြီးက 'ဒကာမကြီး ဖရန်ဆွာဒီဗူးဗွားသည်'ဟုရွတ်ဆိုသည့်အခါ၌ ကျွန်မတို့သည် လည်မျိုကို အညှစ်ခံရသည့်နှယ် အသက်ကိုမျှ မရှူနိုင်အောင် ဖြစ်နေကြသည်။ ထိုအမည်သည် အမေ့ကို အသက်ပြန်ရှင်လာ

www.burmeseclassic.com



အောင် လုပ်ပေးလိုက်သည့်နှယ် ကျွန်မတို့ ထင်ကြပါသည်။ ထိုအမည်သည် အမေ့ဘ၀ဇာတ်ကြောင်း၊ မွေးစမှ အိမ်ထောင်ကျသည်အထိ၊ မုဆိုးမဘ၀မှ သချိုင်းအထိ အမေ့ဘ၀ဇာတ်ကြောင်းတစ်ခုလုံးကို ပေါင်းချုပ်ထားသည့်နှယ် ဖြစ်ပါသည်။ ဖရန်ဆွာဒီဗူးဗွားဆိုသည့် ခပ်ရှားရှားနာမည်မှည့်ထားသည့် အမျိုးသမီးကြီးသည် အရေးကြီးသောပုဂ္ဂိုလ်တစ်ဦး ဖြစ်သွားလေပြီ။

လူများသည် အနားသို့ စီတန်း၍ လာကြပါသည်။ အမျိုးသမီးအချို့မှာ ငိုယိုလျက်။ သုဘရာဇာများက အသုဘခေါင်းကို ဘုရားရှိခိုးကျောင်းထဲမှ သယ်သွားသည်အထိ ကျွန်မတို့မှာ လိုက်ပို့သူများကို လက်ဆွဲနှုတ်ဆက်၍ မပြီးသေးပါ။ သည်တစ်ကြိမ်တွင်မူ ပိုပေးသည် အမေ၏ ရုပ်ကလာပ်ကိုမြင်သွားကာ မူးမေ့လဲကျသွားမည် ပြုသဖြင့် ကျွန်မက တွဲထားလိုက်ရပါသည်။

'ဒီခေါင်းမျိုးကြီးထဲကို မထည့်ပါဘူးလို့ ကျွန်မအမေ့ကို ကတိပေးခဲ့မိတယ် အမေရဲ့'ဟု ပိုပေးက အော်ငိုပါသည်။ 'ငါ့ကို ကျင်းကြီးထဲကို မချကြပါနဲ့အေ'ဆိုသည့် အမေ့စကားကို သူ အမှတ်မရသဖြင့် တော်သေးသည်ဟု ကျွန်မ အောက်မေ့ရပါသေးသည်၊ သုဘရာဇာခေါင်းက ပရိသတ်များအား ပြန်ရန်တိုက်တွန်းသဖြင့် ကိစ္စပြီးသွားပါသည်။ အသုဘရထားသည် မြှုပ်နှံမည့်နေရာသို့ ထွက်သွားပါသည်။ မည်သည့်အချိန်က ထွက်သွားလိုက်သည်ကိုပင် ကျွန်မ

www.burmeseclassic.com



မသိလိုက်ပါ။

ဆေးတိုက်မှ ကျွန်မပြန်ယူလာခဲ့သည့် အမေ၏ မင်နိုပ် ပက်ကလေးထဲတွင် စာနှစ်ကြောင်းကို တွေ့ရပါသည်။ လက်ရေးက အသက်နှစ်ဆယ်ကျော်တုန်းက ရေးသည့် လက်ရေးလို ပြတ်ပြတ်သားသားပီပီသသကြီး ဖြစ်ပါသည်၊ 'ငါသေရင်အသုဘကို ရိုးရိုးပဲလုပ်ပါ၊ ပန်းခွေတွေ ပန်းစည်း တွေမထည့်ပါနဲ့၊ ဆုတောင်းပြီး မျှားမျှားအမျှဝေပေးပါ'ဟု ရေးထားပါသည်။ ကျွန်မတို့သည် အမေ၏ နောက်ဆုံး ဆန္ဒကိုဖြည့်ခဲ့ကြပါပြီ။ ပန်းစည်းများကို မေ့ကျန်ရစ်ခဲ့သည့် အတွက် အတိအကျ လိုက်နာဖြည့်စွမ်းခဲ့သည်ဟုပင် ပြောနိုင်ပါသည်။

♥ ♥ ♥

အမေဆုံးသည့်အခါ ဘာကြောင့်ကျွန်မသည်မျှ စိတ်ထိ ခိုက်ရသည်ကို မပြောတတ်ပါ။ ကျွန်မအိမ်က ထွက်လာ ခဲ့စဉ်က အမေ့အပေါ်တွင် သည်လောက် သံယောဇဉ် မရှိလှပါ။ အဖေဆုံးစဉ်ကမှု အမေခံစားရသည်ကို ကြည့် ၍ စိတ်ထိခိုက်ခဲ့ရပါသည်။ သူများကို ဂရုစိုက်ခဲ့ပုံကိုကြည့် ၍လည်း စိတ်ထိခိုက်ခဲ့ရပါသည်။ သူစိတ်ထိခိုက်မည်ကို စိုးသဖြင့် ကျွန်မမျက်ရည်များကို ထိန်းချုပ်ထားရသည်ဟု ထင်သလားမပြောတတ်ပါ။ 'သမီးငိုချင်ရင်ငိုလေ၊ ဘယ်သူ့ ကိုမှ ဂရုစိုက်မနေနဲ့၊ ကိုယ်သက်သာအောင်လုပ်'ဟု ကျွန်မကို

www.burmeseclassic.com



အားပေးခဲ့ပါသည်။ နောက်တစ်နှစ်ကြာ၍ သူ့အမေ (ကျွန်မတို့အဘွား)ဆုံးသည့် ညအခါတွင်လည်း အဖေ့ကို သတိရအောင်လုပ်ပေးသည့်နှယ် ဖြစ်နေပြန်ပါသည်။ အသုဘချသည့်နေ့ကဆိုလျှင် စိတ်ထိခိုက်လွန်းသည့်အတွက် အမေ့ကို အိပ်ရာထဲတွင် ပို့ထားရပါသည်။ ထိုညက ကျွန်မသည် အမေနှင့်အတူတူအိပ်ပါသည်။ ကျွန်မသည် ကျွန်မတို့ မွေးလာခဲ့ရာ၊ ကျွန်မအဖေ ကွယ်လွန်သွားရာ ထိုခုတင်ကြီးကို မုန်းသည့်တိုင် အမေအိပ်နေသည်ကို စောင့်ကြည့်ခဲ့ပါသည်။ ထိုစဉ်က အမေသည် ငါးဆယ့်ငါးနှစ်ရှိလေပြီ။ သို့တိုင် တည်ငြိမ်၍ မျက်လုံးတို့မှိတ်ထားသော အမေ့မျက်နှာသည် လှမြဲလှနေဆဲဖြစ်ပါသည်။ အမေ၏ ခံစားချက်များသည် အမေ့သန္တာန်ကို အနိုင်ယူသွားပြီဟု ကျွန်မတွေးနေမိပါသည်။ ယေဘုယျအားဖြင့်ဆိုလျှင် ကျွန်မသည် အမေ့အကြောင်းကို တွေးတိုင်း မည်သည့်ခံစားချက်မျှ မရှိတတ်ပါ။ သို့ရာတွင် အိပ်ပျော်သည့်အခါတွင်မူ (အဖေ့ကို မြင်မက်ခြင်း မရှိသည့်တိုင်) အမေ့ကို မကြာခဏအိပ်မက် မက်တတ်ပါသည်။ တစ်ခါတစ်ရံတွင် အမေသည် ဆာ့တ်နှင့် ရောသွားကာ ကျွန်မတို့တစ်တွေ ပျော်ရွှင်စွာနေကြပါသည်။ ထိုစဉ်အိပ်မက်သည် ခြောက်အိပ်မက်အဖြစ် ပြောင်းသွားပါသည်။ ကျွန်မသည် ဘာကြောင့်အမေနှင့် ပြန်၍အတူရောက်နေရသနည်း အမေ့ဩဇာအောက်တွင် အဘယ်ပုံ ရောက်လာရပြန်သနည်း။ ထို့ပြင် ကျွန်မနှင့် အမေတို့၏

www.burmeseclassic.com



ဆက်ဆံရေးသည် ပုံသဏ္ဌာန်နှစ်မျိုးဖြင့် ကျွန်မရင်ထဲတွင် ရှိနေဆဲဖြစ်သည်ကို သိလာရပါသည်။ ထိုဆက်ဆံရေးမှာ အမေ့ကို ကြောက်ရွံ့အရှုံးပေးရခြင်းဖြစ်၍ ထိုသို့သော ဆက်ဆံရေးကို ကျွန်မ မုန်းလည်းမုန်း၊ သဘောလည်း ကျပါသည်။ အမေချော်လဲခြင်း၊ နာမကျန်းဖြစ်ခြင်း၊ အမေကွယ်လွန်ပြီး အမေ့အားပြုစုစောင့်ရှောက်ရသည့် ကျွန်မတို့ဇယားကလေးပျက်သွားရခြင်းတို့ကို မြင်လိုက်ရသည့်အခါတွင် ထိုခံစားချက်သည် ထုကြီးထည်ကြီးနှင့် ပြန်၍ ပေါ်လာပြန်ပါသည်။ ဤကမ္ဘာလောကကြီးမှ စွန့်ခွာသွားသူတို့နောက်တွင် အချိန်သည် ပျောက်ကွယ်သွားပါသည်။ ကျွန်မတို့ ကြီးပြင်းလာသည်နှင့်အမျှ အတိတ်နှစ်ကာလများသည် ပြန်၍ပေါ်လာကြပါသည်။ ကျွန်မ ဆယ်နှစ်သမီးက ချစ်ခင်တွယ်တာခဲ့ရသော 'အမေကြီး' သည် ကျွန်မအပျိုပေါက်တွင် ကျွန်မကို ဖိနှိပ်ချုပ်ချယ်ခဲ့သည့် ရန်လိုသော အမေနှင့် တခြားစီ ဖြစ်နေပါသည်။

အမေအိုကြီးဆုံး၍ ငိုသည့်အခါတွင် ကျွန်မသည် ထိုနှစ်ယောက်စလုံးအတွက် ငိုခြင်းဖြစ်ပါသည်။ ကျွန်မတို့သားအမိနှစ်ယောက်ကြားထဲတွင် အဆင်မပြေဖြစ်ခဲ့ရသည့် ကိစ္စနှင့်ပတ်သက်၍ ကျွန်မသည် စိတ်နှလုံးကို တုံးတုံးချကာ ပြတ်ပြတ်တောင်းတောင်း ထားခဲ့သည့်တိုင် ဖြေဆည်၍ မရနိုင်အောင် ဖြစ်နေပါသည်။ ကျွန်မတို့ သားအမိ ရိုက်ထားသည့် ဓာတ်ပုံတစ်ပုံရှိပါသည်။ ထိုစဉ်က ကျွန်မက

www.burmeseclassic.com



ဆယ့်ရှစ်နှစ်၊ အမေက လေးဆယ်ရွယ် ဖြစ်ပါသည်။ ယနေ့ဆိုလျှင် ကျွန်မသည် ထိုစဉ်ကအမေ၏ အရွယ်၊ အဘွားရွယ်သို့ ရောက်နေပါပြီ။ ကျွန်မသည် ထိုဓာတ်ပုံထဲက နှစ်ယောက်ကို ကြည့်၍ စိတ်မကောင်း ဖြစ်နေပါသည်။ ကျွန်မကိုယ်ကျွန်မအတွက် စိတ်မကောင်းခြင်းမှာ ကျွန်မသည် ငယ်ရွယ်၍ ဘာကိုမျှ နားမလည်သောကြောင့် ဖြစ်ပါသည်။ အမေ့အတွက် စိတ်မကောင်းဖြစ်ခြင်းမှာ အမေ၏ အနာဂတ်သည် တံခါးပိတ်ကာ ဘာကိုမျှ နားမလည်သောကြောင့် ဖြစ်ပါသည်။ ဘယ်တော့မှ နားလည်မသွားသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် ကျွန်မသည် သူတို့နှစ်ယောက်ကို မည်သို့ အကြံပေးရမည်ကို မသိပါ။ ပျော်ရွှင်ချမ်းမြေ့စရာ မကောင်းသည့် အမေ့ငယ်စဉ်ဘဝ၊ ထိုမှတဖန် ကျွန်မတို့ကိုလည်း စိတ်မချမ်းမြေ့အောင် လုပ်ခဲ့သည့် အမေ့ဘဝ၊ ဤသို့ လုပ်ခဲ့မိသဖြင့် အမေနောင်တရခဲ့ရသည့် အဖြစ်တို့ကို ပယ်ဖျက်မေ့ပျောက်နိုင်ရန် ကျွန်မတွင် စွမ်းအားမရှိတော့ပါ။ အမေသည် ကျွန်မကို နှစ်ပေါင်းများစွာ စိတ်ညစ်ညူးအောင် စိတ်မချမ်းမြေ့အောင် လုပ်ခဲ့သည်ဆိုလျှင် ကျွန်မသည် ထိုအကြွေးကို ပြန်ယူခဲ့ပြီးပါပြီ။ အမေသည် ကျွန်မ၏ ဝိညာဉ်ရေးရာနှင့် ပတ်သက်၍ တော်တော်စိတ်ပူခဲ့ပါသည်။ လောကီရေးရာများနှင့် ပတ်သတ်၍မူ အမေသည် ကျွန်မ အောင်မြင်မှုများကို ကြည့်၍ ကျေနပ်ပါသည်။ သို့ရာတွင် ကျွန်မတို့အသိုင်းအဝိုင်းတွင် ပေါ်ပေါက်နေသော ကျွန်မနှင့်

www.burmeseclassic.com



ပတ်သက်သည့် အတင်းအဖျင်းတို့ကို ကြားရသည့်အခါတွင် အမေသည် များစွာ စိတ်ထိခိုက်ခဲ့ရပါသည်။ ကျွန်မတို့ အမျိုးတစ်ယောက်က 'ဆီမွန်ဟာ အမျိုးဂုဏ်ကို လိုက်ဖျက်နေတာ'ဟု ပြောသည်ကို ကြားရသည့်အခါတွင် အမေ မကြားရက်ပါ။

နာမကျန်းဖြစ်စဉ် အမေစိတ်ပြောင်းသွားသည်ကို မြင်ရသည့်အခါ၌ ကျွန်မမှာ ပို၍ စိတ်ထိခိုက်ခြင်း ဖြစ်ရသည်။ ကျွန်မပြောခဲ့သည့်အတိုင်း အမေသည် စိတ်ဓာတ်အလွန်မာပြီး ဇတ်ဇတ်ကြဲထဲက ဖြစ်ပါသည်။ သူကသာအနစ်နာခံရသည်ဟူသော အစွဲဖြင့် တော်တော် အပြောရခက်ပါသည်။ အိပ်ရာပေါ်တွင် လှဲနေရသည့်အခါတွင် အမေသည် မည်သူ့ကိုမျှ ဂရုမစိုက်တော့ဘဲ သူ့အတွက်သာ ဂရုစိုက်ပါတော့သည်။ တစ်ပြိုင်တည်းမှာပင် သူများအပေါ်တွင် ဂရုစိုက်သည့် အကျင့်လည်း ကျန်နေပါသေးသည်။ ထို ဝိရောဓိနှစ်ခုမှနေ၍ ပေါင်းစည်းမှုတစ်ခုပေါ်လာပါသည်။ ကျွန်မအဖေနှင့် လူမှုစရိုက်သည် ရှေ့နောက်ညီညွတ်ပါသည်။ သူ့လူတန်းစားနှင့်လည်း ကိုက်ပါသည်။ အဖေသည် တစ်လျှောက်လုံး သူ့စရိုက်သူ့အတန်းအစားနှင့် ညီညွတ်သည့်စကားကိုသာ ပြောပါသည်။ အဖေဆုံးခါနီးတွင် အဖေက 'သမီးကြီးကတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ကိုယ့် ထမင်းကိုယ် ရှာစားပြီး ကိုယ့်ဝမ်းကိုယ်ကျောင်းနိုင်တယ်၊ ဒါပေမယ့် ညည်း ညီမအတွက်တော့ အဖေ့မှာ

www.burmeseclassic.com



ပိုက်ဆံတွေ ကုန်လိုက်ရတာ’ဟု ပြောပါသည်။ ထိုစကားလုံးများသည် မျက်ရည်ကျဖို့ကောင်းသည့် စကားလုံးများ မဟုတ်ပါ။ ကျွန်မ အမေမှာ မူဘာသာတရားကို ကိုင်းရှိုင်းသူဖြစ်ပါသည်။ သို့တိုင်အောင် အမေသည် သတ္တဝါတစ်ကောင်လို ဘဝကို ခုံမင်လွန်းအားကြီးပြီး သတ္တိတွေကောင်းနေပါသည်။ ခန္ဓာဝန်ထမ်းထားရသည်ဟု မြင်လာသည်နှင့် အမှန်တရားကို ချက်ချင်းသဘောပေါက်လာပါသည်။ သို့ဖြင့် အမေသည် ချစ်စရာကောင်းသည့် ဘက်ကို ဖုံးကွယ်ထားသည့် ပညတ်ချက်များကို ဖယ်ရှားနိုင်ခဲ့ပါသည်။ ထိုအခါကျမှပင် ကျွန်မသည် မနာလိုဝန်တိုမှုတို့ဖြင့် ဖုံးကွယ်ထားသော အမေ၏ မေတ္တာကို မြင်လာကာ ထိုမေတ္တာ၏ အငွေ့ကို နွေးထွေးစွာ ခံစားလာရခြင်း ဖြစ်ပါသည်။ သူ့စာများကို ဖတ်ကြည့်သည့် အခါတွင် ထိုအချက်ကို ထင်ရှားစွာ တွေ့ရပါသည်။ အမေသည် စာနှစ်စောင်ကို သိမ်းထားပါသည်။ စာတစ်စောင်မှာ ဘုန်းကြီးတစ်ပါးထံမှ စာဖြစ်ပြီး နောက်တစ်စောင်မှာ မိတ်ဆွေတစ်ယောက်ထံမှ စာဖြစ်ပါသည်။ ထိုစာနှစ်စောင်စလုံးတွင် သူတို့က တစ်နေ့တွင် ကျွန်မသည် ဘုရားသခင်ကို ပြန်၍ ယုံကြည်လာမည် ဖြစ်ကြောင်းဖြင့် အမေ့ကို ဖျောင်းဖျရေးထားကြပါသည်။ အမေသည် စာရေးဆရာကြီး ချမ်းဆုံ၏ စာအုပ်ထဲမှ စာတစ်ကြောင်းကိုကူးထားပါသည်။ ထိုစာပိုဒ်ထဲတွင် ‘အကယ်၍သာ

www.burmeseclassic.com



ကျွန်တော့်အသက်နှစ်ဆယ်လောက်တုန်းက ကျွန်တော် လေးစားသော ပုဂ္ဂိုလ်တစ်ဦးထံမှ နစ်ရှေးနှင့် အင်ဒရေဂျိတို့အကြောင်းကို ကြားခဲ့ရလျှင် ကျွန်တော်လည်း အိမ်မှ ထွက်ပြေးမိမည်မှာ အမှန်ဖြစ်သည်'ဟု ရေးထားပါသည်။ ထိုဖိုင်ထဲတွင် 'ယန်းပေါလ်ဆာ့တ်သည် ဝိညာဉ် တစ်ခုကို ကယ်ခဲ့လေပြီ'ဆိုသည့် သတင်းစာတစ်စောင်မှ ဆောင်းပါး တစ်ပုဒ်ကိုလည်း ဖြတ်၍တွဲထားပါသည်။ ထိုဆောင်းပါးတွင် ဘာသာတရားမဲ့ ဆရာဝန်တစ်ဦးကို ခရစ်ယာန်တစ်ဦးအဖြစ် ပြောင်းလဲခဲ့ကြောင်းဖြင့် ဖော်ပြထားပါသည်။ (အမှန်အားဖြင့် မဟုတ်ပါ။) ထိုဆောင်းပါးကို ဘာကြောင့် အမေဖြတ်ထား သည်ကို ကျွန်မသိပါသည်။ ကျွန်မအတွက် စိုးရိမ်၍ ဤသို့ ဖြတ်တွဲထားခြင်း ဖြစ်ပုံရပါသည်။ ကျွန်မအား အကျွတ်တရားရအောင် လုပ်လိုသော ဆန္ဒမရှိလျှင် အမေသည် ထိုဆောင်းပါးကို ဖြတ်တောက် သိမ်းဆည်းထား စရာအကြောင်းမရှိပါ။

'တပည့်တော်ကောင်းကင်ဘုံကို သွားချင်တာပါပဲ၊ ဒါပေမယ့် တစ်ယောက်တည်းတော့ မသွားချင်ဘူး၊ သမီးတွေ ကို အပါခေါ်သွားရမယ်'ဟု အမေက သီလရှင်တစ်ပါးထံ ရေးဖူးပါသည်။

တစ်ခါတစ်ရံတွင်မူ ချစ်မေတ္တာ၊ အပေါင်းအသင်း သံယောဇဉ်နှင့် ရဲဘော်ရဲဘက်စိတ်ဓာတ်သည် သေခြင်း တရား၏ အထီးကျန်နိုင်မှုကို ဖုံးလွှမ်းသွားတတ်ပါသည်။

www.burmeseclassic.com



သို့ရာတွင် ထိုအမျိုးမှာ ရှားပါး၍ ဖြစ်တောင့် ဖြစ်ခဲလှပါသည်။ ကျွန်မသည် အမေ့လက်ကို ကိုင်ထားသည့်တိုင် ကျွန်မသည် အမေနှင့်အတူမရှိပါ။ အမေ့ကို လိမ်နေခြင်းသာ ဖြစ်ပါသည်။ အမေ့ကို ထိုသို့ လိမ်လည်နေရသည်ကို ကျွန်မ စက်ဆုပ်ပါသည်။ ကျွန်မသည် အမေ့အား လိမ်လည်နေသော ကံတရားနှင့် ကြုံရာပါ ဖြစ်နေပါသည်။ သို့တိုင်အောင် ကျွန်မ အသွေးအသားထဲတွင်မူ ကျွန်မသည် သေခြင်းတရားကို ငြင်းဆန်ပုန်ကန်နေသည့် အမေနှင့်အတူ ရှိနေပါသည်။ အမေအရေးနိမ့်သည်ကို တွေ့ရသည့်အခါတွင် ကျွန်မ စိတ်ထိခိုက်သောကြောင့်လည်း ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ အမေ ဆုံးစဉ်က အမေ့အနားတွင် မရှိသည့်တိုင်၊ အခြားလူသုံးဦး ကျွန်မရှေ့တွင် အသက်ထွက်သွားခဲ့ကြသည်ကို ကျွန်မမြင်ခဲ့သည့်တိုင် ကျွန်မသည် အမေ့ခုတင်နားသို့ ရောက်မှပင် သွားကြီးတွေကို ဖြဲ၍ ကနေသော သေမင်းကို မြင်ဖူးခဲ့ခြင်းဖြစ်ပါသည်။ မီးဖိုဘေးပုံပြင်များထဲမှ တံခါးကို လာခေါက်နေသော သေမင်းကို မြင်ဖူးခဲ့ခြင်းဖြစ်ပါသည်။ တံဇဉ်ကွေးကြီးကို လက်ထဲတွင် ကိုင်ကာ ထူးဆန်း၍ လူမဆန်သော သေမင်းကို ကျွန်မ မြင်ဖူးခဲ့ခြင်းဖြစ်ပါသည်။ ဘုမသိဘမသိဖြင့် သွားဖုံးတွေ ပေါ်အောင် ပြုံးသည့်အခါတွင် အမေ၏ မျက်နှာတွင် သေမင်းကို ကျွန်မ မြင်ခဲ့ရပါသည်။

'သေမယ်ဆိုရင်လည်း သေပျော်တဲ့အရွယ်ရောက်ပြီး

www.burmeseclassic.com



လေ'ဟုပြောလေ့ရှိကြပါသည်။ ထိုစကားသည် ဇရာဒုဗ္ဗလ၏ ကြေကွဲဖွယ် ဖြစ်ပါသည်။ ဇရာ၏ ဇာတ်သိမ်းဖြစ်ပါသည်။ လူတော်တော်များများက ထိုအရွယ်သည် သူတို့ထံသို့ ရောက်မလာသေးဟု ထင်ကြပါသည်။ အမေနှင့် ပတ်သက်လာလျှင် ကျွန်မသည်လည်း ထိုစကားကိုပင်သုံး၍ ဖြေသိမ့်ပါသည်။ ဆွေမျိုးတစ်ယောက်သေခြင်း၊ အသက် ၇၀ ကျော် အဘိုးတစ်ယောက်သေခြင်းအတွက် ငိုသည်ကို ကျွန်မ နားမလည်နိုင်ပါ။ အမေဆုံးသဖြင့် ယူကျုံးမရ ဖြစ်နေသော အသက်ငါးဆယ်ကျော် အမျိုးသမီးတစ်ယောက်ကို တွေ့လျှင် ကျွန်မသည် သူ့ကို အာရုံကြောအားနည်း၍ ငိုခြင်းသာ ဖြစ်သည်ဟု ထင်ပါသည်။ အမှန်က ကျွန်မတို့ အားလုံးသည် သေမျိုးတွေချည်းသာ ဖြစ်ပါသည်။ အသက် ရှစ်ဆယ်သို့ ရောက်လျှင်လူသေတစ်ပိုင်း ဖြစ်ပါပြီ။

သို့ရာတွင် ထိုအချက်ကို ကျွန်မလက်မခံပါ။ လူသည် မွေးလာသောကြောင့် သေခြင်း မဟုတ်ပါ။ အသက်ရှင် နေခဲ့သဖြင့် သေရခြင်းလည်းမဟုတ်ပါ။ ဇရာကြောင့် သေရခြင်းလည်းမဟုတ်ပါ။ တစ်စုံတစ်ခုကြောင့် သေရခြင်းသာ ဖြစ်ပါသည်။ ကျွန်မ အမေသည် အသက်ကြီးလာသဖြင့် သေရမည်ဆိုသည်ကို ကျွန်မသိသည့်တိုင် ကျွန်မသည် ထိုအဖြစ်ကို ကြောက်လန့်အံ့သြနေပါသည်။ အမေ့တွင် ကင်ဆာ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ညှမိုးနီးယားစသဖြင့် ရောဂါတွေစုံနေပါသည်။ ထိုရောဂါများသည် ကောင်းကင်

www.burmeseclassic.com



တွင် လေယာဉ်ပျံသန်းနေစဉ် ရုတ်တရက်စက်ရပ်သွား သကဲ့သို့ ပြင်းထန်ပြီး ကြိုတင်မသိဘဲ ပေါ်လာကြခြင်း ဖြစ်ပါသည်။ အမေသည် လေးဖက်နာဖြစ်ကာ သေလု မြောပါး ဖြစ်နေသည့်အခါတွင် အကောင်းမြင်တတ်ဖို့ အားတင်းတတ်ပြီး လူ့ဘဝခဏငယ်တိုင်း၏ တန်ဖိုးကို အလေးအနက်ထားသူဖြစ်ပါသည်။ သို့ရာတွင် အမေ၏ အချည်းနှီးသောဘဝကို ခုံမင်တွယ်တာမှုသည် နေ့စဉ် အသေးအဖွဲကိစ္စကလေးများတည်းဟူသော ကန့်လန့်ကာ ကြီးကို ဆုတ်ဖြဲပစ်လိုက်ပါသည်။ သဘာဝအလျောက် သေခြင်းဟူ၍မရှိပါ။ လူသည် လောကကြီးထဲသို့အကြောင်း ကိစ္စဖြင့် ရောက်လာခြင်းဖြစ်ရာ လူတွင် ဖြစ်နေသော အရာတိုင်းသည် သဘာဝအလျောက် အလိုအလျောက် ဖြစ်လာကြသည်မဟုတ်ပါ။ လူအားလုံးသည် သေကြရ မည်သာဖြစ်ပါသည်။ သို့ရာတွင် သေခြင်းသည် လူတိုင်း အတွက် မတော်တဆဖြစ်ရသည့် ကိစ္စတစ်ခုသာ ဖြစ်ပါသည်။ လူသည် သေရမည်ကို သိသည့်တိုင်၊ သေခြင်းကို လက်ခံ ထားရသည့်တိုင် သေခြင်းသည် ကျိုးကြောင်းမျှတခြင်း မရှိသော ဖောက်ဖျက်မှုကြီး တစ်ခုသာဖြစ်ပါသည်။

မြသန်းတင့်

www.burmeseclassic.com

